www.burmeseclassic.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
ရန်ကုန်



# နိုင်ငံတော်မူ
# မဟာဂီတ
# သီချင်းကြီးများ

မဟာဂီတသီချင်းကြီးများ စိစစ်ရေးနှင့် ဂီတသင်္ကေတမှတ်တမ်းပြုစုရေးကော်မတီ၏
စာသားစိစစ်ရေးဆပ်ကော်မတီမှတည်းဖြတ်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ဝေသည်။

ဒီဇိုင်း သစ်လွင်စိုး

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်–၂၀၀၅
**အုပ်ရေ** (၁၀၀၀)

❑

**မျက်နှာဖုံး**
ဂရပ်ဖစ်ဒီဇိုင်း– ဦးသစ်လွင်စိုး
ကထိက(ပန်းချီ)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)

❑

**ပုံနှိပ်တိုက်**
မေတ္တာမိုးပုံနှိပ်တိုက်
အမှတ်(၂၂)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း

❑

**အတွင်းစာစီနှင့်အပြင်အဆင်**
မြန်ကွန်စာပေအကျိုးဆောင်လုပ်ငန်း

❑

**ထုတ်ဝေသူ**
ယဉ်ကျေးမှုဝန်ကြီးဌာန
အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့

BURMESE CLASSIC .com



# အမှာစာ

ယဉ်ကျေးမှုတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူမျိုးတိုင်းသည် မိမိတို့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပြုစုပျိုးထောင်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။ မြန်မာတို့သည်လည်း ရှေးနှစ်ပေါင်းထောင်ချီ၍ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြပါသည်။ ဤသို့ဖြင့် မျိုးချစ်စိတ်ဓာတ်မြင့်မားရေး၊ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးများကို ဘိုးဘွားများက ဆောင်ရွက်ခဲ့သဖြင့် မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အခြေခံခိုင်ခံ့သော နိုင်ငံအဖြစ်လည်းကောင်း၊ မြန်မာ့ဓလေ့ မြန်မာ့ရိုးရာ၊ မြန်မာ့ယဉ်ကျေးမှုတွင် အစဉ်အလာကြီးမားသော လူမျိုးဖြစ်သည်ကိုလည်းကောင်း၊ ကမ္ဘာကသိနေပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥက္ကဋ္ဌရုံးက ၁၉၉၅ ခုနှစ်၊ မတ်လ(၁၄)ရက်နေ့၊ စာအမှတ်၊ ၀၉/နဝက(ဥ)က(၈)ဖြင့် မဟာဂီတ သီချင်းကြီးများ စီစစ်ရေးနှင့် ဂီတသင်္ကေတမှတ်တမ်းပြုရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုကော်မတီသည် မြန်မာနိုင်ငံတော်အစိုးရ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲမှ ၁၉၉၄– ခုနှစ်၊ စက်တင်ဘာလထုတ် နိုင်ငံတော်မှုမဟာဂီတစာအုပ်ရှိ သီချင်းကြီးများကို စီစစ်ခဲ့ပါသည်။ စာလုံးပေါင်း၊ ယတိအဖြတ်၊ စာသားမူကွဲအချို့နှင့် အောက်ခြေမှတ်ချက်များကို အဓိကထားစစ်ခဲ့ပါသည်။ ဤစာအုပ်တွင်မူလအမှာစာ၊ ပထမ၊ ဒုတိယ၊ တတိယတွဲ နိဒါန်းများနှင့် မဟာဂီတသီချင်းကြီးများစီစစ်ရေးနှင့် ဂီတသင်္ကေတမှတ်တမ်းပြုရေးကော်မတီ၏အမှာစာနှင့် တကွ၊ မူလ သီချင်းအားလုံးပါရှိသည့်အပြင် ကြိုးသီချင်းတစ်ပုဒ်နှင့် ယိုးဒယားသီချင်းနှစ်ပုဒ်ကို ထပ်ဖြည့်ထားပါသည်။ စုစုပေါင်း သီချင်း ၁၆၉ ပုဒ်ပါရှိပါသည်။

မဟာဂီတ သီချင်းကြီးများ စီစစ်ရေးနှင့် ဂီတသင်္ကေတမှတ်တမ်းပြုရေး ကော်မတီ၏စာသား စီစစ်ရေး ဆပ်ကော်မတီက စာသားစီစစ်ပြီး၊ ဦးစီးကော်မတီ၏ အတည်ပြုချက်အရ မဟာဂီတ ပြန့်ပွားရေးကို ရည်ရွယ်လျက် ဤနိုင်ငံတော်မှုမဟာဂီတစာအုပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဝေပါသည်။

မဟာဂီတသီချင်းကြီးများစီစစ်ရေးနှင့်ဂီတသင်္ကေတ
မှတ်တမ်းပြုရေးကော်မတီ

www.burmeseclassic.com

www.burmeseclassic.com



# အမှာစာ

ယဉ်ကျေးမှုဟူသည် လူမျိုးတစ်မျိုး၏ အဓိကကျသောမဏ္ဍိုင်ဖြစ်သည်။ ယဉ်ကျေးမှု ခိုင်မြဲရေးကိုအခြေခံ၍ လူမျိုးတစ်မျိုး၏ သက်တမ်း ရှည်ကြာခြင်းကိုလည်းကောင်း၊ လူနေမှုအဆင့်အတန်း မြင့်မားမှုကိုလည်းကောင်း၊ တိုင်းတာနိုင်စွမ်းရှိသည်။

ယဉ်ကျေးမှုတွင် လူတို့၏ ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီပန်းပုလက်မှုပညာ၊ အဆို၊ အက၊ အရေး၊ အတီး သုခုမပညာရပ်များ၊ စာပေရိုးရာဓလေ့ထုံးစံ၊ ဘာသာအယူဝါဒ၊ လူနေမှုစနစ် စသည်များပါဝင်လေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ လူမျိုးတိုင်းသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပြုစုမျိုးထောင် ထိန်းသိမ်းစောင့်ရှောက်လေ့ရှိသကဲ့သို့ပင် မြန်မာတို့တွင်လည်း ရှေးနှစ်ပေါင်းထောင်ချီ၍ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ခဲ့ကြသည်။ ဤသို့ဖြင့် မျိုးချစ်စိတ်ဓာတ်မြင့်မားရေး၊ နိုင်ငံတော်အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးများကို ကျွန်ုပ်တို့ ဘိုးဘွားများက ဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံအား ယဉ်ကျေးမှု အခြေခိုင်ခဲ့သော တိုင်းပြည် တစ်ပြည်အဖြစ်လည်းကောင်း၊ မြန်မာ့ဓလေ့၊ မြန်မာ့ရိုးရာ၊ မြန်မာ့ယဉ်ကျေးမှုတို့တွင် အစဉ်အလာကြီးမားခဲ့သော လူမျိုးတစ်မျိုးဖြစ်သည်ကိုလည်းကောင်း ကမ္ဘာက သိနေပါသည်။

ယဉ်ကျေးမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ပျံ့နှံ့လွယ်သော သဘောသဘာဝရှိရာ မိမိလူမျိုး စာပေ၊ ဂီတ၊ အနုပညာရပ်များကို တသီးတခြား ကာကွယ် ထိန်းသိမ်းရေး၊ မိမိယဉ်ကျေးမှုအား ကမ္ဘာသို့ ပျံ့နှံ့ရေးတို့ကို အရှိန်အဟုန်ဖြင့် လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ဤနိုင်ငံတော်မူ မဟာဂီတသီချင်းစာအုပ်အား ထပ်မံပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

"စာပေဝတ္ထု၊ ရတုကဗျာ၊ပျို့လင်္ကာနှင့်
သာသည့်သီချင်း၊ အဲစောင်းငြင်းကို
မကင်းမပြတ်၊ ဖတ်ရွတ်လေ့ကျက်
တီးမှုတ်လျက်သာ၊ နေကောင်းစွာ"
(ဝန်ကြီးပဒေသရာဇာ)

ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန



# ပထမတွဲ

## နိဒါန်း

ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာနိုင်ငံတော်တွင် ထွန်းကားခဲ့သော ရှေးရိုးသီချင်းကြီးများ၏ စာမူ၊ သီဆိုတီးမှုတ်မှုမူတို့၌ အမျိုးမျိုးကွဲပြားခြားနားလျက်ရှိနေသည်ကို ပြန်လည် ညှိနှိုင်းတိုက်ဆိုင်၍ တစ်ဆူတည်းသော မူမှန်ကို သေချာခိုင်မာသော မှတ်တမ်းသင်္ကေတတို့ဖြင့် မှတ်သားထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ရင်းရှိသည့်အတိုင်း၊ မဟာဂီတ သီချင်းကြီးများကို သီဆိုတီးမှုတ်ခြင်း၌မူမှန်စံပြထားရှိရေး၊ အမှတ်သင်္ကေတပြုလုပ်ရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ် သံထွက် ပြုလုပ်ရေး ကိစ္စအဝဝတို့ကို အကြံပေးဆောင်ရွက်ရန် နိုင်ငံတော်ပန်တျာအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

အဆိုပါနိုင်ငံတော် ပန်တျာအဖွဲ့သို့ မူမှန်ပြုလုပ်ရန် လိုအပ်သော သီချင်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသော ကိစ္စအဝဝတို့ကို ကြိုတင်စိစဉ်တင်ပြရန်အတွက် အဖွဲ့ဝင် ပုဂ္ဂိုလ် ၁၅ဦး ပါဝင်သော ကြိုတင်စီစဉ်ရေးအဖွဲ့ငယ်တစ်ဖွဲ့ကိုလည်း ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနက ယာယီအားဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ကြိုတင်စီစဉ်ရေးအဖွဲ့က သီချင်းပေါင်း ၇၆ ပုဒ်၏ စာမူနှင့် သီဆိုတီးမှုတ်မှု မူများကို စိစစ်သုတ်သင်ရွေးချယ်၍ နိုင်ငံတော် ပန်တျာအဖွဲ့သို့ တင်ပြခဲ့လေသည်။ ယင်းသို့ တင်ပြသည်ကိုအခြေခံပြုကာ ၁၉၅၃ ခု၊ မေလ ၁၁ ရက်နေ့မှစ၍၊ ၁၉၅၃ ခု။ မေလ ၂၁ ရက်နေ့အထိ နိုင်ငံတော်ပန်တျာအဖွဲ့သည် ၁၁ ကြိမ်တိတိ စည်းဝေးတိုင်ပင်လျက်၊ ကြိုတင်စီစဉ်ရေးအဖွဲ့က တင်ပြသော သီချင်း ၇၆ ပုဒ်အပြင်၊ နောက်ထပ် သီချင်း ၈ ပုဒ် ဖြည့်စွက်၍၊ ဤ "နိုင်ငံတော်မူမဟာဂီတ"ပထမတွဲ၌ ဖော်ပြပါရှိသည့် ကြိုးသီချင်း ၂၇ ပုဒ်၊ ဘွဲ့သီချင်း ၅ ပုဒ်၊ သီချင်းခံ ၇ပုဒ်၊ ပတ်ပျိုး ၁၇ပုဒ်၊ ယိုးဒယားသီချင်း ၁၆ ပုဒ်၊ မွန်သီချင်း ၆ပုဒ်၊ လေးထွေသံကတ်၊ မြင်းခင်းဘွဲ့၊ လောကနတ်၊ ဒိန်းသံ၊ ကရင်ဩ ၂ ပုဒ်၊ စုစုပေါင်း ၈၄ ပုဒ်တို့ကို နိုင်ငံတော်မူအဖြစ်ဖြင့် ပြဋ္ဌာန်းဆုံးဖြတ် အတည်ပြုခဲ့လေသည်။

သီချင်းတစ်ပုဒ်ကို မူမှန်ပြုလုပ်ရာတွင် စာမူနှင့် သီဆိုတီးမှုတ်မှု မူဟူ၍ ၂ပိုင်းခွဲခြား၍ထားလေသည်။ သီချင်းစာမူများနှင့်စပ်လျဉ်း၍ ကိုးကားသောကျမ်းများ

www.burmeseclassic.com

www.burmeseclassic.com



၌မူကွဲစာသား အမျိုးမျိုးရှိသည်တို့ကို တပိုဒ်စီသေချာစွာ တိုက်ဆိုင်စစ်ဆေး၍၊ စဉ်းစား ဆွေးနွေးပြီးမှသာလျှင် ယုတ္တိအသင့်ဆုံးဟုယူဆသည့် စာမူကို ရွေးချယ် အတည်ပြုလေသည်။ စာမူကွဲများမှ အသင့်တော်ဆုံးဟုယူဆသော စာသားများကို ရွေးချယ် အတည်ပြုသည့်အခါတိုင်းလည်း သီဆိုတီးမှုတ်ရာတွင် အဆင်ပြေမှု ရှိမရှိကို ကျွမ်းကျင်သူအဖွဲ့ဝင် ပန်တျာပညာသည်ကြီးများနှင့် တိုင်ပင်ဆွေးနွေး ခြင်းကို ပြုခဲ့လေသည်။ ပိုမိုနိုင်လုံသော အထောက်အထားများကို ထပ်မံရှာဖွေ ပြီးမှ ယတိပြတ် အဆုံးအဖြတ်ပေးလိုသော အချို့စာသားများကိုလည်း မန္တလေး မြို့တွင် ကျန်ရှိနေသော ရနိုင်သမျှနန်းတွင်းပေမူ ပုရပိုက်မူများနှင့် သွားရောက် တိုက်ဆိုင်ပြီးမှသာလျှင် အဖွဲ့က ဆုံးဖြတ်အတည်ပြုခဲ့လေသည်။ (ပထမ အကြိမ်မြောက်မြန်မာနိုင်ငံတော်လုံးဆိုင်ရာ ပန်တျာမူမှန် ပြုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ အသေးစိတ်ဆောင်ရွက်ချက်များကိုမူ ၁၉၅၃–၅၄ခုနှစ်အတွက် မဟာဂီတသီချင်းကြီးများကို သီဆိုတီးမှုတ်ခြင်း၌ မူမှန်စံပြထားရှိရေး၊ အမှတ် သင်္ကေတပြုလုပ်ရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ်သံထွက်ပြုလုပ်ရေးအဖွဲ့၏ အစီရင်ခံစာတွင် ကြည့်ရှုနိုင်ပါသည်)။

စာသားမူမှန်ပြုလုပ်ပြီး သီချင်းတစ်ပုဒ်ကို သီဆိုတီးမှုတ်မှု မူပြုလုပ်ရာ၌ (၁)သံကျ၊ (၂)စည်းဝါး၊ (၃)အတော၊ (၄)အပိုဒ်ပြန်၊ (၅)တီးကွက်၊ (၆)အဆို အားဖြင့် အပိုင်း ၆ ပိုင်းခွဲခြား၍ စိစစ်ရွေးချယ်အတည်ပြုခဲ့ပါသဖြင့် ဤသို့ အတည်ပြုပြီး အပိုဒ်ပြန်များကို သီချင်းများတွင် ကွင်းပိတ်၍ ဂဏန်းများဖြင့် ဖေါ်ပြထားပါသည်။ အဖွဲ့မှ ဆုံးဖြတ်ညွှန်ကြားချက်အရ အချို့ဖော်ပြသင့်သော စာမူကွဲများကိုလည်း သက်ဆိုင်ရာ သီချင်းများအောက်တွင် ဖော်ပြထားပါသည်။

ဤနိုင်ငံတော်မူ မဟာဂီတတွင်ပါဝင်သော သီချင်းများကို သီချင်းအမည်၊ ဖွဲ့ဆိုရေးသားသောပုဂ္ဂိုလ်၊ မည်သည့်မင်းလက်ထက်တွင်ရေးသည်၊ မည်သည့် အကြောင်းကြောင့်ရေးသည်၊ မည်သည့်အကြောင်းအရာကိုဖွဲ့သည်၊ မည်သည့် သီချင်းတေးသွားကိုလိုက်၍ရေးသည်၊ အစရှိသည့် အချက်အလက်များနှင့် ပတ်သက်၍လည်း၊ သုတေသီများ သိရှိမှတ်သားနိုင်စေရန်၊ ယုတ္တိခိုင်လုံသမျှ ခိုင်လုံစွာ သုတေသနပြုလုပ်စုဆောင်း၍ မှတ်ချက်များ၌ အတိုချုပ်ဖေါ်ပြထားပါ သည်။

ပြည်ထောင်စု ယဉ်ကျေးမှုဌာနမှ ကြီးမှူးလျက်၊ ယခုခေတ်တွင် စုဆောင်း ရရှိနိုင်သမျှသော ရှေးဟောင်းမြန်မာသီချင်းများကို နိုင်ငံတော်ပန်တျာအဖွဲ့ကြီး၏



အကူအညီဖြင့် မူမှန်ပြုလုပ်ကာ၊ အရစ်ကျဆက်လက်၍ စာအုပ်ရိုက်နှိပ်ထုတ်ဝေ ရန်လည်း စီစဉ်ပြီးဖြစ်ပါသည်။

ဤသို့ ရှေးဟောင်း မြန်မာသီချင်းကြီးများကို၊ ပန်တျာမူမှန်ပြုလုပ်၍ နိုင်ငံတော်မူ မဟာဂီတအဖြစ် ဖြန့်ဖြူးထုတ်ဝေလိုက်ခြင်းအားဖြင့် စာသားမူနှင့် သီဆိုတီးမှုတ်မှု မူများ မညီမညွတ် အမျိုးမျိုးကွဲပြားခြားနားနေခြင်းမှ ကင်းစင် ပပျောက်လျက်၊ တစ်သံတည်း ညီညီညွတ်ညွတ် ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ခန့်က စိုက်ပျိုးရရှိခဲ့သော ပန်တျာအမွေအနှစ်မျိုးစေ့များကို လက်ဝယ်ပိုက်လျက် တစိုက်စိုက်ကြည့်ရှုနေရုံမျှဖြင့် တင်းတိမ်ကျေနပ်၍ မနေကြဘဲ ၎င်းမျိုးစေ့ဟောင်း များကို တဖန်ကြိဖြန့်စိုက်ပျိုး၍ ရှေ့သို့ ဆထက်ထမ်းပိုး ပွားတိုးအောင် ကြံဆောင်ကြရန်လည်း တိုက်တွန်းနှိုးဆော်လိုက်ပါသတည်း။

၁၃၁၆ ခု၊ နယုန်လ။
(၁၉၅၄ ခု၊ ဇွန်လ)။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယတွဲ
# နိဒါန်း

ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးလျက် "နိုင်ငံတော်မူမဟာဂီတပထမတွဲ"စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပေသည်။ ယခုခေတ်တွင် စုဆောင်းရရှိနိုင်သမျှသော ရှေးဟောင်းမြန်မာသီချင်းများကို၊ နိုင်ငံတော်ပန်တျာ အကြံပေးအဖွဲ့၏ အကူအညီဖြင့် မူမှန်စံပြပြုလုပ်ကာ၊ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနမှ၊ အရစ်ကျ ဆက်လက်၍ စာအုပ်ရိုက်နှိပ်ထုတ်ဝေရန် ရည်ရွယ်ရင်းရှိသည့်အတိုင်း၊ ဤ "နိုင်ငံတော်မူမဟာဂီတ ဒုတိယတွဲ" စာအုပ်ထွက်ပေါ်လာရခြင်းပင် ဖြစ်ပါသည်။

ဒုတိယအကြိမ်မြောက် ပန်တျာမူမှန် စံပြပြုလုပ်ရာ၌၊ ကြိုတင်စီစဉ်ရေးအဖွဲ့မှ သီချင်းပေါင်း ၈၃ ပုဒ်၏ စာမူနှင့် သီဆိုတီးမှုတ်မှု မူများကို သုတ်သင်ရွေးချယ်၍ နိုင်ငံတော်ပန်တျာ အကြံပေးအဖွဲ့သို့ တင်ပြခဲ့လေသည်။ အဆိုပါတင်ပြသော သီချင်းများကို ၁၉၅၄ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့မှစ၍ ၁၉၅၄ ခု၊ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ ၂၄ ကြိမ်တိတိ၊ နိုင်ငံတော်ပန်တျာ အကြံပေးအဖွဲ့ကြီးက၊ စည်းဝေးတိုင်ပင်လျက် ကြိုတင်စီစဉ်ရေးအဖွဲ့မှ တင်ပြသော သီချင်း ၈၃ ပုဒ်အနက်၊ ဤ "နိုင်ငံတော်မူမဟာဂီတ" ဒုတိယတွဲ၌ ဖော်ပြပါရှိသည့် ကြိုးသီချင်း ၁၂ပုဒ်၊ ဘွဲ့သီချင်း ၄ပုဒ်၊ သီချင်းခံ ၁ပုဒ်၊ ပတ်ပျိုး ၇ပုဒ်၊ ယိုးဒယား ၇ပုဒ်၊ မွန်သီချင်း ၁ ပုဒ်၊ ဘောလယ်သီချင်း ၃ပုဒ်၊ တေးထပ် ၁ပုဒ်နှင့် ရှစ်ဆယ်ပေါ် ၁ပုဒ်၊ စုစုပေါင်း၃၇ ပုဒ်တို့ကို၊ နိုင်ငံတော်မူအဖြစ် ပြဋ္ဌာန်းဆုံးဖြတ်အတည်ပြုခဲ့လေသည်။

ဤနိုင်ငံတော်မူမဟာဂီတ ဒုတိယတွဲတွင် ပါဝင်သော သီချင်းများ၏ ရာဇဝင်အချက်အလက်များကို သုတေသနအဖွဲ့တစ်ဖွဲ့ သီးခြား ဖွဲ့စည်းလျက် စွမ်းအားရှိသမျှ နိုင်လုံစွာ သုတေသနပြုလုပ် စုဆောင်းပြီး သက်ဆိုင်ရာသီချင်းများ၏ အောက်မှ မှတ်ချက်များဖြင့် ဖော်ပြထားပါသည်။

ဘောလယ် သီချင်းများနှင့် ပတ်သက်၍၊ ရှေးခေတ်ဘောလယ်၊ အလယ်ခေတ်ဘောလယ်၊ နောက်ဆုံးခေတ်ဘောလယ်ဟူ၍ ခေတ် ၃ ခေတ် ဘောလယ်သီချင်းများကို ပိုင်းခြားဖော်ပြထားရုံမျှမက တေးထပ်သီချင်းများနှင့်



ပတ်သက်၍လည်း ရှေးအကျဆုံး တေးထပ်နှင့် ရှစ်ဆယ်ပေါ် သီချင်းကို သုတေသီများအတွက် လေ့လာသုံးသပ်နိုင်ရန် ပိုင်းခြားဖော်ပြထားပါသည်။

၁၃၁၈ ခု၊ လ။
(၁၉၅၆ ခု၊ လ)။

www.burmeseclassic.com

www.burmeseclassic.com



# တတိယတွဲ
# နိဒါန်း

ပြည်ထောင်စု ယဉ်ကျေးမှု ဝန်ကြီးဌာနမှ "နိုင်ငံတော်မှု မဟာဂီတ" ပထမတွဲနှင့် ဒုတိယတွဲစာအုပ် ၂ အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပေသည်။ မြန်မာ နိုင်ငံတော်တွင် ထွန်းကားခဲ့သော ရှေးသီချင်းကြီးများကို ယခုခေတ်၌ စုဆောင်း ရရှိနိုင်သမျှ စုဆောင်းလျက် စာမူအားဖြင့်လည်းကောင်း၊ သီဆိုတီးမှုတ်မှု မှုအားဖြင့်လည်းကောင်း မူအမျိုးမျိုးကွဲပြား ခြားနားလျက်ရှိနေသော သီချင်းကြီးများကို နိုင်ငံတော် ပန်တျာ အကြံပေးအဖွဲ့ကြီးသို့ တင်ပြ၍ တစ်မူတည်းသောမူမှန်စံပြအဖြစ် ပြုလုပ်ပြီး မူမှန်စံပြစာမူများကို အရစ်ကျဆက်လက်ထုတ်ဝေရန် ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရည်ရွယ်ရင်းရှိသည့်အတိုင်း "နိုင်ငံတော်မှု မဟာဂီတ တတိယတွဲ"စာအုပ်ကို ဆက်လက်ထုတ်ဝေရခြင်းဖြစ်ပါသည်။

ဤ"နိုင်ငံတော်မှုမဟာဂီတ တတိယတွဲ"၌ ဖော်ပြပါရှိသောကြိုး ၆ ပုဒ်၊ သီချင်းခံ ၆ ပုဒ်၊ ပတ်ပျိုး ၂၃ ပုဒ်နှင့် ယိုးဒယား ၁၂ ပုဒ်၊ စုစုပေါင်း သီချင်း ၄၇ ပုဒ်တို့ကို ကြိုတင်စီစဉ်ရေးအဖွဲ့မှ ၁၉၅၇ ခု၊ အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ၁၉၅၇ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့အထိ၊ ၂၄ ကြိမ်တိတိကျင်းပခဲ့သော နိုင်ငံတော် ပန်တျာ အကြံပေးအဖွဲ့ကြီးသို့ တင်ပြလျက်၊ နိုင်ငံတော်မှုအဖြစ် ပြဋ္ဌာန်းဆုံးဖြတ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

သီချင်းစာမူများနှင့် ပတ်သက်၍ သုတေသီများ ကျယ်ပြန့်စွာ လေ့လာလိုက်စားနိုင်ရန်အတွက် နိုင်ငံတော် ပန်တျာ အကြံပေးအဖွဲ့မှ အနှစ်သက်ဆုံး ရွေးချယ်ထားသောစာမူများကို သီချင်းစာကိုယ်တွင် ထည့်သွင်းဖော်ပြထားပြီး၊ ကျန်အနက်အဓိပ္ပာယ်ရှိသော စာမူကွဲအချို့ကို ၎င်းတို့တွေ့ရှိရသည့် စာအုပ်ပေမူများ၏ အမည်နာမနှင့်တကွ သီချင်းအသီးသီးအောက်မှ အောက်ခြေမှတ်ချက်ဖြင့် စာမူကွဲများ ဖော်ပြထားသည်မှာ ထုတ်ဝေခဲ့ပြီးသော နိုင်ငံတော်မှု မဟာဂီတ အတွဲ ၂ တွဲထက် ဤ "နိုင်ငံတော်မှု မဟာဂီတ တတိယတွဲ"၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်လေသည်။

၁၃၂၃ ခု၊ ဒုတိယဝါဆိုလ။



အတိုမှတ်အညွှန်း

| | |
|---|---|
| ဂိဝိ | – ဂီတဝိသောဓနီကျမ်း |
| ဂီသစ် | – မဟာဂီတအသစ် |
| နန်းထွက် | – ရွှေနန်းထွက်မဟာဂီတ |
| နန်းသုံး | – ရွှေနန်းသုံးမဟာဂီတပေါင်းချုပ်ကျမ်း |
| ပြုး | – မဟာဂီတပေါင်းချုပ်၊ ဦးပြုးချို |
| ဗျာ | – မဟာကဗျာကျမ်း |
| မေဒနီ | – မဟာဂီတမေဒနီ |
| မြစာ | – မြဝတီစာစု၊သီချင်းစု |
| မြန်ညွှန့် | – မြန်မာစာညွှန့်ပေါင်းကျမ်း |
| သိပ္ပံ | – ဂီတသိပ္ပံအခြေခံ |
| သဗ္ဗ | – သဗ္ဗဂီတက္ကမပကာသနီကျမ်း |
| ဟာသ | – ဟာသဓဝနိကဉ္စဏမဥ္စရီကျမ်း |

သင်္ကေတအညွှန်း

| | |
|---|---|
| ၁။ .....– | မူကွဲ။ |
| † .....= | အဓိပ္ပာယ်ဖွင့်ဆိုချက် |
| • ..... | အထွေထွေမှတ်ချက် |
| /..... / | အသံထွက် |

www.burmeseclassic.com

www.burmeseclassic.com



## အက္ခရာစဉ်မာတိကာ

### ကြိုးသီချင်းများ


| စဉ် | ချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၁ | ကိုးပါးပေါင်းစု | သာနီးပျော်ဖွယ် | ၆ |
| ၂ | ကြောက်ဖွယ်ဘုန်းတန်း | ရှင်း | ၁၆ |
| ၃ | ကျွန်းကျွန်းပိုင်သ | တောင်မြင့်စည်းစုပ်ခတ်သံအလိုက် | ၁၂ |
| ၄ | ခန်းတွင်းရိပ်သာ | မြင်စိုင်းဆရာပန်ကြိုး | ၂၁ |
| ၅ | ခွဲခွဲခြားခြား | အတွင်းတီးဖြေ | ၂၀ |
| ၆ | စံရာတောင်ကျွန်း | သာနီးပျော်ဖွယ် | ၅ |
| ၇ | စံရာဘုံမြင့် | ဓောင်းကလေးပြွန်ရေဆင်း | ၁၈ |
| ၈ | စိမ်းလဲ့လဲ့ညိုပြာ | ဖောင်ဆိုက်ကြိုး | ၅ |
| ၉ | ဆီးနှင်းပြိုက်ကျ | တောင်မြင့်စည်းစုပ်ခတ်သံ | ၁၁ |
| ၁၀ | ဇေယျာမြို့ | ဖောင်ငင်ကြိုး | ၄ |
| ၁၁ | ဇေယျာအောင်ချာ | စောင်းတော်ဘွဲ့ | ၈ |
| ၁၂ | ညာသပြေဘောင် | မြင်စိုင်းကြေးခရာသံ | ၂၃ |
| ၁၃ | တေဇာအာဏာထန်ပြင်း | တျာသံ | ၁၄ |
| ၁၄ | ထံတျာတေရှင် | ပုစဉ်းတောင်သံ | ၁ |
| ၁၅ | ထောင်ရောင်နေ | အမရပူရမြို့ဘွဲ့ | ၇ |
| ၁၆ | ထွေတလာ | ဗောဓိရွက်သံ | ၃ |
| ၁၇ | ထွန်းလင်းတောက်ပရောင်ခြည် | ရွှေနန်းသဘင်ချင်းအလိုက် | ၁၈ |
| ၁၈ | နှုန်းနှန်းထောက်စား | သိကြားမင်းဒုယင်သံအလိုက် | ၁၁ |
| ၁၉ | ပုံနှုန်းဝတီသာ | ပင်လယ်နတ်ကြီးကြိုး | ၁၇ |
| ၂၀ | ပုံပမာ | သိကြားမင်းခရုသင်းသံ | ၂၃ |




## အက္ခရာစဉ်မာတိကာ


| စဉ် | ချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၂၁ | ပြောင်ပြောင်ပြောင်နာဂိန် | ဆင်ခင်းကြိုး | ၁၀ |
| ၂၂ | ဘုန်းမိုးရွာဇွေ | မြင်းခင်းကြိုး | ၉ |
| ၂၃ | ဘုံဆောင်မြင့် | ဖောင်လားကြိုး | ၄ |
| ၂၄ | မိုးမင်းလွန်ကဲ | မိုးဘွဲ့ကြိုး | ၂၂ |
| ၂၅ | မင်းလမ်းစပ်ကာ | ကြာချပ်ငယ် | ၁၅ |
| ၂၆ | မင်းလွင်မင်းလွင်မှိုင်းအုံ့ | တောင်သမန်လှိုင်းကြက်ခွပ်သံ | ၁၇ |
| ၂၇ | မှိုင်းရိပ်ကယ်တည့် | နတ်ပင့်ကြိုး | ၁၃ |
| ၂၈ | မြို့နန်းငယ်လေ | သာနီးပျော်ဖွယ် | ၆ |
| ၂၉ | မြန်ခန်းကျွန်းတွင်း | မြင်းခင်းကြိုး | ၁၀ |
| ၃၀ | ရီရီဆိုင်းဆိုင်း | ငါးသံလည်ကြိုး | ၁၂ |
| ၃၁ | ရွှေနန်းအောင်ချာ | ကြာချပ်ကြီး | ၁၄ |
| ၃၂ | ရွှေပင်ရွှေဘုန်းပပဝင်း | သိကြားခလုတ်ကြိုး | ၁၉ |
| ၃၃ | ရွှေပြည်ကြီးဇရာ | သာနီးပျော်ဖွယ် | ၆ |
| ၃၄ | ရွှေဘုန်းရွှေဘုန်း | ရှင်း | ၇ |
| ၃၅ | လာချေပြီ | မြင်းခင်းကြိုး | ၁၀ |
| ၃၆ | ဝေဇယန်နှင့်နှုန်းပြား | ကျောင်းတော်ကြီးကြိုး | ၁၃ |
| ၃၇ | ဝေဘာဂီရိ | ညွှန့်တက်သံသာ | ၂ |
| ၃၈ | ဝေယန်လိုပင် | အပြင်တီးဖြေ | ၁၉ |
| ၃၉ | သပြေပင်ဝန်း | နဝရတ်ခရုသင်းသံ | ၂၄ |
| ၄၀ | သာယာသာယာ | ကလပ်ငယ် | ၂ |
| ၄၁ | သီဒါသီဒါမြသား | ကလပ်ကြီး | ၁ |
| ၄၂ | သီဒါသီဒါဇရာကြီး | နဒီမော်ပြင်ကြိုး | ၉ |
| ၄၃ | သီလာမြေယံ | ဘုန်းတော်ဘွဲ့ကြိုး | ၆ |


www.burmeseclassic.com

www.burmeseclassic.com



အက္ခရာစဉ်မာတိကာ


| စဉ် | ချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|

ဘွဲ့သီချင်းများ

| | | | |
|---|---|---|---|
| ၄၄ | ခေါ်ပါယောင်နှင့် | ဝတ်တော်ရုံမျှော်တော်ယောင်ဘွဲ့ | ၂၅ |
| ၄၅ | ဂန္ဓမာတောင် | မဥ္ဇူသကနတ်ပန်းဘွဲ့ | ၂၆ |
| ၄၆ | မန္တလာဘုံ | မန္တလေးမြို့တော်ဘွဲ့ | ၂၈ |
| ၄၇ | မှန်ညောင်သဥ္စာ | ဝတ်တော်ရုံဘွဲ့ | ၂၅ |
| ၄၈ | ဟေမဝန်ချာ | မျှော်တော်ယောင်ဘွဲ့ | ၂၆ |
| ၄၉ | အတိုင်းမသိဘုန်းတော် | ဝတ်တော်ရုံဘုန်းတော်ဘွဲ့ | ၂၅ |
| ၅၀ | အတိုင်းမသိမင်္ဂလာ | မင်္ဂလာသြဘာဘွဲ့ | ၂၆ |
| ၅၁ | ဥကင်ဘုံမြင့် | ပလ္လင်ရှစ်ခန်းဘွဲ့ | ၂၇ |
| ၅၂ | သြဘာမင်္ဂလာ | ဘုန်းတော်ဘွဲ့ | ၂၇ |

သီချင်းခံများ

| | | | |
|---|---|---|---|
| ၅၃ | စုံသာမြိုင်လယ် | တောတောင်ဘွဲ့ | ၃၆ |
| ၅၄ | ဆဒ္ဒန်အိုင်သာ | ဆဒ္ဒန်အိုင်ဘွဲ့ | ၃၃ |
| ၅၅ | ဇေယျာရွှေမြေ | ဘုန်းတော်ဘွဲ့ | ၃၇ |
| ၅၆ | ဇမ္ဗူကျွန်းလုံး | ၎င်း | ၃၅ |
| ၅၇ | တောဟေဝန်တောင် | တောဘွဲ့သီချင်းခံ | ၄၁ |
| ၅၈ | ထူးမခြားနား | ရောင်ခြည်တော်ဘွဲ့ | ၃၂ |
| ၅၉ | ထောင်ရောင်နေ | ဘုန်းတော်ဘွဲ့ | ၃၄ |
| ၆၀ | ပြည်ပြည်မင်းပေါင်း | ဘုန်းတော်ဘွဲ့အချီငယ်သီချင်းခံ | ၃၁ |
| ၆၁ | ဘုန်းထူးဝေဆာ | ရတနာပူရဘွဲ့ | ၄၀ |
| ၆၂ | ဘုန်းမိုးသွန်းလောင်း | ဘုန်းတော်ဘွဲ့ | ၂၉ |




အက္ခရာစဉ်မာတိကာ


| စဉ် | ချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၆၃ | မှိုင်းမှိုင်းမြ | ရာသီဘွဲ့သီချင်းခံ | ၃၀ |
| ၆၄ | ရဝေနန်း | ဘုန်းတော်ဘွဲ့သီချင်းခံ | ၄၃ |
| ၆၅ | ရွှန်းရွှန်းမြ | ၎င်း | ၂၉ |
| ၆၆ | အမင်းမင်းခရ | ကျေးဇူးတော်သီချင်းခံ | ၃၁ |

ပတ်ပျိုးသီချင်းများ

| | | | |
|---|---|---|---|
| ၆၇ | ကုန်းဘောင်ပရမေ | ဘုန်းတော်ဘွဲ့ | ၇၇ |
| ၆၈ | ချစ်သမျှကို | သစ္စာတိုင် | ၅၀ |
| ၆၉ | ချာပြာသင်း | ဆိုင်းတော်ဘွဲ့ပတ်ပျိုး | ၇၀ |
| ၇၀ | ဂန္ဓမာတောင် | တောင်လားပတ်ပျိုး | ၆၃ |
| ၇၁ | စိုးအမ္ဗုန်မှူး | အလွမ်းဘွဲ့ပတ်ပျိုး | ၇၄ |
| ၇၂ | စိန်ကြောင်နီလာ | ဘုန်းတော်ဘွဲ့ | ၅၀ |
| ၇၃ | စုံနယ်သာစွ | တောဘွဲ့ပတ်ပျိုး | ၆၇ |
| ၇၄ | ညဥ့်သုံးယံခါ | မျှော်တော်ယောင်ဘွဲ့ | ၄၆ |
| ၇၅ | ထွန်းလင်းလျှံလက် | ကျေးစေပတ်ပျိုး | ၆၁ |
| ၇၆ | ဒီပါအေးမြ | ရာမဇာတ်ဖြည့်ပတ်ပျိုး | ၇၃ |
| ၇၇ | နဝတဏ္ဍကုဏ္ဍလ | တောဘွဲ့ပတ်ပျိုး | ၅၇ |
| ၇၈ | ပြာပြာညိုရောင် | မျှော်တော်ယောင်မောင်ဘွဲ့ | ၅၅ |
| ၇၉ | ဖြူပြာမှုရာ | အိမ်နောင်ဇာတ်ထွက် | ၆၂ |
| ၈၀ | ဖြေနိုင်ပေါင် | ကိန္နရာချောင်းခြား | ၆၉ |
| ၈၁ | ဘုန်းများများမင်း | ရာမဇာတ်ဖြည့်ပတ်ပျိုး | ၆၉ |
| ၈၂ | ဘုံပျံနေနန်း | ဆောင်းဘွဲ့ | ၇၉ |
| ၈၃ | မဏိကဥ္စနာ | အင်းဝနန်းဘွဲ့ပတ်ပျိုး | ၅၅ |
| ၈၄ | မုရိုးငယ်တည့် | မိုးဘွဲ့ပတ်ပျိုး | ၆၆ |
| ၈၅ | မဲဇာတောင်ခြေ | မဲဇာတောင်ဘွဲ့ | ၄၈ |


www.burmeseclassic.com

www.burmeseclassic.com



အက္ခရာစဉ်မာတိကာ


| စဉ် ချီ | | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၈၆ | မိုးလုံးပတ်လည် | မိုးဘွဲ့ပတ်ပျိုး | ၅၆ |
| ၈၇ | မယ်သေချင်လိုက်ပါဘိ | ကိန္နရာချောင်းခြားပတ်ပျိုး | ၆၆ |
| ၈၈ | မြဂန္ဓမာ | တောတောင်ဘွဲ့ပတ်ပျိုး | ၅၇ |
| ၈၉ | မြူဝန်းလို့ခို | ကိန္နရာချောင်းခြား | ၅၈ |
| ၉၀ | မြိုင်ခြေစုံသာ | တောတောင်ဘွဲ့ | ၆၁ |
| ၉၁ | မြန်ချာမြေကို | ရတနာသိင်္ဃမြို့ဘွဲ့ | ၄၉ |
| ၉၂ | မှန်ရဝေ | ဘုန်းတော်ဘွဲ့ | ၄၅ |
| ၉၃ | မှိုင်းပြာမှုန်ဝေ | ရေလား | ၇၅ |
| ၉၄ | မှိုင်းပြာဝေ | တောဘွဲ့ပတ်ပျိုး | ၅၆ |
| ၉၅ | ယမုန်နှာ | သီဒါသောင်ခြေဘွဲ့ | ၅၂ |
| ၉၆ | ယုဇနမာလာ | ရတနာပုံမြို့ဘွဲ့ပတ်ပျိုး | ၅၄ |
| ၉၇ | ရေယမုန် | ဝိဇယကာရီဇာတ်ထွက် | ၅၃ |
| ၉၈ | ရှစ်စုံရွက်ကြာ | မျှော်တော်ယောင်ပတ်ပျိုး | ၅၁ |
| ၉၉ | ရွှေယင်ပေါင် | ရေလား | ၆၃ |
| ၁၀၀ | လူမနော | အိနောင်ဇာတ်ဖြည့်ပတ်ပျိုး | ၄၆ |
| ၁၀၁ | လက်ယာသပြေ | မြောက်အိမ်တော်သံတေသတ် | ၆၀ |
| ၁၀၂ | လောင်းပန်းဂမုန်းအင် | တောဘွဲ့ပတ်ပျိုး | ၅၉ |
| ၁၀၃ | လွှမ်းမေလှေ့ | အလွမ်းဘွဲ့ပတ်ပျိုး | ၆၄ |
| ၁၀၄ | သာဆန်းရဂုံဗွေ | မြစ်နှင့်တောဘွဲ့ပတ်ပျိုး | ၅၈ |
| ၁၀၅ | သေနင်္ဂမည် | မိုးဘွဲ့ပတ်ပျိုး | ၄၈ |
| ၁၀၆ | သိင်္ဂါရွှေရောင် | ဘုန်းတော်ဘွဲ့ | ၄၇ |
| ၁၀၇ | သန်းရုံခြွေ | ကျေးစေပတ်ပျိုး | ၆၅ |
| ၁၀၈ | ဟောဝန်စုံမြိုင် | ကိန္နရာချောင်းခြား | ၇၂ |
| ၁၀၉ | အထူးထူးငယ်နှင့် | တောလားပတ်ပျိုး | ၇၆ |
| ၁၁၀ | အာကာယံထဲ | မိုးဘွဲ့ | ၇၁ |




အက္ခရာစဉ်မာတိကာ


| စဉ် ချီ | | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၁၁၁ | အိုကမ်းလေရေယမုန် | မိုးဘွဲ့ပတ်ပျိုး | ၆၀ |
| ၁၁၂ | အောင်မြေမြမန်း | မန္တလေးမြို့ဘွဲ့ | ၄၇ |
| ၁၁၃ | အောင်မြေသာစံ | တောလားပတ်ပျိုး | ၆၈ |


## ယိုးဒယားသီချင်းများ


| | | | |
|---|---|---|---|
| ၁၁၄ | ကန္တာတောခြေ | တောဘွဲ့ယိုးဒယား | ၈၈ |
| ၁၁၅ | ကြို့ညိုစံရာ | ရာမဇာတ်ဖြည့်ယိုးဒယား | ၁၀၃ |
| ၁၁၆ | ခိုင်ပန်းစုံ | တောဘွဲ့ | ၉၅ |
| ၁၁၇ | စက်လည်းပျော်ပါနိုင် | အိနောင်ဇာတ်ထွက် | ၉၂ |
| ၁၁၈ | စိန်ဖယောင်နန့်း | နန်းသိမ်း | ၁၀၁ |
| ၁၁၉ | ဆန်းဆန်းသဉ္ဇာကြာညောင် | မိုးဘွဲ့ယိုးဒယား | ၈၄ |
| ၁၂၀ | ဆန်းနွေဦး | အလွမ်းဘွဲ့ | ၈၅ |
| ၁၂၁ | တောတောင်စွယ် | တောဘွဲ့ | ၉၆ |
| ၁၂၂ | တောနှင့်တောင်စွယ် | တောဘွဲ့ | ၈၉ |
| ၁၂၃ | တောမြိုင်ခြေလမ်း | ၎င်း | ၉၄ |
| ၁၂၄ | တောမြိုင်စွန်းက | ရာမဇာတ်ယိုးဒယား | ၉၀ |
| ၁၂၅ | တောဟောဝန်လယ် | တောဘွဲ့ | ၈၉ |
| ၁၂၆ | တောင်ဇမ္ဗူပိုင် | ဘုန်းတော်ဘွဲ့ | ၉၉ |
| ၁၂၇ | နန်းသီဟိုဠ် | မှော်ပြန် | ၈၉ |
| ၁၂၈ | နှင်းယွန်းခါဟေမန် | တောဘွဲ့ | ၉၃ |
| ၁၂၉ | ပန်းညောင်လှိုင်ဖွဲ့ | ရာမဇာတ်ဖြည့်ယိုးဒယား | ၉၅ |
| ၁၃၀ | ပန်းမြိုင်လယ် | ရာမဇာတ်ထွက် | ၁၀၄ |
| ၁၃၁ | ပန်းဟောဝန် | တောဘွဲ့ | ၉၀ |
| ၁၃၂ | ဖော်ကွာဝေး | အလွမ်းဘွဲ့ | ၉၃ |


www.burmeseclassic.com

www.burmeseclassic.com



အက္ခရာစဉ်မာတိကာ


| စဉ် | ချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၁၃၃ | မန်းတောင်လက်ယာ | မန္တလေးမြို့ဘွဲ့ | ၉၈ |
| ၁၃၄ | မြမန်းဂီရိ | ဘုန်းတော်ဘွဲ့ | ၈၃ |
| ၁၃၅ | မြိုင်ဂန္ဓမာ | တောဘွဲ့ယိုးဒယား | ၉၁ |
| ၁၃၆ | မြိုင်ဟေမာ | တောတောင်ဘွဲ့ယိုးဒယား | ၈၅ |
| ၁၃၇ | မော်ရုံဟော၀န် | သမင်လိုက် | ၈၆ |
| ၁၃၈ | မှိုင်းမှုန်ပြာညို | တောဘွဲ့ | ၉၇ |
| ၁၃၉ | ယသော်ရော | တောထွက်ခန်း | ၁၀၀ |
| ၁၄၀ | ရွှေတညာ | အလွမ်းဘွဲ့ | ၁၀၀ |
| ၁၄၁ | ရွှေကြက်ကယ်ဟန်ချီ | ကန်ဆင်းယိုးဒယား | ၈၂ |
| ၁၄၂ | လေပြည်ဆော်သွင်းမြူး | မြင်းတတ် | ၈၆ |
| ၁၄၃ | လွမ်းပိုအောင် | အလွမ်းဘွဲ့ယိုးဒယား | ၈၂ |
| ၁၄၄ | လျှပ်ပန်းခွေနွဲ့ | မိုးဘွဲ့နန်းသိမ်းယိုးဒယား | ၁၀၂ |
| ၁၄၅ | ၀ေဇယန္တာ | မန္တလေးမြို့ဘွဲ့ | ၈၃ |
| ၁၄၆ | သောင်းရွှေလယ် | အိနောင်ဇာတ်ဖြည့်ယိုးဒယား | ၈၈ |
| ၁၄၇ | သောင်းသောင်းညံ့ | ရေလား | ၉၁ |
| ၁၄၈ | အိုလျှံညီးလင်း | စက်တော်ချင်းယိုးဒယား | ၈၇ |
| ၁၄၉ | အိုသာတင့်ဆုံး | အိနောင်ဇာတ်ထွက် | ၉၂ |
| ၁၅၀ | အောင်မင်္ဂလာ | မန္တလေးမြို့ဘွဲ့ယိုးဒယား | ၈၄ |


မှန်သီချင်းများ


| စဉ် | ချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၁၅၁ | ကောင်းချီးသခ်ါ | ဘုန်းတော်ဘွဲ့မှန်သံစုံ | ၁၀၇ |
| ၁၅၂ | စိန်ကြယ်ညီးလင်း | ဥက္ကလာပပြန်မှန် | ၁၁၀ |
| ၁၅၃ | စိန်မြရံခြယ် | ပိမ္မာသားလွှဲချင်း | ၁၁၁ |




အက္ခရာစဉ်မာတိကာ


| စဉ် | ချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၁၅၄ | ညင်းညင်း | အလွမ်းဘွဲ့မှန် ၁၂ ခန်း | ၁၀၆ |
| ၁၅၅ | တောင်ယံတော | တောတောင်ဘွဲ့ | ၁၀၇ |
| ၁၅၆ | ငှင်း | ငှင်း | ၁၀၉ |
| ၁၅၇ | နှင်းယွန်းဂီမှာန် | အလွမ်းဘွဲ့ | ၁၀၉ |


လေးထွေသံကတ်


| စဉ် | ချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၁၅၈ | ကိုယ်တော်နှင်းနံ့ | လေးထွေသံကတ် | ၁၁၃ |
| ၁၅၉ | ရွှေပန်းပန်ငယ်တို့ | လေးထွေသံကတ်အချိုး | ၁၁၃ |


မြင်းခင်း


၁၆၀ မြန်မြေနယ်ဇမ္ဗူဘောင် ၁၁၄


လောကနတ်ချင်း


၁၆၁ တိမ်မှောင်မြေးကင်း ၁၁၄


ဒိန်းသံ


၁၆၂ ဆယ်ဆယ်ရောင် ၁၁၅


www.burmeseclassic.com

www.burmeseclassic.com



အက္ခရာစဉ်မာတိကာ


| စဉ် ချီ | | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| | **ကရင်ဩ** | | |
| ၁၆၃ | တစ်ကြောမှောင်ပြာ | | ၁၁၆ |
| ၁၆၄ | မြိုင်တန်းမှောင်ဝေ | | ၁၁၆ |
| | **ဘောလယ်သီချင်း** | | |
| ၁၆၅ | အကျွန်မျှော် | ရှေးခေတ်ဘောလယ် | ၁၁၈ |
| ၁၆၆ | ရွှေဒေါင်းဖောင်တော် | အလယ်ခေတ်ဘောလယ် | ၁၁၉ |
| ၁၆၇ | စိန်ခြူးကြာညောင် | နောက်ဆုံးခေတ်ဘောလယ် | ၁၁၉ |
| | **တေးထပ်** | | |
| ၁၆၈ | မိန့်တော်သံရိပ်ကိုလ | ရှေးတေးထပ် | ၁၂၁ |
| | **ရှစ်ဆယ်ပေါ်တေးထပ်** | | |
| ၁၆၉ | သုံးသိန်းသုံးသောင်း | မန္တလေးမြို့ဘွဲ့ | ၁၂၁ |


# နိုင်ငံတော်မူ မဟာဂီတ

## ကြိုးသီချင်းများ

### ၁။ ပုစဉ်းတောင်သံကြိုး
(ဝန်ကြီးပဒေသရာဇာ)

(ထံတျာတေရှင်*၊ ထံတျာတေရှင်၊ ချန့် ချန့် ထံတျာတေရှင်)၂။ [(ဒလု ဒလု ထုံ ချန့် ချန့်)၂။ တောပင်တောလုံး နံ့ပါလို့လေး]၂။ (ထက်စငယ် ကောင်းကင်၊ မိုးတည့် မိုးတိမ်ပြင်)၂။ (စံရွှင် စံရွှင် ပျော်ပါး၊ ရွှေဖော်တစ်စု များငယ်နှင့်လေး)၂။ (သည်မိုး သည်မိုး ဒေဝါ၊ မိုးတည့် မိုးဒေဝါ)၂။ (အုံ့ကာလေ တဖွဲဖွဲ၊ ရွာလေ တသဲသဲ)၂။ (ထံတျာတေရှင်၊ ထံတျာတေရှင်၊ ချန့် ချန့် ထံတျာတေရှင်)၂။ (ဒလု ဒလု ထုံ ချန့်ချန့်)၂။ တျော တေ ထံတျာတေချန့်၊ တျောတေတျာ။

### ၂။ ကလပ်ကြီး** ကြိုး[၁]
(ဝန်ကြီးပဒေသရာဇာ)

(သီဒါ† သီဒါ မြသား၊ ကြာ ကြာ ကြာ ငါးပါး)၂။ (ကမ်းနား ကမ်းနား ဝန်းကျင်၊ ငွေသဲပြင် လေတည့်မှ၊ ပျော်တည့် ပျော်ချင်ဖွယ်)၂။ (မြစ်တွေး

---

၁။ ကလပ်ယ်ကြိုး – ဟာသ၊ သဗ္ဗ၊ မေဒနီ၊ နန်းထွက်၊ ပြိုး။

† သီဒါ = မြစ်၊ သမုဒ္ဒရာ၊ ကန်၊ ချောင်း စသည့် ရေအစုအဝေး။

* ရှေးမူဟောင်းများတွင် 'ထံတျာတေ' ဟုသာတွေ့ရသည်။ 'ရှင်' ဟူသော စကားရပ်မှာ နောင်းဆရာတို့၏ ဖြည့်စွက်ချက်ဖြစ်သည်။

** ကလပ်ကြီးဟူသောအမည်ကို ဘုံခန်းပျို့တွင် အောက်ကလပ်ကြီး ဟု လည်းကောင်း၊ ဟာသ တွင် အောက်ကလက်ကြီးဟုလည်းကောင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်တွေး စင်ရော်၊ မြူးတည့် မြူးစံပျော်)၂။ (ငှက်တော်လေ ကြိုးကြာ၊ ကျူးရင့်ရင့်သာ)၂။ (လိပ်ပြာလေ ပျံကာသွား၊ ဟိုမှာ သည်မှာနား)၂။ ရေပေါ်မှာ လွှားပါလို့၊ ကြာဆံကိုစားပါလို့၊ ဝဲကာပျံ လေတည့်မှ ဝဲကာပျံ။

## ၃။ ကလပ်ငယ်ကြိုး[၁]

(ဝန်ကြီးပဒေသရာဇာ)

(သာယာ သာယာ မြည်လာကြွေး၊ သာလိကာ ငယ်လေကျေး)၂။ (ချည်ခင်စွပ်ကယ်က၊ ကျူးတယ် ကျူးတယ်ကို၊ သင်တိုင်းဝတ်ကယ်က မြူးတယ် မြူးတယ်ကို)၂။ (သံချိုတည့်အေးအေး၊ ပဲတည့်ပဲထွေးထွေး)၂။ (စာပေးခွံ့ကြ၊ ချစ်ရေးခင်ရေး မှုပါလို့လေး)၂။ (အတူစုံစွာ၊ စံတည့်စံပျော်ရာ)၂။ (ချစ်ခင်လေ ချစ်ခင်လေ၊ ချစ်ပါလှတယ်ရှင်)၂။ (ချစ်ခင်လေ လွန်မြတ်နိုး၊ ဇီတည့်ဇီဝမိုး)၂။ (ဥမျိုးတွန်သံ၊ သာပင်သာချည့်လေ၊ မကို မကို ဖော်သွေး၊ ခေါ် ခေါ် ခေါ်ကြလေး)၂။ (မယ်ညို[†] ဖြူပြာ[*] နီတည့်နီရွှေဝါ)၂။ (လိပ်ပြာလေ ပျံကာသွား၊ ပိတုန်း ပိတုန်းပျား)၂။ ရေပေါ်မှာ လွှားပါလို့၊ ကြာဆံကို စားပါလို့၊ ဝဲကာ ပျံ လေလေတည့် ဝဲကာပျံ။

## ၄။ ညွန့်တက်သံသာကြိုး

(ဝန်ကြီးပဒေသရာဇာ)

(ဝေဘာဂီရိ တောင်နယ်တွင်[၂] သိကြား နတ်ယာဉ်ဆင်)၂။ (သည်ဆင်ကိုတည့် ပေးအပ်နှင်း၊ သိကြား သိကြားမင်း)၂။ (လျှင်စေကာ၊ ထံတော်မှာ၊

---

၁။ **ကလပ်ကြိုးကြိုး – ဟာသ၊ သမ္ဘ၊ မေဒနီ၊ နန်းထွက်၊ မြိုး။**

၂။ **တောင်ငယ်တွင် – သမ္ဘ၊ မေဒနီ၊ ဂီသစ်။**

† မယ်ညို = ရေအိုင် တောစပ်တွင် ကျက်စားတတ်သော၊ အမွေးအတောင် အရောင်စုံသည့် ခြေတံရှည်ငှက်။

* မဲညိုဖြူပြာ ဟု မူအချို့တွင်တွေ့ရသည်။ မဲညိုဟူသည်မှာ ရှေးက စာလုံးပေါင်းဖြစ်၍ မယ်ညိုငှက်ကိုပင် ဆိုလိုသည်။



ဆက်ရမည်မှန်သာ)၂။ (နီတွေးတွေး၊ **ရောင်ဖွေးဖွေး**[၁]၊ ဘက်မဲ့သာ ပြိုင်နှိုင်းဝေး)၂။ (ခြေသည်း လက်သည်း နီတျာ၊ နင်းတည့်နင်းခြေရာ)၂။ (မြင်ကာ မြင်ကာ မြင်ကာ ဆင်မျိုး၊ ကြောက်ရွံ့ရွံ့စိုး)၂။ (ဝေးဝေး ထွက်ပြေးသွား၊ ကျူးကိုမှန်းလို့လား)၂။ (ဆီးတား ဆီးတား)၂ ကာ။ ဆင်ဖြူလာ၊ ဆင်နီလာ၊ ဆို ဆို ဆိုကြ လေး။ ဆင်တော်ပြောင်၊ ဆင်တော်ပြောင်၊ တောင်ပင်တောင်ရှိ၊ မျိုးဆဒ္ဒန် လေတည့် မျိုးဆဒ္ဒန်။

## ၅။ ဗောဓိရွက်သံကြိုး[*]

(လက်ဝဲနော်ရထာ)[**]

(ထွေတလာလာ၊ နေမသာသာ၊ ချမ်းပင်ချမ်းမြအေး)၂။ [(မှိုင်းမှိုင်းဝေဝေ)၂ မိုးပင်မိုးကစွေ]၂။ မှိုင်းမှိုင်းဝေဝေ၊ တောင်လေသုတ်ဖြူး၊ (ဆောင်းဦး ဆောင်းဦး ဟောမာ၊ ကိုယ်ထူး[†] နေရာမှာ)၂။ (ရှာလာ ရှာလာ လျော့ လျော့စေ[††]။ လွမ်းမပြေထွေထူး ထပ်ချည်ငဲ့လေ၊ သံသရာကံဟောင်း ကတ်[†††] ချည်ငဲ့လေး[၂])၂။ (မိုးရော၊ လေရော၊ ချမ်းလို့တုန်အောင်နော)၂။ (မိန်းမော မိန်းမော စိတ်ကယ်တွင်၊ ကိုယ်ထီးနေမရှင်)၂။ (ထိပ်တင်လေ လွန်ထွေပြား၊ ဟိုမှာသည်မှာသား)၂။ (စံပျော်ပါးပါလို့)၂၊ ထားထိပ်တင် လေလေတည့် ထားထိပ်တင်။

---

၁။ ရောင်ပြေးပြေး – ဂီဝိ။

၂။ ကပ်ချည်ငဲ့လေး – ဂီဝိ။

† ကိုယ်ထူး = တစ်ကိုယ်တည်း။

†† စေ = ပင်၊ ပဲ၊ သာ။

††† ကတ် = ခက်သည်၊ ခဲယဉ်းသည်။

* ၁၁၃၂ ခု၊ တန်ဆောင်မုန်းလတွင်မြောက်ဘက်တိုက်ဝန် (နေမျိုးမဟာကျော်ထင်) ရေးကြောင်း **ဂီဝိ** တွင် တွေ့ရသည်။

** လက်ဝဲနော်ရထာသည် ဟံသာဝတီပါမင်းလက်ထက်မှ ဘိုးတော်မင်းလက်ထက်တိုင် အမှုထမ်းခဲ့သည့် ပညာရှိအမတ် ဖြစ်သည်။ လက်ဝဲနော်ရထာ၊ နေမျိုးမဟာကျော်ထင်၊ နေမျိုးမဟာသခ်ယာကျော်ထင်၊ မဟာသီဟသူရ စသည့် ဘွဲ့ ၁၁ ဘွဲ့ ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၆။ ဖောင်လားကြီး[*]

(မြဝတီမင်းကြီးဦးစ)

(ဘုံဆောင်မြင့်၊ စိန်ကြောင်ဖန်ရှိန်၊ ညီးလို့လင်းလင်း)၂။ (ကြွားကြွားမိုးဖျား၊ သီခေါင်လေ၊ ရီမှောင်လေ၊ ဝေးရရှင်းရှင်း)၂။ (ကိုးမျက်မြှာငယ်လေ၊ စိုးစကြာငယ်လေ၊ လောက လောင်းမင်း)၂။ (ဘုန်းတေဇာငယ်လေ၊ နှုန်းနေဖြာတယ်လေ၊ ထွန်းပဝင်းဝင်း)၂။ (ရေနန်းဗိမာန်ငယ်လေ၊ ထူးလှ ကောင်းခြင်း)၂။ ရွှန်းရွှန်းလန်းလို့၊ လျှပ်ပန်း လျှပ်ပန်း၊ ထွေးပင်သာ ထွေးကြ သောင်းတွင်း)၂။ (သီဒါရွှေဖွေ ခင်းမှာလ၊ ရွှေတည့်ရွှေညီလာ)၂။ ယဉ်ဧရာ၊ ကြယ်ရံကာ၊ သော်တာ တွားသို့လေ။ ကြာခြေမှောင်၊ ခွာသွေရှောင်၊ ရွှေဖောင်လားကွန့်လေး။ ယဉ်ဧရာ၊ ကြယ်ရံကာ၊ သော်တာ တွားသို့လေး။ ပြာခြေမှောင်၊ ခွာသွေရှောင်၊ ရွှေဖောင်လားကွန့်၊ များလေ့ရံ လေလေတည့် များလေ့ရံ။

## ၇။ ဖောင်ငင်ကြီး

(မြဝတီမင်းကြီးဦးစ)

(ဧယျာမြို့၊ ရွှေဒွါ ရွှေလေ့ များလှသောင်းသောင်း)၂။ (နန်းချင်းနန်းချင်း၊ လှော်ချီလေ၊ ပြိုင်ညီလေ၊ ရေးလှပြောင်းပြောင်း)၂။ (တီးရွှမ်းခြိမ့်မောင်း၊ အေးပင်သာ အေးငြိမ့်ညောင်း)၂။ (ပျော်ကြောင်းစဉ်လာ၊ ယဉ်တည့်ယဉ်သီဒါ)၂။ (မိုးမြေချာငယ်လေ၊ ပတ်ကုံး ပတ်ကုံး၊ စိုးပင်သာ စိုးသိမ်းကျုံး)၂။ (ပေါင်းရုံးဆယ်ဖြာ၊ ဦးတည့် ဦးတင်ကာ)၂။ ဖောင်ငင်ရာ၊ ထုံဂန္ဓာ၊ မာလာသင်းပျံ့လေ။ **ရွှေရေသီ**[†၁]၊ လေချီချီ၊ သီဂီဝင်းမှည့်လေ။ ဖောင်ငင်ရာ၊ ထုံဂန္ဓာ၊ မာလာသင်းပျံ့လေ။ **ရွှေရေသီ**[၁]၊ လေချီချီ၊ သီဂီဝင်းမှည့်၊ **ညင်းလေသာ လေလေတည့် ညင်းလေသာ**။[၂]

၁။ ရွှေကေသီ – **ဂီဝိ**။

၂။ ဆင်းသူဇာ လေလေတည့် ဆင်းသူဇာ။ – **ဂီဝိ**။

† ရွှေရေသီ = ရွှေယက်ပြားသတ်ထားသော တက်မနားက ယမြား ဆွဲသောအလဲ။

* ဤ **ဖောင်လား**၊ **ဖောင်ငင်**၊ **ဖောင်ဆိုက်ကြီး**တို့နှင့် အလိုက်တူကြိုးများ ဦးစမတိုင်မီကပင်ရှိခဲ့ကြောင်း **ဟာသ**၊ **သမ္မ**၊ **မေဒနီ**၊ **မြန်ညွှန့်**(ပ)တို့တွင် တွေ့ရသည်။



## ၈။ ဖောင်ဆိုက်ကြီး

(မြဝတီမင်းကြီးဦးစ)

(စိမ်းလဲ့လဲ့ညီပြာ၊ ဧယျာအောင်ခန်း၊ ဖောင်တော်ဆိုက်ကာ မြန်းပါလို့၊ ပြည်ပြည်သူစုံပေါင်းရှိပန်း)၂။ နန်းနှင့်ယာဉ်ဧရာ၊ ပြည့်မျှရံဗိုလ်ပါ၊ ကြွေးရင့်စည်သံဝါ၊ နဲ့နှင့်ရွှေတံမြှာ။ (ဆေးလေးဆေးလေး ညီညာ၊ သခ်ါလေငါးမည်၊ ညင်းညင်း တံရှည်ကျူး)၂။ (ဘယ်ရာဝင် ရှေးမှာမှ၊ တူဟန်လေ တင်ရေး ကြားဘူး)၂။ ထူးချွန်အောင်၊ ကဲလွန်အောင်၊ ဝေမှောင်ကင်းလို့လေ။ မှန်သီဂီ၊ ရံရွှေညီ၊ ဒေဝီ မင်းနှင့်လေး။ ထူးချွန်အောင်၊ ကဲလွန်အောင်၊ ဝေမှောင်ကင်းလို့လေ။ မှန်သီဂီ၊ ရံရွှေညီ၊ ဒေဝီမင်းနှင့်၊ ဆင်းသူဇာ လေလေတည့် ဆင်းသူဇာ။

# သာနိုးပျော်ဖွယ်ကြီး ၅ ပုဒ်[*]

## ၉။ ဘုန်းတော်ဘွဲ့

(မြဝတီမင်းကြီးဦးစ)

(စံရာတောင်ကျွန်းလုံးသူ့ ဦးသျှောင်ကျင် ငယ်လေ၊ မင်းများထိပ်ခေါင်တင်)၂။ သောင်းမြေပြင်ငယ်၊ ထီးဆူဆူကိုလေ၊ စိုးလို့မိုးတော်မူ)၂။ ဘုန်းပန်းငယ်ကြိုင်မွှေး၊ မြတ်လေးငယ်အတူ၊ ကြူပင်ကြူချည့်လေ။[၁] လေးကျွန်းငယ်ယူသိမ်း၊ ချမ်းငြိမ်းစကြာ ပိုင်တော်မူချည့်၊ **ဘုန်းတော်ရှိန်**။[၂]

၁။ ကြူကြူသင်းချည့်လေ – **ဗျာ**၊ **ဂီသစ်**။

၂။ ဘုန်းကျော်ကျော်လေတည့် ဘုန်းကျော်ကျော် – **ဗျာ**၊ **ဂီသစ်**။

* ဤကြိုးငါးပုဒ်မှာ ၁၁၉၉ ခုတွင် ရွှေဘိုမင်း ကျောက်မြောင်းမြို့သစ်တည် ၍ စံစဉ်ကာလ ဦးစရေးဖွဲ့သည့် သီချင်းများဖြစ်သည်။ စဥ့်ကူးမင်းလက်ထက် စာဆိုဦးမြတ်လှရေးသော သာနိုးပျော်ဖွယ်ကြီးငါးပုဒ် အလိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ ကျောက်မြောင်းမြို့ဘွဲ့

(မြဝတီမင်းကြီးဦးစ)

ရွှေပြည်ကြီးရော၊ တည်ထွန်းကျောက်မြို့လေ၊ ရွှေပြည်ကြီးရော၊ တည်ထွန်းကျောက်မြို့လေး။ (သီဒါဝန်းရံကာ၊ မျှားရေတာ ပြင်ကျုံး)၂။ နက်လှပြောကျယ်စွာ၊ ကြောက်ဖွယ် ကြောက်ဖွယ်သာ။ ငါးပါးမျိုးကြာ၊ ငုံအာ ရေလုံးပြည့်မျှလေ။ ပြည်ကြီးငယ်နံ့ပါး၊ **တံခါးရှစ်ဆွယ်***၊ သွယ်သွယ်သာ လမ်းမနှင့်လေး။ ရံဝန်းကာဆီးလုံ၊ ပြည့်စုံလက်နက်ပေါင်းငယ်နှင့် ကြောက်ညောင်း ရန်မပြု။

## ၁၁။ မြို့နန်းဘွဲ့

(မြဝတီမင်းကြီးဦးစ)

(မြို့နန်းငယ်လေး၊ သာယာမျိုးငယ်ကို၊ ဆိုသော်များအံ့ဖွယ်။ ဘက်ကျွန်း† ငယ်သာ၊ စံတိုင်းဆောင်၊ ပြောင်ပြောင်ညီးလို့လင်း)၂။ ရောကြီးထင်ပေါ်၊ သွယ်ဖြူး မြင့်လှလေ။ ရောကြီးထင်ပေါ်၊ နန်းဆောင်တော်သွယ်ဖြူး၊ မြင့်လှလေး။ (စီခြယ်ကိုးမည်သာ၊ မျက်ရောင်ဖြာ မှောင်ဝေး)၂။ အံ့ရေးထပ်ပြန်ကာ၊ ရှုတဲ့သူငယ်မှာ၊ အံ့မူးငယ်သာ၊ တွေပင် တွေကြလေ။ မြင်တဲ့သူ ငယ်မှာ၊ အံ့မူးငယ်သာ၊ ဝေပင် ဝေကြလေး။ ဆောင်တိုင်း ဘုံတိုင်းမှာ၊ အံ့ရာ အခြားခြားငယ်နှင့် သိကြား နတ်ဘုံလို။

## ၁၂။ နန်းဘွဲ့

(မြဝတီမင်းကြီးဦးစ)

(ကိုပါးပေါင်းစု၊ မျက်ရှင်မျက်ရှင်၊ ရောင်ခြည်လေ ရောင်ခြည်လေး၊ မီးရှူးထွန်းသို့၊ ပြောင် ပြောင် ပြောင်ပြောင် ပပဝင်း)၂။ နေရောင်လား ထင်ကာ၊ ဆိုမှား မိမိလေ။ နေရောင်လား ထင်ကာ၊ လပင်သာ ဆိုမှား မိမိလေး။ ရှုကြည့်

† ဘက်ကျွန်း = မြိုင်ဘက်ကင်း။

* သမ္ဘဒ္ဒ **တံခါးရှစ်ဆွယ်**၊ အခြားမူများ၌ **တံခါးရှစ်ဆယ်**ဟု ကွဲပြားရာတွင် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးအရ 'တံခါးရှစ်ဆွယ်'ကို လက်ခံသည်။



တိုင်း ထွေထွေ၊ လင်းလေလေ၊ ရောင်ချင်း စပ်ကြလေ။ ရှုကြည့်တိုင်း ထွေထွေ၊ လင်းလေလေ၊ ရောင်ချင်းစပ်ကြလေး။ ယဉ်မျိုး သာမျိုးစုံ၊ နတ်ဘုံ မထူးခြားပါလို့ သိကြား တစ်ဆူလို။

## ၁၃။ ဘုန်းတော်ဘွဲ့

(မြဝတီမင်းကြီးဦးစ)

(ရွှေဘုန်း ရွှေဘုန်း တော်လေတည့်မှ၊ လွန်ကဲ စည့်†ထွန်းပေါ်)၂။ (သက်တော် ရာကျော် လျှမ်းမျှမျှ၊ ရွှေနန်းမှာ စံကာသာ၊ ရှည်ပင်သာ ရှည်ကြောင်း ပါ့ပါ့လေး)၂။ (တောင်ဇမ္ဗူ ကျွန်းပတ်ကုံး၊ ထီးတစ်ရာ မင်းညွတ်ရုံး)၂။ ကျုံး သစ္စာ ခံလေတည့်မှ၊ ကျိုးညွတ်ကာနွံ)၂။ နိုင်ငံ ကြေညာ လင်းပွင့်ပွင့်၊ သာယာစည်ပင် ပွားဆင့်ဆင့်။ (သံသရာ ဝဲခနောင်း၊ နောင်မသွေဘဲ ကူးကြောင်း)၂။ ရုံးပေါင်း ညွတ်ပျောင်း၊ ထပ်လောင်း ကျွန်တစ်တွေ)၂။ ရှည်ရှည်တိုင်း၊ ကြာကြာတိုင်း၊ ငြိမ်းလေလေ၊ ချမ်းလေလေ၊ သွေမည်ဘဲမို့၊ နိဗ္ဗာန် ရွှေပြည်ပွဲကိုလ၊ နွဲ့စံပျော် လေလေတည့် နွဲ့စံပျော်။

## ၁၄။ အမရပူရမြို့ဘွဲ့ကြီး

(မင်းသား မောင်ကုတ်တေး)*

(ထောင်ရောင်နေ၊ မှောင်မှောင်ခွေ၊ အမရ ရွှေဘုံမြေ)၂။ (ရဝေ ရဝေ ရဝေနန်းမ၊ ဘုန်းတော်ရောင် ထွန်းပပါလို့လေး)၂။ (သကငယ်မဥ္ဇူ၊ မွေးတည့် မွေးလှိုင်ကြူ)၂။ (ဇမ္ဗူခွန်ယူ ဗုန်ဆူဖြန့်မိုး၊ အုန်းပင် အုန်းခြိမ့် စိုးပါလို့လေး)၂။ (သာမျိုး သာမျိုး ခြံရံ၊ တောင်တည့် တောင်သမန်)၂။ (ဆဒ္ဒန် ဆဒ္ဒန် ဆဒ္ဒန်ကြာတော၊ ရေကြည် ဖောင်းကလောငယ်နှင့်)၂။ (အံ့ဩ ကုန်နိုင်ဖွယ် လေတည့်မှ၊ ကန်ကြီး အောင်ပင်လယ်)၂။ (ရှုဖွယ် နက်ကျယ်၊ ရှုဖွယ်ပျော်ခင်း။ နန္ဒာမြအဆင်းငယ်နှင့်)၂။ (မြစ်မင်းရော ရုံလေတည့်မှ၊ ပျော်ခင်းသည်မှာဆုံ)၂။

† စည့် = ထင်ရှားသည်၊ ထွန်းလင်းသည်။

* ဘိုးတော်မင်းတရားလက်ထက်က စာဆိုတစ်ဦး။

www.burmeseclassic.com

www.burmeseclassic.com



(သောင်းလုံးလုံးကြေးမုံ၊ ရွှေဘုံအောင်ခန်း၊ သော်တာ သစ်သစ်ဆန်း သည်သို့)၂။ မင်းခမ်းရွှေညီလာ လေတည့်မှ မင်းခမ်းရွှေညီလာ။

## ၁၅။ စောင်းတော်ဘွဲ့ကြိုး*

(ပြင်စည်မင်းသား)**

(ဓေယျာအောင်ချာ၊ စိုးမိုးသိမ်းမြန်း၊ ရွှေပြည်သာလှ၊ တိုင်းခန်းငြိမ်းချမ်း၊ ဘုန်းမိုး ရှာသွန်းဖျန်း)၂။ (စံခန်း မန်းဗွေလယ်၊ ခဝပ်၁ ရွှေညီဝယ်)၂။ (စံပယ် ခါတော်ချိန်၊ ပဉ်တည့်သာ ပဋ္ဌသိန်)၂။ (ဝတိံညီလာ နွဲ့နွဲ့လေ။ စောင်းတော် ရွှေကြိုး သာဖွယ်လေး)၂။ (ရစ်သွဲ့ငယ် ကျူးလိုင်၊ သံညင်းငယ်ပြိုင်)၂။ (ပြည် တော်ဝေမြိုင်၊ ပုလဲဆိုင်)၂။ (ဆေးဆေး လေးလေး)၂ ချို။ ညွှန်းမကဲ့ငယ်သို့၊ လွမ်းရန်ပို လေတည့် လွမ်းရန်ပို။

## ၁၆။ ဘုန်းတော်ဘွဲ့ကြိုး

(ပြင်စည်မင်းသား)

(သီလာမြေယံ၊ မင်းမင်းများ ကေပန်လေ၊ စိုးရတိုင်းခန်း)၂။ (ထီးပင် ထီးများ၊ ထီးရာပိုင်ငယ်လေ၊ စိုးရသိမ်းမြန်း)၂။ [(ငြိမ်းချမ်း ငြိမ်းချမ်း၊ ဒီပါလေ ညီညာလေ)၂၊ တေဇာ နေဝါ၊ ဓေယျာအောင်မျို့ ချိုးဝှဲ၊ ရင့် နွဲ့နွဲ့]၂။ ကျော်သဲဇမ္ဗူ နတ်လူကြွေးသံ၊ ဖြန့်မိုးစကြာ၊ ဆက်ကာစိုးစံ၊ မင်းမင်းပေါင်း ဖူးပါလို့၊ လူမှူး ကေရိန်လေတည့် ပွင့်ဖူး မြတ်အာဟိန်။†

---

၁။ ခဝန်း – သဗ္ဗ၊ ပြိုး။

† အာဟိန် = ဘုရားရှင်လက်ထက်က **အာဟိန္ဒကျိုးမင်း** ဖြစ်ခဲ့သော ဗျာဒိတ်ရ အလောင်းမင်းတရားကြီး။ ယင်း၏အနွယ်တော်။

* မြဝတီမင်းကြီးဦးစ ရေးသည့် သမုဒ္ဒဃောသဇာတ်ထွက် မာလာဂန္ဓာ အစချီ ‘ဒေဝဒူတနတ် သန်လျက်ကောက်ကြိုး’ကိုလိုက်၍ ရေးသည့်ကြိုး။

** သဗ္ဗတွင် လာရှိသည်။



## ၁၇။ နဒီမော်ပြင်† ကြိုး

(သီဒါ သီဒါ ရောကြီး၊ မျှော်တည့်သာ မျှော်ရာမနီး)၂။ (မြစ်ကြီး မြစ် ကြီး အဏ္ဏဝါ၊ ဝဲတည့်ဝဲသြဃာ)၂။ (သဲငွေသောင်ယံမှာ၊ ဖွယ်ရာတောင်း၊ ရှာ ရန်နွဲ့နွဲ့နောင်း)၂။ (ရုံးပေါင်း ရုံးပေါင်း စုံတစ်ခွင်၊ မလပ်ဘယ်ညာ ဖြိုးပါလို့၊ မိုးလုံးအပြည့်ဆင်)၂။ (စီးသွင်သွင် နဒီခြား၊ ရေဆိုင်ပေါက်သို့ အလား)၂။ ခြား နားသီခေါင်၊ ရှိမှောင်လေ ပတ်လည်၊ နတ်စည် တံမြှာကျူး။ မြူးလာပဇ္ဇုန်၊ လေဟုန်လေ သွေးကာ၊ ရွှေရင်တုန်လို့အေး။ (လေရူးဆော်လာပင်လယ်ဝေ၊ လှိုင်းထပါလို့လေး)၂။ (ထက်ခွင်ဒေဝ အမ္ဗုန္ဒာ၊ ရိက်သြောင်းပဋ္ဌဂ်ါ)၂။ (ယမုန်နာ ဟိုဘက်ကမ်း၊ ဘယ်မှာရှိလိမ့်မှန်း)၂။ ရော်ကာရမ်းပါလို့၊ ဖြေမရှင်ပန်းသည်နှင့်၊ ရစ်သန်းပတ်လည်ကာ ငယ်လေတည့် ရစ်သန်းပတ်လည်ကာ။

## ၁၈။ မြင်းခင်းကြိုး

(ဘုန်းမိုး ရှာဇွေ သွန်းဖျန်း၊ ရွှေပြည်တော် သာငြိမ်းချမ်း)၂။ [(အောင် ပန်းလူလူ၊ နန်းမြေဌူ)၂။ သပြေဇမ္ဗူတိုင်းခန်း၊ ပိုင်တည့်သာ ပိုင်စိုးမြန်း]၂။ (လွတ်နန်း ဗွေလယ်ဘုံဦး၊ ကွန့်မြူးစကြာ ရှင်ချည့်ချည့်လေ၊ ဇာနည် ယာဉ်ကျော် နတ်မြင်း၊ ဘက်ကင်းစက်တော် ရှင်ချည့်ချည့်လေး)၂။ ရွှေနန်းတိုင်စဉ်၊ စီးပုံ ခွင်၊ အဲမောင်းလုံလျင် ရေးရာဆင်၊ ရောင်ထင်လျှံဖြာ၊ မှောင်လွင် ပယ်ခွာ၊ ယိမ်းလှ နွဲ့မူရာတည့်လေ၊ ကြင်စ ပန်းတင်၊† ရွှေနန်းပြင်၊ ယဉ်လှလှလေး။

---

† နဒီမော်ပြင် = ကမ်းယံကုန်းစွယ်မြစ်ပြင်ကျယ်။ (နဒီ = မြစ်၊ မော် = ကုန်းစွယ်၊ ပြင် = ပြင်ကျယ်)။

†† ကြင်စပန်းတင် = ရွှေနန်းတိုင်စဉ် မြင်းစီးဟန်နှင့် တွဲဖက်၍အသုံးပြုသည့် အဲမောင်းရေး။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉။ မြင်းခင်းကြီး

(မြန်းခန်းကျွန်းတွင်း၊ စံမြန်းရွှန်းလင်း၊ မှန်နန်းထွန်းဝင်း)၂။ (ဘုန်းပန်းကြိုင်သင်း၊ နှန်းနှန်းပြိုင်ရှင်း၊ ထီးစင်းရာနေ၊ ခွန်တော်ခြွေ)၂။ (ဗွေမန်းစက်ဦး၊ နွေသန်းယှက်ကူး၊ လေဖျန်းရွှက်မြူး)၂။ (ယာဉ်ကျော်လေတိမ်ဦး၊ မိုးသားကျူး)၂။ (ဆင်ထူးဖွယ်ရာ၊ လွှမ်းပုံသာ)၂။ တိမ်ပြာ မိလ္လာ သိင်္ဂါဖွဲ့ရေး၊ အဲမောင်းစွန်တောင် ဘက်မှဲ့ဝေး၊ ရေးရာဆင် လေလေတည့် ကြွေးကြော်ပင်။

## ၂၀။ မြင်းခင်းကြီး

(လာချေပြီ၊ မြင်းများခေါင်ဗွေမှာလေ၊ ဖြိုးမှုကဲလွန်း)၂။ (နိမ့်သူဆုတ်ကြ၊ သွားလေစေငယ်လေ၊ တိမ်းလို့လမ်းရှား)၂။ [(ကြွားကြွား ရွှားရွှား၊ ဝေဝေ ပြောင်ပြောင်၊ ဝေဝေ ပြောင်ပြောင်)၂။ ရွှေကတောင်နှင့်သာ ဝိုးဝိုးဝင်းဝင်း၊ မြင်းတွင် မြင်းများမင်း]၂။ မြင်းရွှေကြာ၊ မြင်းရွှေဝါ၊ ဗွေသာများလှလေ၊ မြင်းရွှေကြာ၊ မြင်းရွှေဝါ၊ ဗွေသာများလှလေး။ မြင်းမြင်း ရွှေကြာကြာ၊ မြင်းမြင်း ရွှေဝါဝါ၊ ဗွေဗွေသာ များလှလေ၊ မြင်းရွှေကြာ၊ မြင်းရွှေဝါ၊ ဗွေဗွေသာများလှ၊ ရှားလေ ရှောင် လေလေတည့် ရှားလေရှောင်။

## ၂၁။ ဆင်ခင်းကြီး

ပြောင် ပြောင် ပြောင်နာဂိန်၊ စွယ် စွယ် စွယ် ရောင်ရှိန်၊ (ရဲဘုန်းပန်း၊ ပွဲလုံးလန်း၊ မှန်နန်းညွှန့်ဘူမိန်)၂။ (ရွှေဥတိန် စက်ရှိန်ပေး နှင်း၊ ဘယ်ဘယ်ရန် တိုက်လှန်ဝေးရှင်း)၂။ (လက်ယာခွင် ညွှတ်တင်စွယ်ရင်း၊ ဟီသံ မြေယံ သောင်းလုံးချင်း)၂။ (လေးကျွန်းစကြာ၊ လက် လက်ယာလှည့်ပါလို့၊ လို လိုတော်ပြည့်ပါတဲ့၊ အောင်ပွဲတော်ခံ။ ဩဘာသံ ကျူကျူနှင့်၊ နတ်လူ သံဗြိမ့် ညောင်းအောင်၊ သောင်းမြေမြင့် ပေါ်မှာကိုလေ၊ မဟာအမရ ရွှေနန်းပေါ်)၂။ သက်တော် ရာကျော် ရှည်မည်ရေး၊ ဘုန်းဘုန်းတော် ထွန်းပါလို့၊ ကျွန်းဇမ္ဗူမြေ၊ ခွန်ယူလေ ပိုင်သိမ်း၊ ငြိမ်းရေသို့ အေးတယ်ကိုလေး။



## ၂၂။ သိကြားမင်းဒုယင်သံအလိုက်ကြီး

(တရုတ်ဝန်)

(နှန်းနှန်းထောက်စား၊[†] ပြိုင်ဘက်ရှား။ မိုးသိကြား၊ ယိုးမမှား၊ ထင်ယောင်ဝိုးတဝါး)၂။ (တိုင်းတစ်လွှား၊ တိုင်းတစ်လွှား ကြေညာ၊ ရှိန်တည့်ရှိန်တေဇာ)၂။ (ကေရာဇ်ကယ်တည့်သာ ကေရာဇ်[၁])၂။ (ရွှင်လန်း ရွှင်လန်း ဘုန်းခေါင်၊ ကြူးတည့် ကြူးလွန်အောင်)၂။ (သောင်းသဲအများ၊ သောင်းသဲအများ၊ ရထား ရထား ဗိုလ်ခြေ၊ မြင်းတည့် မြင်းဆင်တွေ)၂။ (ရေမြေ တောတောင်၊ ခြိမ့်အုန်းအောင်၊ ခြိမ့်ခြိမ့်ငယ်လေ အုန်းအင်း၊ စုတည့် စုရုံးရင်း)၂။ (တီးကြ မှုတ်ကြ စည်ဗုံမောင်း၊ ငြင်းသံသာစောင်း)၂။ သံပျောင်းသံနွဲ့၊ နှဲပတ်သာ လေတည့် နှဲပတ်သာ။

## ၂၃။ တောင်မြင့်စည်းစုပ်ခတ်သံကြီး

(ဆီးနှင်းပြိုက်ကျ ချမ်းဆောင်း၊ ညှံ့ပျောင်းပျောင်း၊ ဝတ်နံ့ငယ်လေလှောင်းလှောင်း၊ နံ့ပန်းပေါင်း)၂။ (စက်လျှောင်း စက်လျှောင်း ဘုံသာခွင်၊ မေးမှိတ်ပျော်မရွှင်)၂။ (စိတ်မှာပင်၊ ထိပ်ချာတင်၊ ရိပ်ကာမြင်မိ၊ လိပ်ပြာမင်း၊ ထူးထွေများဘိခြင်း)၂။ (ရင်တွင်း ရင်တွင်း ပူလှတယ်၊ ထင်စားယောင်မိတယ်)၂။ (ညက်ပြာသွယ်၊ စက်ရာဝယ်၊ ဖက်ကာလှယ်လို့၊ လျောင်းလဲ လျောင်းလဲ၊ စက်ပါသော် ပျော်သေးဘဲ)၂။ (သံဝါကြော်၊ ကြံကာမျှော်၊ လျှောက်ခွင့်ဆုပန်သော်)၂။ (ရှင်တော် မွေတော် ကိုယ်တော်ပေါင်းစု၊ မြတ်စွာ အင်းခရငယ်နှင့်လေး)၂။ (သုံးလူ့ သုံးလူ့ ထွတ်ချာမှန်၊ ဂုဏ်ကြီးမြတ်ဘုန်းလျှံ)၂။ ညက်စံ ညက်စံ ညက်စံပြာဝင်း၊ သစ္စာမတည် ယွင်းသည်နှင့်)၂။ (ထန်ပြင်း ခြောက်ရောင်ခြည်လေ တည့်မှ၊ လျှံလင်း မြတ် မှန်တည်)၂။ တောင်မြင့် တောင်ဖျား၊ ကန်သာအိုင်နား၊ ရေယဉ်သီဒါ ခြားပါလို့၊ ဘုရားမြတ်ဘုန်းလူ လေတည့်မှ ဘုရားမြတ်ဘုန်းလူ။

---

၁။ ကေရာ - ဟာသ၊ ဂီသစ်။

† စား = အထူး။ အလေးအနက်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ တောင်မြင့်စည်းစုပ်ခတ်သံအလိုက် ဘုန်းတော်ဘွဲ့ကြီး

(ပြင်စည်မင်းသား)*

(ကျွန်းကျွန်းပိုင်သ တိုင်းခန်း၊ နေနှုန်းနှန်း၊ ရွှေတည့်သာ ရွှေဘုန်းပန်း)၂။ (စံခန်းလျှံလန်း သီဒါယဉ်ရေ၊ မြစ်ပေါင်းဝိုက်ကာခွေ)၂။ (ဒီပါမြေ၊ သိဟာဇွေ၊ ညီလာရွှေကြော့၊ မင်းမင်းခမြဲ၊ စက်စုံဖူးတည့်ပွဲ)၂။ (ကျော်သဲ ကျော်သဲ၊ သီလာမြေယံ၊ တောင်ပေါင်း စုဝေးလျှံ[၁])၂။ (ဟေမာစံ၊ သေလာယံ၊ အာကာပျံ့ကွန့်၊ မှို့ထူး မှို့ဦး၊ ဆဒ္ဒန်စိုးရမူး)၂။ ရှည်ကျူး အောင်သံဝှန်၊ မှို့ ကြီး ဆုယူညွှန်။ (ခါမွန် ရှာသွန် တိမ်စွန်ရင့်နွဲ၊ နတ်မိုး ရွှေပဇ္ဇုန်က၊ သုန်သုန် ရေပန်းကြဲသည်နှင့်)၂။ (ပုလဲငယ်သိင်္ဂါ၊ လေးမောင်း စိန်ခရာ လေတည့်မှ၊ ကျူးကျူးရင့်ကျူးရင့် ကြွေးကြော်ပြာ)၂။ (ခါခါလေစုဝေး၊ နတ်ပင်နတ်တို့လေး)၂။ ကောင်းချီးပေးပါလို့၊ ကောင်းချီးပေးပါလို့၊ ကြွေးကြော်ပြာ လေလေတည့် ကြွေးကြော်ပြာ။

## ၂၅။ ငါးသံလည်ကြိုး**

(ရိရိဆိုင်းဆိုင်း၊ မှိုင်းမှိုင်းညိုပြာ၊ မိုးတည့် မိုးတိမ်လွှာငယ်လေ)၂။ (မြသားတိမ်မိလ္လာ၊ လွမ်းတည့် လွမ်းအောင်သာ)၂။ ကျူးနွဲ့ ကျူးနွဲ့၊ ကျူးနွဲ့ ကျူးနွဲ့ရှာ၊ (ပွင့်စငယ်ရွှေဝါ၊ ပန်းတည့်ပန်းမြတ်စွာ)၂။ အခါရောက်ချိန် နီးချည့်လေ၊ အခါရောက်ချိန် နီးချည့်လေ။ အခါရောက်ချိန် နီးပင်သာနီးချည့်လေ။ အခါရောက်ချိန် နီးချည့်လေ။ အခါရောက်ချိန် နီးချည့်လေး။

---

၁။ ဆုဝေလျှံ – သဇ္ဈ၊ မြန်ညွှန့်(စ)။

* ၁၂၁၅ ခု၊ ဝါခေါင်လဆုတ် ၁၃ ရက်နေ့ရေးသည့်စာတော်ဟု **မြန်ညွှန့်**(စ) တွင်တွေ့ရသည်။

** ဆိုင်းများ ခုနစ်သံချိတီးမှုတ်ရာ၌ အထက်ပါ ရိရိဆိုင်းဆိုင်း ကြိုသီချင်း သီဆိုတီးမှုတ်ပြီးအဆုံးတွင် "အခါရောက်ချိန်၊ နီးပင်သာနီးလို့၊ မောင်မင်းကြိုက်တော်မှ လေတည့်မှ မောင်မင်းကြိုက်တော်မူ။ ပုပ္ပား ပုပ္ပား၊ တောင်တော်ရွှေပုပ္ပားရယ်က၊ ပုပ္ပားငယ်သာ၊ တောင်တော်သာ၊ ပန်းတည့်ပန်းမြတ်စွာ။ (အခါရောက်ချိန် နီးချည့်လေ)၂။ အခါရောက်ချိန် နီးပင်သာ နီးချည့်လေ။ အခါရောက်ချိန် နီးပင်သာနီးလို့၊ မောင်မင်းကြိုက်တော်မူ လေတည့်မှ မောင်မင်းကြိုက်တော်မူ"ဟူသောသီချင်းကို ဆက်၍ သီဆိုတီးမှုတ်လေ့ရှိသည်။



## ၂၆။ နတ်ပင့်ကြိုး

(မှိုင်းရိပ်ကယ်တည့် ဝေမှောင်၊ မြိုင်မင်းဟေဝန်ချောင် လေတည့်မှ၊ သာမော မြရည်ရောင်)၂။ (တောတောင် တောတောင် တောတောင်ကြိုင်သင်း၊ ပျံ့မွှေးရနံ့ ထုံပါတယ်၊ ပန်းစုံ ခိုင်လုံးဝင်း)၂။ (လေညင်း လေညင်း လှုံ့ဆော်ကာ၊ နတ်ပေါင်းစုံပျော်ရာ)၂။ (မာလာဂန္ဓာ သိင်္ဂါရွှေနှုန်း၊ နတ်ပန်း ငုံအာသာငယ်ကို၊ ဆွတ်ကာခြွေယူသုံး)၂။ (တင့်ဆုံးငယ်လေ ရွှေညီ၊ လှကြူးကုမ္မာရီ)၂။ မဟောသီ၊ ဒေဝီရံရွှေပေါင်း ငယ်တို့လေ၊ ပဥ္စသိန် လက်ချိန် သာရွှေစောင်းငယ်နှင့်လေး။ မဟောသီ၊ ဒေဝီရံရွှေပေါင်းငယ်တို့လေ၊ ပဥ္စသိန် လက်ချိန် သာရွှေစောင်း ငယ်နှင့်၊ ညောင်းငြိမ့်ငြိမ့်သံဝှန်၊ တိမ်စွန်ဖွေ့ဦး၊ ရောင်စုံ ကွန့်ကွန့်မြူးပါလို့၊ မျှော်မူး လသော်တာ လေတည့်မှ ခေါ်ကျူး သက်ပေလာ။

## ၂၇။ ကျောင်းတော်ကြီးကြိုး

(ဝေဇယန်နှင့် နှုန်းပြား၊ မထူးခြား)၂။ (ရွှေကျောင်းတော်ကြီး ဘုံဆောင်၊ ကျူးတည့်ကျူးလွန်အောင်)၂။ (ဆောင်တကာလေ ဆန်း၊ ထွေတလာလေ ပန်း)၂။ (နေအရောင် လိုပင်၊ လအရောင် လိုပင်)၂။ (စိမ်းရရိမ်း၊ နီရရီ၊ ပြာရရာ၊ ဝါအဝါ၊ ရွှေအရွှေ၊ ရွှေတည့် ရွှေအရွှေ)၂။ (သယ်လေ[†] ကျောင်းတော်ကျောင်းတော်၊ ကြူးကျော် ယဉ်လေဟန်)၂။ (ဖန်မှန်ရှိန် မြနယ်စိန်၊ နေခြည်ရောင် လင်းသောခါ၊ ဘယ်သူပင် ရှုဝံ့ဘူး၊ မြင့်လှဖြူးဖြူး။ တိမ်ဆီ အုံကြ ညြမည်၊ အုံညြမည်)၂။ သံသရာလေဝဋ်နှင့်၊ ကင်းအောင် ရှင်းအောင်၊ သံသရာလေဝဋ်နှင့်၊ (ကင်းကြောင်း ရှင်းကြောင်း)၂။ ချမ်းမြမြ ကြည်စွာ၊ သာယာရွှင်ပြုံး၊ တေဇာ တုန်ရိုက်ချန်းပါလို့၊ မိုးလုံး တိမ်တိုက်ဖြာ လေတည့်မှ မိုးလုံး တိမ်တိုက်ဖြာ။

---

† သယ်လေ = (အာမေဍိတ်စကား) အံ့မခန်းဖွယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၈။ တျာသံကြိုး*

(ဧတော့အာဏာထန်ပြင်း၊ ဘုန်းတော်လေ ကြီးလှသည့်မင်း)၂။ (ဝပ်စင်း ဝပ်စင်း၊ မှူးကြီး မတ်ပေါင်း၊ အုံလာ ခညွတ်ပျောင်း)၂။ (တိုးကြောင်း ပွား ကြောင်း)၂ ကြံ။ (နန်းတည့် နန်းတွင်းသူ၊ ဝင်းဖြူငယ်လေ၊ တေဒူလေတေ ထံ တျာထံချန့်၊ နန်းတည့်နန်းတွင်းသူ)၂။ ဘယ်သူထုံးပါတယ် (ဆံထုံးစောင်း ပင်း၊ ဖဲတည့်ဖဲခြေနင်း)**၂။ (နန်းတွင်းလေလော၊ ဝင်းဖြူလေလော)၂။ (တွေးတော တွေးတော)၂ကြံ။ နန်းတည့် နန်းတွင်းသူ၊ ဝင်းဖြူငယ်လေ၊ တေဒူလေတေ ထံ တျာထံချန့်၊ နန်းတည့် နန်းတွင်းသူ၊ နန်းတည့် နန်းတွင်းသူ၊ ဝင်းဖြူငယ် လေ၊ တေဒူလေတေ ထံတျာထံချန့်၊ နန်းတွင်း နန်းပြင်သူတည့်တည့်လေ။ (မိန့်တော်မူလေမြဲ၊ သွေတည့်သာ သွေလုန်ဘဲ)၂။ ကြင်နာကဲဆ၊ ကြင်နာကဲဆ၊ လောင်းထပ်ကာ လေလေတည့် လောင်းထပ်ကာ။

## ၂၉။ အောင်ပင်လယ်ကြာချပ်ကြီးကြိုး

(မြဝတီမင်းကြီးဦးစ)***

(ရွှေနန်းအောင်ချာ ပြဿာ ရှေ့ဦး ဆီကလေ။ ပျော်ခင်းစံရာ၊ နန္ဒာကန် ကြီးတည် ဆည်လို့လေး)၂။ အကြူးယဉ်လေခြင်း၊ အဖူးငုံအာဝင်း၊ အထူး ထွေလာဆန်း၊ အဖူး ငုံအာလန်း။ (ရွှေကြာနီ၊ ရွှေကြာဖြူ၊ ကြူရရှုငယ်လေ သင်းသင်း၊ နံ့ရှင်းရှင်း)၂။ (အိုင်မင်း အိုင်မင်း ဆဒ္ဒန်၊ တူတည့်တူမောဟန်)၂။ (ပုံသဏ္ဍာန်လေမကွဲ၊ ပြိုင်မသာလေဘဲ)၂။ (ပျံ့ဝဲ ယှဉ်နွဲ့ မောင်နှံ၊ ငှက်တည့် ငှက်ပေါင်းညံ)၂။ (စာနှံ့ တောင်ပံ နီတွတ်။ နှမနည်းသည့် မောင်ငယ်မှာ သင်

---

- * ဝန်ကြီးပဒေသရာဇာ ရေးသည်ဟု ဂီသစ်ကဆိုသည်။
- ** မူအချို့တွင် ဘယ်တည်ဘယ်ခြေနင်းဟု တွေ့ရသည်။ ဘယ်မှာ ရှေးစာလုံးပေါင်းဖြစ်၍ ဘယ် = ဘဲ = ဖဲ ဟုပင်ဆိုလိုသည်။
- *** မြစာ ပေမူ စံ–ချပ် (ကျောဘက်)တွင် ဤကြိုးသီချင်း ပါရှိ သည်။



တည့်သာ သင်တိုင်းဝတ်*)၂။ (သင်တိုင်းဝတ်)၂၊ (ချည်ခင်စွပ်*ကယ် ကြင်ဖော် သွေးလို့လေ၊ ကြာဖတ်ကို သင်ကာနွေး†လို့လေး)၂။ (စုစုငယ်လေ သီးသီး၊ ဝေး ပင် ဝေးမနီး)၂။ (ရွှေပြည်ကြီးလယ်သူ၊ ထွားတည့်ထွားနအူ)၂။ ကျူးစွာ သံဝါ ချိုနှ၊ ရှင်ပင်အင်းခရ ငယ်နှင့်လေး။ ကျူးစွာ သံဝါချိုနှ၊ ရှင်ပင်အင်းခရ ငယ် မှာ၊ (ကျွတ်ဆုငယ်တိုင်၊ ကြာခိုင်ကြာခိုင် နှင့်နှင့်လေ၊ တူပြိုင်ယှဉ်ပြိုင် ဆင့် ဆင့်လေး)၂။ နှင်းနှင့်ထုံပန်း၊ စံပယ်ခေါင်ရန်း၊ သော်မော်အပြည့်လျှမ်းပါလို့၊ မင်းလမ်းစပ်ကာကာ လေလေတည့် မင်းလမ်းစပ်ကာကာ။

## ၃၀။ အောင်ပင်လယ်ကြာချပ်ငယ်ကြိုး

(ဖျာသီးဆယ်ရွာစား ဦးလွမ်းပြေ)

(မင်းလမ်းစပ်ကာ၊ လူးလာပြန်သွား၊ ရွှေပြည် မြို့ကြီး သူငယ်မှာ၊ တို ပင် တိုးမအား)၂။ (လက်ဖျားဆွတ်ကာ ကာတည့်လေ၊ သက်ထာ တူမကွာတည့် လေး)၂။ (ဘုန်းပန်းစက်ခြည်၊ ရွှေပြည်တော်**နှင့် မဝေး မဝေး၊ မေရုဓာတ်တော်၊

---

† နွေး = နွှာသည်။

- * ရှေးအခါ ရွာတစ်ရွာ၌ လုလင်နှစ်ယောက်ရှိ၏။ လုလင်တစ်ယောက်တွင် နှမတစ် ယောက်သာရှိပြီး၊ ကျန်လုလင်တွင် နှမအများရှိ၏။ ရွာ၌ ပွဲလမ်းရှိသည့်အခါ တစ်ယောက်တည်းသောနှမဖြစ်သူက သူ၏မောင် လုလင် ပွဲ၌ဝတ်ဆင်ရန် သင်တိုင်း အသစ် ပွဲအမီရက်ပေး၏။ နှမများသည့်လုလင်၏ နှမများကား အချင်းချင်း သူရက်နီး၊ ငါရက်နီး ကတ်နေကြသဖြင့် ထိုလုလင်ခမျာ သင်တိုင်းရက်ဖို့ ချည် ခင်ကိုသာ လည်မှာစွပ်၍ ပွဲသွားခဲ့ရ၏။ နောင် ထိုလုလင်တို့သေလွန်သော် နှမ နည်းသူက 'သင်တိုင်းဝတ်ငှက်'ဖြစ်၍ နှမများသူက 'ချည်ခင်စွပ်ငှက်'ဖြစ်ကြ၏။ [ရှေးပုံပြင်]
- ** ရွှေပြည်တော်ဟူသည်မှာ အမရပူရမြို့တော်ကို ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိန်းဝပ်ပျော်၊ တောင်တော် မန္တလေး)၂။ ကြင်ရေး ကြင်ရေး၊ မေတ္တာနှောင်၊ ဆက်တိုင်း ဖူးရအောင်)၂။ (ရွှေညောင်ရေတည့် သွန်းလောင်း၊ သွန်းတည့် သွန်းလျှောင်းလောင်း)၂။ (နှင်းပေါင်း ပန်းပေါင်း)၂၊ နှင်းပေါင်းရည်နှင့် ည ညနေတိုင်းပင် လေလေတည့် ညနေတိုင်းပင်။

## ၃၁။ သာနိုးပျော်ဖွယ်ကြိုး*

(ကြောက်ဖွယ့်ဘုန်းတန်း၊ ဖြစ်ခဲ့ထူးဆန်း[၁]။ ရန်သူဆိုက ဝေးတောင်း၊ သိုက်ကျမင်းလောင်း။ ဂိမှာန်ကာလကူးပြောင်း၊ ပေါက်လုမှူးကြောင်း။ မူးမြစ်သိဒါ၊ ချမ်းအေးကြည်စွာ၊ နန်းညာကန်**သို့ ရောက်ချည့်လေ။ ပွြန်တာရည်ဆောင်၊ ကုန်းဘောင်ပြည်သို့ ပေါက်ချည့်လေး)၂။ (ကြံလေခြင်း၊ စည်လေခြင်း၊ သယ်လေမင်း ရှင်)၂။ (မြစ်စ ကမ်းနား၊ မြစ်စမြစ်စ ကမ်းနား၊ ပြည်ရွာပြည်ရွာ တိုင်းကား၊ ဝပြောသာလို့လို့)၂။ (ရေမိုးဆန်များ၊ ဝပြောသာလို့လို့)၂။ (မိုးကဲမိုးကဲ ရည်အောင်သာ၊ ထိပ်ထား ရာဖွေရာ)၂။ (ယာမာ ယာမာ၊ မျှမျှလေ။ ထက်နတ်ပြည်လုံး တူရေး မှတ်ကြတွေး)၂။ နန်းနှင့်မြစ်ကယ်မှာ၊ များတည့်များမကွာ)၂။ (ပျော်ရာ ပျော်ရာ စံကွန်း၊ သာယာ စည်ပင်ထွန်း)၂။ (ဂိမှာန်ရေသွန်း၊ ပျော်မြူးလန်း)၂။ တောင်ညာ ဒီပါ ကျွန်းကိုတည့်၊ တေဇာ နေဝါလန်းပါလို့၊ သိမ်းမြန်းစိုးတော်မှူ လေတည့် သိမ်းမြန်းစိုးတော်မှူ။

၁။ ဖြစ်ခဲ့ထူးဆန်း – ဟာသ။

* **ဟာသနှင့် သဗ္ဗတွင် သာနိုးပျော်ဖွယ်ကြိုး၊ သဗ္ဗ(နောက်တစ်နေရာ)၊ ဂီဝိ၊ မေဒနီ၊ မြိုး တွင် ဆရာနွန်းအညွန့်ပေါင်းကြိုးဟု** တွေ့ရသည်။ အလောင်းမင်းတရားကြီး ၁၁၂၀ ပြည့်နှစ် တပို့တွဲလတွင် မြေဒူးမြို့အနီး မူးမြစ်ကိုဆည်၍ တူးမြောင်းဖြင့် ရွှေဘို မဟာနန္ဒာကန်သို့ ရေသွယ်သည်အကြောင်း ရေးဖွဲ့သည့်ကြိုးဖြစ်သည်။

** နန်းရန်ကမ်းသို့ဟု မူအချို့၌ တွေ့ရသည်။ ဟာသနှင့် သဗ္ဗတွင် နန်းညာကန်သို့။ နန်းညာကန်မှာ နန်းတော်မြောက်ဘက်ရှိကန်တော်ဟု အဓိပ္ပာယ်ရသည်။



## ၃၂။ ပင်လယ်နတ်ကြီးကြိုး

(မြဝတီမင်းကြီးဦးစ)

(ပုံနှုန်းဝတီသာ၊ ယှဉ်စရာလေ ဘက်ကင်း ဘက်ကင်း၊ ပျံ့ကြွယ်ကြိုင်မြူးသင်း)၂။ (ထိန်ဝင်း ထိန်ဝင်း တေဇာလျှံဖြာ၊ ထွန်းနေဖန်ဝါ)၂။ (အာဏာနေအရောင် တည့်မှ၊ စံရာ ဗွေအခေါင်)၂။ (မြန်ဘောင်လေ ဖြာဖြာလင်း၊ နတ်မှာ ရည်တူခင်း)၂။ (ရာစင်း ရာစင်း ထီးကုန်အောင်၊ တိုင်းတည့်တိုင်းပြည်ထောင်)၂။ (ခွန်ဆောင် ခွန်ဆောင် ဆက်သလေ၊ ပြည်ထောင် ပြည်ထောင် ညွတ်ခ လေး)၂။ ရွှေနန်းရွှေနန်း အောင်မြေ၊ လျှံပြောင်ပြောင်ဝေ၊ မြစ်ပေါင်းငယ် ဝိုက်ကာခွေ၊ မင်းဝံတောင် ချက်ဗွေ။ (ကျွန်းနေ ခေါင်ဖျား မှန်လှလှလေ၊ ဘုန်းနေဝါဝင်း၊ ကျော် ကျော် ကျော်နံ့သင်း)၂။ (အထွေထွေသာ၊ နတ်များ ဣန္ဒာရှင်လေ၊ တေည့် ဧကရာ။ စကြာဆောင်ရရ၊ မှန် မှန် မှန် လှလေး)၂။ (စုံပေါင်း စုံပေါင်း ယှက်ကာသာ၊ ရှိဦးပန်မြွက်ကာ)၂။ (သက်တော်လေ ရှည်စေသား၊ ရာကျော်ရှည်စေသား)၂။ ပြည်ပြည်သူ များငယ်က၊ ပြည်ပြည်သူ များ ငယ်က၊ ညွတ်တွား ရှိပန်ထွာ လေတည့် ညွတ်တွား ရှိပန်ထွာ။

## ၃၃။ တောင်သမန် လှိုင်းကြက်ခွပ်သံကြိုး

(ဖျာသီးဆယ်ရွာစား ဦးလွမ်းပြေ)

(မင်းလွင် မင်းလွင် မှိုင်းအုံ့၊ လေပြည် လေညင်း လှုံ့ပါလို့လေး)၂။ (ကဆုန်နယုန် ချိန်ခါ၊ ပြည်ကြီး တောင်လက်ယာ)၂။ (သောင်းယူဇနာ ကျယ်ဝန်း*၊ တောင်သမန်တည့်အင်း)၂။ (မြစ်ချင်း မြစ်ချင်း ဟင်းငံ၊ လှိုင်းတည့် လှိုင်းပေါ်စံ)၂။ (ငါးတန် ငါးတန် ငါးတန် ခုံးမ၊ ငါးလူးသမီး၊ ငါးလဲကြီးငယ်ကို၊ ဓနီးမတော်ရတည့်လေ၊ ငါးလူးသမီး၊ ငါးလဲကြီးငယ်ကို၊ ဓနီးမတော်ရတည့်လေး)၂။ (မှင်စငယ်လေ ဖားလျား၊ ငါးနောက် ငါးနောက်သွား)၂။ (ကမ်းနားမှာခို၊ ပြုံချည့်ချည့်လေ၊ ကမ်းနားမှာခို၊ ပြုံချည့်ချည့်လေး)၂။ (ထန်မြူးလေ မှန်တိုင်း၊ တံပိုး ပင်လယ်လှိုင်း၊ ကလိုင်ကလိုင်** ညီညွတ်၊ လှိုင်းပင် လှိုင်းကြက်ခွပ် ကယ်နှင့်လေး)၂။ ရေနက်မှာ ရွှင်ပျော်မြူးကြလေ၊ ခွေညွတ်ကယ် မြင်သူမူးမှူလေး။ ခွေညွတ်ကယ် မြင်သူမူးမှူလေ၊ ရေနက်ကယ် ရွှင်ပျော်မြူး ချည့်၊ ထူးထွေလာ လေလေတည့် ထူးထွေလာ။

* ကာရန်အရ /ကျယ်ဝင်း/ ဟု အသံထွက်ပါ။

** /ဂလိုင် ဂလိုင်/ ဟု အသံထွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၃၄။ ရွှေနန်းသဘင်ချင်းအလိုက်ကြီး*

(ထွန်းလင်းတောက်ပ ရောင်ခြည်၊ ပွင့်လျှံစည်၊ ဘုန်းတောက်ပ နှုန်းကင်း၊ ပထွန်းဝင်း)၂။ [(မိုးနှင့်မြတ်ရာ စံရှင်ကာ)၂။ အံ့ရာ အကြူးကြူး၊ လှိုင်းတမြူးမြူး]၂။ (ဆန်းထူးဖြာ သာလှလှလေ၊ ဘုန်းမိုးဝေ ဗွေလှလှလေး)၂။ (ယဉ်မျိုးယဉ်မျိုးချူပ်ယှု၊ စိုးတော်မှူ)၂။ (နှိုင်းနှုန်းဖက်ယှူ၊ မိုးမှာလှူ)၂။ နတ်တူ စံမြန်းရရလေ၊ မြတ်ခြွေရံ စံပယ်ခခလေး။ (ဘုန်းပန်းထိန်ဝင်း၊ လှိုင်ပျံ့ပျံ့သင်း)၂။ (ဝင်းပ လာ၊ ထွန်းသော်တာ၊ အံ့ရာ စည်လေမောင်း၊ ယဉ်လေ ယဉ်လေပျောင်း)၂။ (ရာထောင်သောင်းနှင့်နှင့်)၂၊ ပေါင်းခြံရံ လေလေတည့် ပေါင်းခြံရံ။

## ၃၅။ ဇောင်းကလောပြွန် ရေဆင်းကြီး

(စာဆိုတော်မယ်လှုပ်)

(စံရာဘုံမြင့် ညီးလင်း၊ ဝေယန်နှုန်းမယွင်း)၂။ (ရာပြည်ပြည်မင်းမှန်ကူ၊ ထွတ်ထိပ် သယမျှ)၂။ (စံတော်မူ လျှံလူအောင်မြေ ကျွန်းဝယ်ပ့ါလေ၊ ရှုညောင်းအိ၊ ရှေ့ဆီပြုဗ္ဗာ ဇွန်းမှာတည့်လေး)၂။ (ဖြူဝန်းပြာခြေ၊ ဝါရွှေစိမ်းစို၊ ခိုလှဲ့လှဲ့၊ ညိုနွဲ့နွဲ့၊ အိုဘယ့်ကြာမျိုး၊ မောက်ဖြိုးထူးတဆန်း)၂။ (တင်းကျမ်းတင်းကျမ်း မြရည်ရောင်၊ ငှက်တည့် ငှက်မောင်မယ်)၂။ (သာခေါင် ကြေအညာ လေတည့်မှ၊ ယဉ်ဘောင်† ရေသီဒါ)၂။ (သံသာ ဖိုမ အေး၊ တွန်ကြော် ကျူးရင့်ကြွေး)၂။ (မြစ်တွေးတွန်သံ သာပင် သာချည့်လေ၊ ချစ်ရေး တူမကွာတည့်လေး)၂။ (ဖွေးဖွေး ဖွေးဖွေး ရေလျှံ၊ လှိုင်းတည့် လှိုင်းပေါ်စံ)၂။ (ငါးတန် ငါးတန် ငါးတန် ငါးကြင်း၊ ငါးဖယ် ငါးပြာစင်းငယ်နှင့်)၂။ (ပြွန်ရင်းပြွန်ရင်းဆိုက်ကာကာ၊ ချင်းတို့**လိုက်ဘာသာ)၂။ (မြူးပျော်ကာ ယှဉ်ပြိုင်သွား၊ ငှက်စုံရွှေလိပ်ငါး)၂။ (စီးတွေတွေ သားငယ်နှင့်၊ ရေပေါ်မှာသွားပါလို့၊ များတောင်းပင် လေတည့် များတောင်းပင်။

† ယဉ်ဘောင်=မြစ်ကြောင်း၊ မြစ်ကြော။

* ယခင် နိုင်ငံတော်မှူမဟာဂီတက “နိုင်ငံတော်စာကြည့်တိုက်ရှိ ပေတစ်ဆူတွင် ဂယက်ငယ်အလိုက်ကြီးဟူ၍ တွေ့ရှိရပါသည်”ဟု မှတ်ချက်ပြုထားသည်။ ယင်းပေမူကို ရှာမရပါ။ သို့သော် **ဟာသနှင့် သဗ္ဗ**တွင် ၎င်းသီချင်းကို **ရွှေနန်းသဘင်ချင်းအလိုက်ကြီး**ဟု ဖော်ပြထားသည်။ သီချင်း၏အစမှာမူ “ထိန်လင်း တေဇရောင်ခြည်”ဟူ၍ဖြစ်သည်။ ရှေးယခင်ကရှိခဲ့ဖူးသော ရွှေနန်းသဘင်ချင်း၏ အလိုက်သီချင်းဖြစ်သည်။

** /ဂျင်းနို့/ဟု အသံထွက်ပါ။ ချင်းတို့ဟူသည်မှာ သူတို့ဟူ၍အဓိပ္ပာယ်ရသည်။



## ၃၆။ အပြင်တီးဖြေကြီး

(ဝေယန် လိုပင်၊ ရောင်ရှင် လင်းလင်းညီး၊ သီးသီးခြား များကွန့်မြူး၊ ထူးရုံးပေါင်း သောင်းလုံးခြား)၂။ (စိန်ကြောင် ပတ္တမြား၊ ကိုးမျက်ပွင့်သား)၂။ (နှုန်းရှား၊ ဖက်ပြိုင်ကာ၊ ရွှေနန်း ဘုံဆောင်မှာ)၂။ (မိုးဏ္ဏနှာ၊ နတ်ဗြဟ္မာ၊ တွေးကြမှတ်ထင်ကာ)၂။ (နှစ်ပါးပျော်စံရာ)၂၊ (ထီးဆောင်း မင်းပေါင်း)၂၊ စကြာလေ ရွှေဖဝါး၊ ညွတ်တွားရှက်ဆင် ကာတည့်လေ။ ဆဒ္ဒန်လေ ငွေသား၊ အများဆက် ကညာ လေတည့် ဆက်ကညာ။ ဘယ်ရာဝင်မှသာ၊ ကြားဖူး* နိုင်အောင်သာ။ သီဟာ ဖွေမြင့်မှာ၊ ရှိကြာ ရှက်ကာ စက်ဦး။ ခြူးညောင် ဆောင်မြင့်မှာ၊ ရွှေသန်းညာ စံပျော်ကာ။ ရှေ့ပြုဗ္ဗာကသာ၊ စကြာ ရောက်လာ သီးသီး။ (ပြီးစီးမြောက်စေလျှင်၊ ချီးအံ့ကုန်နိုင်ပင်)၂။ (နှုန်းအင်ဘက်ကင်း)၂၊ (ထိန်ဝင်းမြေပေါ်၊ ရွှေတေဇော် လျှံကဲ၊ ထွန်းပလို့ရဲ)၂။ (ကျော်သဲ ကျော်သဲခြိမ့်အောင်၊ ကြူးတည့် ကြူးလွှန်ဆောင်)၂။ (မင်းဝံတောင်ငယ်လေ သာကြငှန်း၊ ခက်ဖြာ စိမ်းလဲ့လန်း)၂။ (ဓေယျာမြေမြင့် ညာနန်းဘောင်၊ ရောခွေလှည့် ယှက်သန်း၊ မင်းဝံတောင်ညွှန့်ခန်း)၂။ (နန်းရွှေဝ ဘုံငယ်မှာ၊ နှိုင်းရ ဝတီ်သာ)၂။ (သာယာ သာယာ ရင့်ကျူး၊ နှပျို့ဆန်းလို့ထူး)၂။ (စံပျော် မြူးပါလို့)၂။ ကြူးအောင်ပင် လေလေတည့် ကြူးအောင်ပင်။

## ၃၇။ သိကြားလေ့တော်ကြီး

(ဝန်ကြီးပဒေသရာဇာ)

(ရွှေပင်ရွှေဘုန်း ပပဝင်း၊ မွှေးပင် မွှေးနံ့သင်း)၂။ [(ညင်းညင်း)၂ သာယာ၊ လေတည့် လေပြည်လာ]၂။ (ရှုခါတည့် စိမ်းလန်း၊ ညိုတည့် စိမ်းစိမ်းလန်း)၂။ (ထူးဆန်း ထူးဆန်း)၂ တွေ။ (ပန်းများစေသာ†၊ ပုံပင် ပုံချည့်လေ၊ ပန်းများ စေသာ၊ ပုံပင် ပုံချည့်လေး)၂။ ဝန်းကျင် ပတ်ကုံး၊ ကန်

† စေသာ = ပင်သာ။

* /ကျားဖူး/ဟု အသံထွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကန်အားလုံး)၂။ [ကုံးလို့ ထူးခြား၊ (ချရား)၃ ကုံကော်။ စွယ်တော်တည့် လောင်းပန်း၊ ခေါင်တည့် ခေါင်ရန်းပန်း]၂။ (မောက်မိုအင်ကြင်း၊ နီဝင်းဇော်တ[†]၊ သော်ကလေ၊ မဟာ လေ့ကား၊ ဆပ်သွားလှိုင်ပျံ့၊ ကြိုင်နံ့မွှေး)၂။ နှင်းနှင့်သစ္စာ၊ နော်ဇာတည့်ရှိုးရှိုး ရဲ၊ ထွေတည့် ထွေထူးကဲ။ စံပယ်စံဖီ၊ သရဖီတည့် မွှေးမျိုးဆန်း၊ ထွေတည့် ထွေ ထူးဆန်း။ (ထူးဆန်း ပန်းအိ လက်တံရှည်ငယ်၊ ကြက်ရန်းမွှေးလှ မဋ္ဌူပျံ့ရှား။ သာထွန်းဖြူစွာ၊ ပွင့်အာငုံသေး၊ ပန်းပင် ပန်းမြတ်လေး)၂။ (မြေမှာလေ၊ ပစ် ထားလေ၊ ဆပ်သွားလေ၊ ဒန်းများလေ)၂။ ချရားချရား ရင်းမာ၊ ဇီတည့် ဇီဇဝါ၊ ချရားငယ် ရင်းမာ၊ ဇီတည့် ဇီဇဝါ။ (ခတ္တာ ခတ္တာ ခတ္တာပုန်းညက်၊ ဒန်းပင် ဒန်းတလက်ကယ်နှင့်လေး)၂။ (ရွှေလက်ကယ် လှပာန် ဆန်းလှလေ၊ နွယ်ပန်းငယ် ခွာညို လန်းစလေး)၂။ (ပွင့်စ ပန်းက လန်းကားကား၊ အခြားခြား၊ ဖြူတည့် ဖြူထွားထွား[††])၂။ ရေခမိုးနှင့် လက်တံရှည်၊ လှိုင်ညီ ဖြိုးမျှလေ၊ ရေခမိုးနှင့် လက်တံရှည်၊ လှိုင်ညီဖြိုးမျှလေး။ ရေခမိုးနှင့် လက်တံရှည်၊ လှိုင်ညီဖြိုးမျှလေ၊ ရေခမိုးနှင့် လက်တံရှည်၊ လှိုင်ညီဖြိုးမျှ။ ပိတောက်ပန်း၊ ပိတောက်ပန်း၊ ထူးထွေလာ၊ ထူးထွေလာ။ နော်ဇာ သဇင်ပန်း ငယ်နှင့်၊ လောင်းပန်းလက်တံရှည် လေလေတည့် လောင်းပန်းလက်တံရှည်။

## ၃၈။ အတွင်းတီးဖြေကြီး

(မြဝတီမင်းကြီးဦးစ)*

(ခွဲခွဲခြားခြား၊ လားလားမုန်းထား၊ ကျွန်မမှာ မိန်းမသား)၂။ (နေမပျော်ဘူး၊ စိတ်ထဲ မှတ်စွဲ၊ ကျွန်မကို မုန်းရလေနဲ)၂။ (ဝမ်းကွဲ ဝမ်းနည်း)၂ လေအောင်။ (ထွေထွေ ပြားပြား၊ ဆန်းဆန်း ထူးထူး၊ ဘယ်ခင်းမှရှိပါဘူး)၂။ (စာနာပါဦး ကိုယ့်ဖြစ်လား၊ တွယ်တာပါကောင်းရှင့်ဘုရား။ သည်သာ ပြေကြောင်း လျှောက် ထား၊ ဝမ်းမှာသာဆူလို့သား)၂။ (မိန်းမူး မိန်းမူး)၂ မှိုင်။ [(တွေးတောရင်း၊ လုံးလုံးနှင်း)၂၊ မိမိမယ်သာ ပူဆွေးလွမ်း]၂။ [(ညိုးငယ်လေ)၃ နွမ်းလျ၊

† ဇော်တ = ပေါက်ပန်း။

†† ထွားထွား = နုနု။

* မြစာနှင့် ဂီသစ်တွင် လာရှိသည်။



သမ်းပျောင်း တွေမှိုင်ကာ]၂။ တမ်းယောင်ပူလောင်ဆာ၊ ထိပ်တင်မကြင်နာ။ ဖြေလည်း ပြေဘဲ၊ (ဝမ်းကွဲပျောင်းပျ၊ လွမ်းကြောင်း ရုံးပေါင်းထား)၂။ ကြံကာ ထွေပြား၊ စကားတောင်နယ် ပုံချည့်လေ။ ဆိုယောင်မြည်တမ်း၊ မချမ်းစိတ်မှာ၊ ပူပူချည့် ထိပ်ခေါင်တင် လေတည့်မှ၊ ထိပ်ခေါင်တင်။ (ဝိုးဝိုးဝါးဝါး၊ မှားမှား ယွင်းယွင်း၊ အို ကံဆိုးလှခြင်း)၂။ တော်တည့် တော်ပါမည်လို့သာ၊ အကုန် လုံးလုံးနှင်း။ ထိပ်တင် ကြင်ပါမည်လို့သာ၊ ယုံမိမိမှား(မှားချေပြီ)၂။ (ပွားတောင်း များတောင်း၊ ကြူးတောင်း ကဲတောင်း၊ ဆင့်ကာထပ်ပြန်လောင်း)၂။ (အောက်မေ့ ကြံကာ၊ မှိုင်လို့သာ၊ ဖြေမပျော်နိုင်ဘူး)၂။ (ဖျော်ဖြေပါ)၂။ (မယ်သာသည်းထဲ ဆူလို့လို့၊ လားလား ဖြေနိုင်ဘဲ)၂။ (မြိမြိ စွဲမိမိ၊ သည်းထဲ ဝမ်းထဲမှာသာ ခွေကာ)၂။ (ထိပ်တင် မကြင်နာ)၂။ သွေလွဲ ပြေဘဲ၊ (ဝမ်းကွဲပျောင်းပျ၊ လွမ်းကြောင်း ရုံးပေါင်းထား)၂။ ကြံကာထွေပြား၊ စကားတောင်နယ် ပုံချည့်လေ။ ထိပ်တင်ပျော်မြူး၊ အထူးချစ်ယောင် ဆောင်ချည့်။ ငါမင်းကိုကား၊ အာဏာထွေပြား၊ တေဇာဘုန်းအား၊ ဝံ့မည်လားလို့၊ စိတ်ထားစွဲတော်မူ လေလေတည့် စိတ်ထား စွဲတော်မူ။

## ၃၉။ မြင်စိုင်းဆရာပန်ကြီး

ခန်းတွင်းရိပ်သာ၊ မယ့်အိပ်ရာ၊ နေလည်းစိတ်မှာ ညစ်တော့သာ။ ထွက် ခွာ သွားလည်း၊ ပျော်ပါဘဲ။ **သည်းကြားစိတ်ဝယ်၊ ထိတ်ထိတ်ကယ်**[၁]၊ နေလည်း ချားနယ်၊ အူချာလည်း။ အုတ်ထွေသောသော၊ ဖော်ချင်းနှော၊ (နှိုးနှော၊ ပြော ဟော)၂ ဖြေ။ သည်းထဲငယ်ဆူ၊ အူချာအူချာကကလေ။ အဇွမ်းငယ်ထွေ၊ ဗွေ လယ်ဗွေလယ်ကကလေး။ တစ်သောင်းငယ် မြေပြင်၊ စိုးသည့်ရှင်၊ မြင်ပါမြင်ပါ လှည့်လှည့်လေ။ အရှုးလိုပင်၊ မယ့်ရပ်သွင်၊ မြင်ပါမြင်ပါ လှည့်လှည့်လေး။ အကျူးမိုးဖျား၊ ထိအောင်သား၊ **စကားငယ် သာဖြူး**[၂]၊ မိန့်ပါ မိန့်ပါဦး။

၁။ သည်းချာစိတ်ဝယ် ထိတ်ထိတ်ကယ်– ဂီဝိ။ သီးခြားဆိတ်ကွယ် တိတ်တိတ် ကယ်– **မြူး၊ နန်းထွက်။**

၂။ စကားငယ်သာကျူး– **ဂီဝိ။**

www.burmeseclassic.com



(ဝမ်းမြူး ဝမ်းမြူး)၂ မြူးလေအောင်။ **(မိန့်ပါမြောက်တောင်**[၁]၊ ကြူးတောင်းကဲတောင်း၊ **ဆိုသာပေသည် ဟာများ၊ တိမ်းနွဲ့ပါး)**[၂]၂။ (သနား ကင်းတော်မူချည့်လေ၊ စကား ယွင်းတော်မူချည့်လေး)၂။ (ရှင်လန်းရှင်လန်း ပျော်ဖွယ်၊ သွားစံပယ်)၂။ (မိန့်တော်မူလေလည်း သွေတည့်သာ သွေလှန်ဘဲ)၂။ **အူရျာထဲက အူရျာထဲက၊ စွဲလာသည် လေလေတည့် စွဲလာသည်။**[၃]

## ၄၀။ မိုးဘွဲ့ကြီး

(မိုးမင်းလွန်ကဲ၊ အုံ့ဖွဲ့စွေကာ၊ ရွာပင်သာ ရွာလှ၊ ပင်လုံးလန်း၊ ကားကား ငွါးငွါး၊ ရုံးဆင့်ဆင့် မြိုင်ဖျား၊ နူးညွတ်စေဖွယ်သား)၂။ (နွေသွား နွယ်တာ† ချိန်၊ ထိန်မြမြ၊ ဝါရွှေရွှေ၊ နီပြေပြေ ဝင်းဖန့်၊ သင်းနံ့လှိုင်ထုံ၊ ပန်းစီစီ†† ရုံ)၂။ (ရွှေဘုံ ရွှေဘုံ ရွှေဘုံ နယ်ရေး၊ ထင်မြင်မိယောင်သေး)၂။ (ဝေး ဝေး ဝေးရပ်မြေ ထွေထွေခြား။ မြင်ယောင်သား၊ လားလားပြေဖွယ်၊ ကြုံလေတည့်မှ၊ လွမ်းရေး ချိန်သင့်ဆုံ)၂။ [(ရှိမှန်တည့် မှိုင်းမှိုင်း)၂။ သွယ်လျား၊ နယ်ခြား၊ ဖန်တော်အား၊ မြင်လေငြား၊ ထွေပြားစိတ်ကယ်၊ ပုံ ပုံ ပုံ ချည့်ချည့် လေ။ ဘယ်ဝယ်သုန်၊ လှုံလှုံ လှုံခွင့်ငယ်၊ ဖင့်နှေး ချင့်တွေး ခါကုန်၊ ယုံ ယုံ ယုံ မိမိလေး]၂။ (လွမ်းရေး လွမ်းရေး၊ ခြယ်လှယ်နှောင်၊ စုံတော သည်မြိုင်ချောင်)၂။ (ပန်းသဉ်ညောင် မှာလေ၊ ပျော်နိုင်ခင်း၊ သည်မယ် တစ်ကိုယ်ချင်းဟာမို့)၂။ ရောင်းရင်းဖော်မပါ။

၁။ မိန့်ပါမြောက်တောင်း- ဂီဝိ၊ ပြုး၊ **နန်းထွက်**။
၂။ **နွတ်ညွန်းလန်းလန်း၊ ထူးထွေဆန်း ဆိုပါလေသည် ဟာများ၊ တိမ်းနယ်ပါး- ပြုး၊ နန်းထွက်**။
၃။ ကြင်နာသာကဲပါလို့၊ ဆွဲရစ်ခွေတည့်၊ ဆွဲရစ်ခွေ- ပြုး၊ **နန်းထွက်**။
† နွယ်တာ = ဝါဆို။
†† စီစီ = မပြတ်ဖြစ်ပေါ်သည်။ ပွားသည်။ များသည်။
• "စကားယွင်းတော်မူချည့်လေး"အပိုဒ်နှင့် "ရှင်လန်းရှင်လန်း" အပိုဒ်အကြား၌ "ကေရာဇ်မှာလေ၊ ကေရာဇ်မှန်ရင့်လောင်း၊ တိုင်းပြည်ထောင် ပေါင်း"ဟူသောအပိုဒ်ကို အချို့ ထည့်သွင်းသီဆိုတီးမှုတ်ကြသည်။



## ၄၁။ မြင်စိုင်းကြေးခရာသံကြီး

(ညာသပြေဘောင်* ကျွန်းတွင်း၊ ဘယ်ထီးစင်း)၂။ ဘုန်းချင်း နှုန်းထွင်း စံဝေးကင်း)၂။ (သနင်းငယ် ခေါင်ချာ၊ မှန်လှ ဦးညွတ်ရာ)၂။ (ကြေညာ၊ တေဇာ ထွန်းညီး၊ ကျော်တည့် ကျော်ဝေးနီး)၂။ (တိုင်းသီးကျွန်းလုံး၊ စံသိမ်းကျုံး)၂။ (နှလုံးငယ် ရေသီတာ†၊ လူပေါင်းကြည်လင်ကာ)၂။ (မြတ်ရာ အောင်ဆုယူ၊ ရှေးရှူကာတည့်၊ နှောင်လာပွင့်မည်လောင်း)၂။ (ဘုန်းပေါင်း၊ ရှေးကြောင်း)၂ ဖန်။ (ဉာဏ်ပဒေသာ၊ ဖန်ရဝေချာ၊ မှန်မသွေကာ၊ စံတစ်ထွေလာ ပညာရောင်ဝါ ထွန်းမြူး၊ လွန်ကဲကြူး)၂။ ကေရာတွင်၊ ထွတ်ထိပ်တင် ယှဉ်ကြလေ၊ ရာဇဝင်တွင်၊ စကြာရှင် ယဉ်လှလေး။ ဇမ္ဗူချာ အာဏာလွှမ်းလို့လေ၊ သမ္ဘာတည်၊ ရွှေစည်ရှမ်းလို့။ ပြည်ထဲရေး သာချမ်းအေး၊ ရှင်ငြိမ်းဆေး ရန်မျိုးဝေး။ ရွှေဘုန်းညီး၊ ကြံတိုင်းပြီး၊ ရည်တိုင်းလင်း။ ဆင်ဖြူငွေရောင် နှင်းဆက်သ၊ ဆင်ဖြူငွေရောင် နှင်းဆက်သ၊ စိုးပိုင်ယူ လေလေတည့် စိုးပိုင်ယူ။

## ၄၂။ သိကြားမင်းခရှသင်းသံကြီး

(တရုတ်ဝန်)**

(ပုံပမာ*၊ ထွေထွေသာ)၂။ ဒေဝရာလိုပင်၊ ကေရာကိုရှင်။ အသွင်ယဉ်မျိုး၊ ပမာတူရိုး၊ ဇမ္ဗူကျော်ဟိုး၊ အခေါင်စံစိုး။ နေမျိုးစည်ထွန်း၊ စံညွှန်းရွှေနန်း၊ ဟိုရှေး ဟိုမင်း၊ ပုံခင်းတူဘဲ။ (အာဏာ ရွှေလက်ရုံး၊ ကြေညာတိုင်းလုံး)၂။ (နှိုင်းမနှုန်း ထွေထွေဖြာ၊ ရွှန်းရရွှန်း ရောင်ဝါ)၂။ (ဘုန်းတန်းတေဇာ ညီးညီးလင်း၊ လားလားမြူမှောင် ဝေးဝေးကင်း)၂။ မဆိုင်မပြူ၊ ဇမ္ဗူတစ်ခွင်၊ အထင်အပေါ်၊ အကြော်အငြာ၊ မိုးမာဃ နတ်နှင့်သာ၊ စိုးစံပ သွယ်သွယ်ဖြာ။ (ယဉ်စစ၊ သွင်လှလှ၊ လွန်ကဲ ရုံးပေါင်း၊ များတောင်း အထူးထူး)၂။ (ယဉ်စေရာ၊ ထွေထွေသာ)၂။ စံစကာ လိုပင်၊ ယှဉ်စကာ ကိုယှဉ်။ ဝတိံသာမှန်း၊ ပမာထွေ

† သီတာ = အလွန်အေးမြသော(အနဝတတ်)ရေ။
• ညာသပြေဘောင်၊ ပုံပမာနှင့် သပြေပင်ဝန်းရှိ ကြီး ၃ ပုဒ်ကို တုတ်သုံးချက်ကြိုးဟူ၍လည်းခေါ်ကြသည်။ သပြေပင်ဝန်းကြီးကို **အချုပ်**၊ ပုံပမာကြီးကို **အရှေ့**၊ ညာသပြေဘောင်ကြီးကို **အစရာဟု** အသိအမှတ်ပြုကြသည်။
** ဂီသစ်တွင် လာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်း။ အခေါင်စံကျွန်း၊ အရောင်ဖြာရွှန်း။ ဖန်နန်းမှန်နန်း၊ ပြောင်ရွှန်းလျှံလန်း၊ နှုန်းနှန်းစံထား၊ ရွှေသားငွေသား၊ (သာခေါင် တိုင်းသိဘူး၊ ဘုံဆောင် သွယ် ဖြူးဖြူး)၂။ (ဆန်းထူးထွေထွေသာ၊ ကြူးကဲပေစွာ)၂။ (ကိုးပါးပေါင်းစု မီးရှူး ထွန်း၊ ရဲရဲရောင်ဝါ ဝင်းဝင်းရွှန်း)၂။ အကြေအညာ၊ အလျှံအနီ၊ အရွှေအရွှေ၊ အရည်အရောင်*၊ လျှမ်းမှုမှု လျှပ်ခြည်ဖြာ၊ ရွှန်းရွှန်းပ ရောင်စုံသာ။ (ဖြာလို့လို့၊ ထိန်လို့လို့၊ ဆောင်တိုင်းအားလုံး၊ ပေါင်းရုံးတညီးညီး)၂။ နေရောင်ပင်၊ ထွေထွေ ထင်။ နန်းဘုံခွင်၊ စိုးစံရှင်(သဘင်ပွဲနှင့်)၂။ နွဲ့စံပျော် လေလေတည့် နွဲ့စံပျော်။

## ၄၃။ နဝရတ်ခရသင်းသံကြိုး

(လက်ဝဲနော်ရထာ)

(သပြေပင်ဝန်း**၊ ဇမ္ဗူညာကျွန်း၊ အခေါင်စံရွှန်း၊ တန်ဆောင်လျှံထွန်း)၂။ [(ပတ်ဝန်းအတည်တည်၊ တိုင်းအပြည်ပြည်)၂။ ဝိုက်လည်ပေါင်းရုံး၊ သိမ်းကျုံး စံစိုးမြန်း]၂။ (ဘုန်းတန်းတေဇာ၊ ဖြာဖြာလင်း)၂။ (မင်းဝံညွန့် ချက်ဇွဲချာ၊ နန်းရွှေဝ ရွှေ ပြည်သာ)၂။ (စံပပ၊ ရံခခ၊ ရွှေပေါင်းဝန်းလျား၊ ထူးထူးခြားခြား)၂။ (နေနှုန်းစံထား၊ ဘုန်းတန်းကြီးမြင့်များ)၂။ (တိုးပွား လေလေကာ၊ ထူးပြား ထွေထွေသာ)၂ ပင်။ ကျွန်းလုံး ကျော်ဂုဏ်ဝါ၊ ချမ်းငြိမ်း လွန်သာယာ။ ရုံးပေါင်း ထွေလာ၊ ယဉ်ရာထူးခြား၊ တိုင်းကားသာစည်၊ စဉ်ရှည်ကဲကြူး။ ရံကာတည့် ထူးထူးဆန်းဆန်းနှင့်၊ တောင်စဉ်တည့် ဆိုင်းဆိုင်းမှိုင်းမှိုင်းနှင့်၊ သာယာတည့် များတောင်း သိန်းသောင်းနှင့်။ (ပေါင်းဆုံကြ မြစ်သီဒါ၊ ဝန်းလည်ကြ ရံကာ သာ)၂။ (လှိုင်ပျံ့ပျံ့၊ ကြိုင်နံ့နံ့၊ သာမော ဝန်းလျား၊ ထူးထူးအပြားပြား)၂။ ထွေထူးသာမျိုး၊ ပုံနှုန်း စံကင်း၊ ထိန်ဝင်းလျှံလင်း၊ စုပေါင်းထွေပြား၊ (ရွှေပြည် သာလွတ်ကျွန်း၊ ယာမာဘုံနတ်နန်း)၂။ (ထူးတဆန်း ထွေထွေဖြာ၊ နှုန်းမနှိုင်း စံသာ)၂။ (ရွှန်းရွှန်းရောင်ဝါ၊ ဝိုးဝိုးဝင်း၊ ကိုးပါးခြယ်ကာ၊ ညီးညီးလင်း)၂။ အစီ အလျဉ်၊ အယဉ်အထွေ၊ အနေသဏ္ဌာန်၊ အလျှံအဝါ၊ (မြင်းမိုရ်နှင့် ဖက်စံရာ၊ ထွန်းလျှံပ ရောင်ခြည်ဖြာ)၂။ (နေသို့သို့၊ ထိန်လို့လို့၊ ပြောင်ရွှန်းထွန်းလင်း၊ ဝိုးဝင်း တညီးညီး)၂။ ထွေထွေပင်၊ ဝေဝေရှင်၊ နန်းဝေယန်၊ စိုးနေစံ၊(နေလျှံ နှုန်းရှည်)၂။ ဘုန်းပွင့်လူ လေလေတည့် ဘုန်းပွင့်လူ။

---

- /အယေအယောင်/ဟု အသံထွက်ပါ။
- ** စာ-၂၃ အောက်ခြေမှတ်ချက် * ရှု။



# ဘွဲ့သီချင်းများ

## ၁။ ဝတ်တော်ရုံဘွဲ့

(မှန်ညောင်သဏ္ဌာ၊ ညီလာပတ်ဝန်းမြိုင်၊ ခညောင်းသဘင်၊ ဥကင်မြင့် ရဝေဆိုင်)၂။ ကြိုင် ကြိုင်သင်းလှိုင်၊ မွှေးပျံ့ထုံ၊ ပန်းခုံတော်ရင်း ဆီက၊ နှင်းနှင့် မြတ်လေး ဇီဇဝါ၊ ညွှတ်ကာ ဖူး ရလေး)၂။ ညွှတ်ကာ ချပ်လွှာ၊ ဝတ်ညာသင်း ပျံ့၊ ပန်းမင်းသက မြတ်စုကာ၊ စုံစွာ ထူးလှလေး။

## ၂။ ဝတ်တော်ရုံ မျှော်တော်ယောင်ဘွဲ့

(ခေါ်ပါယောင်နှင့်၊ မျှော်ပါယောင်လေ၊ ရည်ယောင်ကာသာ၊ တမ်းမှား ရမ်းမှား၊ လုံမကလေး ဗျာပါစိတ်ကယ်ကများ)၂။ (ခြံတော်မှုသည့် ပိတ်ဖြူ ပိတ်ပေါင်း၊ များတောင်းငယ်ကိုပင်၊ ချမ်းပြန်ရတယ်ရှင်)၂။ ချမ်းအေး ချမ်းအေး၊ တုန်ယင် တုန်ယင်၊ သည်းထဲ သည်းထဲ၊ ခုန်အင် ခုန်အင်၊ (လုံလိုပါဘဲကိုရှင်၊ မလုံ ချမ်းမြ၊ ပိတ်ဖြူပိတ်ပေါင်း များတောင်းပုံ၊ မလုံ ချမ်းမြအေး)၂။

## ၃။ ဝတ်တော်ရုံ ဘုန်းတော်ဘွဲ့

(အတိုင်းမသိ၊ ဘုန်းတော် ကြီးပါဘိသကို။ သတင်းငယ်လေ၊ ကြေညာ လှိုင်ကြူ၊ တောင်ကျွန်းလုံး ထွတ်မှန်ကူ)၂။ (ပြိုင်သူလေ၊ ဆိုင်သူလေ၊ ရန်မြူ ကင်းဝေး၊ ဘယ် ဘယ် မင်းမှ ယှဉ်လာဝံ့သေး)၂။ (အခေါင်ငယ် စိုးပါတယ်၊ အခေါင်ငယ် မိုးပါတယ်၊ စိုးကာ ပိုင်ကာ ချုပ်ချည့်လေ၊ ကျွန်းတောင်ညာလုံး အုပ်ချည့်လေး)၂။ ရွှေနန်း ရွှေနန်းသူငယ်မှာ၊ ငယ်မူငယ်ရာသားငယ်နှင့်၊ သနားချစ်ခင်စရာ လေတည့် သနားချစ်ခင်စရာ။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ မဠူသကနတ်ပန်းဘွဲ့
(မြဝတီမင်းကြီးဦးစ)*

(ဂန္ဓမာတောင်၊ လိုဏ်ချောင်မှစ်နန်း ဝှငယ်တွင်၊ မွေးတကြူကြူ မဠူ တည့် နတ်ပန်းပင်)၂။ (ဆွတ်ချူယူငင်၊ ပန်ဆင်လေ ပန်ဆင်လေ ပန်ဆင်ရည် ရူး၊ မြင်ရုံသာ စိတ်ကယ်က ကူးသည်နှင့်လေး)၂။ (ယက္ခငယ် နတ်မျိုး၊ ဘီလူး ငယ်ကုမ္ဘဏ်၊ ချူသာနိုင်ဘဲ၊ နေမြဲတည့် စောင့်ကာ ရဲ)၂။ (မချူသာပြန်၊ ယူရန်ကြံရေး ခက်လှလေ၊ တမျှော်မျှော်၊ ညှိုးလျော် ခွေပျောင်း ညွတ်မျှလေး)၂။ ဝေလူလျှံလန်း၊ ရွှေဂူ ဖန်နန်း ပေါ်ငယ်မှာ၊ ပန်ဆင်ရာ၊ ရွှေကေသာ၊ မြန်းပါ လို့၊ သည်ပန်းမှ နတ်ပန်းတော်။

## ၅။ မင်္ဂလာသြဘာဘွဲ့
(မြဝတီမင်းကြီးဦးစ)

(အတိုင်းမသိ၊ မင်္ဂလာကျက်သရေ ရှိပါဘိတယ်ကို။ တော်ကြီးငယ် ယင်ရာ၊ ဇမ္ဗူဒီတောင်ကျွန်း၊ တင့်ရှန်းတည့် ကျက်သရေဖြာ)၂။ (ရှစ်ပြဟ္မာ၊ လက်ယာ သံချီးကြွေး)၂။ (အောင်ဗေယျတု၊ ငွေခရု သခ်ါ၊ သွန်းဘိသိက် ဖြာ။ ပုဏ္ဏာဝန်းပြည့်၊ ထွန်းသစ်ရာဝယ်၊ တိမ်စင်သာသည့်၊ စန္ဒာမင်းလို၊ ရှင်း မြူပ ဝေး)၂။ (အခါတော် ပေးတာက၊ နတ်ရေးငယ် ရွှေစာ၊ သာသနာရောင်လင်း၊ ကောင်းခြင်း ခသည်ချိန်ခါ)၂။ (ထက်ပြဟ္မာ၊ လက်ယာခရုသင်း ငယ်နှင့်လေ၊ ရေသွန်းဖြာ၊ ကျွန်းမှာ ဇမ္ဗူတွင်း ပေမို့လေး)၂။ ကြည်လင်တယ် သန့်ရှင်း၊ ရည် ရွှင်ဖွယ် ပျံ့သင်း၊ တော် မင်္ဂလာ။ မြတ်စေတနာ၊ နတ်ဒေဝါ ပေါင်းရယ်တို့၊ ဆုတောင်းကြ သည်ချိန်ခါ။

## ၆။ မျှော်တော်ယောင်ဘွဲ့

(ဟေမဝန်ချာ၊ သီဒါ တောင်တော၊ သာတယ်ကို၊ ကြော့ဆုံးမေ့ စံရာ၊ ဘယ်မှာလို့ မမှန်းတတ်နိုင်ပါ)၂။ (နန်းရွှေမြေ အောင်ချာငယ်လေ၊ ရော်ရမ်းမိ လေး)၂။ (သည်မြိုင်စွန်းငယ်က၊ တ ခွန်းငယ်ခေါ်ယောင်၊ ကြားပြန်ရအောင်)၂။

---

* ဗေယျပတေ့အမတ်၊ ရွှေတိုက်စာရေးဦးမင်းအောင်၊ သံတော်ဆင့်ဦးအောင်ပန်း၊ ဖသီး ၁၀ ဂါထာဘီးလမ်းပြေ ဟုလည်း မှတ်ချက်များတွေ့ ရသည်။



(သေလာ ကျောက်ဆောင်၊ ဘိညာဉ် ရှာန်ယောင်၊ သူတော်မြတ်ခေါင် ကျိန်း သည်နှင့်သာ။ တောင်စောင်းငယ်ဥမင်၊ နိဝင်ကြ မြတ်သူတော်စင်)၂။ (ကျင့်သိက္ခာ သိမ်မွေ့လို့၊ ရသေ့တို့စံပျော်ရာ၊ တံခွန်တိုင်အင်း၊ ကျောက်တွင်းနှင့် လိုဏ်ဂူသာ)၂။ အိုင်ကုဏ္ဍလာ၊ မုစလိန္ဒာ နတ်ရေကန်မှာ၊ ရွှေကြာတင့်တယ်နှင့်သာ။ လှကြူးငယ် မပါ၊ လှမ်းရှာရဝေးမြေတာ။

သဖြန်၊ ၊ တိမ်ပုံကိုလေဟုန်သွေးလို့၊ ရှုလေဝေး နန်းရွှေဘုံ၊ ဆွေးစေဖို့ ကြုံ၊ ၊ ဌာနီကျေးက မုလေးငုံ၊ ကြုလာပုံနှင့် မောင်ထင်စားတယ်၊ မြိုင်ဖျားက ဆွေး။

## ၇။ ဘုန်းတော်ဘွဲ့

(သြဘာမင်္ဂလာ၊ ဗေယျာ ကျူးရင့်လျှမ်း၊ ထိန်ဘနန်း ပင် ငယ်သာ၊ ဝသုန် မြေပေါ်၊ တေဇော်တည့် ဘုန်းနေဝါ)၂။ (ရာပြည်ပေါင်းလေ၊ ခဝပ်ညောင်းပေ၊ ညွတ်ပျောင်းကာပ၊ ထံတော်မှာသာ၊ ဖူးဝင်ကြလာ။ ရွှေသမ္ဘာ၊ ကြေညာလျှံ လင်းထွန်း၊ ပပငယ်သာ ရှန်း)၂၊ ၊ သွန်းဘိသိက်ခံ၊ ညာမဟော ဒေဝီရံလို့၊ ပျော်စံ လေခင်း၊ ၊ ရဲဇာတိမာန်၊ စဉ်ဆက်ကယ် မွေတော်ခံမို့၊ နန်းယံမှာ ပျော်မဆုံး တယ်ကို၊ ဘုန်းရှိန်နဲ့သင်း၊ ၊ (ထောင်ရောင်ဝါ ဝင်းပါတဲ့၊ နေမင်းငယ် နွယ်လာ၊ ဝေယန်ဘုံဖျား၊ သိကြား မျှစွာတူ)၂။ (ရေလျှံဖြာ၊ နန္ဒာကန်ဦး ထူးလှလေ၊ နန္ဒဝန်၊ သာလွန်မတူ ကြူးမျှလေး)၂။ ထိန်ဝေလျှံမြူး၊ စိန်ရွှေမှန်ဖူး၊ ခြယ်စီအုံ။ နန်းရွှေဘုံ၊ သန်းရွှေလုံ ပေါင်းငယ်နှင့်၊ ရှုညောင်းတည့် အံ့ဖွယ်မကုန်။

## ၈။ ပလ္လင်ရှစ်ခန်းဘွဲ့
(မြဝတီမင်းကြီးဦးစ)

(ဥကင်ဘုံမြင့် သီဟာဇွေ၊ စိန်ကြောင်ရောင်လင်း၊ သစ်မင်း ယမနေ)၂။ (မှန်ရဝေမှာလေ၊ ကြိုင်သင်းပျံ့မွှေး)၂။ (ဘမယာသန၊ တောက်ပ ဝင်သဝဏ်ငယ် လေ၊ မုနောတင့်လွန်၊ သစ်မွန် ကရဝေးငယ်နှင့် လေး)၂။ (ဆက်စဉ်မည်ရှေး၊ ပြိုတိုက်မှာ၊ ဂဇာ ငွေသား၊ စံကား သစ်မြတ်စွာ)၂။ (တောင်လေသာမှာ၊ တောင် ပိန္နဲ)၂။ (သခ်ငယ်သိင်္ဂါ၊ ရစ်လက်ယာ မြင့်ကြာ တုလွတ်ကဲ ပါလို့လေး)၂။

www.burmeseclassic.com

www.burmeseclassic.com



(မျက်မြှာပုလဲ ခြယ်စီကာ၊ ဇေတဝန်နန်း၊ သက်နန်း မြတ်ဟံသာ)၂။ (ရွှေမိဂါ ငယ်လေ၊ မြသဖန်း)၂။ (စမုတ်ကယ်ဘုံမော်၊ လက်ယာတော်၊ ရှုမျှော် အံ့မခန်း သည်နှင့်ရလေး)၂။ (နောက်ဝေယန်နန်း ဇေတဝန်၊ ပဒုံကြာရွက်၊ သရက် မြတ် သစ်မွန်)၂။ (မြောက်လေသွန်မှာ၊ စမုတ်ဦး)၂။ (ပေါက်သစ်ကယ် လျှံဝါ၊ မယုရာ ရှစ်ဖြာထိန်ဝင်း မြူးသည်နှင့်လေး)၂။ (စံ ပျံ့ပျူး ပါလို့၊ ရှည်ကျူး ငယ် သက်တော်၊ ရာကျော် ဖြိုးရလေ။ ဆောင်ဆောင်နန်းငယ်နှင့်၊ လေးခန်းငယ် ဒီပါ၊ ချုပ်ကာစိုးရလေး။

## ၉။ မန္တလေးမြို့ဘွဲ့
(တဘက်ဆွဲရှာစား ဦးမြရိုပ်)

(မန္တလာဘုံ၊ မြေခံဘူမိ ပြည်ရန်နိမ်၊ သုဒဿကယ်ဝေယန်၊ နှန်းစံတည့် ရွှေဝတီ*)၂။ (မြတ်ဘုန်းနေလ အသမ္ဘိန်၊ ရာဇိန် ဣန္ဒာ၊ သခ်ါ မြောက်သွန်း)၂။ (နန်းတည်စံ၊ သဟံဘိသေ ညွှန်းလို့လေ။ သာသနာ၊ ရောင်ဝါ ထောင်ခြည် ထွန်းလို့လေး)၂။

ရတု၊ ၊ ကျွန်းမှန်ဖုထက်၊ ပံသုသေလာ၊ မြေမျက်နှာဝယ်၊ ရတနာပုံ၊ ခာတ်စုံ ကြွင်နန်း၊ တည်သိမ်းမြန်းခဲ့၊ ကိန်းခန်းသာဘိ၊ သိုက်လာညှိသည်၊ ပါစိန ဝါ[†]၊ ရှေ့ပြုဗ္ဗာက၊ စကြာရောက်မည်၊ ကျော်စောသည်နှင့်၊ ဆုရည်ပန်ညောင်း၊ ရွှေ ကန်ကောင်း*ဝယ်၊ ထီးပေါင်းတစ်ရာ၊ ဦးညွှတ်လာအံ့။

(တေဇာတော်ထွန်းပါလို့၊ လေးကျွန်းငယ်ဝိုက်ခြုံ၊ ညီလာပိုင်သိမ်း၊ အောင်ကိန်းရ နက်သန်ဘုံ)၂။ (ဘုန်းစက်ဟုန်၊ ဝသုန်ရေမြေ စောင်းမျှလေ၊ ရာဇဝင်၊ ဘယ် တွင် မကြုံတောင်း သာပါလေး)၂။ ဗျာ မြွက်တော် သံညောင်း၊ ရာသက်တော် ရှည်ကြောင်း၊ တောင်းဆုဝေ။ သွန်းညောင်ရေ**၊ ညွှန်းအောင်စည် တီးပါလို့၊ ကောင်းချီး ကြွေးကြော်ည်။

သဖြန်၊ ၊ (မြတ်ဘုန်းတော်ဖန်၊ နတ်သုကံ[၁] စီမံလာတဲ့၊ ရတနာ ပြည်ရွှေဘုံက၊ ဆယ်နိတုံသန်း)၂။ (ရွှေပစ္စင်၊ တံခါးတော် စိန်တုရင်နှင့်၊ ဘယ်ရာဝင် မကြုံ ဖူးအောင်၊ ထူးတဲ့ပြည်နန်း)၂။

---

၁။ ဝိသုကံ - မြန်ညွှန့်(စ)။
† ပါစိန = အရှေ့ဖြစ်သော၊ ဝါ=တစ်နည်းကား။ /ပါစိနဝ် ဝါ/ဟု အသံထွက်ပါ။
* မန္တလေးမြို့ အရှေ့တောင်ရှိ ကန်ကောက်အရပ်။



# သီချင်းခံများ

## ၁။ ဘုန်းတော်ဘွဲ့ သီချင်းခံ
(ငယ်တိုးအတွင်းဝန်)*

(ဘုန်းမိုး သွန်းလောင်း၊ ရွာစွေလေ၊ ဖန်ဝေလေ၊ ချမ်းမြ ထွေထွေ)၂။ (အောင်ချာမြေ၊ ဒီပါ ကြေညာ၊ တိုင်းမြို့ပြ ပြည်ရွာ)၂။ (သိမ်းသိမ်း မြန်းမြန်း၊ ရံကာ စံကာ၊ ထူးထွေလာ၊ အာဏာခေါင်ချာ၊ မိုးလို့ စေသာ)၂။ ဝင်းရွှန်း လျှံ ဝါ၊ ညီးညီး လင်းလင်း၊ နေခြည်ရောင်ဖြိုး ဘုန်းတန်ခိုး ပွင့်လင်း၊ ဘယ်ပြည် ဘယ်မင်း၊ ပြိုင်သူ ဆိုင်သူ၊ ရန်မူဝေးကြ၊ ရတယ် ရတယ် ရတယ်နှင့်သာ။ ထူး ဆန်းလှ ထွေထွေပင်သာ၊ ရွှေဘုန်းအာဏာ၊ ခေါင်ချာ ပိုင်သိမ်းမြန်း။ ဣန္ဒာ ဒေဝါ၊ ဆိုရာတည့် ပုံနှန်းနှန်း။ ဝေယန်ဘုံခန်း၊ ရွှန်းရွှန်းလျှံပြောင်၊ ဆောင် ဆောင် ဆောင် ထီးနန်း၊ စံစိုးမြန်း။ မွေးကြူသင်းပျံ့၊ ဘုန်းတန်းတေဇာ၊ အာ ဏာ ခေါင်ချာ၊ ဖြာဖြာမိုးလို့၊ ရတယ် ရတယ် ရတယ်နှင့်သာရှင်၊ ၊ ထိပ်စ ထိပ် ခေါင်တင် ငယ် ကိုလေး၊ ယဉ်မျိုးချုပ်ယူ၊ ပိုင်သိမ်း စိုးအုပ်တော်မူ။

## ၂။ ဘုန်းတော်ဘွဲ့သီချင်းခံ**

(ရွှန်းရွှန်းမြ၊ ရွှန်းရွှန်းလျှံပြောင်၊ ဆောင်ဆောင်တည့် ဆောင်ဆောင်၊ ထူးထူး ဆန်းဆန်း၊ ထူးထူး ဆန်းဆန်း။ နန်းပင်သာ နန်းမြင့်မြင့်၊ ပွားပင်သာ ပွားဆင့်ဆင့်၊ ကိုးပါးမီးရှူး၊ ထွန်းလင်း ဝိုးဝင်းဖြာ)၂။ စိန်ကြောင်နီလာ၊ ရွှေ

---

* မဟာနန္ဒယော်ဓာ ဘွဲ့ခံ ဦးကျီစိုး။
** "ရှင်လွှင်သီချင်းခံအလိုက်"ဟူ၍ ဟာသတွင်တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အရောင်ဝါ၊ ကြူးကဲထွေလာ၊ မိုးလုံးလျှံဖြာ၊ ရွှေနန်းဘုံသာ၊ စံကာ ပိုင်သိမ်းမြန်း။ တောင်ညာဒီပါ၊ ကြေညာတည့် ထီးနန်း၊ ခွန်သာရှင်လန်း၊ သိန်းသန်းသချာ၊ နှောင်ယှူထိပ်မိုးကာ*။ ရွှေဘုန်းအား၊ ဘယ်ဘယ်သူမှ တူဘဲနှုန်းရာ၊ အာဏာ ခေါင်ချာ ဖြာဖြာမိုးလို့၊ ဆင့်ကာ လေလေ၊ ဆင့်ကာနှင့်သာ။ သုံးပါးလောကာ၊ မှန်ကူဆံကျင်၊ နှောင်ရေးမှာပင်၊ ပေါ်ထင် ပိုင်သိမ်းကျူး။ အောင်မည်ကိုသာ၊ မှန်စွာတည့် များပေါင်းရုံး။ ကြည်စွာ ရှင်ပြုး၊ အားလုံးဆိုကာ၊ ရှင်ရှင်ဝန်းလျား၊ ထွေထူးခြား၊ ပြည်ပြည်သူတို့၊ ရှင်မြူးဝမ်းသာ၊ ပန်ထွာ ဆိုကာ ချီသာ ပျောင်းပျ၊ ဆုသာ ဆုသာ ဆုသာပန်၊ ၊ လက်တည့် လက်ကြာမုံငယ်ကိုလေး၊ စုံပေါင်းရုံးကာ၊ တင်ထား ထိပ်မှာဆင်။

## ၃။ ရာသီဘွဲ့သီချင်းခံ**

(မိုင်းမိုင်းမြ ဆိုင်းဆိုင်းညိုစင်၊ မိုးလုံးပါ့လွှမ်းအုံ့ကာဆင်၊ မင်းလွင်ရံဝန်း၊ ထွေလာ ထူးထူးဆန်းလို့လို့၊ တောင်လေသာမှာလည်း၊ မြူးကာသာ၊ နေမသာရေး၊ ပွားဆင့်ဆင့်၊ လွှမ်းရာထွေပြားပင်)၂။ ဟေဝန်ခွင်က သာ၊ တောင်ပင်တည့် တောင်တောလုံး၊ ထွေပေါင်းရုံး။ ကြေညာလှိုင်ပျံ့၊ မွှေးပေါင်းသင်းထုံ၊ စုံစွာစီစဉ်၊ စည်ပင်လန်းလို့၊ ရွက်ရှင် ရွက်ရှင်၊ ညွန့်ဖြာ၊ ညွန့်ဖြာ။ သာသာ ရှန်းမြေ့၊ ပန်းမျိုးစုံစွာ၊ ဖူးညွန့်ငုံအာ၊ ထွေလာ ထွေထူးဆန်း။ ရာသီခါမီ၊ စုံစီတည့် ဝင်းဝင်းရွှန်း။ ဂိမှာန် နွေစွန်း၊ သန်ယွန်းချိန်ခါ၊ တိုင်တိုင် ခွေ

---

- • "ဆောင်ယှူထိပ်မိုးကာ"မှ သီချင်းအဆုံး "တင်ထားထိပ်မှာဆင်"အထိ အစား– "ရွှေဘုန်းရောင်ညီးလင်း၊ စံစိုးနှင်း၊ ဆောင်ဆောင်သာလှရွှေနန်းသိင်္ဂါ၊ ဒေဝီစန္ဒာ၊ ရံကာရွှေရ၊ ရှုမြင်မြင်လေ၊ ရှုမြင်အံ့ရာ၊ မိုးထက်ထူးလှ၊ ကြူးကဲထွေလာ၊ ပြောင်ရွှန်း လျှံဖြာ ထိန်ညီးလင်း၊ ဘုံဆောင်သာခေါင်၊ နေရောင်ဖြာလင်းထွန်းမြူး၊ ထွေထွေ ထွေထူး၊ ပျော်မြူးရှင်ခန်း၊ ရွှေပေါင်းရံ ဝန်းလျား၊ ပုံနှန်းထား၊ မွှေးကြူသင်းပျံ့၊ ဘုန်းတန်းဝေဆာ၊ အာဏာထိန်ဖြာ၊ သော်တာဆန်းသို့၊ ရှုမြင် ရှုမြင် ရှုမြင်အံ့ရာပုံ၊ ၊ နတ်တည့် နတ်ရွှေဘုံငယ်မှာလေး၊ ပြိုင်လွှတ်ကျွန်း၊ ရွှေဘုန်းတက်နေဝါ" ဟူ၍ ဂီဝိတွင် မူကွဲရှိသည်။
- •• ရှင်ဝရသီချင်းခံအလိုက်ဟူ၍ ဟာသတွင် တွေ့ရသည်။



ယိမ်းပျောင်း၊ ပူဆွေးကြောင်း၊ ထွေထွေဆော်လှုံ့၊ ရုံးပေါင်း များစွာ။ တိမ်နီတိမ်ဝါ၊ တိမ်ပြာ မှိုင်းလို့၊ မြလိုလဲ့ညို၊ လွှမ်းပိုဖွယ့်စေပင်၊ ၊ ပတ်ရုံးဝန်းကာ၊ ဆင်လာထွေထူး၊ နေ မပျော်ဘူး၊ ကိုယ်ထူး ကျွန်မမှာ။

## ၄။ ဘုန်းတော်ဘွဲ့အချိုငယ်သီချင်းခံ

(ဇေယျပတော့အမတ်)*

(ပြည်ပြည်မင်းပေါင်း၊ ထီးဆောင်းထီးဆောင်း၊ ရုံးပေါင်းထပ်လောင်း၊ ညွတ်ပျောင်းခညောင်း၊ ထီးနန်းနှင်းသက်ကျူး၊ ဆက်ဆန်းထူးစဉ်လာ၊ ဦးတင်ကာ)၂။ (တိုးလျှိုး မင်းမျိုး၊ မင်းမျိုး တိုးလျှိုး၊ များတောင်းစုံညီ၊ ဒေဝီဆက်နှင်း၊ မှန်မယွင်းသည်မှာ၊ ကုံငငေ၊ ပုံလှလှ၊ စုံကြကြ၊ နတ်သွင်တူယှိုး၊ ယဉ်မျိုးကြူး)၂။ ထူး ရာပိုင် လေတည့်၊ စုလာဆိုင်။ ရွှေဘုန်း နိုင်နိုင်ငံလေတည့်၊ ယှူကျူးပိုင်။ (ဣန္ဒာမိုးမှာ စံတိုင်း၊ ပုံတူနိုင်း၊ ပုံတူနိုင်း)၂။ (ရွှေအရောင် လင်းတင့်ခြင်း၊ ဝေဇယန် နှန်းနှန်းကင်း)၂။ (အထူးထူးငယ် အကြူးစံရာ၊ ယဉ်မျိုးစိုးသည်မှာ၁)၂။ (များတောင်း သိန်းသောင်း ဂုဏ်အင်၊ ထွေထူးဖက်စုံလင်)၂။ (ရယ်ရွှင်မှုရာ၊ ရံကာ စံကာ ဝန်းဝန်း လျားလျား ဖြင်)၂။ ဆောင်ဆောင်လယ်၊ ရွှင်စံပယ်၊ ထူးထွေထွေ၊ ကြူးလေလေ၊ ခေါင်ဖွေမိုးလ၊ ထွန်းသည့်နှယ်တည့်၊ ထွန်းသည့်နှယ်။

## ၅။ ဘုန်းတော်ဘွဲ့ကျေးဇူးတော်သီချင်းခံ

(အမင်းမင်းခ ရ၊ စိုး ရာဇဉ်†၊ သောင်းမြေပြင်၊ ဘုန်းအင် တေဇာတော်လေ၊ ထွန်းလင်းလျှံဝေ၊ ရွှေပြည်ထီးနန်း၊ သိမ်းမြန်းစံယူ၊ စိုးလို့ မိုးတော်မူ)၂။ (များရှင်လူ ချမ်းမြ။ နန်း အနန်းတုံ၊ ဆောင် အဆောင် တိုင်းမှာ၊ လန်း အလန်းဝေ၊ ပြောင်အပြောင်ရွှန်း ဖြာ၊ ရံမိုလ်သန်း)၂။ စံရာ ခမ်းနား စုံပင် စုံလှ၊ များ

- ၁။ ယဉ်မျိုးစုံသည်မှာ – မြန်ညွန့်( ၃ )။
- † ရာဇဉ် (ပါဠိ) ရာဇည = မင်းမျိုးမှဖြစ်သောမင်း။
- • ဘိုးတော်ဘုရားလက်ထက် အမှုထမ်းကြောင်း မြန်ညွန့်(၃)ကဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ယောင်လည်း ထွေထွေဆန်း၊ ထွေထွေဆန်း။ အံ့ဖွယ်သာ လေ၊ ထူးပင် ထူးလှ၊ ကိုးပါးမျက်စုံမြှာ။ မျှော်လေရာပန်း၊ မျှော်လေရာပန်း၊ ရမ်းဆဆ၊ နန်းဝေယန်လား လေ၊ ရွှေရွှေရွှေဘုန်း၊ နှုန်းအနှုန်း ရာရှောင်၊ ဘယ်ပြည်ထောင် ဘုန်းခေါင်၊ ပြောင်ပြောင် ထိန်လင်း၊ လေးဒီပါတွင်း၊ စကြာထံရင်း၊ စိုးနှင်းပိုင်ယှူ၊ ရှင်လူတည့် ငြိမ်းကြောင်း၊ ကြေညာ ဆုများတောင်း။ မြတ်ပေါင်းမှန်စွာ၊ စကြာထွန်းတင့်၊ နတ်ရွှေပြည် သာ၊ အံ့ရာဖို့လေ။ ငွေတောင်လျှံလင်း၊ ဆင်မင်းစိုးရ၊ ဘုန်းမိုး ဘုန်းမိုး၊ လျှံဝါ လျှံဝါ၊ ပြိုင်နှုန်းစံရာ၊ ဣန္ဒာတူယှိုးမြ။ အာဏာ တေဇာ၊ ထွေလာတည့် ထူးထူးကဲ၊ ရွှေဘုံမှာလည်း၊ ရဲရဲ ဝင်းလျှံ၊ တန်တန်ဖန်မှန်၊ ရောင်ရွှန်းလင်း၊ ထိန်ဝင်းဝင်း။ မျက်မြှာကျင်းပ၊ ရောင်ချင်းထွေလာ၊ ဘုံမှာ ဘုံမှာ၊ စုံစွာများလှ၊ အံ့ဖွယ်စုံလင်၊ ဖြစ်ပေရတယ်ရှင်၊ ၊မှန်လောင်းမြတ်ရာဇဥ် ငယ်ကိုလေး၊ တင်ထိပ်ပန်း၊ ရာနန်း ဦးသျှောင်ကျင်။

## ၆။ ရောင်ခြည်တော်ဘွဲ့ပတ်သီချင်းခံ

(ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား ပြောင်းလို့လို့၊ များ ထွေ ထူးထွေတည့် အံ့ရာသား။ ရွှန်းရရွှန်း*လင်း၊ စိမ်းပြာဖြူဝင်း၊ နေရောင် ခြည်လင်း၊ ထွန်းလို့လို့၊ ရွှန်းဝေ မှိုင်းဝေတည့် ပွင့်လှိုင်ကြူ။ ဘုန်းတန်ခိုးလည်း၊ နှိုင်းဆိုရာ ဘဲ၊ တူမည်မှာလည်း၊ ရဲရဲဝင်းပြောင်၊ နေမင်း နေမင်း၊ သိန်းရာထောင်၊ ယှဉ် ဆောင်ပြိုင်ခိုင်း၊ နှိုင်းရာ တူဘဲကို။ ဖြူနီညိုပြာ၊ ထွေလာတည့် ထူးထူး ဆန်း၊ ထူးထူးဆန်း၊ တေဇာရောင်ထွန်း၊ ရွှန်းရရွှန်း* လှိုင်၊ ဖြာဖြာဝေမြိုင်)၂ စိုးပိုင်။ မပြိုင် ယှဉ်ဝေး၊ နှိုင်းဆို ရာသေး၊ နေ မတူရေး၊ ဘုန်းမွေးဝင်းပြောင်၊ မြူမောင်တည့် ပယ်ခွာ၊ ကြေညာလင်းပွင့်၊ ထွန်းဝင်း ထွန်းဝင်း၊ လျှံပေါ် လျှံပေါ်၊ စွယ်တော် စွယ်တော် စွယ်တော်ကျောင်းက၊ ခြောက်ဖြာရောင်ခြည် လွှတ်သည်နှင့်သာ။ သုံးပါးလောက၊ ငြိမ်းအေး ငြိမ်းအေး၊ ကယ်ယူ ကယ်ယူ၊

* /ယွန်းရယွန်း/ဟု 'ရ'ကို လျှာလိပ်သံဖြင့်ဆိုပါ။



ဉာဏ်ပန်း ဉာဏ်ပန်း၊ မွေးလှိုင်ကြူ။ မဉ္ဇူ မှန်ကင်း၊ ထွန်းရောင်ဝါလင်း ရှင်။ တေဇာရှင်ရှင်၊ ပေါ်ထင်တည့် လျှမ်းလျှမ်းဖြိုး၊ လျှမ်းလျှမ်းဖြိုး၊ အာဏာကျော်ဟိုး၊ ဘုန်းတန်ခိုးရောင်၊ ဝေဝေ ရွှန်းပြောင်၊ သိန်းထောင်။ အခေါင် ဉာဏ်ပန်း၊ ထွန်းရောင်ဝါ လန်း၊ ဇေတဝန်နန်း၊ ခြားသန်း လေသာ၊ စံဆောင်တည့် လယ်ချာ၊ ဘုံသာ နန်းက၊ ထွန်းဝင်း ထွန်းဝင်း၊ လျှံပေါ် လျှံပေါ်၊ ရောင်တော် ရောင်တော် ရောင်တော် ဖြိုးမြင့်၊ အံ့ဖွယ်သာလေ၊ ဆင့်ကာ ရင့်ကာပင်၊ ၊ ရှင်ရင်းမြတ် စကြာစုံငယ်ကို လေး၊ တင်ထိပ်ဦး၊ စုံဖူးတည့် ရှိကြာမုံ။

## ၇။ ဆဒ္ဒန်အိုင်ဘွဲ့ တစ်ချက်လွှတ်သီချင်းခံ*
(ရွှေတိုက်စာရေး ဦးမင်းအောင်)

[(ဆဒ္ဒန်အိုင်သာ၊ ရွှေကြာညီးလို့လင်း။ သောင်တင်းလေ၊ သောင်တင်း လေ၊ သောင်တင်းလေ ငှက်တော်)၂၊ တီတီတွတ်ကယ် နှင့်သာ ချည်ခင်စွပ်ကယ် က၊ ဖော်ပြ ဟစ်ကြွေးကာ၊ မြစ်တွေးမှာ၊ ချစ်ရေးငယ်သာ]၂။ ရင်တွန်းငှက်ကယ် ရေပေါ်စံရှင်၊ ဝမ်းဘဲ ဟသ်ာ ပင်ငယ်ကိုလေး၊ ချစ်ခင်ဟန်နှင့်၊ လည်ချင်းတင်၊ ငှက်လွှန်းကြင်၊ ပျော်ရှင်စံမြဲ၊ နွဲကြကြ။ ရေပေါ်ဝဲ၊ နိုလည်း ချိုးလင်းပြာ။ ဘုတ် ဝါနီလှ၊ ဒေါင်းငယ်နှင့်သာ၊ မယ်ညို ခေါ်ထူးပြောင်း။ ရွှေစာသောင်းသောင်း၊ ကျေးပေါင်းတမာ၊ ခေါက်ရာတည့် မြူးအေး၊ စင်ရော် ကျူးရင့်ကြွေး။ ပဒုံ ထပ် တစ်ရာ၊ ရွှေကြာထဲက၊ လိပ်ပြာ ဝတ်မှုန် သုတ်သည်နှင့်သာ။ ကရကတ်ရည်ရွှေ၊ ဖော်ရွှေများနှင့် မြူးစား ကူးသွား၊ ပျော်ကာ ပျံကာ၊ ပြည်စိုး ဇီဝမိုး၊ ငှက်ကယ် မှာသာ၊ ကြော်ငြာသံပေး၊ ကြွေးသည့်ကမ်းနားမှာ။ လေပြည့်လာကာ၊ မြူးလာ တည့် သုတ်ဖြူးသွင်း၊ ငုံဖူးကင်း၊ ကြာနှယ် ကြိုင်သင်း၊ ငှက်ချင်းပျော်ကြ ကန် တော်မှာသာ။ ဆဒ္ဒန်ဆင်လည်း၊ တိုင်းသိဘဲ၊ ကြာစွယ်ကိုစား မြူးသွားဟီလာ၊

* နရီစည်းတစ်ကန့်တွင် တီးရိုးတီးစဉ် စည်း ၂ချက်အစား တစ်ချက်သာတီး သောကြောင့် ၎င်းအမည်တွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရံကာတည့် သောင်းသောင်း၊ ခြွေရံများလှ တောင်း။ စွယ်မောင်းနီလွင်၊ ကိုယ်ပြင်ဖွေးလှ၊ ကြော့တယ် ကော့တယ် မော့တယ် နင့်သာရှင်၊ ၊ ကြာမျိုးဆန်းလှ၊ အိုင်နန်းမ စံပျော် ရှင်တယ်ကိုလေး။ ငှက်တွေမှာလည်း၊ ရေနိုင်ဘဲ၊ ဆဒ္ဒန်အိုင် ထဲ၊ ပျော်စံ ဝဲကာရှင်။

## ၈။ ဘုန်းတော်ဘွဲ့သန်းခေါင်သီချင်းခံ*

(မြဝတီမင်းကြီးဦးစ)

(ထောင်ရောင်နေကသာ ရွှေဘုန်းဝင်း၊ ညွတ်ခလော ရာမင်းမင်း)၂။ (ဇွေ သီဟာမြင့်မှာ ဖြာညီးလင်း၊ ဖြန့်ရှစ်ဆိုင် ကာထီးစင်း)၂။ (ဓေယျာသံကျူး၊ ညင်းလို့လို့ မြွက်သာကြည်)၂။ (ကျွန်းလေးမည်ငယ်ကို၊ စိုးသည့်ဥက္ကင်္ဂ)၂။ ကောင်းညွှန့်ငယ်နေစာ၊ ရှစ်ဗြဟ္မာ၊ လက်ယာသခံ၊ မြတ်သည်သာနှင့်လေး။ ကောင်းညွှန့်ငယ် နေစာ၊ ရှစ်ဗြဟ္မာ လက်ယာသခံ (သခံလက်ယာ၊ လက်ယာသခံ)၂။ မြတ်သည်သာနှင့်လေး။ ရေဖျန်း စံရွှေညီလာ၊ ဖူးပွင့်စုံစွာ၊ ဆယ်ဖြာတည့် လန်းလန်း၊ ပြည်ပြည်ထောင် တိုင်းခန်းက၊ ရှိပန်းဆင်လာ၊ ရွှေမြေအောင်ချာ၊ သည်သာဘုန်းပွင့်စည်၊ အမရ ရွှေဘုံပြည်။ အနန်းနန်းက၊ သိန်းသန်းရောင်ခြည်၊ မှောင်မလည်၊ စံတည်စံကျွန်း၊ တထိန်ထိန်။ ဖန်ရှိန်စိန်ရောင်၊ ဝန်းလို့လို့၊ ထွန်းလျှံဖြာညီးပင်။ ဘယ်ရာဝင်မှသာ၊ ပုံပြင်တူနွှန်း၊ ဘုန်းကြိုင်လှိုင်လန်း၊ ဒီပါအောင်ခန်း၊ သိမ်းမြန်းစိုးယူ၊ ရှင်လူတည့်ငြိမ်းအေး၊ ကြေညာသင်းပျံ့မွှေး။ သာခွေးလွယ်ကာ၊ မျက်မြှာရှုန်းတင့်၊ မြတ်ရှိန္ဒမာ၊ စကြာနှင့်သာ။ အာကာပျံနင်း၊ ဆင်မင်းစိုးရ၊ လွှမ်းမိုး လွှမ်းမိုး၊ တေဇာ တေဇာ၊ ခွန်သွင်းထံရင်း၊ ပုံလာစုံစွာ။ သိင်္ဂါရွှေသား၊ သိကြားဆက်သ၊ ရံရွှေသော်တာ၊ ခြယ်လှယ်စီကာ၊ စံဆောင်ဘုံမှာ၊ သူဇာတည့်ပုံနှုန်းထား၊ ပုံနှုန်းထား။ ယဉ်မူရာသား၊ များအများလှိုင်၊ ဘယ်တူပါနိုင်။ သွန်းမြိုင်၊ ရှာပြိုင်ဆော်နှိုး၊ ဘုန်းသိတာမိုး၊ ကန်ဆည်

---

* ကွမ်းဖိုးထိန်းပေမူ၌ ထောင်ရောင်နေကသာ သီချင်းခံကို သန်းခေါင်သီချင်းခံဟူ၍ တွေ့ရသည်။



လျှံဖြိုး၊ သီးမျိုးစုံစွာ၊ မာလာတည့် သောင်းသောင်း။ ခြွေရံများနှင့် ရုံးပေါင်းရုံးပေါင်း၊ ခက်ဖြာညွှန့်ရှင်၊ စုံစုံလင်လင် စည်ပင်ပွားလို့၊ နတ်လူသာကြည်၊ ဆုရည် ဆက်ကာပန်၊ ၊ ကျိုပ်မာရင့်မုံ၊ ရွှေဖဝါး စက်တော်စုံ ငယ်ကိုလေး။ ရွှေဘုံသာခန်း စိန်ကြောင်လေ မှန်နန်းမှာ။

## ၉။ မင်းရဲကျော်စွာ ဘုန်းတော်ဘွဲ့သီချင်းခံ

(တရုတ်ဝန်)

ဇမ္ဗူကျွန်းလုံး၊ သိမ်းကျုံးပေါင်းရုံး၊ ဘူမိပတ်ကုံး၊ ရေမြေတောင်တော၊ ဆုံးမှုံမှုံ ချုံးချုံ။ ကျွန်းကျွန်းတိုင်းခန်း၊ မင်းပေါင်းထီးနန်း၊ နိုင်ငံကျယ်စွာ၊ ထူးထူးဆန်းဆန်း၊ ဝန်းဝန်း လျားလျား၊ နီးဝေးအများ၊ ပိုင်သနှိပ်နင်း၊ ကျယ်ဝန်း*နိုင်ငံ၊ မင်းဝံအောင်ချာ၊ မြတ်စွာ ရွှေဘုံနန်းကကာ၊ ထွန်းပပ။ ညီးလင်းရောင်ဖြိုး၊နေတူယိုး။ သိမ်းမြန်းပိုင်စိုး၊ အခေါင်မိုး။ စံကာဘုန်းတန်း၊ လန်းလန်းဝင်းရှန်း၊ မိုးမျှယဉ်မျိုး၊ ပုံရာမှာရှင်၊ ရောင်ထင် လျှမ်းလျှမ်း၊ မင်းခမ်းမင်းနား၊ စုံလှလျှပ်သား၊ စိန်ကြောင်နီလာ များနှင့်နှင့်၊ ပွားဆင့်ဆင့်။ ကိုးပါးမျက်မျိုး၊ ဖိုးကားလွန်ကြူး၊ ခြယ်လှယ်စီကာ၊ မိုနန်းအချွန်း၊ ကွမ်းလောင်းအယွန်း†၊ ထူးဆန်းအမွှမ်း**၊ နေလား လျှပ်လား၊ ထင်မှားဖွယ်သာ၊ ရွှေနာရဏီ၊ သိင်္ဂီစံလျော်ဖြိုး မြင့်မြင့်၊ ကဲဆင့်ဆင့်။ မင်းတို့ဆောင်ငြား အရာများ၊ တိုင်းပစံစား ယဉ်ရာသား။ ဖွယ်ရာထူးခြား၊ ကြူးကဲရှုန်းစား၊ ဆန်းလှထွေထူး၊ သည်မှာပုံယင်။ ရေလျှင်ပျော်ရှင်၊ ကြာတင်နီးလှ၊ ကုံလုံလျှံဖြိုး၊ ယဉ်မျိုး ချုပ်တော်မူသည် ကိုသာ၊ ရှုရာများလှ။ ချောင်း၊ ကျူးချင်း၊ နာဖွယ်ချိုသာ၊ ယဉ်လှလုံခြုံစွာ။ နတ်ဘုံမှာလိုလည်း၊ သည်မှာရွှေဝ ရွှေပြည်သာ၊ ပြည့်စုံစွာ ဖြစ်လာ ထွေထူးဆန်း။ နှစ်များငယ်ဖြင်၊ ပွင့်လင်းငယ်ထွန်း။ စည်ပင် ပျော်ရှင်ဖွယ်သာ၊ နန်းအောင်ချာခန်း၊ ဘုံသာတည့် နန်းတွင်း။ သင်းသင်းမွှေးလှိုင်၊ အေးကြိုင်ပန်းက၊ နှင်းပန်းလောင်းပန်း၊ ပန်းယွန်း ပန်းသွန်း၊ နော်ဇာရွှေဝါ၊ မာလာရနံ့၊ မဟာလေ့ကား၊ ရွှေသားပန်း သစွာ။ ဆပ်သွား ဒန်းနှင့်၊ အနန်း အနန်း၊ မာလာ မာလာ၊

---

† အယွန်း = အကော့အယွန်း။

* / ကျယ်ဝင်း/ ဟု အသံထွက်ပါ။

** /အမွှန်း/ဟုအသံထွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရန်းနှင့် ဓိဇဝါ။ နှင်းဆီသာ မဥ္ဇူပန်း၊ ရေကန်နန်း ဥယျာဉ်လယ်မှာ၊ နန်းစဉ်ပင် ယဉ်ကျေးဆန်း။ နုပင် နုလှ၊ ဆင်ဖွယ်များ၊ ရွှေသားပွင့်နီဝါ။ သူဇာ စန္ဒာ၊ မာလာနှင့်လျော်၊ ပျိုဖော် ရွှေများ၊ ကုံးသီပျော်ပါး၊ ရံကာထံပါး၊ ဦးထားရှိရည်၊ သာကြည်တည့် ညွတ်ပျောင်း၊ စုံစွာ ဆုမြတ်တောင်း။ ထောင်သောင်းသချာ၊ ဖြိုးကာမိုးလှ၊ နုယဉ်စေသာ၊ ဖြစ်ပေရလေ။ ထူးထူးထွေထွေ၊ ရွှေငွေများလှ၊ တိုးပွားဝန်းလျား၊ အင်္ဂါစုံစွာ၊ ဆောင်ကြဆက်သွင်း၊ ဆင်မြင်းရတနာ။ ကညာဆယ်ပါး၊ ထွားထွား ဖြူဝင်း၊ ဆောင်ဆောင်ဘုံမှာ၊ ခြွေရွှေရံကာ၊ ဒေဝီသူဇာ၊ ပြင်လျာတည့် ပြစ်မျိုး ကင်း၊ တောက်ထွန်းဝင်း၊ နတ်နှယ်ပုံခင်း၊ မယွင်းတူစွ၊ မူရာဂဇာ၊ တင်ဆင် ယဉ်သည်နှင့်လေး။ ပျော်ရွှင်စံစား၊ တရားနှင့်အညီ၊ ယှဉ်မှီတည့်ဖက်ကင်း၊ ဘုန်းအင်ကြီးသည့်မင်း။ ပုံနိုင်းနိုင်းရာ၊ စကြာမင်းသို့၊ သက်တော်ရှည်မည်၊ မြဲ သည်နှင့်သာပင်၊ ၊ တိုင်းခွင်မြဲလို၊ ရွှန်းလှ နုပျိုပျို ငယ်ကိုလေး၊ ပျော်ရွှင် စံစား၊ ရေစာများ၊ ဘုန်းလှိုင်ပွင့်ဝြား၊ မြိုင်မြိုင်သား စည်ပင်။

## ၁၀။ တောတောင်ဘွဲ့သီချင်းခံ

(မြဝတီမင်းကြီးဦးစ)*

စုံသာမြိုင်လယ်၊ လွမ်းဖွယ်တစ်ခန်း၊ ယဉ်ပုံဝေ၊ ထွေဆန်းလေ။ ရော် မြန်းရွှက်ကျင်၊ ညိုလွင်တည့် မောင်းပြေပြေ။ သာသာ လေညင်းဆော်လှို့၊ မြူး လာယှက်သန်း၊ ကြန်ကြန်ရွှင့်၊ ပန်းမှုန်နံ့ ကြိုင်လန်းလန်း။ ဖန်နန်းစကြာ လုံ မှိန်၊ တိမ်က တင့်ရဲ၊ ဆင်လို့ အနဲနဲ။ ကွဲကြေ ကြွေဆွေးလုလုဖွယ်။ တစ်ပင်ပျံ လှယ်၊ မြေယံဝယ်၊ ရွှေယင်ပေါင်လယ်၊ ဖိုမမောင်မယ်၊ ကျူးတယ်ခေါ်သံသာ နှင့်လေ။ ကိုယ်လုံးမြစေ†၊ သိုက်ရွှေညှံ့နန်းလယ်မှာ။ ပန်းလွှာရည်ရေး၊ နီလာ သွေး၊ မြူးပျော်ကာကြွေး၊ ဖော်ညီလေး။ လှမ်းခြေယှဉ်နေး၊ ပူဝန်လေး။ ကျေးငှက်ကယ်၊ ညာဘယ် တောင်နှင့် တောငယ်မှာ၊ လွမ်းရန် သွယ်သွယ်၊ ဆင့်အောင်ရင့်ရှု၊

* ၁၁၈၁ခု၊ နန်းတော်တောင်လေသာဆောင်မှာ အရှင့်(ဘကြီးတော်မင်း)အမိန့် တော်နှင့်ရေးရသည်ဟု မြစာ တွင်လာရှိသည်။

† မြစေ = မြပင်။



ကူ လို့တစ်ခန်း၊ မြူးကြအဆန်းဆန်း။ ရှုတိုင်းငယ်ထွေ၊ ဖွဲ့ရေးငယ်သာ ပန်း။ နွေဦး သာစွ လှိုင်ညီ၊ သင်းတဲ့ရာသီ၊ နှင်းလဲ့ဖြာစီ၊ ရွှေကိန္နရီ၊ နွဲ့မှီတည့်ပျောင်းမြန်း၊ ပတ်ကုံးငယ်ဆင်ကာ၊ မှုန်ပြာပြာ ရောလို့သန်း။ စံခန်းလေ၊ လျှံလန်းလေ၊ ဘယ်မှန်းလေ၊ တိမ်ဆိုင်းလေ၊ တိမ်လှိုင်းလေ၊ ဝေမှိုင်းကာ မြူးလို့လို့ဆင်။ နရန်းကျောက်ပြင်၊ ရေရှင်တည့် မြလိုလို။ ခွဲစိုစို စိမ်းလန်းရင့်။ ညှင်းခင်းမည် ပြား၊ စုံစွာ စုံစွာတည့်ခြားခြား။ ရွှေဝါး သိုက်မြင်နွယ်၊ သွန်းသွန်း ညွှန့် သွယ် သွယ်ငယ်ကိုလေး။ နန်းနှယ်သာ၊ ဝေယန်ထင်မိ၊ မှားလေအောင်။ တောတောင် သီဒါ၊ တင့်လှိုင်ပွင့်ဆိုင်၊ ကြိုင်နံ့မဆုံး၊ မြိုင်ကပန်းဂမုန်း။ တိမ်လွှာငွေနှင်း၊ လေသွင်းရစ်သွဲ့၊ ဖျော်ဖြေတည့်ငယ်ကို၊ ကြေကွဲဖွယ့်စေသာ။ ရင့်ရင့် ဖြိုးဖြိုး၊ ဖိုး ခေါင်မယ်လျှ၊ ဒေါင်းငယ်မှာ၊ ဖော်ရှာ ခေါ်ကာ၊ ကြော်ကြြာ ကျူးအေး၊ ကြွေး မြည်သံသား၊ ရွှေပင်နား၊ စုံယံလေမြိုင်ဖျား၊ ဖောင်းကား တမာ၊ ခေါက်ရှာတည့် သောင်းသောင်း၊ ခြွေရံများနှင့်၊ ရုံးပေါင်း ရုံးပေါင်း၊ ဝတ်ရည်မှုရုံ၊ ငွေခုံရွှေမြူ၊ တူစုံနွဲ့လို့၊ သက်ပြိုင် ဝေလှယ် ချစ်တယ်နှင့်သာ။ ထုံးသီဒါခင်း၊ အိုင်မင်းချမ်း မြ၊ နှိုင်းတမ်း နှိုင်းတမ်း၊ ဖွေရှာဖွေရှာ၊ မည်ရေးမည်ရေး ကုဏ္ဍလာ၊ မန္တာတူခင်း၊ ငါးမည်ကြာ မင်းလှိုင်။ ကြည်ကြည်ဝေမြိုင်၊ ရေစိုင်တည့် လျှမ်းလျှမ်းဖြိုး၊ လျှမ်း လျှမ်းဖြိုး၊ ပန်းမာလာမျိုး၊ မစိုးသော်က၊ ရွှေဗျာပါယူ၊ မိုးဆွေ သင်းခွေတည့် မွှေးလှိုင်ကြူ။ မဟာလေ့ကား၊ ဆပ်သွားမဥ္ဇူ၊ ပျဉ်းဖြူတည့် အနန်း၊ ပုံယင်များလှ၊ နှင်းပန်း လောင်းပန်း၊ နံ့ကြွယ်ပျံ့လှယ်၊ ရဂုံပျော်ဖွယ်၊ ဖော်မယ်ဝေးလို့၊ တုံ နိုင်ဖန်ရေ၊ သည်းကြွေလုပြန်အောင်၊ ၊ မိုးမာန်ဖွဲ့မှာ ပြုံမဲ့ခုပာန် ဆောင် တယ်ကိုလေး၊ လွမ်းနှောင် သွယ်လျား၊ ဖြေတော်အား၊ တမ်းယောင်ပျော်ပါး၊ မြင်လာသား စေပင်။

## ၁၁။ ဘုန်းတော်ဘွဲ့သီချင်းခံ*

(မြဝတီမင်းကြီးဦးစ)

ဖေယျာရွှေမြေ၊ ယဉ်ရေ ခွေဝန်းလျား၊ ရှုဆန်းပြား။ သီဒါ ခြံ့ရံ နေခ၊

* " သီချင်းခံကြီး (စုံသာမြိုင်လယ်)တွင် စောင်းကြိုးပတ်သာသွတ်သွင်း တီးမှုတ် သည့်အသံနှင့်တကွ ရေးရဦးမည် အမိန့်တော်ရှိပြန်၍ အသွက်အသွင်းပါ ရေးဆက် ရကြောင်း"မြစာတွင်လာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စံရာရွှေနန်း၊ ကြူးလွန်ကဲမြင့် အရောင်ဝေ။ ထွေတယ်လေ ဇမ္ဗူ၊ မဋ္ဌူမှူးမြေညာ၊ ရွှေမေရု ဗွေချာ၊ သည်မှာနှုန်းနှန်း။ ဖြာလန်းဖြာဝေ၊ ထောင်ရောင်နေ၊ မှောင်ခြွေရောင်သွေ၊ လင်းလာထွန်းသို့၊ ချီးပဲကုန်နိုင်ပြီ။ များဆင်ဖြူ ယာဉ်ညင်နှင့်သာ၊ ကျွန်ဝင်ခ ရှိဦးထား။ သူမတူ ခယစေသာ၊ ရေမြေနှံ့ တေဇာအာဏာ၊ ဝေယန်မြင့် အာကာဗွေချာ၊ ရွှာလာ ထန်စွာ၊ ရွှေဗျာ ဦးထား၊ ဆင်ကာ ညွှတ်တွား၊ နှင့်စေနှင့်စေ။ သွေငဲ့နိုင်၊ လျင်စွာထန်စွာ၊ ကြေညာနှံ့ ပြည့်လျှမ်းငယ်များ၊သွန်းမြူးဖျန်းလောင်းကာ။ ဒီပါလုံး ဆယ်ကြာညွှန့်၊ ဆင်ရာ ဆင်ပန်း၊ ဘုန်း သီတာဖျန်း၊ ရွှေပြည်နိုင်ငံ၊ ချမ်းငြိမ်း အေးအေး၊ ဆေးဆေး လေးလေး၊ သာယာစည်ဖြာ။ ဘုံမြင့်မော် စံဗွေသီဟာ၊ တင့်ရောင်ရွှန်း ဝေဝေဆာဆာ၊ ဝတီသာနန်း၊ ဆိုရာမှန်းလေ၊ မတူထွေဆန်း၊ သာဝေမော်ဝယ်၊ ဖော်အညီလာ၊ စီကာရွှေ ဝန်းရံများခ။ ညာနေသူ့ ကေသွယ်သီလေ၊ နေနတ်နွယ် ပီပီညွှန့်၊ မြူအငွေ့လွှာ၊ ကျေးအမြေတာ၊ ဘယ်မှာငုံတုံ့ရာ။ မြေချာလွန်ဝေး၊ ကျွန်းဦးစုံစွာ။ အံ့ရာခမ်းနား၊ ထွေဆန်းပြား၊ နိုင်နိုင်ငံ ဝန်းလျား၊ သူ့တိုင်းကား။ ပြည်ပြည်မင်း၊ ပန်ရာဗွေလယ်၊ မြေမြန်ချာ အောင်မြေကြော့၊ ရောမြ လျှံဖြာကူး၊ မင်းဝံတောင်ရင်းမြူး၊ တင့်မျိုးကြူး။ နူးငယ် လျှဖွယ်၊ တောင်နယ် ရေနှင့်၊ လွမ်းရန်များတယ်၊ သွယ်သွယ်ကိုလေ။ သောင်ငွေ မှောင်ခြွေ၊ ရောင်ဝေ လင်းထွန်း၊ ပျော်ဖွယ်လွတ်ကျွန်း၊ ပျံ့လေသွဲ့မှာ၊ ညိုလဲ့ငယ် ဖြူရောင်ပြာရောင်၊ မယ်မောင်တို့ ချစ်ရေးငယ်မြန်း။ ကူးသန်းနွဲပျော်ကာ၊ တောင်မန်းငယ် သာ၊ သီဒါသွန်းသွန်း။ ဖြာရွှန်း ညာလေ၊ ကန်မင်းငယ်မှာ၊ လျှံလင်းငယ်သာ ထွန်း။ များလွန်း စိမ်းလန်းကြည်၊ ဝတ်ရည် သင်းမြူး၊ မြိုင်မင်းဦး၊ ငုံရွှေ မှုန်ခြွေ ထုံလေညင်း၊ သာပျံ့မာလာ၊ သိင်္ဂါလေ။ ညိုပြာဖြူဝါ၊ ရေကြာမျိုး၊ လွမ်းမိုးကာသာ။ တမ်းမျှော်ရာ၊ ဖော်ကွာနှင့်သာ၊ ခေါ်ကာတည့် ရွှန်းစား။ ဟသာ်မည်ပြား၊ မယ်ညိုသားယင်ပေါင်။ ပျော်အောင် ဖော်ဆောင် ခေါ်နှောင်၊ အေးပင် ကြွေးရင့်ကျူး။ ဇမ္ဗူမြေမှူးလေ၊ မတူ ထွေထူးလေ၊ တစ်မူ ကြည်နူးဖွယ်၊ မဟာလှေကား၊ ပင်ယံနားလေ၊ ဗျာပါ ဖြေပြား၊ ပြေနိုင်ပါလွယ်။ နယ်နန္ဒာ ကန်သာရေလျှံ၊ ဝန်းကြည်စိမ်းလဲ့၊ ဖန်ရှိန်ညို့ တိမ်မိုလ္လာသွယ်၊ ကန်အောင်ပင်လယ် သာစွ၊ ကျယ်တပြန့်ပြိုင်၊ ဘယ်မတုံ့နိုင်၊ လှိုင်လှိုင်လှပုံရာ။ ရေစာလွန်ပေါ၊ များလျားစုံစီ။ ခါမှန်



ရာသီ၊ သွန်းညီဖြိုးလို့၊ မိုးနွေယံစဉ်၊ ကြိုးဇွေလျှံလင်။ သာနုထွေထွေ၊ ရှုလေလေ တင့်၊ စံဗွေ မှန်ရွှေ၊ ညာနေ ကြည်ရှင်း၊ အိုင်မင်း တောင်သမန်၊ မြတ်ဟန်လေ နတ်ဥာန်၊ မန္တာကိနီလဲ့လို၊ ဆိုယောင်ထင် တွေးငြား၊ ခု မေးမှား။ များငယ် အံ့နိုင်၊ စည်မြိုင် ဖြာဆင့်၊ ပွားတယ် များတယ်၊ သွယ်သွယ်ကိုလေ၊ ယှူနေဖြူစေ ကြူထွေ သင်းသင်း၊ ဆယ်မည် မင်းမင်း ကျင့်ရာ ဆင့်ကာ၊ ညီလှငယ်မှန်နေ ဖန်ဝေ၊ မြန်မြေလုံး ထွတ်ဦးငယ်ထား။ တိုင်းကားချမ်းငြိမ်း သာ၊ ရှင်လူ ကြည်ဖြူ ပြည်သူပေါင်း၊ ကြွယ်ညောင်းဖြိုးလှ။ လှူဟန်များထွေ၊ နေနွယ်ဝံသာ၊ ဘယ်မှာ ဖွယ်ရာ တွယ်တာငံ့၊ လွယ်ကာပုံ မျော်ဖြား။ ကြင်ကြင်နာနာ၊ ကျူးကျူးအေးအေး၊ ဆေးဆေး လေးလေး။ စဉ်ကာယှဉ်လာ ရွှေငွေ ရတနာသာ၊ သည်မှာ စုံစွာ ပုံလာရ၊ ပြောထူ မောသူ၊ သယ်ယူခွင့်ကုန်နိုင်ပါ။ ဝေယန္တာ၊ မြေမြန်ချာ၊ နေဖန်ဝါ နှိုင်းတမ်း၊ ခြယ်ကာ လှယ်ကာ၊ ဖွယ်ရာ ထူးဆန်း။ နန်းအောင်ချာ၊ စိန်ကြောင် ခြယ်နီလာ၊ သိင်္ဂါဇမ္ဗူရောင် မှန်း၊ လျှမ်းတင့်တင့်၊ ပွားဆင့် ရွှန်းလန်း၊ မြူးထောင်ခြည်၊ မှောင်နှည်နှင့်သာ၊ ပျံမည်ခန့် ထွေဆန်း။ ရာပြည်ထောင် ပြည်ထောင်တိုင်း၊ နိုင်နိုင်ငံမင်းပန်း မြန်းစုံကာ၊ ဖြူပြာမှူရာ၊ သူဇာနှုန်းထား၊ ခတွေးမှား၊ တင့်ဟန်မျော်ဖြား၊ ယဉ်ရှယ်စေသား၊ မှန်း တောင်ညာ မော်၊ သုံးရွှေ ဝန်းခ၊ မြမြေ သပြေသပြေ၊ ညွှန့်လေ မသွေ မသွေ၊ မြန်ဘောင် သာထွေ၊ ပြန့်ဗွေကွန့်မှာ။ ထွန်းလျှံဖြာ မိုးဖျား၊ ရေမီးသား၊ ရောင်တော်ထွေ ပြား၊ ကြူးလွန် မွှားဆင့်၊ ကဲမြင့်လေလေ၊ ရွှန်းတင့်ဝေဝေ၊ ရှင်တော်ရာမွေ၊ မြတ်ဆံကေပွင့်၊ များလေပုံမှီး၊ မောင်းရွှေရေမီး၊ အံ့ရာလွန်ဝံ့ချီး၊ ညီးတေဇာ၊ သည်သာ သည်မှာ၊ ကြုလာကြုံငြား၊ ဘုန်းတော်ကိုယ်စား၊ ကြည်ဖွယ်သားနှင့် အလွန်ပင် ရေသော်ဖြင့်။ မှန်ကူ မြတ်ဆူဆူပေါင်း၊ လျှံလူရောင်နွယ်၊ မိုးယံ ကယ်၊ ညာဘယ်ဝန်းလျား၊ တေဇာနှံ့ ရှင်စောဘုရား။ နေနှုန်းထား၊ ရွှေဘုန်းအား၊ သည်သာ သည်မှာ၊ တည်လာထွန်းငြား။ မာန်မြူမမှုန် သိင်္ဂါ၊ ယာမာထင်ရ၊ နှိုင်းဖွယ်နှိုင်းဖွယ် ကိုလေ ကိုလေ။ ဝေးလွန်း ကျွန်းနိုင်ငံခြား၊ စုံ ရှိမုံကြာ၊ တင်လှုံကာ၊ များပုံရာ ပဏ္ဏာနှင့်သာ၊ ဆယ်ဖြာတည့်ဦးထား။ ရွှေငွေ ဆင်မြင်း၊ သည်ရင်းသော်တာ၊ စံရာ ရွှေညီလာ၊ သီဟာ ဘမရာထား။ မိုးမြင့်မြင့်၊ ကိုး ဆင့်ဖြန့်ဝန်း၊ ထီးဆိုင်ဆိုင် ရောင်ပြိုင်နှင့်သာ၊ စည်မြိုင်လှ

www.burmeseclassic.com

လင်းထွန်း။ ဘယ် ပြည်ထောင် ပြည်ထောင်တိုင်း၊ နှိုင်းဆွယ် စံကျွန်း၊ ကောင်းညွန်း ဆိုကာ၊ ဇရာ အဏ္ဏဝါ၊ ဗိုလ်ပါပေါင်း၊ ငြိမ်းမှုသွန်းလောင်း၊ လေရေမြေ ဓာင်း၊ ရဲယုံကျွန် ပေါင်း၊ သူပြုလာစေ၊ နှင်းနေမောင်းသို့၊ တုံ့နိုင် အကြေ အကြေ၊ ရွှေ့ယိုင် အကြွေ အကြွေ၊ ခု ဖန်ရေရေ၊ လွင့်လေ လွင့်လေပင်။ ရာရာဝင် မပြု၊ ရှေးက ငယ် ကြားဘူး၊ ကြုံပေရ ရွှေမြေတိုင်းသူ၊ ကယ်ယူခွင့်၊ သည်မှာ ဘုန်းပန်း၊ ပျော်ခန်းသာတွေ၊ ရင်းနေ မှန်လွန်းခြား၊ ကြော့ရွှန်းစား၊ ညီလှငယ် ရွှေညီရွှေ ညီ၊ ကေသီလုံ့ ထွတ်ဦးငယ်တင်။

### ၁၂။ ရတနာပူရ အင်းဝမြို့ဘွဲ့သီချင်းခံ

### (ဝန်ကြီးပဒေသရာဇာ)[၁]

ဘုန်းထူးဝေဆာ၊ တောင်ညာ တောင်ညာ တောင်ညာကျွန်းမှာလေ၊ ထွန်းလင်းလျှံဖြာ၊ အောင်ချာတည့် မင်းဝံပြည်။ သံသံဝါ ကျူးရင့်ရင့်၊ ဘုန်းပန်း ဘုန်းတန်း၊ ရှင်တော်တည့် ဟောရည်ညွှန်း၊ ရွှေခွန်း ဟတယ် ပြတယ်၊ ရွှေဝ ကြင်နန်း၊ ဆင်ရ ရွက်ဦးပန်း။ မြင်းမိုရ်ချာ ဖူးညွှန့်ညွှန့်နှယ်၊ ရေကြည်သီဒါ ခုနစ် ခွေကာ၊ တောင်စဉ်ရံကာ ဝန်းလို့လို့ပင်၊ မှိုင်းမှိုင်းညိုဆင်၊ မြင်တိုင်းမြရောင် ခြည်။ ပန်းလောင်ခွေသွင်း၊ စမုန် ဆင်း။ မင်းဝံတောင်ရင်း ဇရာ ခင်း၊ စိမ်း ကြည်လဲ့ရှင်း၊ ယမုန်ကျင်း။ ပေါင်းယှက်ကာ ဆုံကြ၊ ကျွန်းထိပ်ဦး ငယ်မှာ၊ စီး ဝင် နှုန်းအင်၊ မြရည် ကျသည်၊ တောင်ကျွဲနဖား၊ လိုဏ်က ဖောက်လျှိုးသွား။ ခပ်သိမ်းငယ်လှ၊ သောက်ချိုးငယ်ငြိမ်း။ မော်ယွန်း ဖွေလယ်အောင်ချာ၊ ထွန်းလို့ ဝင်းဝါ၊ ကိုးဖြာရောင်ခြည်၊ ဝန်းလည်တည့် ညီးညီး၊ မြတ်နန်းဘုံသာ၊ ရောင် ဖြာထွန်းလို့လင်း။ စံခင်းလေ၊ လျှံဝင်းလေ၊ ဖြူဝန်းလေ၊ စံကွန်းလေ၊ လျှံထွန်း လေ၊ ရှင်လန်းရာ ထူးမြတ်လှသည်၊ ဘုန်းပန်းလှိုင်ဖြာ၊ ရာမင်းမင့်ထွတ်မှန်ကူ။ ကြည်ဖြူသာ များလှလှ၊ ထီးတစ်ရာဆောင်း၊ နိုင်ငံနိုင်ငံတည့် ညွှတ်ပျောင်း၊ စံ ခန်း အောင်မြေဘုံတွင်၊ ပြည့်မှူ ဝန်းကျင်၊ ကျွန်းခွင်ဇမ္ဗူ၊ သိမ်းယူတည့် စိုး မြန်း၊ ညွှန့်လန်း ကျက်သရေ၊ မှောင်ဝေလင်းဆင့်ထွန်း။ ပြောင်ရွှန်းလေ၊ ရောင် လန်းလေ၊ တောင်နန်းနေ၊ စံကျွန်းလေ၊ အောင်ပန်းလေ၊ မော်ယွန်းဖွေ၊ လင်း

[၁] ဖျာသီးဆယ်ရွာစား ဦးလွမ်းမြေ - သဗ္ဗ။



ပွင့် ရောင်ခြည်၊ ရွှန်းရွှန်း ဝေမြိုင်၊ လှိုင်လှိုင် မွှေးကြူကြူ။ မဥ္ဇူငုံဖူး သို့သို့၊ သုံးရွှေရံများ၊ တင်ကာ တင်ကာ တည့် ညွှတ်တွား၊ ခေါင်ဖျားထွတ်ရာဇာ၊ ရှေး မင်းစကြာ ပင်ငယ်ကိုလေး၊ နှုန်းစပ်ကာတူ တူတူတင့်၊ ထုံးစံ ညွှန်းရန် မှူသာ၊ ခုမှာ မြင်ရ မှတ်စွဲ၊ ရွှေဝ မြတ်နန်းထဲ။ ဘုန်းတော်ပသည်၊ ရာများ ထွတ်ဦး ကိုင်။ မြင့်မြင့်ဖြိုးဖြိုး၊ ညွှန့်ဝေယန်နန်း၊ နှုန်း နှုန်း နှုန်းငယ်မှာ၊ စိန်သာစီမြွာ၊ လျှံဖြာ ထွန်းလင်း၊ နှုန်းစံရာခင်း၊ ဝေယန်မင်း၊ ပုံမသွေယှင်း၊ ကိုးပါးမျက်ရှင်၊ ရောင်ထင် ရောင်ထင်၊ မှောင်စင် ညီးမျှလင်း။ ဘုံမြင့် ခေါင်ချာ၊ တိမ်ပြာထဲက၊ သက်လာ ပေါက်လာ ရောက်လာသည့်နှယ်။ လျှမ်းလျှမ်းငယ်လေ၊ လျှမ်းလျှမ်း ဖြိုးမျှ၊ ဘုန်းမိုး ဘုန်းမိုး၊ တေဇာ တေဇာ၊ တောင်ကျွန်းခွင်လုံး၊ တမ္ဗဒီပါ၊ ကြေညာ ရန်မျိုး၊ ဦးသာ ညွှတ်လျှိုးနှိမ်။ ပြည်လုံး စည်ပင် သာရွှင်၊ လူရှင် တည့် အေးအေးငြိမ်း၊ အေးအေးငြိမ်း*၊ စံကာပျော်ရေး၊ သီးအခြားခြား၊ မင်းပွဲစုံ လင်၊ သံသြောင်း အေးရွှင်ရွှင်၊ တီးသာယာခွင်း၊ စောင်းငြင်း တေတျာ၊ စဉ်ကာ ယှဉ်လာ၊ သာယာ ကြွေးလို့ဆန်း၊ ပျံ့မွှေးငယ်သာ၊ ယဉ်ရာရွေးလို့၊ ထောက် သည် ကောက်သည် လျှောက်သည် နချိုချို၊ ၊ မြင်းမိုရ်ထိပ်ဝယ်၊ သုဒဿ ပြည်ကြီးနှယ် ကိုလေး၊ ဘုန်းတော် ရောင်ပြေး၊ ပျံ့ကြူမွှေး ရန်မပြုဝေး၊ လွင့် မြူမှေးလို့ စင်။[၁]

### ၁၃။ တောဘွဲ့သီချင်းခံ

### (ဖျာသီးဆယ်ရွာစား ဦးလွမ်းမြေ)

တောဟောဝန်တောင်၊ သာခေါင် သာခေါင် သာခေါင် ကြူးလှလေ။ ပန်း မျိုးထူးတွေ၊ ရေတိုင်းအုံဖွယ်သာ။ နီရွှေဝါ စိမ်းလန်းရင့်၊ ပန်းသွန်း အနန်း၊ သဇင်နှင့်သာ၊ သဇင်နှင့် ဆပ်သွားပန်း၊ လေဖျန်း သွေးလျှင် ဝေ့လျှင်[၂]၊ ကြိုင်

[၁] လင်းမြူမှေးလို့စင် - ဟာသာ၊သဗ္ဗ။

[၂] လေဖြန့်သွေးလျှင်အေးလျှင် - ဖြိုး၊ နန်းထွက်။

* "အေးအေးငြိမ်း၊ တိုးဆင့် ဘုန်းမိုးဘုန်းမိုး၊ သီတာသီတာ၊ ပြည်လုံး ရွှင်ပြုး စည်ပင်သာယာ၊ ယာမာတူယိုး၊ နှုန်းရာသာမျိုးစုံ၊ ရွှေဘုံပြောင်ပြောင်၊ ဆောင်ဆောင်တည့် ထူးထူး ခြား၊ ဝေယန်လေခေါင်ဖျား၊ မိုးသိကြားသွင်၊ ရည်တူစံရွှင်၊ ကျွန်းကျွန်းတိုင်း ခန်း၊ ဘုန်းရောင်ခြည်လွှမ်း၊ ပြည်တစ်ရာနန်း သိမ်းမြန်းစိုးပိုင်၊ နိုင်ငံတည့်ကျယ် ဓွာ၊ သာယာထွန်းပ၊ ညီးလင်းရွှန်းပြောင် မြေချာကုန်အောင်၊ ပြည်ထောင်မင်း ငယ်တို့၊ သစ္စာရွက်ပန်၊ သက်နံ့စုပုံ လာ၊ ၊သုံး ဘုံရပ်ကယ်မှာ၊ နတ်လူတို့ မိုခို ရာငယ်ကိုလေး၊ နှောင်းလာဝေး၊ ပျံ့ကြူမွှေး၊ သစ္စာတော်လေး၊ ပွင့်မည်ရေးပင် မှန်။" ဟူ၍ မြန်ညွှန်း(၃)တွင်မူကွဲ

www.burmeseclassic.com

www.burmeseclassic.com



မွေး ပျံ့ရှား၊ ပင်မြင့် ပန်းစံကား။ မွှေးကြိုကြို သင်းပျံ့ပျံ့ဖွာ၊ ထွေထွေလာလာ၊ ဝေဝေဆာဆာ၊ စံပယ် ဇလပ္ပာ၊ နော်ဇာ ရွှေဝါ၊ မာလာသိင်္ဂါ၊ ရွှန်းတင့်တင့်လေ။ နှင်းနှင့် မိုးဆွေ သင်းခွေတည့် ပန်းရင်းမာ။ ဗျာပါယူပန်း၊ ထွေထွေဆန်း၊ စွယ်တော် ခေါင်ရန်း၊ ဝေဝေလန်း၊ နှင်းဆီသာ ဒန်း၊ ရွှေနွယ်ပန်း၊ မွှေးမြတ်ဖွာ၊ နံ့သာ ပင်မြင့် နန်းငယ်မှာ၊ တူသာ ယှဉ်ကာ တွဲ့တယ် နွဲ့တယ်၊ ကိန္နရီ ဖိုမ၊ ရှင်ကြ အကြူးသား။ ပတ်ကုံးငယ် ညို၊ တောလုံးငယ်သာ မှိုင်း၊ ပင်တိုင်း စဉ်ကာ ယှဉ်ကာ၊ စိမ်းရင့် ရွှေပြာ၊ ထွေထွေ လာလာ၊ မွှေးဖွာတည့် လှောင်းလှောင်း၊ ငှက်ပေါင်း သံသာ၊ ကြော်ငြာ အေးရင့်ကျူး။ ခေါ်ထူးလေ၊ ပျော်မြူးလေ၊ ကြော်ကျူးလေ၊ ကြော်ကျူးလေ၊ ပျော်မြူးလေ၊ ပင်ကူးကာသန်း လို့လို့ပင်၊ လွမ်းဖွယ် စေပင်၊ မြင်တိုင်း အံ့ဖွယ်ကို။ လေချိုချိုဖျန်းပင်သာ ဖျန်းလှ၊ တောပန်းနံ့ပေါင်း ကြိုင်ဖွာ ကြိုင်ဖွာတည့် လှောင်းလှောင်း၊ အင်ကြင်း စုံစွာ ငုံကာ၊ နှင်းနှင့် သစ္စာ၊ ဓိဇဝါမှာ၊ မွှေးဖွာတည့် လှောင်းလှောင်း၊ ပန်း ပန်းထိမ်ငို၊ ဆိုဖွယ်သာ များလှတောင်း။ ကြိုင်တောင်းလေ၊ လှိုင်တောင်းလေ၊ မြိုင်တောင်းလေ၊ သာထွန်းလေ၊ ဖြာရွှန်းဝေ၊ လေညှန်းရာမွှေးရနံ့ကြူ စံကားလှိုင်ကြူ မဥ္ဇူနှင့် ပန်းခတ္တာ၊ ဖြာဖြာသာ စိမ်းလန်းရင့်၊ ဖူးတစ်ခိုင်လုံး၊ ဝေဝေဝေဝေတည့် ညွှတ်ရုံး၊ တိမ်လုံးတည့် လျှပ်ခြည်နွယ်၊ မိုးလုံး ပြိုမည့်နှယ်ငယ်ကိုလေး။ လွမ်းဖွယ်သာ ဟောဝန်တောင်က၊ မှိုင်းပါတယ်။ ညကို၊ မြလို၊ ကျယိုမည့်နှယ်၊ ရေပေါက်ပုလဲ၊ **စွေလို့ တဖွဲဖွဲ**။[၁] လေပြည်ဆော်ဖျန်း၊ တောပန်းမွှေးလှ၊ ကြင်သူဝေး၊ ပူဆွေးဖို့စေသာ။ ညို့ညို့ မှိုင်းမှိုင်း၊ သုံးထောင် သာလှ၊ တောငယ်မှာ၊ စုံကာ၊ ငုံကာ၊ မှုန်ရာ စုပေါင်း၊ မြူးဟီသံညောင်း၊ အလွန်ပျောင်း။ စာမရီ ခေါင်း၊ တိုး အောင်း ဆင်မှာ၊ ရုံကာတည့် သောင်းသောင်း၊ ခြွေရုံများနှင့် ရုံးပေါင်း ရုံးပေါင်း၊ ထွက်စဉ်စံကာ၊ ဖို မ သံသာ၊ ကြော်ငြာ ကြွေးလို့၊ ချစ်ဖွယ် ချစ်ဖွယ် ချစ်ဖွယ်နှင့်သာ။ ဆန်းဆန်းငယ်လေ၊ ဆန်းဆန်း တိုးဆင့်၊ ပန်းမျိုး ပန်းမျိုး၊ စုံစွာ စုံစွာ၊ ပင်တိုင်း မြလို၊ ရွှေရွှေ ဝါဝါ၊ ထွေရာယဉ်မျိုး၊ ထူးလို့ သာမျိုးပုံ။ ရဂုံဂနိုင်၊ လှိုင်လှိုင်တည့် မွှေးမျိုးဆန်း၊ မွှေးမျိုးဆန်း၊ ကြေညာ ကျော်သန်း၊ နတ်ပန်းသက မဥ္ဇူရွှေပင်၊ ကြာတော နှင်းဆီပင်။ မန္တာအိုင်နန်း၊ ထူးဆန်း ထွေထွေ၊ ရေသော်တည့် ပုံဖြင်၊ ကုန်စင်များလှ၊ ကျူးနွဲ့

၁။ စိုလို့တဖွဲဖွဲ- ပြုံး၊ နန်းထွက်။



ကျူးနွဲ့၊ ပျော်ကာစံရှင်၊ ဖိုမ လွန်းကြင်၊ တူပင်နွဲ့လို့၊ တွဲ့တယ် နွဲ့တယ် တွဲ့တယ်နှင့်သာရှင်၊ သုံးထောင်တော၊ တိမ်ကြောနှင့် မြူမင်းလွင် ငယ်ကိုလေး၊ မှိုင်းရီ ဝေလည်း၊ ဖြေနိုင်ဘဲ၊ သက်တင် ရောင်ရဲ၊ တိမ်ညိုထဲမှာ ဆင်။

## ၁၄။ ဘုန်းတော်ဘွဲ့သီချင်းခံ

## (စာဆိုတော် မယ်လုပ်)

ရဝေနန်း စိန်ကြောင်ဖန်ရောင်ဆန်း ထွန်းပထိန်။ ဗူဦးရာနှိမ်၊ အာလိန်မြင့်ဘုံလယ်၊ စံပယ်စိုးမြန်း၊ ဝေယန်မိုးနန်း၊ သည်မှာ လွန်ထူးဆန်း၊ ထွန်းလို့ညီး။ မပြိုင်နှုန်း ရာ၊ အာဏာ တေဇာ နံ့စေသာ၊ သာနု အောင်မြေချာ။ တက်နေဝါသူရိန်၊ မြတ်အာဟိန်၊ နွယ်တော်ရှိန်လေ၊ ဘုန်းရောင်ခြည်၊ သောင်းဗွေလယ် အံ့နိုင် ဆုံအောင် ကြုံရအထူး၊ တေဇာ တက်လျှမ်းမြူး။ ပြည်ပြည်ထောင် လျှိုးဝပ်ကြလာ။ စုံကြာ မုံအာ၊ ဆယ်ဖြာပန်ဆင်၊ သာယာ စံရှင်၊ ကျွန်တော်ခံဝင်၊ ဘယ်ပြည် ဘယ်မင်း၊ ဦးညွှတ်ခ ပန်တယ်သာ။ ဆင့်ဆင့်ပဏ္ဏာ၊ ထွေရာ ပြည့်ပုံယင်၊ မြင်းဆင် များတောင်း၊ စိုးမိုးကဲကြောင်း၊ ဖော်တစ်ရွှေပေါင်း၊ ပျော်ဖွယ်များတောင်း၊ ခေါင် အချာစိုး၊ ထောင်ရာဖြိုးဝေ၊ နေနှုန်းနှန်း ဆိုမှား၊ ကြူးကဲဆန်းပြား၊ တိုင်းကား သာရှင်ကြ၊ တန်ခိုးငယ်ပေါ်၊ ကြူးကျော်လေ၊ ဘုန်းတော်လေ၊ ပတယ် ပတယ်၊ နေလ တစ်သန်း ပြိုင်ကြဖက်နှုန်းနှန်း။ ထက်ခန်းငယ်မွေ၊ ဘဝဂ်ဆုံးငယ်သာ ချင်း[†]။ ဘယ်မင်း စဉ်လာယှဉ်ကာ၊ ကြားရဖူးပါ၊ ရေးဆက် ထုံးလာ၊ ဘယ်တူနိုင်ပါ။ တောင်ညာ ကျွန်းတွင်း၊ ဘက်ကင်းငယ် ရွှေဉာဏ်တော်၊ ထင်ပေါ်လွန်ချီးနိုင်၊ ကြူးအံ့မျိုး။ ရှည်ကြာ ဖြိုးဝေ၊ အောင်ချာ စိုးပေ၊ ခေါင်ချာ မိုးနေ၊ ရာပြည်မင်း လေ၊ ရွှေစက်ရင်းလေ၊ ခွန်ဆက် သွင်းပေ၊ ကျွန်း ချက်မ အောင်မြေချာ၊ ပွင့်ဆု မှန်စွာ၊ နောင်လာတည့် ဧကန်၊ နိုင်ငံတိုင်းလုံး၊ သာယာခြိမ့်အုန်း ပြောစည်ပင်၊ ဝန်းကျင်တိုင်းသိ၊ ရွှေငွေပြည့်ဖြိုး၊ အင်္ဂါ အင်္ဂါတည့် စုံညီ၊ ခေါင်ဖျားသူရိန် သော်တာ၊ ဆန်းလို့ထွန်းဝါ၊ ချမ်းမြ လင်းဖြာ၊ အောင်မြေလယ်ချာ။ ထီးရာလုံးမှူး၊ မြင့်မြူးငယ် ရွှေဘုံ၊ စိန်ငုံ ဖန်ရောရာ ဖြိုးပြည့်လျှမ်း။ အောင်ဆု ပန်လေ၊ ရှင်တော် ထံလေ၊ ကိုယ်တော် ဉာဏ်ပေ၊ ကြည်ယုံဖြိုးဝေ၊ ဆယ်ဖြာ မိုး လေ၊

† ချင်း = ချင်းနှင်း၊ရောက်။

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ကာကိုးစေ၊ ဦးညွှတ်ခ ရန်အောင်ရာ။ ပြည့်ဆုမှန်စွာ၊ ဗူသာ ကျွန်းပေါ် ညာမော် သောင်းခန်း၊ မြူမှောင်ဝေထွန်း၊ ရောင်ခြည် ဖြာဝင်း၊ ထိန်လင်းညီး မျှ၊ **ရှင်စောစန္ဒာ**[၁]၊ တေဇာ တေဇာတည့် အာဏာ၊ ရောင်ဖြာ ရောင်ဖြာလုံး၊ မျက်ရှင် မျက်ရှင်သာ။ ညွှန်းငယ်လေ ဆက်လာ သလာ၊ ဆဒ္ဒန် မာတင်၊ ဆင်ပျံဖြူမျိုး၊ ဘုန်းမိုး ဇွေရွှာချ၊ မစဲငယ်နိုင်ပါ၊ ဖြိုးကာ မိုးကာ၊ သိမ့်အောင် ခြိမ့်တယ်၊ ဘယ်က အခြား၊ ရန်ညွှန့် ပေါက်စမ်းငြား။ သိသိကြေ၊ ထုံးလိုမှုန်းရ၊ အာဏာပြင်းတယ်၊ ရာမင်းမင့် ထိပ်ဦးငယ်ဇွေ။ ခရသည်၊ ပြည်တစ်ရာ ဇာလဲ့ပြာပြာ အိပြာပြာ၊ ငယ်မူ ပွတယ် ရွှတယ်။ ယဉ်ရာဖြူပြာ၊ မူရာနန်းရိုး၊ မိုးသူဇာလား၊ ထင်ယောင်မှား၊ ဆိုမိဖွယ်သား၊ ကိုယ်ရောင် ဝါဝင်းထွန်း၊ နုနုပျောင်းရွှေစင်၊ စိုးစံပယ် ရှင်ပါလို့၊ ပျော်ဖွယ်သာ၊ လန်းတယ် ဆန်းတယ် ယဉ်ဆုံး၊ သုံးရံလယ် ဝန်းရွှေခ၊ ဘုန်းရောကြီးပေလှ၊ ရွှေနန်းဆောင် ဘုံတွင်းဝင်းပ၊ နနယ်ရှုဖွယ်၊ ရွှတယ် အိတယ်။ လျှံလျှံကိုယ်လုံး၊ ဟန်မူထူးခြား၊ ကိုယ်တော် ရှင်လန်း၊ စံမြန်း စိုးတင့်၊ ညိုးညိုး ညီးညီး ရွှေရောင် ကြူးကဲအောင်၊ ဆောင် ဆောင်ဘုံမှာ၊ ပြောင်ပြောင်ထိန်ဝါ၊ ဝန်းကျင်တိုင်းကား၊ နှိုင်းဆယ်ဖြာ ခ ပန် ဆင်။ အောင်မြင်ကာသာလွှယ်၊ ရန်ဘယ်ဘယ်ဝန်း၊ ဆယ်ခိုင် စုံပန်း၊ တိုင်းနိုင်ငံ စည်ပင်လို့ ရှင်တယ်ကို၊ အို ပျိုသူ ရှင်လူသာ၊ စံရာညာနေ၊ အောင်မြေ ကျွန်း လုံး၊ ဇွေအုံးရာ ညီလှ၊ ပုလဲငယ် သောင်ငွေ၊ ရေသဲတနဲဆန်းတယ် လန်းတယ်၊ လွယ်တည့် လွယ်တကူ၊ တိုင်းသူ ချမ်းသာ၊ ပူမဆာ၊ သာဖြူနှလုံးထား နှလုံး ထား၊ ပုံပမာ တစ်ဆန်းတစ်ထူး၊ ရေယဉ်လယ်မော်ကျွန်းဦး၊ ရာရှည်ကျူးအောင်၊ ဘုန်းတော်ဖြိုးမြင့်၊ နှစ်ပြိုင်တစ်ဆူ၊ လင်းဖြာထွန်းလာ၊ အရောင် အဝါ ဖြိုး တယ် မိုးတယ်၊ တေဇ တန်ခိုးငယ် ဝေ။ ထွန်းညာကြေ၊ လေးကျွန်းလုံးက၊ နှံ့ ကြော်ငြာ၊ ဆုံအောင်သာ၊ ဆင့်ကာမြင့်ကာပေ၊ ၊ သောင်းခန်းနေ ဇွေဝန်း လယ်၊ ဘုန်းတော်ဖိကာ၊ နှိမ်နင်းနှိမ်နင်း၊ ရန်စ မေးရင်းပြေးဆုံး၊ ပိုင်ကာ သိမ်းရုံး၊ ဘယ်မှာ ပုံရာ ရှိပန်ကာ၊ ပြည်ထောင်သာ မင်းမျိုး၊ စုံဦးလျှိုး၊ ယဉ်မျိုး ခရသည်၊ ရာရာမင့်းထွတ်ဦးငယ်ဇွေ။

၁။ ရှင်စောမြတ်စွာ - ပြူး ၊ နန်းထွက်။



# ပတ်ပျိုးသီချင်းများ

## ၁။ ဘုန်းတော်ဘွဲ့ပတ်ပျိုး
(မြဝတီမင်းကြီးဦးစ)

(မှန်ရဝေ၊ စံနေ ရာများထီး မို့လေး၊ ကျွန်းမြဘောင်[†]၊ တန်ဆောင်ဖန်ရှိန်ညီးလို့လေး)၂။ (ကြီးစေအာဏာ၊ နှုန်းနေသွယ်ဖြာ၊ သောင်းဒီပါဇွေမြင့်[၁] မှာ၊ ပြည်ပြည်မင့်း ကိုးကွယ်ရာ)၂။ (ဘုန်းတေဇာ နှုန်းနေဖြာ)၂။ (သီဟာလေ ရွှေနန်းဦး၊ ညီလာစုံ ဗိုလ်ပေါင်းဖူး)၂။ (တစ်ပုံသာထူး၊ သောင်းရွှေများမှူး)၂။ [ကြည်နူးစေဇှာ၊ ဒီပါသပြေ၊ ကျွန်းမှာတည့်လေ၊ (ထုံးစဉ်လာ)၂ ဗြဟ္မာရေတော် သွန်းချိန် မို့လေး]၂။ [(ရံဝန်း ညီလာ)၂၊ ခွန်လှိုင်းလို့၊ တိုင်း သိင်္ဂါမှာ၊ ပျော်မြန်း စေဖို့သာ]၂။

**သဖြန်**၊ ၊ (မတ်ပေါင်းငယ်ကာ၊ နရိန္ဒာ ခေါင်ဆင့်တဲ့၊ ရာမင်း မင့်းဘုန်း)၂၊ (တန်ခိုးတော်လျှံ၊ ပြောင်ဆဒ္ဒန် ပိုင်စိုးတဲ့၊ မြတ်မျိုး ဧကရာမို့၊ ကဲ သာလို့နှုန်း)၂။

၁။ တောင်ဒီပါဇွေမြင့် - သဗ္ဗ၊ ပြူး၊ ဂီသစ်။
† ကျွန်းမြ = မြရောင်ထွန်းသည့် ဇမ္ဗူဒီပါကျွန်း။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ အိနောင်ဇာတ်ဖြည့်(တလာကန်ခန်း)ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

လူမနော၊ စုံခြေတင့်မော၊ တိမ်ကြောတောင်ယံ။ ဆွေမယ်နည်း* ငယ်လေ၊ ငြင်းပြွေနှရည်း၊ ရွှေဆည်း† ကည်)။ (နီလာမြနှန်း၊ တောင်စာ†† ပိတုန်း၊ ဂမုန်း ဝတ်ရည်လျှံ။ ကြိုင်လှိုင်ညွတ်၊ အို–ကြွေလုလွတ်၊ ဖက်ဆွတ်ကယ် မွှေး။ လေချိုက သွေး၊ ငှက်ကျေး ချီချငယ်ည်)၂။
သဖြန်၊ ။(တလာကန်၊ နတ်မိငယ် ဖျော် ဖြေစံသည့်၊ မြ စကြံ ဝင်သဝဏ်နှင့်၊ စုံရိပ်မွန်ကြော)၂၊ ။ ချစ်ကြည်နူး၊ တီတူး ငယ်တည့် မိုးကကြော်၊ မြင်တော်မှူလှည့် စာနာယိမ်း ငယ်လေ၊ စိမ်းပါဘိ ကော။

## ၃။ မျှော်တော်ယောင်ပတ်ပျိုး

(လှိုင်ထိပ်ခေါင်တင်)

(ညဥ့်သုံးယံခါ၊ လေပြည်လာ၊ အေးရွှေရင်မှာ)၂။ (လာနိုးမျှော်မိ၊ ဖြေ မပျော်နိုင်ဘူး၊ ဘုန်းမယ့်ကိုယ်ထူး)၂။ (မဖူးသာ၊ လွမ်းတာက ပွား၊ ရှင်နတ်များ၊ အို– မ,ဘဲကို)၂၊ ဆိုငို မှိုင်လျက်ကယ် ငေး။ (သေလုပါပြီ၊ ကြွေလုပါပြီ။ အို– ဘာပြု မလာသေး၊ ဘုန်း သူနှင့်ဝေး)၂။ [(လေးမယ့် ကံ)၂ **ရေး မဟန် သလေး**°]၂။ (အို ကြံကာ ပန်းပါဘိ၊ လမ်း ဘယ်မမြင်။ ရွှေပင်လယ် ဆီးသည် သို့၊ နီး မယ် မထင်)၂။ [(သုံးရွှေကြော့ရှင်)၂၊ ဘုန်း လာမမြင် သလေး]၂။
သဖြန်၊ ။နှမလေး မယ့်သခင်၊ တင်ရန်က များ၊ ။ (လှိုင်းကြီးတဲ့ရေ၊ မြကြော အဏ္ဏဝေသို့၊ မစုံ ရွှေ စကြာကွန့်တယ်၊ နန်း နေညွန့်ဖွား)၂။

°။ ရေးမဖွယ်ဖန်သလေ – ဂီဝိ။
† ဆည်း = ဆည်းလည်း။
†† တောင်စာ = ပိုးမည်းတောင်စာ = စိမ်းဝါရောင် ပြောင်လက်သောအတောင်မာ ရှိသည့် အင်းဆက်ပိုး။
* "ဆွေမနီး"ဟု ပုံနှိပ်မူများတွင်တွေ့ရသည်။ မြစာနှင့် သဗ္ဗတွင် "ဆွေမယ်နည်း"ဟု တွေ့ရသည်။ 'မယ်နည်း' 'မောင်နည်း' 'ဆွေနည်း'ဟူသော ရေးမြန်မာ ဝေါဟာရများသည် ချစ်သောမယ်၊ ချစ်သောမောင်၊ ချစ်သောဆွေဟု အဓိပ္ပာယ်ရသည်။



## ၄။ ဘုန်းတော်ဘွဲ့ပတ်ပျိုး

(ပြင်စည်မင်းသား)

(သိင်္ဂါရွှေရောင်၊ ထိန်ဝါဝေပြောင်၊ နန်း ဆောင်ဆောင်ခန်း၊ မန်းဘုံဗွေ၊ ဝင်းဝေလျှံ။ စံတည်ရာ ပွဲငယ်လေ၊ သဲငွေပြန့် သဲငွေပြန့်ပိန်း)၂။ (စိမ်းရောင်စို တောင်ညိုမြမှိုင်း၊ သီဒါခွေလို့ ရေပတ်လည်ဝိုင်း)၂။ (တိုင်းသာဘုံခန်း၊ ဆန်း ထွေလာ။ စိန်ကြောင် နီလာ ဖန်ပြာခဲ၊ သန္တာဆွဲ တဲ့ ပုလဲသွယ်၊ လ နှယ် နေ လို ဝင်းလို့ဆန်း)၂။ (နတ် ကယ် စံအိမ် တွေးဖွယ့်ချိန်၊ ဝတီ ဘုံစံ ဘုန်းရှင့်နန်း)၂။ [(သနားဖွယ် ရွှေလယ်သောင်းရံ)၂။ သာလွန်ကြူးလို့ (ပျော်မြူးစံ)၂]၂။ (ရွှေကံတိုးလို့ ဖြိုးဝေဝေ၊ သပြေဒီပါ ဘုန်းဖြန့်မြန်း)၂။ [(စုံလန်း ငုံလျှမ်း ဒုမ္မာပန်း)၂။ ဘုံကြာခန်းက နန်းကြာသူ၊ ပြာဖြူဝါရွှေ ဝင်းလို့ညီး]၂။ (ထီး ကျွန်တော်ခံ၊ ညာစံရှင့်ဘိုး၊ တိုင်းရွှေပြည် သာလှ၊ ညာခမိုး)၂။ (ဒီပါသောင်းယံ၊ စံနန်းရိုး)၃။

## ၅။ မန္တလေးမြို့ဘွဲ့ပတ်ပျိုး*

(အောင်မြေမြမန်း၊ သိုက်ကျမ်းစုံစွာ၊ ဘုံရတနာ၊ မန်းတောင်လက်ယာ။ နှန်းနေကွန့်ဖြာ၊ ရွှေဘုန်း ထိန်လို့သာ)၂။ (ဣန္ဒာများ မင်း၊ ဆင်းကူညီဖန်။ ပြောင်ဆဒ္ဒန် မျိုးမှန်လှ၊ သိန္ဓဝါ မြင်းပျံရ၊ စိုးပိုင်သ မန္တာတ်မင်း)။ (အိုလေ မန်း ရွှေမြို့၊ နန်းလေ အောင်မြေခင်း၊ နန်းလေလေ နန်းလေ အောင်မြေခင်း၊ ပယ် ရှင်း ရန်မျိုးအောင် လေလေ့၊ မန်းသာခေါင်)၂။ (တောင်ခြေပတ်ဝိုင်း၊ မြောင် ခွေလို့ဆိုင်း၊ စံတိုင်း ရွှေဘုံဆောင်လေလေ့ ရွှေဘုံဆောင်)၂။ (အိုလေ ရာပြည် ထောင်၊ ခွန်ဆောင်ဆက်သွင်း၊ တေဇာ ဝင်းထိန်လို့ပြောင်၊ ရွှေဘုန်း နေသို့ ရောင်။ ဝေနေယျာပေါင်း ပါစေအောင်၊ မဂ္ဂင်ဖောင်ကြီး၊ စီးမဲ့ဘုန်းခေါင်၊ နိဗ္ဗူ သောင်သို့ နှောင်ရောက်အောင်ကြိုး)၂။
သဖြန်၊ ။(နန်း ရွှေမြို့မှာ၊ အဏ္ဏဝါ ဝေလျှံဖြာသည့်၊ ရေနန္ဒာဝိုင်း)၂၊ ။(တိုင်း ခြိမ့်ခြိမ့်တုန်၊ မြမန်း ပြည်ရွှေဘုံသို့၊ အောင်ဇေယျ ရတနာလျှမ်းတယ်၊ စံခန်းနှင့် နီး)၂။**

* မန္တလေးမြို့ ဘာဂျာဆရာလွှား၏အဘိုး ရကန်ဆိုဆရာကြီး ရေးသားကြောင်း မန္တလေးမြို့အဆိုတော်ဆရာကြီးဦးထွန်းအိုင်ထံမှတစ်ဆင့်စကားကြားသိရသည်။
** သဖြန်အအုပ်အခံကာရန်မညီပါ။

www.burmeseclassic.com



## ၆။ မိုးဘွဲ့ပတ်ပျိုး[*]

(သေနှဂ်မည်၊ နတ်စည်ဆော်သံ လှိုင်းလို့လေ၊ သွန်းမည့်ရပ်ပုံ၊ ပဇ္ဇုန် ဆင်သင်တိုင်း နှင့်လေး)၂။ (မိလ္လာရည် ဆိုင်းပြန်ပြီ၊ ပြာရီအုံ့မှိုင်း ဝေလို့မှောင်)၂။ [(အာကာဘောင်)၂ ဂဠုန်တောင် ချိပ်[†]ပါလို့၊ ပန်းတိမ်လိပ်ရောင်]၂။ (သည်း ကြွေလုအောင်၊ ဆွေးတဲ့ ဆွေးဗျာနှောင်၊ မိုးနတ်မောင် ဖန်တော်အား)၂။ (စာ နာပါသင့်သား ငယ်လေး၊ ငြိုးမာန် ဘာပြု ပွားတယ်ကို)၂။ [(သနားမညှာ)၂ ဝလာပိုင်ဘုန်း ရယ်က၊ မုန်းရက်တော့ရှာ]၂။ (ကျူးရင့်သံသာ၊ စည်တဲ့ စည် တံမြှာ၊ ရှိန်တေဇာ ကြော်ငြာကြွေး)၂။ (ပုစွန်သံလေး ညင်းစီစီ၊ ရှာဟန်ရပ်ရေး ဆင်ခဲ့ပြီ)၂။ [(မန္တာကီ)[††]၂၊ ဇာပလီ လှိုင်းပါလို့၊ သိုင်းဟန်နွဲ့ချီ]၂။ (လွှမ်းဖွယ့်စုံ စီ၊ မှိုင်းရီလို့ မည်း၊ ကဲဆင့်မောက်မို၊ ပြိုမလိုယောင်၊ တိမ်တောင် အာကာထဲ က ဆင်ပြန်လာ)၂။
သဖြန်၊ ၊ ပြာပြာမှာ ဝါဝါရောလို့၊ မြကြော ဇော်ဂျီရောင်လျှံ၊ သွန်းမဲ့ရပ်ဟန်။ တံပိုးငယ်ထန်၊ မုရိုးသံ ခရာဆင့်တယ်၊ ကျူးသံရင့်ကြွေး။

## ၇။ မဲဇာတောင်ဘွဲ့ပတ်ပျိုး
(စာရေးတော်ကြီးဦးမောင်ကလေး)[**]

(မဲဇာတောင်ခြေ၊ စီးတွေတွေ၊ ရစ်သန်း သီဒါရေ)၂။ (ပန်းမြိုင်ဗွေမှာ လေ ဆန်းထွေသည်က၊ ရွှေပြည်တော် နန်းဆီသို့ တ)၂။ (ဘိုးတော်ငယ် ပဝရ၊ တေဇ ငယ် ညွှန့်လူ၊ တည်ထား အဆူဆူ)၂။ (ဇမ္ဗူဆီမီး ခြောက်ရောင်ရှင်၊ ဂူကြီး မြတ်ထွတ်တင်)၂။ ရွှေလင်းပင် ခြသေ့်ဘုရား၊ တွေတွေလျှပ်နှယ်သား[†††]။

† ချိပ် = မည်းမှောင်သည်၊ မည်းချိပ်သည် ။
†† မန္တာကီ = နတ်ပြည်ရှိ မန္တာကီနီမြစ်။
††† သား = လေးနက်စေသည့်အနက်ဖြင့်သုံးသောစကား။
• စာဆိုကို-ဂီဝိက မင်းဘူးပဲ့နင်း ဦးနေဦး၊ မြိုးနှင့်နန်းထွက်က မြဝတီဦးစ၊ ရွှေပြည်ဦးဘတင်လက်ရေးမူနှင့် သဗ္ဗက အနောက်နန်းမိဖုရား၊ ဝက်မစွတ်ဝန်ထောက် လက်ရေးမူက မင်းကြီးကတော်ခင်ဆုံ ဟု အသီးသီးဖော်ပြသည်။
•• မင်းတုန်းမင်းလက်ထက် အမှုထမ်းခဲ့သည်။



သည်ကား စေတီ၊ သည်ဆီ ရွှေနန်း၊ ရည်ရော် စိတ်ကမှန်း။ [(နန်းရွှေပြည် ကွာ ဝေးလို့၊ ဆွေးဗျာထုနှောင်)၃။ ပွဲခါညောင် ရေစင်သုံး၊ မြတ်ဘုရား ဂူတော်တောင် က၊ ရှီမှောင်ဝိုက်ကာ ဖုံး]၂။ (နှင်းငွေရည် အုံ့မဆုံး၊ မိုးပေါက်ကရှုံး)၂။ [(တိမ် တိမ်ခြေ ဖုံးပါလို့၊ အုန်း ခြိမ့်ခြိမ့်မှောင်)၃၊ တည့်မွန်းနေခြည် ဖြာမှန္နေးတယ် လေး၊ ထွေး လုံတတ်ပေါင်]၂။ သဲသာသောင် မြေဝေးမှာ၊ လွမ်း ဖော်မဲ့ဆွေး။ သွင်းလေပြည် ဆော်သွေးတယ်၊ ချမ်းတုန်လို့အေး။
သဖြန်၊ ၊ (လေသွေးရာချီ၊ ရွှေဖီကမ္ဘွေး)၂၊ ၊ (ဝတ်ပန်း ငုံခိုင်နှင့်၊ မဲဇာ မြိုင် ဂနိုင်အုပ်မှာ၊ ရွှေဘုတ်က ကြွေး)၂။

## ၈။ ရတနာသိယံမြို့ဘွဲ့ပတ်ပျိုး
(ပြင်စည်မင်းသား)

(မြန်ချာမြေကို၊ စံရာရွှေဘို၊ နန္ဒာ ရေညိုဝန်း၊ ဖြာရောင်ရွှန်း)၂။ (လူမှူး လုံ့ဖျား၊ ပြည်ကုန်းဘောင် ရန်အောင် မော်ကွန်းထား)၂။ (ခြောက်ပါးခြည်ရောင် စိုသည်နှင့်သာ၊ တည်ထွန်းရွှေချက်သို)၂။ (ပဟိုရ်လေ ရွှေကွန်းနန်း၊ ကျူးပတ် ခွေ ထွေထူးဆန်း)၂။ (စံခန်းဏ္ဍာ၊ လျှံလန်းသိင်္ဂါ၊ ခုနစ်မည် ဌာနမှာ၊ ပြည်ပြည် များ ဦးညွတ်ရာ)၂။ ရင်း နေက ဆက်စဉ်လာ၊ ကိုး တောင်သီလာ၊ တိုင်းကြီး မြောက်ညာ လေလေ့၊ ရှစ်မင်းငယ် ပယ်ခန့်တာ)၂။ (မြတ်ရွှေ သမ္မာ၊ တေဇာလျှံ လင်း။ ရန်ပေါင်း သည်ဝယ်ဖြိုခွင်း၊ ရွှေဘို မြေများမင်း)၂။ (စံခင်း ငယ် အောင်ချာ၊ ဘေးမြတ်မြင့် ဘိုးစဉ်လာ၊ တေဇာဝှန်သည်။ ရိပ်ဖြူပိုင် ချည်း ပေပါ၊ ခမည်းမြတ် ရာဇိန်လို၊ အောင်ချိန်ရွှေပြည်၊ စိုးစံဘိသည် လေလေ့၊ နတ်များ ငယ် ဖန်တော်ရည်)၂။
သဖြန်၊ ၊ (မင်းမင့်ခေါင်တည်၊ ကျူးရွှေစည် သပြေညာလုံး၊ သောင်းဒီပါ ရေ မြေနွံရ၊ သံဝှန်ခြိမ့်သဲ)၂၊ ၊ (ဘုန်းတေဇာ နိသင်နှင့်၊ ဘယ်ရာဝင် သည်ဝယ် ခါသို့၊ ဗွေ သုနာပရန္တ ငယ်မှာ၊ ကြုံဖူးရခဲ)၂။

www.burmeseclassic.com

www.burmeseclassic.com



## ၉။ သဗ္ဗာတိုင်ပတ်ပျိုး*

(ချစ်သမျှကို၊ မြင်းမိုရ် ရွှေတောင်လုံး သာပ့ါလေ၊ လေးဆူ ဒီပါ သီဒါ ရေမြေ ဆုံးစေတော့လေ)၂။ (အို– ဘယ်မမုန်းပါတော့နိုင်၊ ကပ်လုံး ဆုံးတိုင် တိုင်)၂။ (ရုံးညာပိုင်၊ အုံးပြိုင် သဋ္ဌာကြွေ့ မှာလလေ၊ ကြိုးမည်နောင်တာ၊ ရိုး ပြာ မြေဝယ်မြေ့စေတော့ လေး)၂။ (မုန်သရွေ့ကိုလ၊ ဖန်ဆေ့ငယ် ရေရေ၊ ကိုး ဂုဏ်ရှင့် ဂူတော်မွေ)၂။ (တူမသွေ၊ ပါစေမယ်နှင့်သား)၂။ (လှစ်ကျူး မြွက်ကြား၊ ဝှက် မထား၊ မြွတ်ရှင်ပင် တန်ခိုးအား)၂။ (မခြား သိစေကြောင်း၊ ပန်ထွာ တည့် ခဝပ်ညောင်း)၂။ (တူပြိုင် ဂူလိုဏ်၊ စကားသဗ္ဗာ တိုင်)၂။ (သံသာလေ ကမ်းတိုင် တူပြိုင်ကူးမယ်၊ ဆုထူးငယ် ပန်ရှယ်သွန်း)၂။ (ချစ်လို့ ရယ် မကုန်၊ ဝသုန်ဤမြေ သိကြားစေ သက်သေညွှန်း)၂။ (ပျံ့မွှန်း မွှေးလှိုင် ကြူလေတည့် မှ၊ သုံးလူ့ထွတ်မုန်ကူ)၂။ (မတူလေ ပြိုင်နှုန်းကင်း၊ ခြောက်ဖြာစုံ ရောင်ဖြိုး လင်း)၂။

သဖြန်၊ ၊ (ချစ်ခြင်းငယ် ပြိုင်၊ မြစ်မင်းပိုင် အဏ္ဏဝါနှင့်၊ ပြန်တစ်ရာကဲ)၂၊ ၊ (ယွင်း ရွှေ့ မသုန်၊ ငွေဝန်း သော်တာ ယုန်သို့၊ ကမ္ဘာကုန် ပြယ်ခလေ့[†]ငယ် မှာ၊ ဘယ်မေ့လိမ့်လဲ)၂။

## ၁၀။ ဘုန်းတော်ဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

(စိန်ကြောင်နီလာ၊ ထိန်ဝါ ဝင်းမှည့်မှည့်၊ ဖန်ရှိန် သိင်္ဂါရောင်ဝေ၊ မှောင် ခြွေ ပယ်ခွာ၊ မျက်မွန် ရတနာ ငယ်လေ လျှံညီး လင်း)၂။ (ရွှေနန်း ဆောင် ဘုံမှာ၊ ကြယ်ပေါင်း ရံရွှေသော်တာ၊ ချီးကျူး ဆယ်မည်သံသာညင်း၊ ပျော်တော် ခင်း)၂။ (ထီး အစင်းစင်း၊ အမင်းမင်း၊ ပြိုင်နှုန်း ဘက်ကင်း၊ ဦးညွှတ် စင်း၊

* ရေးသူအမည်ကိုသဗ္ဗ၌ လှေသူကြီးမောင်ဆိုး၊ ဂီဝိ၌ ပုဲနင်းဦးနေဦးဟု တွေ့ ရသည်။

† ကမ္ဘာကုန်ပြယ်ခလေ့= ကမ္ဘာကုန်ဆုံးမှ ပျက်ပြယ်မည့်သဘာဝအတိုင်း။



ဆယ်ကြာဆယ်ညွန့်၊ စက်ထံ ကြည်ယုံ သက်နံ့ ခိုလှုံကာ စုံဖူးရင်း)၂။ (နှင်း ပြောင်း သည့် နွေငယ်မှာလေ၊ သင်းလှောင်းပျံ့ ရီရီမှုန်ပြေ၊ ဝတ်ရည်လှယ် ဝေ၊ ငှက်ကယ်ယုယ၊ ဆွေလျှငယ် ပင် နန်းနေ)၂။ (ကြင် ရေးဖွဲ့ယှက် ခြွေငယ်နှင့် သာ၊ ဖိုးခေါင်ရင့်ညံ)၂။ (စုံမြိုင်ယံ ပန်းကထွေထွေ၊ မြသင်တိုင်းနှင့် အုံ့ မှိုင်းငယ်ညိုပြေ၊ အမွှန်မှူး ငယ်က ရင့်ကျူးဖန်ဖန်စေ)၂။ (ယဉ်ရေ ရံခ၊ သာ စွ ဗိမာန်၊ နတ်ဥာန် တရှိ၊ ချီးမကုန် ကြုံဖူးရာဘိ)၂။ (သလ္လာ ဇရာ၊ ခွေကာ ဝိုက် ဝေ့၊ တောင်စဉ်ငယ် တိမ်လွှာ၊ ကြိုင်မွှန်း ရေသွန်း မန္တာ၊ ရှစ်ဗြဟ္မာငယ်လေ သံချီး ကြွေး)၂။

သဖြန်၊ ၊ လေးမြေလုံ့ ဗဟို၊ ၊ ပင်ဝန်း မြရိပ်ဝေ၊ မြန်သပြေ ရွှေမွှန်ချက် ဝယ်ပါ့၊ ကနက် ကယ် ဆူဆူဖွင့်ပါသည့်၊ ကိုးဆင့်ရောင်စို။ နတ်ပေါင်းငယ်ခို၊ မြင်းမိုရ်ညွန့်တစ်နှုန်း၊ ၊ မြဥကင် ဗွေသီဟာမြင့်၊ သောင်းဒီပါ ညီလာ ခတယ် လေ၊ နေလ နှစ်ဘုန်း။

## ၁၁။ မျှော်တော်ယောင်ပတ်ပျိုး

(အနောက်နန်းတော် မမြလေး)

(ရှစ်စုံ ရွက်ကြာ[†][*]၊ ဆူဆူဝေဆာ၊ စံရာဘုံရွှေနန်း၊ ဘုံရွှေနန်း)၂။ အခန်း ခန်းငယ်နှင့်၊ ဆောင်နန်းမ ရိပ်လယ်၊ ယိုးဖွယ်တည့် ဝတိ'နယ်)၂။ (မြတ်ဘုန်းမို ငယ်လေ၊ ရွှေကိုယ်နန်းလောင်း၊ သောင်းစကြဝဠာ[**]၊ များစွာတည့် ခဝပ်ညောင်း)၂။ [ရွှေပေါင်းဝန်းရံ၊ လွတ်စံဇမ္ဗူ ကျွန်းသူ မျှလေ၊ (ခွေပျောင်းညွတ်ပန်)၂ (ယှဉ်စံ မတူ ကျွမ်းလှမျှလေး)[၁]၂]၂။ (နောက်အိမ်တော်[၂] ဆောင်ရိပ်မှာ၊ လွမ်းစိတ်နှင့် ဆွေး)၂။ လာလုငယ် လာလု၊ တမ်း ခုခင်း)၂။ (အို သေသေ ထားတဲ့ရေး၊ ရွှေရင်ချမ်းမြအေး)၂။ (ဗျာပါရေး ငယ်နှင့် မကြံပါနိုင်၊ နွမ်းခွေလို့ယိုင်၊)၂။ (နွဲ့

၁။ ရှင်စံမတူထွန်းပြူစလေး–သဗ္ဗ၊ရှင်စံမတူဂုန်းပြူဖွလေး–ဂီဝိ။

၂။ မြောက်အိမ်တော်–သဗ္ဗပြုး။

† ရှစ်စုံရွက်ကြာ=ရှစ်စင်းသောထီးဖြူတော်အစုံ။

* မူကွဲဖြစ်သည့် ရှိစုံရွက်ကြာသည် လက်အုပ်ကြာမုံကိုဦးထိပ်ပန်၍ ရှိခိုးလျက် ဟုအနက်ရ၍ ဆူဆူဝေဆာဟူသောနောက်စကားနှင့်အဆက်အစပ်မသင့်။

** စကြဝဠာတိုက် တစ်သောင်းမှ နတ်လူဗြဟ္မာ၏ ခဝပ်တွားခြင်းခံရမည့် ဘုရားလောင်းဟု ဆိုလိုရင်းကို အိမ်ရှေ့မင်းဟု လွဲမှားကောက်ယူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်တိုင် ကြဉ်ရှောင်တိမ်းတယ်၊ စိမ်းသင့်မှစိမ်း)၂။ (ခြုံလှည့်ပါ တုန်သည်း၊ မိုးညိုလို့ မည်း)၂။ (ဖြေလည်း နော် ခု နေမရှင်၊ ရွှေရင်အုံ မလုံကွေးတယ်လေး၊ ချမ်းတုန်လို့အေး)၂။ ရီရီ ငွေနှင်းငယ် သွင်းလာလို့ဖျန်း။ ချစ်မေတ္တာ သူတစ်ထူးကို၊ ကူးပေသည့်မှန်း။

**သဖြန်**၊ ၊ သနားငယ် မညာရက်ကယ်မို့၊ သူ့တွက်ကွယ် ဖန်ရာဆယ်၊ ၊ ရေးနှောင့်မလွယ်၊ ၊ ဘယ်ခါနေ့ငယ်မှ၊ ကိုယ်တွေ့ သည်ပူနွယ်က၊ အေးလွယ်သိမှန်း။

## ၁၂။ သီဒါသောင်ခြေဘွဲ့ပတ်ပျိုး

(ယမုန်နာ၊ သီဒါသောင်ခြေဦး မှာလလေ၊ သနားဖွယ် လူနှယ်ခေါ်သံထူးလို့လေး)၂။ (ကြည်နူးဖွယ် မယ့်တစ်ကိုယ်၊ ရွှေဟင်္သာ မောင်နံ့ငှက်ကယ်တို့၊ ကြင်ဖော်မှာ ကြင်ဖော်ဖက်ကယ်နှင့်၊ တူပျော်ပျော် ဘယ်ခါမှစက်ရပ့်၊ လည် ယှက်ကာ သူတို့လို)၂။ (မ–ဖို ခေါ်သံ၊ လူ့နှယ်သူ့ဟန်၊ ဖော်ကွာသူ ဆွေးစေ ဖို့ဖန်)၂။ (သဲတည့် သဲငွေလျှံ၊ ဝဲတည့် ဝဲကာပျံ)၂။ (အို ငါးကြင်းတွေဆန်၊ ငါး တန်တွေ သောင်ရေစီးမှာလ၊ ကိုတံငါ လှေယာဉ်ဆီးပါလို့၊ ပိုက်ကြီးနဲ့ ရေချ လာ)၂။ (ဒေါင်ဒင် သံသာသာနှင့်၊ တံငါ လှေလောင်းဆင်း)၂။ (အို နဒီတွင်း မှာလ၊ နင်းငွေ ဆော်)၂။ (ချမ်းလို့တုန် မလုံကွေးတယ်၊ ကိုယ်ရေးကြုံတော့ နော်)၂။ [(တပေါင်း တန်ခူး မိုးသား ကျူး)၂ လေရူးဆော်လာပုံ။ နဒီတွင်း မှာလ၊ ရွှေငါးကြင်းငယ်တို့ ပိုက်တွင်းမှာ သူတို့ခုန်]၂။ (လွမ်းလေ ပူပုံပူပုံ ပွားပါလို့၊ အားကကုန်)၄။ (သောင်ယံမှာ မောင်နံ့ငှက်ကယ်တို့ လည်ချင်းယှက်ပါလို့၊ နွဲ့ကာ ပျော်စံ၊ ဆွေးစေဖို့ဖန်။ ကြင်ဖော်ကွဲ ရှေ့ထင့် ဝဲကာပျံတယ်၊ သည်သောင်ယံက မခွာရက်တယ်၊ ကြဲခက်လို့ ပန်း)၂။

**သဖြန်**၊ ၊ (ရစ်သန်းငယ်ကာ၊ ယမုန်နာငွေသောင်ခုံက၊ လွမ်းပုံကို ဖြေမရှင်ဘူး၊ ပွေအင် ပူမီး)၂၊ ၊ **(ငွေနှင်း ငယ်မှုန်၊ လေညင်းတသုန်သုန်နှင့်၊ ရေဆင်းပုံ ဂယက်ဝိုင်းငယ်၊**[၁] လှိုင်းထလို့ စီး)၂။

၁။ ငွေနှင်းငယ်လျှံ၊ လေညင်း တည့်ညံ့နင်း၊ရေဆင်းသံဂယက်ဝိုင်းငယ် –**ဂီဝိပြုး**။



## ၁၃။ ဝိဇယကာရီဇာတ်ထွက်ပတ်ပျိုး*
## (လှိုင်ထိပ်ခေါင်တင်)

(ရေယမုန် အမွှန်သီဒါ တိုင်းသို့လေ ၊ငှက်လိမ္မာ မကြာနောင်†စေခိုင်းမယ်ပါ့လေး)၂။ (တောင်ဝိုင်းစုံလွှင့်၊ မြင့်တိမ်ယံဖွေ၊ ရေယဉ်စီးတဲ့ မြစ်ကြီးငယ် သောင်ခြေ)၂။ (ရွှေရွှေ ရွှေရောင်သား၊ ငွေငွေ ငွေရောင်သား)၂၊ မြရေယဉ် မှော်ပင်ကြာ၊ မြူးစံတဲ့ငါး။ လေးမယ်ခင် နတ်သွင်ထား၊ ဘုန်းမယ်ဖို့သား။ (နှုတ်ဖျား ဝါဝါ၊ ပန်းလွှာ ရွှေသွေး၊ ချီကာ ယူလို့ပေး)၂။ (ကိုယ်မွေးသိင်္ဂါ၊ ဖြူစွာငွေသွေး၊ ကျောင်းဝင်ခဲ့ လေး)၂။ (ရွှေဘုံသူ ကလေးငယ်တို့၊ ချိုအေးသံသာ)၃ စုံဆယ်လီ ရှိရှင်ညောင်းတယ်၊ တောင်းယူခဲ့ပါ။ (နွဲ့နွဲ့မာန်ကိုးငယ်နှင့်၊ အို ဆိုးလိုက်ထာ)၃။ မြမျက်ရည် ဂေါဇင်ညာက၊ ငိုရှာလုနီး။ မောင်မောင်ကြီးငယ် စိန်ကြိုးသွယ်၊ (ဟာ တိတ်ပါ့ကွယ်)၂။ ကြောင်ညိုဖားငယ် စားတတ်လှ

† မကြာနောင် = နှောင်မကြာ။ ယခုချက်ချင်း။

* ဝိဇယကာရီဇာတ်ထွက်ပတ်ပျိုးမူရင်း နှင့် ကွဲပြားမှုရှိသည်။ ယခုမူကို "သားချော့"သီချင်းအဖြစ်သိဆိုလျက်ရှိကြသည်။ ဝိဇယကာရီဇာတ်ထွက်ပတ်ပျိုးမှာ သားချော့မဟုတ်။ ဇာတ်လမ်းအရ ဣန္ဒာမိတ္တမင်းသားကကြင်ရာတော်ရတနာနတ်မယ် မင်းသမီးအားချော့သိပ်သည့်သီချင်းဖြစ်သည်။**ဝိဇယကာရီဇာတ်လာမူရင်းသီချင်းကိုသုတအလို့ငှာ အောက်တွင်ဖော်ပြလိုက်ပါသည်။**

"ရေယမုန် အမွှန်သီဒါတိုင်းသို့လေ၊ ငှက်လိမ္မာ မကြာနောင် စေခိုင်း မယ်ပါ့လေး။ တောင်ပိုင်းစုံလွှင့်၊ မြင့်တိမ်ယံဖွေ၊ **လေယဉ်စီးလို့** မြစ်ကြီးသောင်ခြေ။ ရွှေ ရွှေ ရွှေရောင်လား၊ ငွေ ငွေ ငွေ ရောင်လား၊ **မြရည်စင်** မှော်ပင်ဖျား၊ မြူးစံတဲ့ငါး။ လေးညာခင် နတ်သွင်ထား ဘုန်းမယ်ဖို့သား။ **နှုတ်ဖျား** ဝါဝါ၊ ပန်းလွှာ ရွှေသွေး၊ ချီကာ ယူလို့ပေး။ ကိုယ်မွေး **ဖန်လွှာ** ဖြူစွာရည်သွေး၊ ကျောင်းကိုဝင်ကွဲ့လေး။ မြတ်ဖျား ချစ်ရှင်၊ နိဝင်သံလေး၊ ဦးဆင်ပန်ခွင့်ရေး။ ရွှေဘုံသူလေးငယ်ဖို့။ ချိုအေးကြိုင်စွာ၊ သင်းပျံ့စိုင်ဆီ၊ စုံဆယ်လီ ပျောင်းတယ်၊ တောင်းယူခဲ့ပါ။ **နွဲ့ငယ်မာန်** ပျိုးပါလို့၊ အို–ဆိုးလိုက်ထာ၊ ကျမျက်ရည် **စမ်းရွှေညာ**သို့၊ ငိုရှာလုနီး။ မောင်မောင်ကြီး ငယ် စိန်ကြိုးသွယ်၊ ဟာ တိတ်ပါ့မယ်၊ ရွှေကြောင်ဖား ငယ်ခင်၊ စားတတ် လှတယ်။ ရေ ရေပေါ် လွှမ်းပါတဲ့။ ကန်စွန်းနွယ်၊ ခေါင်း**ဖန်ရှိန်** ရောင်စုံကွယ် လို့၊ ခိုင်ရွှေနွယ်သီး။ ဇမ္ဗူရည်ထီးမှာဖို့၊ အငြိုးတော်ပြေ။ ယို လေးသံသာ၊ **စိန်ရုံးညာ** နွဲ့တယ်လေး။ လွဲဟန်သို့သာ စက်ပါတော့ သက်လျာငယ်၊ ဥာဏ်ရှာလို့ ဆိုး၊**မောင်ကြီးမှာ** ရွှေပင် ကိုယ်ကြောင့်၊ **အရှုးလို ဟန်မကောင်းတယ်**၊ လောင်းနေညှန့် မျိုး။"

www.burmeseclassic.com

www.burmeseclassic.com



တယ်။ (ရေပေါ်မှာ လွှမ်း*ပါတဲ့၊ ကန်စွန်းနွယ်)၃၊ ဒေါင်းဖန့်ဝါ ရောင်စုံကွယ် လို့၊ ခိုင်ရွှေနွယ်သီး။ ဇမ္ဗူရည်ထီးမှာတည့်၊ အငြိးတော်ပြေ၊ (ယိုလေးသံသာ)၂၊ စိန်ရိုးညှာ လွှဲမယ်လေး၊ နွဲ့ဟန်လို့သာ။
သဖြန်၊ ။(တိတ်ပါတော့ သက်လျာငယ်၊ ဉာဏ်ရှာလို့ ဆိုး)၂၊ ။ မေ့မောင်ကြီး မပူပါနှင့်၊ ပင်တိုင်သူ စိတ်မကောင်းပါဘူးကွယ်၊ လောင်းနေညွန့်မျိုး။

## ၁၄။ ရတနာပုံမြို့ဘွဲ့ပတ်ပျိုး

(ပြင်စည်မင်းသား)

(ယုဇနမာလာ၊ ဂန္ဓာ ပင်စုံဦး မို့လေ၊ ။ပုလဲချပ်ရံ၊ ဝတ်ဆံ ရွှေရည်လူးလို့လေး)၂။ မာလာရွှေငုံ ထူးတနွဲ့နွဲ့၊ ခိုင်ညှာ စိန်မှုန် ဖူးတလဲ့လဲ့။ (လွှမ်းဖွယ့်စေသာ၊ သီဒါမြသွေး၊ စီးသွယ်သွန်၊ ဖြာဝှန် ရေကြည်အေး)၂။ (တောင်ဂန္ဓမာ နန္ဒမူ ချာ၊ မဉ္ဇူ မာလာ၊ သင်းပျံ့မွှေး၊ နတ်ကယ်ဖန် ကန်မင်းက ဖွေး)၂။ (ငါးမည်ရွှေကြာ၊ လေသာ ပျံ့သွေး၊ ထုံအေးငယ် ကြိုင်ဖွာ၊ ဝတ်ရည်ခြွေသုံး၊ ပိတုန်းမြတောင် စာ)၂။ (ဣန္ဒနီလာ၊ သိင်္ဂါ ရောင်စုံ ဆင်းဝယ်ပါ့လေ၊ မြစ်တွေးကြော်၊ စင်ရော် ရွှေပိန်ညင်းငယ်နှင့်လေး)၂။ ။(စံခင်းဇွေကြော့၊ ကြက်ကယ်ညီနှောင်၊ မြင်ထင် သေလာ၊ ခွေကာသန်းသည့်၊ မန်းမြေ တန်ဆောင်ငယ်မှာ)၂၊ (ရွှေဘုန်းနေလ ရောင်၊ ခွန်ဆောင် တိုင်းခန်း၊ သိမ်းမြန်းငြိမ်းချမ်း၊ အေးသီတာ၊ လေးဒီပါ)၂။ (ထူးတည့် ထူးထွေလာ၊ ကျူးတည့် ကျူးဇေယျာ)၂။ ။(ရွှေစကြာဆက်ကာပိုင် မည့်၊ ဘုံမဏ္ဍိုင် ဝေယန်ညွှန့်မှာ၊ ဘုန်းနေကွန့်ဖြိုး)၂။ တန်ခိုးဝှန်ဝေ၊ ရေမြေ ခပင်း၊ ဇမ္ဗူ သောင်းတိုက် ချင်းသည်နှင့်၊ ရာမင်းမင်း စိုးခေါင်တည်။
သဖြန်၊ ။(နှိုင်းဖက်စံရည်၊ ဝတီပြည် သည်ဝယ်ပင်သို့၊ အထင် ညီဖွယ်သာ ခု၊ ပမာ မခြား)၂၊ ။(သောင်းမြန့်ကျွန်းမြေ၊ ထီးရာနေ နန်းစံတို့၊ စုံဆယ်ပန်ကြာရံ လက်ကယ်မှာ၊ ဆင်ရွှက်ရှိထား)၂။

---

* /ဂဗ္ဗန်း/နှင့်ကာရန်ညီအောင်/လွှန်း/ဟုအသံထွက်ပါ။



## ၁၅။ အင်းဝနန်းဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

(မဏိ ကဥ္စနာ၊ သိင်္ဂါရွှေရည် သားလို့လေ၊ ။ ပတ္တမြားမြဆိုင်၊ တူပြိုင် ရွှေယပ်မားနှင့်လေး)၂။ (သယံဇာ ငွေသား၊ ထင်မှားဖွယ့် ယိုးရာ၊ နဗဒဏ် ရောင်ညီး၊ ရုံထီး ရှစ်ဆိုင်ကာ။ သီဟာပြန့်ဘောင်၊ ဗြဟ္မာ ရေသွန်း၊ ရွှေခွန်း ချိုငြိမ့်အောင်)၂။ (ရှဋ္ဌငယ် ပြည်ဘောင်၊ ဘုန်းရောင်ငယ် ကွန့်မြူး၊ ဝေယန်ပိုင် ဖန်လာကွန့်တယ်၊ မင်းဝံညွှန့်ဦး)၂။ (သလ္လာယုက်ကူး၊ ဂင်္ဂါရစ်ရုံ၊ ကောဝိဠာဘုံ)၂။ (နှစ်နန်း ငွေလယုန်၊ ရွှေဘုံ ခညောင်း၊ ထီးဆောင်းမင်းပေါင်း၊ ဦးတင်ကာ ဖူးမြင်လာ))၂။ (သာတည့် သာရွှေဝှ၊ ဆုယူ မွေဓာတ်ကယ်မှီး)၂၊ (ယာမာလိုစံမငြီး၊ နန်းရွှေမြို့ကြီး)၂။ (အို–ရုံဆီး ကာဖွဲ့နှောင်၊ ကြက်နန်း သာတဲ့တောင်)၂။
သဖြန်၊ ။ (ကြည်းရေပြန့်ဘောင်၊ ငွေသောင်န ခင်း)၂၊ ။ (ရှုလည်း မကုန်နှင့်၊ ဇေယျာဘုံ မြောက်ညာက၊ မဏ္ဍလာ မင်တိမ်ပြန့်ငယ်မှာ၊ ပန်းရည်သန့်လင်း)၂။

## ၁၆။ မျှော်တော်ယောင် မောင်ဘွဲ့ပတ်ပျိုး

(အနောက်နန်းတော် မမြလေး)

ပြာပြာညိုရောင် မှိုင်းတလဲ့လဲ့၊ အာကာပြင်ဆောင် သိုင်းတချဲ့ချဲ့၊ [(ရွာလာပြန်လည်း၊ တဖွဲဖွဲ)၂။ (စက်မြိ ပန်းဘုံ၊ သုန်သုန်ငွေနှင်း၊ သွင်းလာပြန်၊ အိုပျော်လိုဘဲ၊ သည်းကြွေကျွမ်းမျှ၊ လွှမ်းရန်ဆင်)]၂။ (သေချင်အောင် နွယ်၊ ကြုံတယ်ကံ၊ ဖန်လာဆန်း ဆိုငိုတမ်း)၂။ (နန်းဘုံမြင့် ရိပ်ကြာလယ်၊ သန်းယံကျူးလို့ ဖူးမလွှယ်)၂။ (ကျွမ်းကြွေဖွယ် ငယ်လေ၊ စက်ရာဝယ် ထင်လာလျက်ကယ်နှင့်၊ ဆော်ကြက်ကယ် ညံ့ညံ့စီစီ၊ လင်းပြန်လုပြီ)၂။ [(အို–ဘယ်ဆီ စံသိမှန်း)၂။ နတ်သွင် ယဉ်တဲ့သူ၊ ပူအောင်လေ ဖန်တော်နဲ့၊ ရွှေသည်းကျွမ်းမှု လွှမ်းစေဖွယ်]၂။ [သန်းရွှေထု လယ်၊ မျှော်တယ် ခုသား။ (ခြားတဲ့အယူ)၂၊ **ဘယ်မာန်မူလေသိ၊**[1] **နော်ခင်ဘုန်းငယ်၊ မုန်းတော်ရက်သား**[2]]၂။
သဖြန်၊ ။ (သနားငယ်ခံ၊ တင်ရန် ကုန်ခက်တဲ့၊ ရွှေမျက်မူထား)၂။ ။ (ဖြူရှစ်စုံ၊ မိုလ်ပုံရွှေပွဲက မယ့်နဲ့မညီ ရှိမည်ကို စိုးမိပြန်သား)၂။ ။

---

၁။ ဘယ်အမူလေသိ– ဂီဝိ။
၂။ မုန်းမာန်ဖွဲ့အား– ဂီဝိ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၇။ မိုးဘွဲ့ပတ်ပျိုး

(မိုးလုံး ပတ်လည်၊ သွင်းလေချီ၊ နတ်စည်ငယ်လေ ရင့်ကျူး၊ ထူးထူး ထွေလာ၊ ကြော်သံဝါ)၂။ ဟန်ဖန်ဖန်လဲ၊ နွဲ့လို့စေ ဖန်လို ရှာရွှန်းစို၊ မိုးမိုး ရှာ ဘဲချုန်း၊ ပျော့အုံးမှာခွေ၊ ဖြေလည်း နုံးသည်နှင့်။ (အုန်း အာကာ၊ အက္ခရာကြော့ ကောက်ကွေး၊ မာလာ မ,လက်ရေး၊ ရွှေကိုယ်လေး သွန်းရုပ်ပုံ)၂။ [ရှုမကုန်၊ ဘဝင်မှိုင်း၊ မှိုင်းမှိုင်းဝေ)၂။ သလွန်ဗွေ၊ လော်ရွှေသား၊ တယောင်မှား၊ မှိုင်မိမူး]၂။ ဆော်မြည်သံကျူး၊ စက်ဦး ပန်းဘုံဗွေ၊ ဆံကေနွဲ့ယိမ်း၊ ခေါ်တော်လို သား၊ ထင်မှားဖွယ့်လွမ်း ဖွယ်စေ။

သဖြန်၊ ၊ဖြေလည်းခု နော်မပြေ၊ ဆော်လေကမြူး၊ ၊ စက်အုံး စာမရိက၊ ကြံတတ်ပြီ ဘယ်မလင်းတယ်လေ၊ ခင်း သာတို့ဘူး။

## ၁၈။ တောဘွဲ့ပတ်ပျိုး

(မှိုင်းပြာဝေ လေပြည်ဆွတ်ဖျန်း၊ သမ်းကာဝေရီ သီဂီမှန်နန်း၊ ဆန်းလဲ့ ပြာပြာ တိမ်ဝါတန်း၊ တိမ်ပြာဆန်း၊ စိန်ကြာခန်း)၂။ (လွမ်းရန်ပို၊ ဆန်းပြန် လို ရွှေကိုယ်ကံငယ် ဖန်လာတယ်။ တစ်နယ်စုံမြိုင် ကြိုင်ထုံလန်း)၂။ (လွမ်း လေအောင်ဆင့်၊ ကျေးငယ်ပင်၊ ကျိန်ရေသုံးလို့ ဘုန်းမမြင်)၂။ [(သည်းရွှေဘဝင် ငယ်ကို)၂။ လှသဇင် မပြေတို့နိုင်ဘူး၊ ကြွေမသို့ အူချာ ပူတာ၊ ရှင်းနိုင်ဘူးသာ]၂။ [(ငွေသော်တာ ဆွေနတ်မင်း)၂၊ လှကံ ဖန်ခဲ့တယ်၊ နတ်ကယ် အို ညီညာဘဲ၊ ရွှေဘဝင် သည်းဝယ်]၂။ (ရွှေကိုယ်မှာ ဖြေဆည်လည်း၊ သည်းက ညွတ်ကျင်၊ လှသဇင် ပင်ကိုယ်ထူး၊ ပျောင်းခွေမူးတယ်)၂။ [(ဘယ်ဝယ်သိ မှန်း)၂၊ တိမ်နန်း ထွေလို့၊ ရဝေစံပယ်၊ ကူးပြန်မိတယ်]၂။ (ပြာတယ်၊ ဝါတယ်၊ ညာဘယ် ပတ် သန်း၊ ထိန်လျှံ စိန်ရောင်ရွှေ။ အို-ရှာစွေ လိုလို၊ ပြိုဟန်ကလည်း၊ ခါမိုး ဟုတ်ပါဘဲ)၂။ (သဲငွေဖြူသောင်၊ တောင်ပြန်လေ၊ ထွေတည့် ထွေထူးငယ်ဆန်း)၂။ (မြိုင်ရဂုံ စုံတဲ့လမ်း၊ ပန်းနံ့စုံစီ)၂။ [(မြမဟီ)၂၊ ရေသီဒါက၊ အေးတယ်ကို။ ချိုချိုချိုညင်း၊ ကူးပြန်မိခြင်း]၂။ (သဇင်သင်းပါတဲ့၊ ခင်းရွှေဝတ်မှုန်)၂။ (တိမ်ချပ်ရုံ၊ သုန်လေညွတ်တယ်၊ ခွေဝတ်ညာက၊ ကြိုင်စွာတည့်လှိုင်စွာ)၂။ (တွေးမှိုင်ကာ မော၊ ဖြေနိုင်ပေါင်)၂။ (အို-ဆုံးတိုင်အောင် မှိုင်ကာမော၊ သည်းချာ ကြွေလု စော)၂။



## ၁၉။ တောတောင်ဘွဲ့ပတ်ပျိုး

(မြဂန္ဓမာ ဟောဝန္တာ၊ သေလာနန်း၊ ပန်းစုံဆန်းတဲ့ နန်းသိင်္ဂါ၊ အေးကြိုင် စွာ၊ ရွှေမာလာကသာ၊ ကြိုင်နံ့လှောင်း)၂။ (မြဇမ္ဗူဗွေ လွန်လေ ရွှေပန်းပေါင်း)၂၊ ငြိမ့်ငြောင်းသာလှ၊ ကျေးငယ်သာရကာ၊ သံချိုလေးထင့်၊ ကြွေးကြရှာ။ နွဲ့နုံမှာ၊ ဝဲကွန့်ခါခါ၊ ပျံကာသန်းတယ်၊ သိုက်နန်း ပင်မြင့်မှာ၊ ကျူးကြော်ငြာ၊ မြူးပျော် ကာ တွန်သံအေးတယ်၊ ငြိမ့်လေး သံစာစာငယ်ကိုလေ၊ ဖော်ရေးခေါ်ကာ၊ မျှော် ရှာ ပျော်ကာ၊ သိုက်မှာနွဲ့လို့၊ တွဲချီကာ၊ နွဲ့လေယူရှာ၊ စုံမြိုင်နန်းမှာ၊ ကိုက်ပန်း ရွှေဝတ်ညှာ။ ပန်းမာလာက၊ ကြိုင်စွာမွှေး၊ လေသွေးယူကာ၊ ပျံ့မွှေးငယ် ကြိုင် စွာ ခိုင်ညှာ၊ သာနွဲ့ကာပျံ့၊ သာရကာ ငှက်ကျေး၊ ငြိမ့်လေးပျံ့၊ ခေါ်ကြွေးသံသာ။

သဖြန်၊ ၊ထူးသလိုသာ၊ ပန်းစုံစွာ သိုက်ညာနန်းငယ်က၊ ဖော်မဲ့ရှာ ပျံကာသန်း ပါလို့၊ ရွှေနန်း ပန်းကြာလယ်က၊ ကျူးသွယ်သွယ်၊ မှူးမယ် တ,တယ်၊ ခြူးသွယ်လျပန်း။

## ၂၀။ တောဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

(နဝတတ္တ ကုဏ္ဍလ၊ စိမ်းကြည်မြ ရေယမုန်၊ စိမ့်စမ်း တွေတွေဆင်း၊ ငွေခင်းပြန့် သဲသောင်ခုံ။ စုံခြေယှက်ရုံ၊ စန္ဒရကန် အနန်း၊ နွယ်ပန်းက သင်းလို့ သာစုံ)၂။ (ပျံ့မွှေးငယ်တည့် လှိုင်ထုံ၊ ကူတုံလေ၊ မြူတုံလေ တူစုံမကွဲ)၂။ (သူ ရို့ဘာသာ မာဂဓာသံစုံ နွဲ့လို့လေ။ တိုးအောင်း ကိန္နရာ၊ ဂဇာ ရောင်ပုလဲငယ် နှင့် လေး)၂။ (တင့်ရဲ ခု ဖန်ခါခါ)၂၊ (မြိုင်ချာမှာ ကုန်ကုန်ပန်းပါပေ့)၂၊ ရှာ လမ်းသည်မှာသာ။ (ဘယ်နဲ့သိ ကံကြမ္မာ)၂၊ (ကြံကာ ဖန်ကာ၊ သည်ဖူးစာ က)၂၊ သိရှာလေဘူးငယ်ကို၊ ကျူးယောင်မိရှာ။ [(သင်းတပျံ့ပျံ့၊ နှင်းနံ့ငယ် ဂေါဇင်ဂန္ဓာ)၂၊ (ပင်မင်း အင်ကြင်းရွှေဝါ)၂၊ ရင်းမာ ကြိုင်လှိုင် မြိုင်လုံးမွှေး]၂။

သဖြန်၊ ၊(လေသွေးငယ်ဆော်၊ ပြည်တော်က ဝေး)၂၊ ၊(လေးမယ့်ဖြစ်အင်၊ ပူရေး သည်မှာမြင်တော့တယ်၊ နန်းပင်မြင့် သွေး)၂။

www.burmeseclassic.com

www.burmeseclassic.com



## ၂၁။ ကိန္နရာချောင်းခြားပတ်ပျိုး

(မြူဝန်းလို့နို၊ အလိုဘယ်ဝယ်၊ ရောက်လွယ်ငယ်နိုင်ဘဲ၊ ပတ်ဝန်းဘယ်ညာ၊ သီဒါ ချောင်းရေ ခွဲ)၂။ (သည်းကြွေလောင် တောင်ခရီး၊ ဧနီးငယ်တည့် နန်းကိန္နရီမယ်၊ မြန်းရှာရတယ်။ ရေယဉ်ဝယ် သည်တစ်သွန်း၊ အလွမ်း*တွေကကြွယ်)၂။ (အို လုမျှားမယ်၊ ဘယ်ပြည်တည့် လှမ်းရမယ်)၂။ (ကုန်ကြေဖွယ် ရေလှိုင်းဘောင်က၊ ပူဇျာ သည်နှောင်စိုး၊ ဖန်လာမိုး)၂။ (အိုညှိုးရက်၊ မြိုင်ယံကြော့ဖျား၊ တစ်အားရယ်ကငယ်)၂။
သဖြန်၊ ၊နှောင်နဲ့တူ၊ ဖော်မပါ၊ ၊သနားငယ်မှူယူနှင့်၊ ချောင်းရေတူ တစ်နယ်ဘက်မှာ၊ ကူးခက်လှပါ။ လေနှင့် ဝိုင်းပါလို့၊ ထောင့်တိုင်းငယ်က မှူန်လို့ပြာ၊ သေလာကြော့တစ်ခန်း၊ ၊နတ်နန်းကိန္နရီ၊ မောင်ကြီးကို ကူလာညီပါ့၊ မြတ်ဂီဝါ တောင်လိုဏ်ကွေ့မှာ၊ ဘုန်းမေ့ကြောင့်ပန်း။

## ၂၂။ မြစ်နှင့် တောဘွဲ့ပတ်ပျိုး**

(မြဝတီမင်းကြီးဦးစ)

(သာဆန်းရဂုံဗွေ၊ ၊ညင်းပြေပြေ၊ လေပြည်လောင်း၊ ညာခြေ စိမ်းရင့်မောင်း)၂။ (ညောင်းရွက်ကယ်တည့် ကြွေလေဟန်၊ မြညာ ရွှေရည်လျှံ)၂။ သင်းကျုံကျုံလေတည့်၊ ဝင်းလျှံလျှံ။ မြူးပျော် စံလေတည့်မှ၊ ကျူးကြော်ညံ။ (မြယွန်းဘုံ တိမ်ယံက၊ ဖန်လာ မြူနိုး၊ ဖြိုးဖြိုးအုံညီ၊ မှူန်ရီတည့် ထွေထူးဆန်း)၂။ ပန်းလေအောင် တည့်မှ၊ ကမ်း ရေယဉ်သောင်။ (ညိုမှောင်ရော်ဝါ၊ ရွှေကြာမြသား၊ နီလာ မိုန်ရောင်ဝေ***။ ရှာဖွေလိုလို ပြိုဟန်ကလည်း၊ **ခါမိုး ဟုတ်ပါဘဲ**)[၁]၂။ (သဲငွေခုံသောင်၊ တောင်ပြန်လေ၊ ဝေတဲ့ ဝေမြူးလန်း)၂။ (မြိုင်ဟောဝန်

၁။ မိုး ခါအိုဟုတ်ပါဘဲ- **မြစာ**။
* သွန်းနှင့်ကာရန်ညီအောင်/လွန်း/ဟုအသံထွက်ပါ။
** ၁၁၄၆ခု၊ မင်းကွန်းအရှေ့ဘက်တွင်(ဘိုးတော်မင်းတရားသားတော်) အိမ်ရှေမင်းစံတော်မူသည့်အခါ(ဦးစ)ရေးသားရကြောင်း **မြစာ**အရသိရသည်။
*** ညိုမှောင်ရော်ဝါနှင့် အနက်ဆက်စပ်မိသည်။**မြစာ**၊သဒ္ဒမှုနှင့်ညီသည်။



သာစခန်း၊ ပန်းလှဲ့စုံစီ)၂။ [(မြနဒီ)၂ ရေသီဒါက၊ စိမ်းတယ်ကို။ ချိုချိုသံညင်း၊ ကျူးလာ တည့်ရင်း]၂။ (ဇင်မင်းက လှိုင်လှိုင်)၂။ (စိန်ချပ်ရုံ၊ မှူန်ရွှေဝတ်ကယ်၊ လေညှတ် လာလို့၊ ယိုင်ကြွေလု စုံမြိုင်)၂။ (တွေမှိုင်ကာ မောပြေနိုင်အောင်)၂။ (အို- မယ်မောင် သံစာစာ၊ ကျူးလာ ဖော်ချင်းနွဲ့)၂။
သဖြန်၊ ၊(လဲရွှေက ကျုံ၊ ငှက်သံက ညင်း)၂၊ ၊(ဖန်နိုးငယ် စီစီနှင့်၊ မှိုင်းဝေရီ ခါနွေဆန်း ငယ်ကို၊ ထုံပန်းက သင်း)၂။

## ၂၃။ အိမ်နှောင်ဇာတ်ထွက်တောဘွဲ့ပတ်ပျိုး*

(မြဝတီမင်းကြီးဦးစ)

(လောင်ပန်း ဂမုန်းအင် လေတည့်မှ၊ အနန်း ဂေါ်သဇင်) ၂။ တစ်သွင်ခိုင်ရွှေညာ၊ အပင် လှိုင်ဝေဆာ၊ ဆွတ်ပျံ့ ညင်းလေဆိုင်ငယ်မှာ၊ ကြိုင်အေးစွာ)၂။ [ (စဉ်ကာ ယှဉ်ကာ ယဉ်ရာ) ၂။ (မြရည်လေ ရေခင်း၊ ရွှေခပင်း ငယ်မှာ ရွှေဟာသ်ာ)] ၂၊ ကြွေးလာ ရင့်ရင့်နှော၊ အို-ရွှေဟာသ်ာ၊ ဝေးကွာ တင့်တင့်စော။ (ဥသြ ရွှေသာကာ လေတည့်မှ၊ တစ် ကြော စုံမြိုင်ချာ) ၂။ (ခေါက်ရှာငယ် ခေါကျူးခြင်း၊ နွဲကာသာ ပျော်မြူးရင်း) ၂။ (လေပြည်ညင်းညင်း သင်းသင်းဂန္ဓာ၊ မွှေးပျံ့ပန်းမာလာငယ်လေ) ၂။ (မြသား ရေကန်မှာ စိမ်းလဲ့ ရှင်းကြည်စွာ) ၂။ (သံသာ သံလေး၊ ခေါကာ ပျံကြွေး၊ ဖော်ရှာ တအေးအေး) ၂။ (အို-ငှက်ကျေးမယ်နှင့်မောင်၊ ကြင်ကြိုး ဖွဲ့ယှက်ကယ်နှောင်) ၂။
သဖြန်၊ ၊(မှိုင်းရီလို့မှောင် နန်းတောင် ညာတစ်သိမ်က၊ သာဂီမှာန်နွေရတု ပေမို့၊ ကြွေလုဟန်စော) ၂။ (ကိုးနယ်ပြည့်ဆင်၊ မင်းလွှင် တိမ်မိလ္လာနှင့်၊ ပင်သိဂ်ါ ခိုင်ညှာ ညွှန့်ငယ်မှာ၊ လေ ကွန့်သည့် တော)၂။ ။

* ဟံသာဝတီတိုက်ထုတ်**အိမ်နှောင်**(ပ)တွင်ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ မြောက်အိမ်တော်သံ တေသတ်ပတ်ပျိုး
(ယော်တိုးအတွင်းဝန် မဟာနန္ဒယော်ဓာ ဦးကျိုးစိုး)

(လက်ယာ သပြေကျွန်းငယ်မှာ၊ နောင်စိုးမည့် ဇကရာ)၂။ (ရိပ်ဖြူငယ်ကာ၊ ဒီပါနယ်တစ်ရိုး၊ နေနေနတ်မျိုး)၂။ (အုပ်စိုးငယ် ပျော်စံကာ၊ မိုးနတ်ကယ် ပုံပမာ) ၂။ (မြတ်ရွှေသမ္မာ၊ တေဇာလျှံလင်း နတ်ရှင့်ရင်သွေး မောင်နှင့်မယ်ငယ်မှာ၊ သိကြားသူဇာ၊ တူတမျှငယ်၊ စံကြတော့တယ်) ၂။ (ရွှေမျှားလယ်ငယ်မှာ၊နေလနှယ် ရှုဖွယ်မခြား၊ ဟသာ်မောင်နှံလား) ၂။ (နှစ်ပါးငယ်စံ၊ သုံးရံငယ်ရွှေပေါင်း၊ ရိပ်ကြာရပ်ခို၊ ရာပြည်ဆိုတဲ့ စိန်တမွတ်ကယ်၊ ဦးညွှတ်ခပျောင်း)[*]၂။

(ဘုန်း ဘုန်းတန်း ဘုန်းတန်းတေဇာ၊ ဖြာဖြာရောင် လင်းပါလို့၊ မင်းမင်းမြတ်ထွတ် ခေါင်ဇွေ)၂။ (သာခေါင်ကြူး၊ ဘုန်းတန်းရောင်မြူး၊ ထူးထွေထွေ၊ ညာကြွေ၊ ဝါရွှေ၊ သာလေပြည်သာ၊ သာပင် သာမျိုးစည်) ၂။ (ရွှေပြည် ကေတုနန်းငယ်က၊ အောင်ပန်း တလူလူ) ၂။ (ကေတုငယ် သာခေါင်၊ မြို့ရှေ့တောင်၊ မြတ်စော ထွတ်ညီနောင်) ၂။ တန်ခိုးတော် ခြောက်ရောင်၊ အောင်နိဗ္ဗာန်ဆုထူး၊ ကယ်တင် သုံးလူ့မှူး) ၂။ (ဆယ်စုံညွှတ်နူး ရှိဦးခနိမ်၊ ဖန်မြဲ ခုဖန်မတိမ်) ၂။ (ဆုကြိမ်ကြိမ် တောင်းသော်လည်း၊ ဖော်ကွာသူ ပေါင်းရနိုင်ဘဲ) ၂။ (ရွှေသည်း နာလှတယ်၊ သိကြား လာမကယ်) ၂။

## ၂၅။ မိုးဘွဲ့ပတ်ပျိုး
(ပြည်မင်းသား)

(အို-ကမ်းလေ ရေယမုန်)၊ ကြုံလာနဲ့ပါ၊ သည်းရွှေဘဝင်၊ ဘယ်ဖန်ဆင်သည့်၊ ရှစ်ခွင်ပျိုး) ၂။ (မြခိုးငယ် ဝေရီ၊ ကိုးရပ်ပြည့်ချီ) ၂။ (လှမ်းမမီ) ၃၊ ဒေဝီညာမြန်း၊ ပူဖို့ဖန်စေ၊ နတ်နန်း ဘုံရွှေမြေက၊ သွန်းလာစေ လေပါမိုးငယ်၊ဘယ်ငြိုးသိမှန်း။ (တောင်ကမ်းငယ် ပြိုမလိုလို၊ မင်ခိုးက ညို)၂။ [ (မယ့်တစ်ကိုယ်)၂ လိုက်ဖို့အောင် သည်ရေစဲ၊ သည်းညွှတ်ပို၊ ဖန်လာတယ် လေပြင်း၊ ဆွေးကြုံရခင်း)]၂။ (မင်းလွှင်မြူမှောင် တောနှင့်တောင်၊ လျှပ်ရောင် ပြက်ကာ သန်းတယ်ကို)၂။ [ (ပြေပြေလို) ၂။ တစ်ကိုယ်မယ့်ဝယ် ပန်းတော့တယ်]၂။



(တိမ်နယ်မြသွင်၊ မြူမင်းငယ်လွှင်၊ သံဝါထင်မောင်းသည်နှင့်၊ ရိုက်ညောင်း ထပ်ဆင်) ၂။ [ (ရွှေပဥ္စင်) ၂၊ ကျူးရင့်ကာ ဖန်တော်နဲ့၊ ဆွေးကြုံရလည်း)] ၂။ သဖြန်၊ ၊မယ့်သည်းခုလိုက်ဖို့၊ ငိုမယ်ပါခင်း၊ ၊(ရေလှိုင်းပြည့်ဝှန်၊ ပူညွန်စေ၊ ဒေဝါမိုးငယ်ကို၊ ငြိုးမာန်ဖွဲ့သွင်း)၂။

## ၂၆။ ကျေးစေပတ်ပျိုး
(စာဆိုတော် မယ်လုပ်)

(ထွန်းလင်း လျှံလက်၊ ဖန်စက် လျှံ၊ သန္တာ ရည်သွေး၊ လည်ရေး မြတောင်ပံ) ၂။ (ဟန်တချီချီ ကျူး၊ တောင်ပံ ယှက်ကာမြူး) ၂။ (ဖူးတင်သ ဦးညွှတ်ခ၊ ကျေးမြ စိမ်းရွှေ၊ စေတော်မူဦး၊ ထက်တိမ်ဘုံ၊ တောင်ဟုန် ကွန့်ကွန့်မြူး)၂။ (ထူးထူးငယ်နှင့်၊ ရှင်မြူးငယ် ကြော်ကြွေး၊ လေပြည်သွေး၊ ဟန်ရေး ရှယ်ကာချီ)၂။ (ထက်တိမ်ဘုံ ဆီငယ်မှာ၊ သာကီငယ် နှယ်အား၊ စေတော်မူကြောင်း မဟုတ်လား)၂။ (ရွှေနား ထပ်ပါလို့၊ တပ်အပ်ကယ် သေခွေ၊ ခွန်းမိန့်တော်ထွေ[†])၂။ မြသေချာ သံမှုနဲ့၊ ကျေးစေတမန် ရွှေချိုင့်စံ၊ ရွှေချိုင့်စံ ဟိုကျွန်းက၊ နေယွန်းလျှင် ပြန်ခဲ့ပါ၊ ရွှေချိုင့်စံ မှန်ပုံနှစ်ကယ်၊ ပန်းမှုန်ဖြစ်ကျေး။ ကိုယ်လေးငယ်တမန် စိန်ချိုင့်စံ၊ လျင်မြန်စွာ ဟိုကျွန်းက၊ မလွှမ်းခင် ပြန်ခဲ့ပါ၊စိန်ချိုင့်စံ မှန်ပုံနှစ်ကယ်၊ ဘုန်းတော်ဖြစ်ကျေး။ သဖြန်၊ ၊(လေနှင့်ရော၊ တိမ်ကြောကို ပျံပါလေကွယ်၊ ပန်းရည်ငှက်ကယ်)၊ နန်းရွှေဘုံနယ်၊ ဆွေမယ်ရှိ့ထံပါး၊ ၊ချန်မဆိုင်းပါနှင့်၊ မှန်တိုင်းတင်ပါချေကွဲ့၊ နန်းမြေသူ့နား။ ။

## ၂၇။ တောတောင်ဘွဲ့ပတ်ပျိုး

(မြိုင်ခြေစုံသာ၊ အိုင်ရေ ကုဏ္ဍာ၊ ခိုင်ရွှေဒုမ္မာ ပျံ့ပျံ့သင်းသင်း။ ဂေါသီတာ၊ လေးသွယ်ကျဆင်း) ၂။ (ပြောင်စိန်ထိန်လင်း၊ တောင်မင်းဂိရိ၊ သွန်းဖျား ဝန်းလျား၊ ဇွဲစွန် ငွေပြွန်၊ ညာကြေ ကျလျှော၊ ရေတံခွန် သာမောပါဘိ၊ တော ပေါမဝန်) ၂။ (နတ်မွန်မိုရ်ဇာ၊ လိုရာဖို့မှန်း၊ ဂီဝါရောင်၊ နီလာဘောင်၊ စိမ်းမြညိုရောင်၊ ဘယ်တောင်သာ ခေါ်ကြ မှန်းသိလေး) ၂။ ရတု၊ ၊နန်းမြိုင်

---

[*] သဗ္ဗတွင်- ဦးညွှတ်ခပျောင်း၌ သီချင်း ဆုံးသည်။

[†] ထွေ = မိန့်ကြားသည်။ မိန့်ကြားချက်။

www.burmeseclassic.com

www.burmeseclassic.com



ကေရှင်၊ ရွှေနားဆင်လော့၊ ဆယ်အင်ဇာတ်မှာ၊ ပညာကြီးသူ၊ ဝိဓူရဇာစ်၊ ဖြစ်သည့်ခါကြို၊ အာဏာဟုန်ကြောင့်၊ နတ်ပုဏ္ဏက၊ မြင်းအသသနှင့်၊ ရွှင်ကမြူးကြွး၊ အန်လောင်းစားရှဲ၊ ပတ္တမြားကျောက်၊ ထွန်းတောက်အရောင်၊ တောင်ဝေဘူဟု၊ လူတို့ဝေါဟာ၊ခေါ်ကြပါသည်၊ ။နန်းလျှာ ထိပ်ခေါင်တင်ဘုရား။
သဖြန်၊ ၊ တိမ်ကြားငယ်မီ၊ ရေ့ဆီ ဘယ်တောင်ခေါ်သိ၊ ကျွန်ယုံတော် ဉာဏ်ကျယ်ချဲ့လို့၊ တင်ခဲ့ပါ့စမ်း၊ ၊ ဘုံသုံးလူ့ကော၊ ငါးထွေမာရ် ဉာဏ်တော် ချုပ်ပေတဲ့၊ ဗုဒ္ဓဟေ ပင်သီရိသာပါ့၊ ဇောမိညောင်နန်း။ ဝိုက်သန်းလို့ခွေ၊ သဲငွေခုံ သောင်ဖွယ်ရစ်ပေတဲ့၊ ဘယ်မြစ်ပေလဲ၊ ။တစ်နဲ ငယ်သာ၊သုဇာတာ ရွှေစင်ခွက် ကယ်နှင့်၊ အထက်ကယ် စံတော်ရာနှင့်၊ ရွှေမြစ်သာ နေရဥ္စရငယ်လို့၊ ရှေးကခေါ်မြဲ။ တစ်နဲငယ်သာ၊ သုမမ္မာ သာလာရပ်လိုနှင့်၊ ထေရ်မြတ်ကယ် ဘယ်သူ တော်တို့၊ ပျော်တဲ့ဘုံတုံး၊ ။ဘုံသုံးလူ့ကော၊ ခြောက်ရောင်ထွေ ထိန်လင်း တဲ့၊ သိမ်စကြဳ စံတော်ရာနှင့်၊ ရတနာ ရွှေအိမ်မြတ်ကယ်လို့၊ ခွဲမှတ်ပါဘုန်း။ အထုံးထုံးငယ်နှင့်၊ စုရုံးငယ် သည်မှာ၊ သာယာ ထွေထူးတယ်၊ စုံညီအံ့ဖွယ်ကြူးပါလို့၊ ကြည့်နူးဖွယ်သည်တစ်ခို။

## ၂၈။ အိနောင်ဇာတ်ထွက်ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

(ဖြူပြာ မူရာ၊ သူဇာ နေလို့၊ နတ်ကယ်ရွှေကိုယ် ထင်မိမှား) ၂။ (စက်ပန်း ညောင်ပြဒ့်က၊ နန်းဘုံမြင့်ဖွား) ၂။ (တစ်နိုင်ငံ၊ မြိုင်ယံခြား၊ ကြံအား ဆောင်လို့၊ ကြိုးနောင် ရှာတယ်။ မိုးဣန္ဒာနွယ်) ၂။ (မြတ်မျိုး ဒါဟာမယ်က၊ ဉာဏ်ခြယ်လှယ် သဏ္ဍာ ငြိမ့်မှာ၊ မြင်တော်ရှာလိမ့် နိုး) ၂။ (ဗွေဆိုင် ခွေယိုင်၊ ပုပ္ပုံပျိုး၊ တန်ခိုးကြောညာ၊ ဒေဝါမင်း၊ ဖန်ဆင်းကူလို့ သူမညီ။ ကျွန်းမလ္လာ၊ ပင်လယ်ခြား၊ သနားရန်ဖို့၊ လွမ်းတာကိုယ်စီ၊ ဝေးကွာခဲ့ပြီ)၂။ လေညင်းငယ်ချို၊ ပန်းရွှေဖို အင်ကြင်းငယ်၊ သင်းတပျံ့ပျံ့။ နွေရာသီ၊ ခါမီ မြေမင်းငယ်၊ ရှင်းတသန့်သန့်။ (တသင်းလှိုင်ပျံ့ မွှေးထုံကြူ၊ ဒါဟာနန်း၊ မြန်းမဲ့သူ)၂။ မင်ရွှေဂူထဲ၊ လေယူခွဲ၊ အူသည်းလိုက်မျှ၊ ရှိုက်ကာဆိုငို၊ ဆွေးရန်ကပို)၂။ နေညိုညို၊ ရွှေကိုယ် မျှော်တော်ရေးနှင့်၊ ဆွေးတသိမ့်သိမ့်။ မြိုင်ရပ်ကယ်ခို၊ လေချို ဆော်သွေးလို့၊ အေးတခြိမ့်ခြိမ့်။ (ငြိမ့်ငြိမ့်ညောင်းညောင်း၊

BURMESE CLASSIC .com



သောင်းသောင်းညံညံ၊ လွမ်းရန်ပိုတဲ့ ရွှေငှက်သံ) ၂။ ပျံကာသာ၊ အေးရင့်ကျူး၊ မောင်မယ်စုံ ဖိုမမြူး) ၂။
သဖြန်၊ ။(ကြည့်နူးရန်စုံ၊ ရဂုံနယ်သိုင်းလို့၊ ဘယ်တိုင်း ဘယ်ပြည်ရွာခု၊ ရှာတွေ့နိုင်သေး) ၂၊ ။(တွေးခုမျှော်ယောင်၊ ပြည်သီခေါင် နောင်မြန်းမဲ့၊ တောင်ကမ်း ပဇာသိန်ကငယ်၊ လွမ်းရှိန်နှင့်ဆွေး) ၂။

## ၂၉။ တောင်လားပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

ဂန္ဓာမာတောင်၊ လိုဏ်နန်း ချောင်ငယ်ကသာ၊ ပူအောင်စေသာ၊ ပန်းဖြေနိုင် ပါငယ်နှင့်လေး၊ မာလာရွှေခိုင်၊ နွမ်းခွေကာ ယိုင်သည်နှင့်လေး၊ (ပန်းဖြေနိုင်၊ ပူဝန်ပိုပွား မြပန်းငယ်တည့် အင်ငုံ၊ ဝတ်မှုန်ငယ် ကြွေညောင်း၊ သင်းကြိုင်ပျံ့ လှောင်း)၂။ (မဥ္ဇူရွှေရောင်၊ နန်းမေရတောင်၊ ရီမှောင်မှောင် တောင်ဖျား၊ ပိန်းခြုလို့သား) ၂။ (အထူးထူး ထူးလို့ခြား၊ မြသားငယ် အသွယ်သွယ်၊ ညာဘယ်ဝယ် မိုးကမည်း) ၂။ [ (ဆိုလည်း တန်ဘဲ) ၂။ လွမ်းဟုန်က ကဲသကို လေး၊ နွဲ့ နွဲ့ နွဲ့ နွဲ့ ကျူးသီဖွဲ့]၂။ (မစဲနေ့လုံး၊ ဟောဝန်ပတ်ကုံး၊ ရီမှောင်ပိတ်ဖုံး၊ နှံးလျှော့လျှော့ လိုက်ခုန်၊ လိုက်ခုန်တည့် ဆန်းဆန်း၊ နွမ်းတပျော့ပျော့) ၂။
သဖြန်၊ ။ပန်းစေတော့ ဆိုသလိုပင်၊ မိုးလုံးပြည့်ဆင်။ အိုထိပ်တင် ရှူပါ ဘုရား၊ ။(တစ်ကိုယ်တမ်းမို့၊ ပန်းဘုံဗွေ၊ ချော့ချည် ပိုက်ချည်*၊ ကြလေနွမ်းတယ်၊ ပန်းစေရော့ လား)၂။

## ၃၀။ ရေလားပတ်ပျိုး

( ဇာတ်ဆရာ မောင်ကျောက်ခဲ)

(ရွှေယင်ပေါင်၊ ငွေယင်ပေါင်၊ သဲခုံပြန့် ကျွန်းရွှေသောင်)၂။ (ပျော်မြူးကြ ငှက်မယ်မောင်၊ လည်ချင်းတွဲလို့၊ သဲငွေသောင်) ၂။ (လွမ်းဖို့ဆောင်၊ ဖိုးခေါင် စင်ရော်၊ ငှက်တော် မြစ်တွေး) ၂။ (ပူဖို့ဖန်၊ သဲကန်ရေယဉ်အေးမှာတည့်လေ၊ ငှက်မောင်နှံ၊ လွမ်းရန် လည်တင်ကြွေးလို့လေး)၂။ (တဆွေးဆွေးငယ်နှင့်၊

* ကာရန်အရ/ချော့ချေပိုက်ချေ/ဟုအသံထွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပူရေးငှဲပြင်ကျယ်၊ များတယ်ပ့ါ ခုကြုံအင်)၂။[ (သူ့မမြင်) ၂။ လွမ်းအင် ကြံဖွယ် ဆိုက်ပြန်တော့တယ် လေး]၂။ (သိုက်နယ် သည်ကျွန်းမှာ၊ လွမ်းဖော်မဲ့ဝေး)၂။ [(ရေပင်လယ်) ၂။လောင်းငယ် ကုန်ခပ်လို့၊ ကူးတတ်နိုင်သေး] ၂။ (အံ့မှိုင်းလို့ရီ၊ နဒီ ပင်လယ်ရိုးမှာ၊ မိုးချုပ်ချည့်လေး)၂။ (အို–ဖြေလည်း နေမသာ၊ ပူရေးဆင်ပြန်လာ)၂။ [ (ကြံမသာ) ၂၊ ရောကြော့ ဝဲငယ်မှာ]၂။ [ (မယ်နဲ ပူပုံကြွယ်)၂။ အို–သည်ကြုံရေး ငယ်နှယ်]၂။ (ဆွေးပါတယ် နော်သည်း၊ လွမ်သူမျှားပွဲ)၂။ [(ဖဲ ဘုံဇာပေါ်)၂၊ ချစ်သူ့ကိုယ်တော်၊ မြင်တော်လာဘဲမို့၊ သည်မယ့်ဖြစ်နဲ]၂။ [(လွမ်းတယ် ရွှေကိုယ်) ၂၊ ဘုန်းကြော့မိုမို။ မယ်*လိုပူဆွေးစ၊ လေးမယ်နှင့်လေး]၂၊ (အကြင်နယ်ဝေးသူတို့၊ ဆွေးပူလိမ့်မယ်၊ ကြံကာပန်းပါဘိ၊ နန်းနေညွန့်နွယ်)၂။

သဖြန်၊ ။(ကြိုလှည့်ပ့ါခုနယ်၊ သူ့မယ်နှင့်ဝေး)၂။ (ရွှေလောင်း လှေငယ်နှင့်၊ ရိုးပင်လယ် နဒီဝဲငယ်မှာ၊ တုန်သည်းကအေး) ၂။

## ၃၁။ အလွမ်းဘွဲ့ပတ်ပျိုး
(မြဝတီမင်းကြီးဦးစ)

(လွမ်းခလေ့၊ မျှော်၍ငယ် စေပင်၊ မိုးယံဝဝယ်၊ လကိုမြင်၊ ကြယ်စင်ဟုတ်ဘူး၊ လွမ်းသူ့နောင်၊ စောရွယ်လူး)၂။ စိုင်ရှုံးငယ်တည့် တန်ဆောင်၊ ကြယ်မောင်မင်းနှင့် ဟသာ်တောင်၊ ညီနောင်ကြက်ကယ်၊ မောင်ရင်ဆိုင်းနှင့် တိမ်လှိုင်းလယ်၊ အသွယ်သွယ်၊ ဘယ့်နှယ် လွမ်းတယ်လေး၊ (နိုင်ဆည်ဖြေ ငယ်နှင့်သာ၊ ဖန်ရေရေ)၂။

ရတု၊ ။ကြွေမည့်ရွက်လည်း၊ ပင်ထက်မမျှ၊ ရွှေလျှံခသား၊ မယ်လျှ†ဖိုးခေါင်၊ တောင်လည်းမြင့်သွန်း၊ ဝေ့ဝန်းရစ်ဝိုက်၊ တိမ်တစ်လိုက်နှင့်၊ ။ရွှေကိုက်သပြေ ပင်ရိပ်ဝေ။

နန်းမြေမနီး၊ မြိုင်ကြီးကာသည့် ဟေမာရဂုံ၊ ဘယ်ဘုန်း စေသိ၊ သည်ရွှေ အမွှန်၊ သင်တိုင်းခြုံပါမှ၊ ဆင်သိုင်းငယ် ထွေပါရော့လား၊ ဖြစ်လေဆန်းငယ်၊ ပူပန်းစေဖို့သာကြုံ။

---

† မယ်လျှ = ငှက်။

* နေရာအချို့တွင်ပါသည့်မယ်အစား မောင်ဟုအချို့ကပြောင်းလဲဆိုကြသည်။



သဖြန်၊ ။မှိုင်းမှိုင်းငယ်လေမို့မို့၊ ရစ်ဆို့ငယ်ဝန်းလို့အုံ၊ ဇေယဘုံ ရွှေဗွေနယ် က၊ နတ်ကယ် ဘယ်ဖန်ဝေခွင့်၊ ပူစိမ့်စေပျိုး၊ ။ပျော်တော်ကြုံး၊ ရွာဘူးထင့်ကောင်းပေကို၊ သည်လိုသာ မှန်ပါရော့၊ နွှေပြန်ညွှန့်ငယ်မှာ၊ လေကွန့်တဲ့မိုး။

## ၃၂။ ကျေးစေပတ်ပျိုး
( မင်းကြီးကတော် ခင်ဆုံ)

(သန်းရုံခြွေ၊ ရွှေကြော့ဝန်း၊ စံပယ်အုံးငယ်မှာ၊ မပြယ်ဆုံး သာပ့ါ၊ ဘယ်ဘုန်းငယ် မိန့်ခွန်း၊ မိုးစည်ရင့်သာ၊ ကိုးဖြာက ရွမ်း) ၂။ (မျှော်လည်း ကျွမ်း သည်နှင့်၊ တနွမ်းငယ် ခွေခွေ၊ သဇင်ခက်ကယ်နှယ်၊မဆင်ရက်နိုင်နှင့်၊ ဘဝင်သက်ကယ် ဆည်နိုင်စေ)၂။ မြနန်း သိန်ရဗွေ၊ တိမ်ခြေ ယှက်ဆိုင်း၊ မှိုင်းရင့်ရင့်၊ သိုင်းဝင့်ဝင့်၊ နိုင်းချင့်စာဘဲ၊ သံနွဲ့ မချုန်းတောင်း။ ရွာလာပြန် သန်မိုးနှောင်း။ ဖန်တော်မူ ပူဆွေးကြောင်း)၂။ နှင်း တပျောင်းပျောင်း၊ ဖြန့်သွန်းလောင်း၊ **ဝါကျွမ်းရွက်ပေါင်း၊ ဖူးပွင့်ညောင်း၊**[၁] ရွှေဖီခိုင်နှောင်း၊ နယ်က ပူအင်၊ သည်သည် ရွှေသည်းငယ်မှာ၊ ကြည်ကြည် ကြေကွဲပေပ့ါ၊ ဖြေလည်း အို–ခုတိုင်ပင်)၂။ (သံလွင်သီဖွဲ့၊ ချီတဲ့နတ်မောင်၊ လျှပ်ရောင်ငယ် ဟန်ပြ၊ ကြံရေး၊ ဉာဏ်ပေးလေဘိသော်မှ)၂။ နွမ်းလျှတွေးတော၊ စောသူ့ကေသွယ်၊ ဇင်ငုံ မှလေးငယ်မှာ၊ ထင်ပုံ မအေးနိုင်နှင့်၊ မြင်ရုံနှင့်ဝေး၊ လေသွေးရာ ကြိုင်လွင့်ပြယ်။

သဖြန်၊ ။(မွေးမှုန်ကြော့လယ်၊ နှောင်းရွယ် ဆင်တော်ပိုင်မဲ့၊ မြခိုင် ဘယ်ကေသီလုံ့၊ ရွှေညီပုလဲ)၂၊ ။(မှာရွှေခွန်း၊ သာညွှန်းငယ် တင်ချေနော်၊ ဗွေမော်တိမ်ညွှန့်၊ မေယိန်ဘုံ့ဝယ်မှာ၊ ငွေမှုန့်ဆွတ်ဖွဲ့)၂။

---

၁။ ဝါကြွင်းရက်ပေါင်း၊ ဖူးခွင့်ညောင်း– ပြုံးနန်းထွက်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၃။ မိုးဘွဲ့ပတ်ပျိုး

(ပြင်စည်မင်းသား)

မုရိုးငယ်တည့် ထက်စည်သံ၊ ပတ်ခြံကိုးနယ်၊ မိုးလယ်တစ်ခွင်၊ ပဒ္ဒင်ဆော်ကာ၊ ဆည်းဆာငယ်ချိန်ယွန်း၊ ဘယ်ဝန်းညာဝေ့၊ ရစ်ကွေ့ကျူးကာ၊ မြူးလာဆင့်ဆင့်၊ သွန်းသည်နှင့်နှင့်။

**ရတု၊** ၊ကျွန်းခဲ့ဂိမှာန်၊ ချိန်ဝသန်လည်း၊ အမှန်ခါပြု၊ သည်ရတုဝယ်၊ ဘာနုယာဉ်သာ၊ ပြဘက်ာလည်း၊ နိန္နရာင့်၊ လောင်မကဲ့သို့၊ ထောင်ဖွဲ့ခြည်ရုံ၊ ဖန်ခိုးလုံ့သား၊ နှင်းမှုန်ဆွတ်ဖျန်း၊ မိုးတစ်သွန်းတည်း။

(စိန်ယွန်းငယ်တည့် ခြူးကြာညောင်၊ လရောင်ပြက်ကာ၊ ပန်းလွှာလေကြက်ရန်း)၂။ (ငုံသရဖီ၊ ထုံဆီကြိုင်လှိုင် တုန်းမို့လေ၊ အုံးကာသီ၊ သာမှိခွေကာ နံ့သည်နှင့်လေး)၂။

**သဖြန်၊** ၊သုံးယံမြင့်ပြို၊ ပဟိုရ် စည်သံသာက၊ လွမ်းရှာလေစေ စိမ့်အောင်လို့၊ ဆော်ငြိမ့် စည်ကျူး)၂၊ ၊ကျုံကျုံကြွေး၊ ရင့်လေးငယ်တည့် မိုးငယ်မှု၊ ဘယ်ပျူငှါနှင့်၊ ရှာပလိမ့်ငယ်လေး၊ ရွှေတိမ့်နတ်မှူး။

## ၃၄။ ကိန္နရာချောင်းခြားပတ်ပျိုး

(ငယ်တိုးအတွင်းဝန်မဟာနန္ဒယော်ဓာ ဦးကျိုစိုး)

(မယ် သေချင်လိုက်ပါဘိ၊ မကိုင်ရှုကေညွှန့် သွန်းရွှေစင်၊ ချောင်းသီဒါမြစ်ကြီး၊ ကာဆီးလို့ ကြျတဲ့အင်၊ နောင်မြင်တော့လား၊ ဝလာပိုင် နတ်သိုင်း၊ ဆော်လှိုင်းလို့ မိုးနှင့်လေမှာ)၂။ (မောင်ကြီး ခေါ်တ၊ မယ့်ဗျာပါ။ ထင်လာ မြင်လာ၊ ဗျာပါထပ်မွှား) ၂၊ (တောနှင့်ရဂုံ၊ စုံခြေ ဂနိုင်ခြား လို့လေ၊ သက်မသေ၊ ဘုန်းဝေသူ တစ်ပါး ကြောင့်လေး) ၂။ [ နတ်မျှားကူပါ၊ ပူဆာရွှေရင် ကျွမ်းမျှလေ၊ (စီးကျမျက်ရည်) ၂။ တွေတွေ သည်မြိုင်စွန်းကလေး]၂။ (ဆွေးကြွေယိုင် ငယ်နှင့်သာ၊ လွမ်းတွေ လို့မှိုင်)၂။ (ဖြေနိုင်တော်ရှာ၊ ရွှေအားတော်ငယ်၊ နတ်နွယ် တစ်ပါး ရယ်ကြောင့်၊ စုံဖျားကန္တာ)၂။ [(မမြင်လာ)၂၊ သက်လျာမောင်နှင့် ဝေးတယ်လေး]၂။ (ထင်မြင် ယောင် ငယ်နှင့်သာ၊ ကြင်ဖော်နှောင်)၂။ (သည်းငယ် လောင်မြေ့၊ မြောက်တောင် အို–ဘယ်ဆီ၊



သိလည်းနိုင်ပြီ။ ရိုလဲ့မှုန်လို့၊ ပန်းစုံ ဟောဝန်ကြောက သီခေါင်။ ဘုန်းမောင်ဘုန်းမောင်၊ တမ်းလို့မျှော်ယောင်။ ရွှေတောင် ဂန္ဓမာနန်းသို့ ရောက်အောင်၊ ကူဆောင် ယူနှောင် ပို့ပါနတ်မောင်။ စုံခြေဟောဝန် ကျေးက ဝေးသီခေါင်) ၂။ [(ရွှေဘဝင် စောလို့ မော သေအောင်)၂။ လူမနှောတဲ့ တောသာခေါင်လေ၊ လူမနှောတဲ့ တောသာခေါင်]၂။ {သစ်ကျားရယ် စိုင်ပြောင်နှင့် ရှောင်ပါ မဝေး။ တစ်ကိုယ်ရေး ဟာမို့၊ ဆွေးပြန်ခဲ့ပြီ။ (သေလည်း သေသေ)၂။ ရှာဖွေမြန်းတယ်၊ စက်ပန်း ဘယ်သို့၊ နှောင်ဖြန့်ချိ] ၂။

**သဖြန်၊** ၊ပုလဲသီ၊တစ်ကွဲစီ ဘယ်ကံဖန်လို့၊ကြုံရဟန်ထူး၊ ၊သွင်းလေဆောင်၊ စုံကျေးသည်မြိုင်ချောင်က၊ နီးလွယ်အောင် ကြံတော်ကြပါ၊ လေးပါးနတ်မှူး။

## ၃၅။ တောဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

စုံနယ်သာစွ၊ မှုန်ကြွယ်ညာမြ၊ ပင်လှငယ် ရွှယ်ညီ၊ မျှော်လေရာ ကြိုင်လှိုင်လန်း သည်နှင့်၊ စံခန်း ဘယ်ဆီသို့ငယ်၊ တွေးတို့တတ်ပြီ။ တိမ်သီဂီ၊ နေရိငယ် ဆည်းဆာ၊ တောင်သနင်း၊ ကျည်ဆင်းငယ်လေ၊ ယဉ်ရေသွယ်ဖြာ။ ဂမုန်းအင်နှင့် ဇော်ဇင် ဂန္ဓာ၊ ဇီဝဒိုး မယ်မောင်၊ ဖိုးခေါင်နှောသည့်၊ **တောသာကာ**[၁]။ လေသာ လေညင်းငယ်၊ သွေးက သွေးသနှင့်။ **ဆွေးသူ ဝေးသူ**[၂]တို့၊ ရေးယူခွင့် ဖန်မစာ၊ နှင်းလှိုင်ညီသည့်၊ ကေသီဆံညာ၊ ငါးအာလိန်မြင့် ဝတီမှန်ကြာ၊ မြစ်ခင်းငယ်လေ၊ ဘယ်သုန်မှုန်ခြင်းငယ်ကြောင့်၊ တင်းမမာ။ ဖန်လာတော် မူရေးငယ်၊ နှေးက နှေးသနှင့်။

**သဖြန်၊** ၊ကျေးသံရင့် ပဟိုရ်၊ ၊ချစ်တင်းငယ်နှောင်၊ ဖိုးခေါင် နာရီနှင့်၊ ရွှေစာမရိ ဇဏီသားငယ်တို့၊ စောင့်စား ဖန်ဝေမှု၊ နန်းသူ့ဖြစ်ကို။ မသုံးလို၊

---

၁။ တောမြိုင်ချာ – သဗ္ဗ၊ မေဒနီ၊ ပြုး၊ နန်းထွက်။

၂။ ဆွေးသူဝေးလူ – ပြုး၊ နန်းထွက်။

www.burmeseclassic.com

www.burmeseclassic.com



ချိုချဉ်ငယ် စပ်ဖန်နှင့်၊ မတန်ရာ လေခဲ့၊ ထွေထွေသစ်သီး၊ ၊ရွှေကိုယ်တော် တွက်ကယ်ကြောင့်၊ သက်ဆက်ကာ နိုင်သာမျိုရတယ်၊ ရောက်လိုရာညွှန် ညွှန်ရေးကငယ်၊ ဆွေးကြွေလုနီး။

## ၃၆။ တောင်လားပတ်ပျိုး*

(ပခန်းမင်းသားကြီး)

(အောင်မြေသာစံ၊ သောင်ယံသဲက၊ ပုလဲလိုလို၊ ခင်းသာတယ်ကို)၂။ [(ရေညိုညို)၂။ ဒိုးရို†စီးပါလို့ ခရီးသာသာ လမ်းမှာလ၊ ရွှေတဲ့ရွှေမြစ်ညာ]၂။ (ရွှေတက်ကယ်ကိုင်ကာ၊ သီဒါ သောင်ကမ်းခြေ)၂။ (စိမ်းရွှေငယ် ဖြူပြာ၊ ညိုမှောင်ဝါသွေး၊ တိမ်စွယ်ရိပ်ကယ်ကမေး)၂။ ရွှေပြည်တော်၊ မျှော်တိုင်းဝေး။ (ရွှေသွေးမျက်ခြည်၊ လေပြည်ယူသိမ်း၊ မြစိမ်းရောင်ညို့ညို့၊ မှိုင်းမို့မို့၊ ရေတည့် ရေကန်သာ)၂။ (ပဒုံရွှေကြာ၊ အငုံဝေဆာ၊ ရဂုံဇွေမှာ၊ ညှိုးညှိုးညင်းညင်း)၂။ (ကြိုင်မွှေး မာလာ ပန်းစုံက သင်း)၂။ တစ်ဆင်းတက်သော်၊ တစ်တောင်ကျော်၊ တစ်မော်ရုံလျှိုး၊ တစ်ချုံတိုး။ တစ်မိုးသောက်လျှင်၊ တစ်နေဝင်၊ တစ်ခွင်မြိုင်ကြီး၊ ဂနိုင်ဆီး။ (တောကြီးငယ် တောင်ကာ၊ သေလာ တောင်စောင်း၊ ပိတ်ပေါင်းငယ် သာထွေ။ သပြေပင်နန်း၊ ရေယဉ်စမ်းငယ်နှင့်၊ စခန်းရောက် အောင်မြေ)၂။ (အပန်းငယ် ဖြေကာ၊ ဗလာတူယွန်း၊ သံသာ ငှက်ကယ်က ညွှန်း)၂။ နှစ်ကိုယ်စံ၊ ဖန်တိုင်းကျွမ်း။ (အလွမ်းငယ်ထွေ၊ ဆော်လေက ဖြူး၊ သာပျံ့ပျူး၊ မာလာ ငုံဖူး၊ ထုံနံ့မြူး၊ သာထူးဆန်း)၂။ (နန်းရွှေတောင် မြင့် နတ်ကယ်စံရာ၊ လွမ်းလေအောင်ဆင့်၊ ထပ်ကာ ကြုံလာ)၂။ (မလုံလေပါဘဲ ထွေး၊ ရွှေရင်အုံ ချမ်းမြအေး)၂။

သဖြန်၊ ၊(မလေး ကုန်ချစ်တဲ့၊ မှုန်နှစ်ကယ်လေး။ တောချောင်မှာ မောင်အိပ်လို့၊ တောင်ထိပ်မှာကွေး)၂။ (တောင်တောင်မြင့်၊ တောင်မြင့် ဂန္ဓမာ၊ ကြာတိုင်းမွှေး)၂။ ရေကန်သာ၊ ကြာတိုင်းအေး။ (ရွှေပြည်တော်၊ မျှော်တိုင်းဝေး)၂။

---

† ဒိုးရို = လုံးထွင်းလှေတစ်မျိုး။

* ဘိုးတော်မင်းတရားသည် သားတော် ပခန်းမင်းသားကြီး သတိုးမဟာဓမ္မရာဇာကို မျက်တော်မူ၍ မြစ်ညာသစ်တောသို့ပို့ရာ အောင်မြေသာစံပတ်ပျိုးကို ရေးသားဆက်သွင်းသဖြင့် အမျက်တော်ပြေ၍ ပြန်ခေါ်တော်မူသည်ဟုဂီတစာဆိုတော်များအတ္ထုပ္ပတ္တိတို့၌ တွေ့ရသည်။



## ၃၇။ ကိန္နရာချောင်းခြား ပတ်ပျိုး

(ဖြေနိုင်ပေါင်၊ တွေမှိုင်ယောင်၊ တောသာတဲ့ သည်မြိုင်ချောင်)၂။ (ဘယ်ဝဋ်နှောင်၊ ဖန်လာမှန်း၊ ရှေးကံက ဆန်း)၂။ (အို ပန်းဖွယ်သာ၊ ဣန္ဒြာမြင့်မင်း၊ တင်းပါ့ သေလာ။ ဘယ်ငြိုးတော် ဖန်လေသိ၊ မယ့်ကိုမုန်းတယ်၊ ချွန်းဇွေဖွဲ့ရှာ)၂။ [မိုးရောလေပါ၊ သေလာ မြေပြင် စောင်းမျှလေ၊ (ရှစ်တိုင်းဝန်းအုံ)၂။ သုန်သုန် လေပြည်၊ လောင်းပါလို့လေး]၂။ [တောပေါင်းငယ်တည့် ကာ၊ စံရာမြင့် သီလာနန်း၊ (ချောင်းရေယဉ် လျှမ်းပါလို့၊ လမ်းမသိပါပြီ)၂။ (လေးပါးသခင်)၂။ (မြင်တော်လာဘူးငယ်၊ ဦးတင်လို့ချီ)]၂။ (ရွှေဝန်းရံ ညီ၊ ကိန္နရီဖော် လည်း၊ ကွဲခဲ့ပြီ လေး)၂။[(သည်ပူဝန် ရေးငယ်နှင့်)၂၊ မအေးတဲ့ပါပြီ၊ မူးချိန်မီ]၂။ (တိမ်သီဂီငယ် နှင့်သာ နေရီရီ)၂။ [လှမ်းမီတော့ရှာ၊ (နဖဝါးတော်နာ)၂။ သွေးခြည်သာ တန်းပါလို့၊ အို ပန်းဖွယ်သာ]၂။ [(သည်ကန္တာ)၂။ လိပ်ပြာ တုန်လို့၊ ထိတ်တယ်လေး]၂။ (ဆွေးပူပုံငယ်နှင့်သာ၊ သည်းကြွေရုံ)၂။ [သွန်းခြုံတဲ့ကာ၊ (နယ်ကိုးဒိသာ)၂။ စည်တံမြှောဖြိုးပါလို့။ ရွှေမိုးတွေရွာ]၂။ [(စိန်ခရော)၂ ကျူးလာသီရင့် စောတယ်လေး]၂။ (မောသေဖွယ်ငယ်နှင့်သာ၊ တော ဟောဝန်လယ်)၂။ [(အသွယ်သွယ်)၂ လျှပ်နွယ် လောင်လို့ လင်းတယ်လေး]၂။

သဖြန်၊ ၊(ခင်းကိုယ်တွေ့ကြုံပြန်လာ၊ မျှော်ရာကဝေး)၂၊ ၊ဆော်ကြက်ကယ် ညံစီစီနှင့်၊ သီကရီ ဟောဝန်ရိပ်မှာ၊ လွမ်းစိတ်နှင့်ဆွေး)၂။

## ၃၈။ ရာမဇာတ်ဖြည့်ပတ်ပျိုး

(သာယာဝတီ ဦးဝိုင်း)

(ဘုန်းများများမင်း၊ ကြေညာ ရွှေတေဇာ ပတယ် ပတယ်၊ တောင်ဒီပါ ဇွေလုံး သောင်းရွှေမြေ ရာထီးညွှန့်၊ နေနွယ်မြတ် နတ်ကယ်လို)၂။ (ဒေဝီကုမ္မာ၊ သီတာ ညာစံ၊ လောင်းနတ်ရှင်မှန်)၂။ (ရွှေထံတော်ရေး၊ ခေါင်းဆယ်လုံးကျေး)၂။ နီလာရွှေသွေး၊ စိမ်းပြာလဲ့ ရီမှောင်ညိုလွှာ၊ ဖြူပြာတည့် ဝိုးဝင်း၊ တောင်ဒီပါ ဝေမှိုင်း၊ မျှော်လေတိုင်း ခုမှုန်ဝေ။ (ရွှေပဒုမ္မာ လွှာချပ်လယ်က၊ ငွေပဒုမ္မာ လွှာချပ်လယ်က၊ ကြာနတ်ကယ် ညှိုး၊တခွေ့ခွေ့ညှိုး)၂။ [(သွယ် တတွေတွေ၊ ရွှေစက်လည်သို့)၂၊ ငွေမျက်ရည်မိုး။ ဖြိုးဖြိုးဝေဆာ၊ သီတာတည့် ပြာဖြူ

www.burmeseclassic.com



လုံလေးငယ် ပျောင်း၊ တပျော့ပျော့ ပျောင်း)]၂။ (ဘုန်းမိုမို၊ ရွှေသီဟိုဋ်ဘောင်၊ ငှက်ယောင်ပျံလာ ခဲလှလေ၊ အောင်ဖေယျာ ဇမ္ဗူညာမယ်၊ နတ်ကယ် ဖန်လာဘဲ မို့လေး)၂။ [(ကြေးအူချာ၊ ပွေပူတာ၊ ဆွေသူမှာဖွဲ့နှမ်း)၂။ ရွှေသီဟိုဋ် ဘက်ကယ်က၊ ညိုညက်ကယ်လွှမ်း၊ တပျော့ပျော့ လွှမ်း]၂။ (ထွန်း တေ ဇာ ပြောင်၊ ညီနောင်တည့် ဖွေရှာ၊ တောင်ဒီပါ၊ မာလာဖွေ၊ လေညင်းရော၊ တောကြီး ဟောဝန်လယ်၊ စုံခြေ စုံခြေ မြိုင်သာမော၊ တော မော်ရုံကြော)၂။(ယမုန်နာ၊ ဂင်္ဂါရေညို၊ ကမ်းယံကပြို)၂။ (ရွှေကိုယ်ညီနောင်၊ စက်ယောင် ပန်းမော)၂။ တောစုံခြေ၊ မှန်ဝေမြိုင်လမ်း၊ တောင်စက်ရေနှင့်သာ၊ အောင်မြေစခန်း။ (ရွှေသမင်၊ ပြောင်ဆင်ကျားရဲ၊ ကျွဲနှင့်ယုန်ငယ်၊ ချေဒရယ်၊ ပျော်ဖွယ် ဖိုမ က၊ မြူးကြ ညံ့ညံ့)၂။ ။(အို–မြိုင်ယံအုပ်ကယ်က၊ ရွှေဘုတ်ကယ် ဆော်၊ မြည်တော်သာ၊ ရွှေလင်းပြာ ငယ်လေ၊ ဖိုမမြူး။ သာစွဖိုးခေါင်၊ ပျော်မြူးဆောင်၊ သုံးထောင်ပတ်လည် တောကမဆုံး)၂။ (လိုဏ်ဂနိုင် မြိုင်တခြား၊ မိုးသားကျူးလို့၊ လေဦးခါ၊ ဆွတ်ဖျန်းလာ၊ ဆွတ်ဖျန်းလာ၊ ပက်ပါပက်ပါ၊ အို–ဘယ်ကံ၊ ဖန်လာရေး)၂။ (မလေး မယ့်သည်းအုံ၊ လေးမယ့် သည်းအုံ)၂။(တုန်ရွှေသည်း၊ မယ့်သည်းအုံ၊ ရွှေရင်ကွဲ လဲရရုံ)၂။ (မှိုင်းမှုန်ပြာ၊ အာကာ ညိုးညံ့)၂။ ဘယ်ရေးကံ၊ ဘယ်ရေးကံ၊ အို–ဘယ်ရေးကံ၊ ဘယ်ရေးကံ၊ အာကာဖွေတိမ်ယံ။

**သဖြန်၊** ။(သီဃိုဋ်မျက်မှန်၊ ရထား လေယာဉ်ပျံနှင့်၊ ကြံဆောင်လေခင်း)၂၊ (နှင်းကဲ့စီစီ၊ ကျမျက်ရည် အလီလီနှင့်၊ မြတ်နောင်ညီ မြင်လာဘဲ ငယ်ကို၊ ခြေလည်းခုရင်း)၂။

## ၃၉။ ရွှေဘိုမင်းကိုယ်တော်တိုင် ထုတော်မူသည့် ဆိုင်းတော်ဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

(နွှာပြာသင်း၊ ညင်းပြေပြေ၊ လေပြည် မြူးပြန်ပြီ။ အိုသဉ်ဖွေဦး၊ ဖူးညဉ့်ခြုံ၊ စီစီရုံ၊ မှုန်ငွေနှင်း။ အိုဂေါ်ဇင်မင်း၊ သင်းလှိုင်ထုံ၊ ထပ်ချပ်ကယ်ပုံ၊ လုံပါဘူးငယ်လေ သန်းယံကျူးပြီမေ၊ အို–လုံပါဘူး၊ ညင်းလေကမြူး)၂။ (မှန်စံညာ၊ ရိပ်ကြာကြော့ဦး၊ သည်ဆိုင်းတော် မဟာသိန်က၊ လွှမ်းချိန်တန်ပါပြီလို့၊ မေသရီ မယ်တရှိုင်ငယ်မှာ၊ သာဘိ ညွတ်နူး)၂။ (ကြိုင်မြူးလှိုင်ယှက်၊



ကိုးမျက်ကယ်တည့် ခြယ်လှယ်အုံ၊ ပဒ္မာမြားဝတ်မှုန်၊ စိန်ချပ်ရုံ ထုံရည်သင်း၊ **ရွှေရိုးရွှက်ညာ၊**[1] နီလာတည့် ဖန်ရည်ရေး၊ ကျေးမယ်နှင့်မင်း)၂။ (နွှာပြေပြေ မှုန်ဝေနှင်း၊ ချစ်တင်း ရွှေညီစုံလို့၊ ရဂုံ မြိုင်ယံတွင်း ငယ်မှာ၊ လွှမ်းလေက ညင်း)၂။ (မြတောင်စာ၊ ဘမရာ ဣန္ဒနီငယ်တို့၊ သိရီဝတ်ရည်ထုံသည့်၊ စိန်ချပ်ရုံရင်း)၂။ (တိမ်ညွှန့်မိုးယံ၊ ဝိသုကံ သည် ဆီကြုံသည့်၊ လွှမ်းပုံကို ဘယ်ဝယ်နေ့ငယ်မှာ၊ ဖြေ၍မရှင်း)၂။ [(ရတနာကိုးသွယ်လေ၊ ရောင်နှယ်ညီးလို့လင်း။ ရာစင်းလေ၊ ရာမင်းလေ၊ ထံရင်းလေ၊ ညွတ်ကြည်)၂။ ခိုလှုံ ခသည် နှင့်သာ၊ ရွှေမြေ အမရ၊ သာစွ ထွတ်ဦးဇွေ၊ ညွှတ်နူးဖွယ်စေ၊ ရှိုဦးငယ်သာ ထွေ]၂။ မျှော်မဆုံးနိုင်ဖွယ်၊ ဘုန်းမြတော၊ ဆိုင်းတော် ပရမေ၊ ဆယ်နေငယ် လျှံမောင်း၊ ဇမ္ဗူရည်ပွင့် မြဂ္ဂန္ဓန်၊ သရက္ခန်၊ လည်ပြန် ရွှေတိုး အောင်း ငယ်နှင့်၊ သွယ်ခွေပျောင်း၊ ဥဒေါင်း ကိန္နရာ၊ ဂမုန်းအင်နှင့် **ဂေါ်ဇင်မာလာ၊**[2] နွှာသင်းလေနှင့်သာ၊ ဆွတ်ကြွေငယ် ဖွယ်သာ၊ သည်လွှမ်းပုံနှင့်လေ၊ ရည်ညွှန်းရုံ တင့်စေ၊ ဖန်တော်နေး၊ ရေဝေးနေနှင့်ကြာ။

**သဖြန်၊** ။မလွှမ်းဘူး၊ မှိုင်မှုးဖြေရမည်တာ၊ ဂေါ်ဇင် နွယ်နွှာပြာက၊ နှင်းပါ ညာလေသွဲ့ငယ်ပါ၊ ကြွေခဲ့ဖွယ်ရေး၊ ။(အို–သို့တုန်းပါ၊ သည်ဆိုင်းတော် မှန်ရွှေညာက၊ ဗျာပါ ဖြေဆည်နိုင်ဖွယ်၊ ပုလဲဆိုင် သာစွာဘိငယ်မှာ၊ ကိုယ်သိနှင့်ဆွေး)၂။

## ၄၀။ မိုးဘွဲ့ပတ်ပျိုး

(ယော်တိုးအတွင်းဝန် မဟာနန္ဒယော်ဇာဦးကျိုး)

(အာကာယံထဲ၊ စံမြိမြိန်းလို့၊ နန်းဖန်ဆောင်၊ လှိုင်း ရွှေတိမ်တောင်)၂။ (စိမ့်ကြီး မြိုင်ကြီး ရိပ်ကြီး သာခေါင်၊ မှိုင်း ဝေဆာမှောင်)၂။ (မြအရောင်လို တစ်တောင်လုံး၊ ပြုံမည့်ဟန်လို မိုးဆင်လာဖုံး)၂။ (ဆိုင်းတွေတွေ၊ မှိုင်းဝေဝေ၊ သဲခုံမော်ငွေ၊ ပုလဲပွင့်ကုံး)၂။ (ဆည်းဆာ ညံ့ညံ့စာစာ၊ တောဟော၀န္နာ၊ တောင်ဂန္ဓမာ)၂။ (မာလာဂန္ဓာ၊ နတ်ကယ် ဖန်တော် နန်းငယ်နန္ဒမူ။ မဥ္ဇူရွှေခိုင်၊ လှိုင်ရနံ့မွှေး။ ယူဆောင်လေညင်းသွေး၊)၂။ (ကျေးလို၊ ညိုညိုပြာပေါင်၊

---

[1] ရွှေယိုးရွက်ညာ – မြစာ။

[2] သဇင်မာလာ – မြစာ။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းလဲ့ငွေရောင်၊ ဖြန့်ရွှေတောင်)၂။ (ပလဲ †ကူး၊ တစ်နဲထူး၊ မြိုင်ဦးရဂုံမှာ)၂။ (မှောင်မှောင်သာ မိုက်ပါလို့၊ ပိန်းဝိုက်ကာရွာ။ တိမ်ညှိုကြော့ငယ်က၊ ပန်းပျော့ပျော့ဝို)၂။ (လှဲ့လှဲ့ငယ်ပြာ၊ တောင်ရိပ်ကယ်ကာ၊ မြိုင်ကြီး တောဟေမာ)၂။ (လမ်းဘယ်ညာငယ်လေ၊ မိလ္လာရည်သန်း၊ ဆင်တော်ရန် ညွှတ်သည့်ပန်း)၂။ (ညွှန့်ဝေငယ် လူလန်း၊ ပင်နန်းငယ် သပြေ၊ သီးမှည့်ဇမ္ဗူရွှေ)၂။ (ကြည်းရေမြ အဆင်း၊ သောင်ငွေ ပုလဲခင်း)၂။ (အို ရင်တွင်းတုန်လှက်၊ မြင်ဖူးကြုံရပြန်)၂။ (နတ်ကယ်ဖန် မှန်မည် ဖြစ်မြဲပေပါ့လေ။ ဆက်သရန်၊ ဖူးတံညာလဲ့ ဝေလှလေး)၂။ သဖြန်၊ ။(ရေးရေးရုပ်သွင်၊ ပါးတွင်ဝယ်ထင်ရှိလို့၊ မြင်မိပြန်ရင်း)၂၊ ။(ရွှေသုံး ရံကာလို့၊ ရွှေမျက်နှာ သော်တာ ဝန်းငယ်၊ နော် ထွန်းပေ့လင်း)၂။

## ၄၁။ ကိန္နရာချောင်းခြားပတ်ပျိုး
(ဇာတ်ဆရာ မောင်ကျော့ခဲ)

(ဟေဝန်စုံမြိုင်၊ သင်းကြိုင်ညာလန်း၊ ပူပုံပွေ၊ ထွေဆန်းလှ လေး)၂။ မြပန်းကိုက်ရုံ၊ ခိုးရီမှုန်၊ တိမ်ပုံဆင်စ၊ မြောက်ပြန် သွင်းလေချို)၂။ (ဖီလာလေ ရိုက်ပါလို့၊ ပုံတိုက်ကယ်ကွဲ)၂။ (သဲငွေဖြူသောင်၊ မယ်မောင်ခေါ်တမ်း၊ တူရေသဘင်၊ မြူးရွှင်ကြ သာမြိုင်လယ်)၂။ (မှိုင်ပန်းဖွယ်၊ ကျွမ်းတယ်လေ ကြေကွဲ၊ ယက်ပြေး ရေလျှံ၊ လှိုင်းသံ ကသဲ)၂။ (ပျော်ပျော်ပျော်ဘဲ၊ ပျော်ဘဲလျက် ကယ်နှင့်သာ၊ ပူရ မှိုင်ရေး၊ လေက တသွေးသွေး)၂။ (ဆွေးသူမှာ၊ သည်းဗျာထုပို)၂။ (ဂန္ဓမာ ရိပ်ခို၊ မွှေးနံ့ချို၊ သီလာဂူ ကို၊ လွမ်းပိုမျှော်ယောင် တမ်းမိမိလေ)၂။ စိန်ကက္ကရား ဖန်လာတည့် မြေခုံမော်။ သွင်းဆော်လေဖျန်း၊ ရာသီတမ်း။ ဖူးငုံညာလန်း၊ နွာပြာပန်း။ တိုင်းနယ်မြေခန်း၊ ဘုံရွှေနန်း။ လှမ်းခက်ဖွယ်၊ ဟေဝန်တောင်နှင့်၊ တောငယ်မှာ၊ ကျူးသံသာသာ ဖော်ကွာနှင့်သူ၊ မြိုင်ငူစုံထဲ၊ ဖိုတလို့ တဝဲဝဲ။ (မာလာစုံထဲ၊ ပျော်ဖို့ရွှေမြိုင်၊ သင်းထုံနံ့ကြိုင်)၂။ (ပန်းဝတ်ကယ်လှိုင်၊ သဇင်ခိုင် သူကုံးလို့၊ ဘုန်းမိတဲ့ခင်း)၂။ (သွင်းခါခါကို၊ ပူရာရနီး။ မြိုင်ရဂုံချာ ဇွေလယ်က၊ ငှက်ကယ် သံဆန်းပျူး)၂။ (ခိုးသန်းရီပြာ၊ ဆင်မိလ္လာနှင့်သာ၊ မြလွှာ တိမ်ရိပ်ညို)၂။ (အိုအို ဆည်လေ၊ ထွေထွေတစ်ခန်း၊

† ပလဲ = လိုက်ဖက်မှု၊ ပန်



ပန်းစေပူ၊ စိန်ဂူစွန်း)၂။ [(သာညွှန်း ငှက်မောင်နှံ၊ ပျံစံရာ၊ ပျံချင်ပြီ၊ (မှုန်ရီမှုန်ပြာ)၂။ (လျှပ်ခိုးတိမ်တောင်၊ လွမ်းလေအောင်)]၂။ (တောင် ဝက်ပါ၊ စည် သံသာထွေ၊ ညှိုးလေအောင်၊ ပြာရီမှောင်၊ တောင်လုံးမောင်း)၂။ (ရဂုံစုံပေါင်း၊ ထုံနံ့ လောင်းသလေ)၂။ (သောင်းခန်း သောင်းခန်း၊ ဒီပါဇွေလယ်၊ ကျွန်းပတ်လို့၊ နိုင်ငံမြေဝယ်)၂။ (ရှာတယ် ရှာတယ် မောင်နှံ၊ ရှေးဆုံကြ ဖူးရွှေစာကံ)၂။ (နတ်ဟန်ချစ်တူ ကိန္နရာ၊ ချောင်းညိုမြ ရေယဉ်သီဒါ၊ ကွဲပြန်ရ ရှေးဝဋ်ဖန်လာ)၂။ သဖြန်၊ ။ပူစရာ၊ သည်စာ ရွှေဖူးနှယ်၊ ထူးတဲ့ ကြုံနဲ၊ ။[(နတ်ဖန်ထွေ)၂၊ (ရွှေမြေ စိန်မှုန်ခင်းမှာ၊ မင်းမြင်လှည့်ဘဲ)]၂။

## ၄၂။ ရာမဇာတ်ဖြည့်ပတ်ပျိုး
(ဇာတ်ဆရာ မောင်ကျော့ခဲ)*

(ဒီပါအေးမြ သပြေညာ၊ ရွှေတောဇာ၊ ရာသောင်းလုံး)၂။ (ဘုန်းဇရော ဂုဏ်ငယ်မှာ၊ မော်ရုံ ဇွေစွန်းက၊ ခွေနွမ်းရန် ကြုံတယ်ကိုလေး၊ ပန်းပူလို့ဆွေး)၂။ (မကြုံလာ၊ သီဒါသား၊ ခြားလို့နေတဲ့ ဟေဝန်တောင်၊ ရီမှောင်ဆိုင်း၊ မှိုင်းလို့လို့လေး)၂။ (တံပိုးရေကြော်၊ ဝဲမော် ဓေ့ဝိုင်း၊ မျှော်လေတိုင်း၊ ခေါ်လေတိုင်း၊ ဗျာလှိုင်းဆူလို့၊ ပူရန်ကြွယ်၊ ပင်လယ်ကြီး၊ ဆီးလို့လို့လေး)၂။ (ကောင်းကင် ထက်ကယ်က ငှက်ကယ်လို၊ သည်ဟို ပျံတတ်နိုင်သေး။ ဟိုတိမ်ယံ ဘုံပျံဆန်း၊ နေနန်းနွယ်၊ လဲ့ပြာပြာ၊ ကြမ္မာ ဘယ်ဝင့်ကယ် ကံမို့လဲ၊ ဆွတ်လွတ်ကယ် အူချာပွေလို့၊ ဆွေးကြွေလုသည်း)၂။ ။(နန်းရွှေတောင်ညာ၊ လွန်ပူဆာ၊ ခွေယိုင်ကာသာညှိုး။ ဝတီပြည်သာ၊ ယာမာဘုံတိုင်၊ အုံ့လှိုင်တောင်ခိုး၊ ရေနတ်ကယ် မေခလာနှင့်၊ တောသာစောင့်မျိုး၊ ဘယ်နတ်ကယ် ဖန်မကူလို့၊ နန်းသူကြောင့်ညှိုး)၂။ (ချိပ်ပန်းငယ် ကာ၊ နှင်းတိမ်တွေ အဖြာဖြာနှင့်၊ လွမ်း သာလွယ်အောင်၊ ကမ်းဟို တိမ်ယံ၊ ရွှေတိမ်တောင် တက်ပါလို့၊ ဝင်းညက်ကယ်ထံ၊ ဘယ်တမန် မောင်စေလို့၊ ခင်းဖြေလိမ့်လဲ)၂။ (သန္တေကြာယူ၊ မျိုးမြတ်တဲ့သူ၊ ဆန်းမှုရာသား၊ နန်းသူငှဲ့လား)၂။ ရင်သပ်ကာ တမ်းပါလို့၊ ရမ်းမျှော်မိယောင်၊ သည်းခေါင်မှာ ဖိုလှိုက်လို့၊ ငိုရှိုက်ယောင်မှား။

* ငယ်တိုးအတွင်းဝန်ရေးသည်ဟုသဖွတွင်တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သဖြန်၊ ။(သာပေါင်းငယ်ထွေ၊ သပြေ ပိုင်စိုးမဲ့၊ နေမျိုးဖျား)၂။(ရွှေဘုန်းစက်စုံ၊ စိန်ခြုးအုံ ဘုံကနက်မှာ၊ ထီးချက်ရိပ်ဖွား)၂။

## ၄၃။ အလွမ်းဘွဲ့ပတ်ပျိုး
(မြဝတီမင်းကြီးဦးစ)

(စိုးအမွှန်မှူး၊ လဲ့ကြူးမှုန်ရုံဆင်၊ မျှော်တိုင်းပန်းဖွယ့်၊ မန်းဗွေခွင်၊ သံရှည်ကျူးရင့်)၂။ (တိမ်နယ်တစ်ဝန်း၊ ရွယ်ညွှန်း ရေးသက်တင်၊ သန်ကြွင်းဖြိုးမျှ၊ မိုးနတ်ရှင်၊ စာနာဘဲပင်)၂။ (သည်ရွှေဘဝင်၊ ဖြေလည်း နေမရှင်၊ အို– ဘုန်းကိုယ်တော့် သွင်၊ ခေါ်ယောင်သားထင်)၂။ ဖန်ဆည်လည်း၊ လွန်ကြေကွဲ၊ သည်းကဆွတ်ကြင်၊ (သည်ရွှေဘဝင်၊ လွမ်းအင်ကို နိုင်ဆည့်ဖြေလို့၊ ပြေပါ့မည်လဲ)၂။မင်မှောင် ဆိုင်း၊ တိမ်ဆိုင်းငယ်လေတို့၊သည်ခုလိုပြိုရင်သာပြိုပါ ရော၊မာန်ငြိဖွဲ့ငယ်မှာ ကြုတဲ့ပြုနဲ့။* (ညွတ်ပြိုလုဖွယ်၊ မြင်ထင်တိုင်း၊ တိမ်ဆိုင်း မြရောင်နှယ်၊ ဆွေးဖွယ်ကို ဘယ်ဆွေနတ်ကယ်၊ မှတ်ရည်မိသာရွယ်၊ အို– ဖြေရက်မယ်၊ သက်ကယ်ကြွေလျှဖွယ်၊ တန်ဘဲငယ်လေ၊ ဟန်နွဲ့ခြိမ့်ခြိမ့်မြူး)၂။ (ဘယ်ဘုန်း ပြန်ရွှေစာ၊ မှန်ယွန်းစံသိင်္ဂါ)၂။ [(ယဉ်သွယ်ဖြာ)၂။ မျှော်တော်ရာ **နန်းနှင့်မဝေး၊**[၁] ဗွေသီဟာမန်းနှင့်တစ်ပြေး၊ ကျူးအေးသံကြော်)]၂။ (စိုးတော်မှူနဲ့၊ မိုးမာန်ကူဖွဲ့၊ သွယ်ပြိုင်ရွှမ်း၊ ကျွမ်းမည်သို့၊ သည်လွမ်းရေး)၂။ (စုံမြိုင်လယ်)၂၊ ငှက်ကယ်ခေါ် ကြွေး၊ ပျော်မြူးအေးသလေလေ။ (စုံမြိုင်လယ်)၂၊ ငှက်ကယ်ခေါ်ကြွေး၊ ပျော်မြူး အေးသလေ လေး လေး။ မင်းဝံတောင်ဆိုင်း၊ တိမ်ခြေဆို့ ညို့ညို့မှိုင်း၊ ရွှေကိုင်းဖေယျာ၊ မြင်ထင်မန်းနှင့်၊ နန်းသိုက်ညာ။ (မကျွမ်းသာ)၂၊ လွမ်းတာ မယ်ဝေး၊ သာလို့ဆွေးလေလေ။ (ဂေါ်ဇင်ညာ)၂၊ ချာပြာညိုအေး၊ မြိုင်လုံးမွေး လေ လေး လေး။ ရွှေကိုင်းတစ်ဖက် ရေယဉ်ဝန်း၊

---

၁။ နန်းနှင့်ဝေး – မြစာ။

* ကြုတဲ့ပြုနဲ့ နှင့် ညွတ်ပြိုလုဖွယ်အပိုဒ်ကြား 'ပုလဲငယ်လေသောင်ငွေခင်း'ချီ အပိုဒ်တစ်ပိုဒ်ကို မြစာ၌ တွေ့ရသည်။ သဖ္ဗဒ္ဒမှုမတွေ့ရတော့ချေ။



ကျွန်းသန်လျက်၊ ကြက်ယက်ကယ် ဘုန်းခေါင်၊ မြင်ထင်မန်းနှင့်၊ နန်းနတ်တောင်၊ ညိုနောင်ကြက်ကယ်၊ တစ်ကိုယ် ထူးမို့၊ ကူးရမယ်။ (အသွယ်သွယ်)၂၊ လွမ်းတယ်လေး၊ လွမ်းသူမယ်ဝေး၊ သာလို့ဆွေးလေလေ၊ ချစ်တဲ့သူမယ်ဝေး၊ မြင်လှည့်လေ လေး လေး။ (သိုင်းချီ ထွေငယ်နှင့်သာ၊ မှိုင်းရီဝေ)၂။

သဖြန်၊ ။အို– မိုးနတ်ဆွေ၊(တစ်ဘုန်းဘယ်ဉာဏ်ပွေလို့၊ ခုစေတော်မှန်း)၂၊ ။ ဂေါ်ဇင်မင်း၊ ပျံ့သင်းငယ်တည့် ကြိုင်လှိုင်ထုံ၊ တိမ်ဘုံဗွေက၊ ခြွေလိုမှုငယ်မှာ၊ သြော် သူ့ထက်ပန်း။

## ၄၄။ အိမ်နောင်ဇာတ်ထွက်ရေလားပတ်ပျိုး*
(မြဝတီမင်းကြီးဦးစ)

(မှိုင်းပြာမှုန်ဝေ၊ လေပြည်လာ၊ ခါခါနှင်းဖွဲ)၂။ (ရဂုံမြိုင်ယံ ထဲမှာ၊ ပန်းလည်းစုံစီ)၂။ (ယဉ်သီဒါထွေပြား၊ ရေမှာ မြလားလေ)၂။ (ထားကေလုံ့ပန်း၊ နန်းကြာကြော့စံ)၂။ (ကြုပြန် ခါမှန်း၊ ရွှေစက်ကယ် မြန်းပါလို့)၂။ (ပျော်ခန်း ပျော်ခန်း ဘယ်မှာမှ၊ နှုန်းပင် နှုန်းမမျှသည်နှင့်လေး)၂။ (အလို–ရွှေသွေး၊ သည်းချာက ဆွေး)၂။ (ပျံ့မွှေးငယ်တည့် ကြိုင်ဇွာ၊ ဂန်တည့်သာ ဂန္ဓမာ)၂။ (သိင်္ဂါစံမှုန်၊ ရွှေငုံလှိုင်ညီ၊ ရွှေဖိဆင့်လောင်း၊ ရွှေကျေးတမာ၊ သာကာဒေါင်း)၂။ (သံညောင်းငယ်သာ၊ ကျူးလာရင့်ရင့်လေ။ သံညောင်း ငယ်သာ၊ ကျူးလာ ရင့်ရင့်လေး)၂။ (သင်းသင်းလှိုင်ဝေ၊ ဝင်းဝင်းခိုင်ရွှေ ညင်းညင်းငယ်သာလေ)၂။ (ဆံကေသိမ်းနိုင်၊ နှမ်းခွေကာယိုင်၊ တွေမှိုင်ယောင်သား)၂။ (တိမ်းပါး ယိမ်းနွဲ့နွဲ့၊ စိမ်းလဲ့လဲ့၊ ကမ်းနဲ့ရေဟုန်၊ သဲငွေခုံသောင်နမှာ၊ ကျွမ်းကြွေလု လွမ်းဖွယ်ပုံ)၂။ မာန်နယ်စုံ၊ မရွှာဘဲမှုန်။ ငွေခုံသောင်ဦးက၊ ထူးတဲ့အမူ၊ တစ်ပင်ပျံသန်း၊ ကြာနန်းကြော့ လှနတ်တူ၊ ပူအောင်လို့သာ၊ မိုးဖြူသန်ကြွင်း၊ ငွေနှင်းနှင့် တိမ်ရောရာ။ (တောင်တောသာ၊ မာလာရွှေခိုင် ပန်းကလေ၊ ကြုံဖူးပေါင်၊ သည်းခေါင်ကြွေလု နှမ်းလျလေး)၂။ (မင်းလွှင်ငယ်တစ်ခန်း၊ ညိုစိမ်းလန်း)၂။ နေနန်းငယ်ဘုံရွှေ၊ (မှိုင်းလို့လို့ လွမ်းဖွယ် ထွေပြန်တယ်ကိုလေး၊ မှိုင်းလို့လို့

---

* ဘိုးတော်မင်းတရား လက်ထက် ၁၁၆၀ ပြည့်နှစ်၊ သားတော် အိမ်ရှေ့မင်းက အိမ်နောင် ဇာတ်ကြီးကို ရေးသားရာ၌ ပွတ်စပါးမင်းသမီး (ပုပ္ပမင်းသမီး)၏ ခမည်းတော် ဒါဟာ မင်းကြီးသည် မိဖုရား သားတော်သမီးတော်တို့နှင့်ဝိလ္လ မာယာ တောင်သို့ နတ်ပူဇော် ထွက်စဉ် ရေယဉ် ချောင်းတွင် ပျော်ပါးသည့် ဇာတ်ခန်း အတွက်ဦးစရေးသားဆက်သွင်းရကြောင်း မြစာ၌ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းဖွယ်တွေ)၂။ ဖန်ဖန်လဲ၊ နွဲ့လို့စေ။ ရေသီဒါနန်း၊ သာခန်းကြော့ သဲခုံဖွေ၊ လေပြည်နှင့်သာ၊ ရဂုံမြိုင်တွင်း၊ ကြိုင်သင်းပျံ့ပန်းမာလာ။ (ရွှေပြည်သိင်္ဂါ၊ ဒါဟာ စံနှုန်းဘက်မဲ့လေ။ ကြာနန်းပျော်၊ကိုယ်တော် မြင်လာစမ်း ပါလှည့်လေး)၂။ (အို–ဘယ်မှန်း ရှေ့နောက်တောင်၊ ရော်ရမ်း သိတတ်နိုင်ပေါင်)၂။

**သဖြန့်၊** ။(သဲငွေပြန့်သောင်၊ မောင်မယ်ကကြွေး)၂။ (ရှုလည်း ကုန်နိုင်နှင့်၊ စုံသာမြိုင် ရေယဉ်နန်းငယ်မှာ၊ ပြန်လမ်းကဝေး)၂။

## ၄၅။ အီနောင်ဇာတ်ထွက် တောလားပတ်ပျိုး*

(မြဝတီမင်းကြီးဦးစ)

(အထူးထူးငယ်နှင့်၊ မြူးပျော်ဖွယ်ပေ၊ တွေတွေလာလာ၊ သာမျိုးငယ်ဆန်း)၂။ (နန်းကြာညို ကြော့စံမယ်၊ နတ်ကယ်မူရာ၊ ဖြူပြာသွယ်နွဲ့၊ ကုံတယ်ယဉ်နယ်၊ ရွှန်းရွှန်းလန်းလို့၊ မျှော်ရေးပန်း) ၂။ (အလို ခါနွေဦး၊ ဖူးစီ ညွန့်လန်း)၂။ (မာလာပင်နန်း၊ သာသည် မယ်မောင်၊ ပန်းရည်ပျော့ တောင်)၂။ (ခေါ်ယောင်ယောင် သံရင့်လေး၊ စိမ်းညိုလဲ့ ကျေး)၂။ (လေပြည်ဆော်သွေး၊ ပျံ့လာစုံမြိုင်၊ ပန်းမှုန် နံ့လှိုင်)၂။(အလို–သင်းကြိုင်ကြိုင်၊ အလို–နှင်းလှိုင်လှိုင်)၂။ (ခိုင်တည့်သာ ခိုင်ရွှေညာ)၂။ (သာမျိုးငယ်ထူး၊ တစ်ပင်ပျံကူး၊ ကျေးသူတို့မြူး)၂။ (တိမ်းမူး ယိမ်းနွဲ့နွဲ့၊ စိမ်းလဲ့လဲ့၊ သိမ်းတဲ့ကေခိုင်၊ နှမ်းခွေယိုင် သာလျော့တယ်၊ မာလာ ကြော့နှင်းလှိုင်လှိုင်)၂။ သင်းကြိုင်ကြိုင်၊ ဝင်းမြိုင်မြိုင်။ (တစ်ခိုင်လုံး ရွှေ ညင်းလေ ဆော်မြူး၊ နွေဦးဆန်းလန်း ဝေဆာပန်းငယ် တွေလာ၊ တောတောင် လုံးလည်းစာစာ။ ကျေးသာကာ။ မြရော် အဝါ၊ ဖြူညို ရွှေပြာ ငွေခုံသောင်သာ၊ ကျူးရင့်ကြွေး ကြော်ငြာ၊ မြူးပျံကာ)၂။ ပင်တိုင်းငယ်မှာ၊ သိင်္ဂါရွှေရည် သန်းလို့လို့။ နေနန်းဆောင်၊ ဖန်ရောင် တိမ်ခိုးက ဖြိုးရင့်အုံ။ စီစီငွေနှင်း၊ လေညင်းက လွှမ်းဖွယ်ပုံ။ ကြုံပြန်ရတယ်၊ နီလာမြရော၊ တိမ်ကြောက ပြိုမည့်နှယ်။ (ကြာယွန်းလယ်၊ ဖြေလွယ် ပြေရန် ရေးငယ်နှင့်လေ။ "သာမျိုးစုံ၊"**

* ဤသီချင်းကိုလည်းမှိုင်းပြာမှုန်ဝေပတ်ပျိုးနှင့်အတူရေးသား ဆက်သွင်း ခဲ့ရကြောင်း၊အီနောင်ဇာတ်နှင့်ဆိုင်သည့်တောလားချင်းဖြစ်ကြောင်းမြစာတွင်တွေ့ရသည်။သဇ္ဈတွင်လည်း အလားတူ ခေါင်းစဉ်တပ်သည်။

** "သာမျိုးစုံ–––ပျောင်းလို့နွဲ့ကာတွေ"အပိုဒ်အစား"သာမျိုးစုံရဂုံမြိုင်ယံဝေးငယ်ကလေး၊သင်းကြိုင်ငယ်ပျံ့အေး၊ မြိုင်မြိုင်လုံးမွေး။ငှက်ကျေးငယ်သာယာ၊ သံခြေကျူးလို့နွဲ့ကာတွေ။ပြေအောင်ဖန်လည်း၊ နွဲ့ပိုကျူးကာတွေ" ဟုမြစာနှင့် သဇ္ဈတွင် မူကွဲတွေ့ရသည်။



ရဂုံမြိုင်ယံ ကျေးငယ်ကလေး)၂။ (စိမ်းညိုငယ်လဲ့သွေး၊ ရေရေလိုအေး)၂။ သံလေးငယ်ပျော်ပြေ၊ (ပျောင်းလို့လို့၊ နွဲ့ကာ တွေ ပြန်တယ်ကိုလေး၊ ပျောင်းလို့လို့ နွဲ့ကာတွေ)"၂။ ပေမာန်ကြွင်း၊ ညင်းညံ့ပြေ။ လေပြည်ဆော်သွင်း၊ ငွေနှင်းက လွှမ်းရန်တွေ။ ဖန်နေလဲ့မှိန်။ အာကာကလည်း၊ ကြေကွဲဖွယ့် ခိုးညိုပြာတိမ်။ (မြခြူးလိမ်၊ စံငြိမ် ရွှေပင်ဦးငယ်ကလေ။ သိုက်နန်းလယ်၊ မောင်မယ် ခေါ်သံထူးလို့လေး)၂။ (အို–နွေကူး၊သာလှတယ်၊ ရွှေဖူး၊ညာမြနှယ်)၂။

**သဖြန့်၊** ။(မိုးယံမြင့်လယ်၊ ပြိုမယ်ခု တိုင်း)၂၊ ။(မြကြော ညိုညိုနှင့်၊လွှမ်း ပိုအောင် သာလေညင်းငယ်မှာ၊ ငွေနှင်းက ဝိုင်း)၂။

## ၄၆။ ဘုန်းတော်ဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)*

(ကုန်းဘောင် ပရမေ၊ ဇေယျာဘိ၊ သီရိ သီရိ ခနစ်ကြိမ်၊ ဗြဟ္မာဆုနှင်း၊ အောင်ခင်း စံရိပ်ငြိမ်။ ရွှေတိမ်ညွန့်ဝယ်၊ လေးရောင်ခြည်လျှံလန်း၊ နတ်နန်း ဝေယန်နှယ်)၂။ (ပတ်သန်းငယ်တည့် ညာဘယ်၊ ရဂုံ တောင်နယ်၊ ပျံ့ကြွယ်ကြိုင် မွှန်း)၂။ (ယဉ်ဇရော၊ ရွှေသလ္လာ၊ ပေါင်းခဲ့ယှက်ဖြာ၊ လက်ယာခွေ၍ဝန်းသည်နှင့်လေ။ မြကျည်သွန်၊ စီးဝှန် ညာမြင့်သွန်း ငယ်ကလေး)၂။ သဲငွေလျှံ သောင်ကျွန်း၊ တင့်ရွှန်းငယ်တည့် ဝေဆာ၊ သံစုံစုံ ရင့်လေး၊ ငှက်ကျေး ချီချငယ်သာ။ ရေမှာ ရှုလျှင်၊ ရွှေဒွါ ရွှေလောင်း၊ မြစ်ကြောင်းက၊ အတင်တင်။ (ရွှေနန်းငယ်တည့် ရှေ့ရင်ပြင်၊ မြလျှံသွင်သွင်၊ ရေယဉ်ပြည့်လင်း)၂။ (ပန်းရက်ထုံ၊ ဝတ်မှုန်ရွှေရည် သင်းလို့လေ။ ဆိုင်းဆိုင်းစည်၊ လေပြည်ဆော်လှူ့ သွင်းပါလို့လေး)၂။ (အိုကန်မင်း ကန်မြတ်မွန်၊ သာမျိုး ဆင့်ဆင့်ငယ်လွန်)၂။

**သဖြန့်၊** ။(လေးသွယ်ကျပြွန်း၊ စီးဝှန် သုန်သုန်ဖြာလို့၊ ကဏ္ဍာလာ ရေကြာကြွယ်သည့်၊ လွန်အံ့ဖွယ် ကျူး)၂၊ ။ကိုးဂီရိတောင်၊ ကုန်းဘောင်ရွှေဝတီ ညွန့်၊ ဇေယျသိန် နေသနင်းငယ်မှာ၊ ရာမင်းညွှတ်ရုံး။

* ကုန်းဘောင်မင်း(ခေါ်) ရွှေဘိုမင်း နန်းတက်စ ကျောက်မြောင်း၌မြို့သစ်တည် ၍စံနေစဉ် ရေးသားဆက်သွင်းကြောင်းမြစာ၌လာသည်။

www.burmeseclassic.com

www.burmeseclassic.com



**လောကနတ်**၊ ။(သောင်း လုံးမြေလျှံ၊ ကျုံကျုံကြွေးရှင်၊ တော်ကြီး သံထင်နိုး)၂။ (နတ်ပေါင်းငယ် ကြော်ကြြာ၊ သခ်ါငါးမည်၊ တုလောင်းငယ် တံရှည် ပျိုး)၂။ (ယမုန်သီဒါ၊ ့အဟုန်ချိကာ၊ ပင်လယ် အဏ္ဏဝါဖြိုး)၂။ (မြန်ခန်းထွတ်စိုး၊ ရွှေဦးသျှောင်၊ ကုန်းဘောင် ဖြူဝန်းမိုး)၂။ (ညွှတ်ကျိုး တင်ဆင်ကာ လေတည့်မှ ရှိဦး မြတ်ဆယ်ဖြာ)၂။ (စကြာတော် လျှင်ကြောင်းရေး၊ ဩဘာတော် သံချီးကြွေး)၂။ (ဖွဲ့ရေး ကုန်နိုင်ပါ လေတည့်မှ၊ ရွှေနန်း ရွှေညီလာ)၂။

**ပဥ္စရူပဘွဲ့**၊ ။(အဆင်း ငါးဖြာ၊ ကမ္ဘာငယ်လေ ရှည်မြင့်ညောင်း၊ အကြောင်း ကဲလွန်စွာ)၂။ (သီဟာငယ်လေ မြိုင်သနင်း၊ ငါးကြင်းတုမကွာ)၂။ (နာဂစွယ်လှ၊ သိင်္ဂ မဟိံသာ)၂။ (ငှက်မွန်ဆင်းဝါ၊ ဟံသာ ရွှေမုခ)၂။ (ဟတ္ထိ ဃာန၊ သွယ်လျှနှာမောင်း)၂။ (ဘုန်းပေါင်းငယ် မင်္ဂလာ၊ ရှိဦးတင်ဆင်ကာ)၂။

**သဖြန်**၊ ။မတ်ပေါင်းငယ် ကာ၊ တိုင်းကြေညာ ဘယ်ဇနိန်တို့၊ ပြောင်မမှိန် တသိန်ကြွေ့ငယ်မှ၊ မာန်ငွေ့မတင်း။ စက်ဖဝါးတော် ခိုလှုံလို့၊ အစုံ ဆယ်ကြာ ညွှန့်ငယ်မှာ၊ ယုံကျွန့်လက်ရင်း။

**ရတု**၊ ။နှင်းငွေကွန့်၍၊ တိမ်ညွှန့်တိမ်ဖူး၊ မင်းလွှင်ဦးနှင့်၊ ဘယ်ကူးညာယှက်၊ ပင်ယံထက်ဝယ်၊ **ကျေးငှက်သုန်သုန်၊ ဝတ်မှုန်ခြွေချ**[•] ရက်ယှူမှုလျက်။

**ယိုးဒယား**၊ ။(သော်ကရွှေနှန်း၊ ဂမုန်းငယ်တည့် ဖြူညိုပြာ၊ သင်းသင်းငယ်လျှံ၊ ညာရွှေတံ ထွေထွေဆန်း)၂။ ပန်းစုံကသာ၊ ရေမန္တာနှင့်၊ ကြာသောင်းသောင်း၊ လေပြည် ညှံ့ညှံ့ပျောင်း၊ ဝတ်ရည်လှောင်းတယ်၊ ညောင်းရွှက်ညာ။ ပန်းစုံကသာ၊ ရေမန္တာနှင့်၊ ကြာသောင်းသောင်း (လေပြည် ညှံ့ညှံ့ပျောင်း)၂။ ဝတ်ရည်လှောင်းတယ်၊ ညောင်းရွှက်ညာ။ (နန္ဒဝန်၊ ကျည်သွန်အေး၊ မွှေးပျံ့စွာ)၂။ကန်ရွှေမြေကာ၊ လှယ်ဝေဆာ၊ ပိတုန်းတောင်စာ၊ ပန်းရွှေလိပ်ပြာ။ (နန္ဒဝန် ကျည်သွန်အေး၊ မွှေးပျံ့စွာ)၂။ (ကန်ရွှေမြေကာ၊ လှယ်ဝေဆာ)၂။ ပိတုန်း တောင်စာ၊ ပန်းရွှေလိပ်ပြာ။ (ကိုးသွယ်ညွှန့် ပူးစီလာ၊ ဘုန်းရောင်ကွန့်မြူး လေးဒီပါ)၂။

---

[•] မူလ**နိုင်ငံတော်မှူမဟာဂီတ**တွင်"ကျေးငှက်ဖော်စုံ၊ သိုက်နန်းလှုံ၍၊ ဝတ်မှုန်ခြွေချ"ဟုလည်းကောင်း၊ **မြစာ**၌ "ကျေးငှက်စုံစုံ၊ဝတ်မှုန်ခြွေစ"ဟု လည်းကောင်း၊ သမ္ဘတွင်"ကျေးငှက်သုန်သုန်၊ ဝတ်မှုန်ခြွေချ"ဟု လည်းကောင်း တွေ့ ရရာ၊ရတုစပ်နည်းအရ အသတ်ကာရန် ညီညွှတ်မှန်ကန်သည့်သမ္ဘမှ ကိုလက်ခံပါသည်။



**သဖြန်**၊ ။(ပြည်ကုန်းဘောင်သာ၊ ပင်ဝေဆာ စီစီရံလို့၊ အစုံ ခြွေယူ သယ်ခွင့်၊လိုဖွယ်မရှား)၂။ ။နန်းငွေတစ်ပြိုင်၊ ပုလဲစိုင် ရတနာနှင့်၊ စကြာတော် လျှင်မည်ကြောင်းငယ်ကို၊ စုံပေါင်းရှိထား)၂။

## ၄၇။ ဆောင်းဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီးဦးစ)

(ဘုံပျံနေနန်း၊ ပြင်ခန်းစံမွေ့၊ လျှံငွေ့နှင့်စီစီ။ ခွာပြာညို လဲ့လန်း၊ ငုံမြန်းကြ ပူးတံချီ။ ရီဝေဝေ၊ တိမ်ခြေမြလွှာ၊ မှုန်မှုန်ငွေနှင်း၊ လေသွင်းစ၊ ရာသီမှာ)၂။ (တောင်တောငယ်တည့် ဖွယ်ရား ဖြူပြာလေ၊ မာလာလေ၊ ဂန္ဓာကြိုင်သင်း)၂။ (ဂမုန်းအင်၊ သဇင် ပင်မြင့်မင်းနှင့်လေ။ ညိုစိမ်းဝှန်၊ ညာပြွန် ရေကဆင်းလို့လေး)၂။ ဟသ်ာ လေ သောင်တင်း၊ပိန်ညင်းနှင့် စင်ရော်၊ မြစ်မှာလေ တစ်ခန်း၊ ရှင်လန်းကြ မြူးစံပျော်။ ဖော်ရွှေဘောင် ယှဉ်မောင်နှင့်မယ်၊ ဖြာဖြာရောင်လင်း၊ သောင်းခင်းန ငွေလျှံဝယ်။ (ရှုတိုင်းငယ်တည့်လွမ်းဖွယ်၊ ခါရွှယ် သာနယ်၊ ညာဘယ် ရစ်သိုင်း)၂။ (ပြာရိပ်မှိန်၊ ဖန်ရှိန်ညိုလဲ့မှိုင်း လို့လေ။ ရွာအုံ့စေ၊ တိမ်ခြေမြနှယ် ဆိုင်းလို့လေး)၂။ (အို ရှုတိုင်း ထွေလှတယ်၊ ရွှေသည်း ဆွတ်လွတ်ဖွယ်)၂။ (သွယ်သွယ်ရွှေရံ ဝန်းလို့လို့)၂။ ညွှန်းမပြေလို၊ နေခက်အောင်ကိုသာ၊ (နတ်ကယ်ဘယ်နှယ်၊ ဖန်လာရေး။ ရွှေညဉ့်လွှာရုံ ခြုံလည်းချမ်းဝန်လေး)၂။ (တွေဝေမှိုင်ကာ၊ ခွေခွေယိုင်ကာ၊ ယွန်းရွှေသဏ္ဌာ၊ အုံးမှာခွေး)၂။ (တမ်းယောင် ဘယ်ဆောင် ဘယ်မှာ၊ ဘုန်းမယ့် ကေသာ၊ ဇွေစံရာ)၂။ [(သော်တာ ပေါ်လာ၊ ရောင်ယှက်ဖြာကွန့်[၁] စကြာစုံစုံရွှေ၊ သီဝေမျှော်ကာ၊ ဖြာယှက်ရောင်ဝှန့်၊ သာလွန် ပူမြဲပန်းလန်းနိုင်)၂။ (လန်းနိုင် မှိုင်ယောင်တွေဝေ၊ တမ်းလို့ လွမ်းဖွယ်စေ၊ ဘုန်းဓေ°)၂။ (တ,ဝမ်းနည်း၊ အချမ်းသည်း၊ မြပုလဲ ကြာရံလယ်)၂]၂။ ဘုန်း ဘုန်းရှင့်နေနွှယ်။ ကျွန်းကျွန်းသိမ်းမြန်းပိုင်)၂။ နိုင်နိုင်ငံစိုး၊ ဖြိုးဖြိုး ရှိဝေမြိုင်၊ လန်းလန်း ဆယ်ခိုင်ပန်း။ (သိန်းသန်းရောင်ဝေ၊ ထောင်နေဝင်းလျှံ၊ နတ်နန်း ဆယ်ခိုင်ပန်း)၂။ (ရွှေဝန်းခညောင်း၊ ဘယ်ဆောင်လယ်၊ မောင်မယ် ပျော်လို့ သွေယိမ်းမြန်း)၂။

---

[၁] အုံးဇွေ – သမ္ဘ။

www.burmeseclassic.com



(ငွေနှင်း တဖျန်းဖျန်း၊ အဆန်းဆန်း၊ လေညင်း တသန်းသန်း)၂။ (လွမ်းသာမှိုင်း၊ ဖြေလည်း ပြေပါနိုင်)၂။ (ဝေမြိုင် ဇွေဆိုင်၊ ခွေလဲ ခွေကာယိုင်)၂။ သင်းသင်းကြိုင်ကြိုင်၊ ကေခိုင်နွမ်းရီ၊ စိမ်းလည်း ပီပီစိမ်း။ ပျောင်းနွဲ့ ခွေယောင်၊ စံဆောင် လက်ယာ၊ နှင်းရော မာလာပိန်း။ (စံမြိကြော့လန်း၊ ကြာရံ သဉ်လယ်ကသော၊ သွေနှုးယိမ်း)၂။ (ပူမြိ မှန်းမတိမ်း၊ ဆူသည်း လွမ်းမငြိမ်း)၂။ (သန်းယိမ်းလွန်လည်း၊ ပျော်ပဲပျော်လို၊ မှိုင်းမှိုင်းမြ၊ ဝေဝေတည့် ညိုညို၊ ပျော်ပဲ ပျော်လို၊ သက်ကယ်ဖိုဖို၊ ငိုခင်းပျောင်း)*၂။

(မြမြမောင်းမောင်း*၊ ပြာညိုရွှေ၊ တိမ်ခြေ ငွေနှင်းပေါင်း။ ဝေစီစီ လေပြည်လေညင်း၊ လုံနိုင်အောင်သာ၊ လောင်းပြန်တော့လာလေလေ့၊ ပျောင်းရိုက်ကယ် ဆော်ကာသာ)၂။ (အုံးရွှေသဇ္ဈာ၊ ယွန်းမော် ကြာရံလယ်၊ ညိုးညိုးငယ်ငယ်၊ သေများ သေချင်ဖွယ်၊ ဘုန်းကြွယ်ကြွယ်၊ ဖန်ဘဲအား၊ ဝေယန်လယ်၊ စံပယ်မြနှယ်လေ၊ လျှတယ်စေ၊ နေလွန်းအား၊ ပူသူများ ပူရော့မယ်လေလေ့၊ မေ့ရက်ကယ် နေနိုင်တယ်)၂။ [(သဇင်၊ ချုရား၊ စံကား၊ စံပယ်)၄ စံဖိရွှေသွယ်၊ ပျံ့လှယ်ဝတ်မှုန်မွှေး။ လေပြည် တသွေးသွေး၊ စုံမြိုင်ခြေ ကျေးနှင့် ပန်းသာထွေ။ ဆောင်းယွန်းယိုင်နွေ၊ လေဝန်း ရစ်ကာခွေ၊ ရွက်ဝါကြွေ နွေမူးမူး၊ မိန်ရာသီ၊ ခါမီ လသာခေါင်၊ မြလွှာမှောင်၊ တောင်ခိုးမြူး၊ ရွှေဖိဖူး ပေါ်ရော့မယ် လေလေ့၊ မေ့ရက်ကယ်နေနိုင်တယ်]၂။ (ညိုးငယ် ခွေယိမ်းနွမ်း၊ ပူပုံပန်း ရွှေပင်လယ်)၂။ (အို–ကြာနှယ် ကွာရေဝေး၊ မြင်လာပါဘဲဆွေး)၂။

* ဘုံပျံနေနန်း ပတ်ပျိုး ပထမစာပိုဒ်အဆုံး **ငိုခင်းပျောင်း** အပိုဒ်၌ **ငိုရင်းမြန်း**၊ ငိုမီမှား၊ ငိုခင်းများ ဟူသော မှုကွဲများတွေ့ရှိရုံမျှမက၊ ထိုမှုကွဲများတွင် ဒုတိယစာပိုဒ် **မြမြမောင်းမောင်း**မှ **လွမ်းလေကညင်း** သီချင်းဆုံးအထိ စာပိုဒ်များ လုံးဝမပါရှိဘဲ၊ ပထမစာပိုဒ် တစ်ပိုဒ်တည်းသာလျှင် ပါသော မှုကွဲများလည်း ရှိသည့်ပြင်၊ ဘုံပျံနေနန်း ပတ်ပျိုးအစမှ **ငိုခင်းပျောင်း** အထိ စာပိုဒ်မှာ ဆောင်းရာသီကို ဖွဲ့ထားခြင်းသာလျှင် ဖြစ်၍၊ **မြမြမောင်းမောင်း** အစရှိ အပိုဒ်နှင့် ကျန်အပိုဒ်များမှာ နွေဦးပေါက်ရာသီကို ဖွဲ့ထားသောစာပိုဒ်များ ဖြစ်သဖြင့်၊ တစ်ပိုဒ်နှင့်တစ်ပိုဒ် မဟပ်စပ်သည့်အကြောင်း များကို ထောက်ထားလျက်၊ **မြမြမောင်းမောင်း** အပိုဒ်မှ **လွမ်းလေကညင်း** သီချင်းဆုံးအထိ အပိုဒ်များမှာ နောက်ခေတ် ဆရာများက သီချင်းပဒေသာ သီဆို တီးမှုတ်ကြသကဲ့သို့ အခြား သီချင်းများမှ တော်သင့်သလို ကောက်နုတ်ဖြည့်စွက် ဆက်စပ်ထားသော အပိုဒ်များ ဖြစ်သည်ဟု ပညာရှင်အချို့က ယူဆကြသည်။



တွေးကြံနိုင်အောင်၊ ရိပ်မှိုင်းမြောက်တောင်။ ညင်းသာလေဆောင်၊ ဖန်ရောင်မလန်း။ အာကာယံ တောင်တော၊ သာလေ နွေဖွဲ့ဆန်း။ ငှက်သံ ညံစီစီ၊ ပင်ညီဝေ၊ ရွှေဖီ ခိုင်ညာလန်း၊ (မြမြမြန်းမြန်း၊ ငုံပြေပြေ မြိုင်လုံးလွမ်းဖွယ်တွေ)၂။ ညာခြေဝင်းလှလှ၊ ခါနွေသွင်းစစ၊ တောင်တောငယ် တစ်ခို၊ ရှုတိုင်းငယ်စို၊ ညိုစိမ်းမြမြ၊ ဝါရွှေငယ်ဆန်း၊ ပင်နန်းငယ်သာတွေ။ ရော်ရွက်ကယ်ကြွေ၊ နွေသွင်းစစ၊ ရွှေလရောင်ညီ၊ ဖလဂုနီနှင့်၊ ယှဉ်မိုထွန်းလာ ပြန်တော့မယ်။

စုံသာမြိုင်လယ်၊ လွမ်းဖွယ်တစ်ခန်း၊ ယဉ်ပုံဝေ၊ ထွေဆန်းလှလေ။ ရော်မြန်းရွက်ကျင်၊ ညိုလွင်တည့် မောင်းပြေပြေ။ သာသာလေညင်းဆော်လို့၊ မြူးလာယှက်သန်း၊ ကြန်ကြန်ရွှင့်၊ ပန်းမှန်နံ့ ကြိုင်လန်းလန်း။ ဖန်နန်းစကြာ လဲ့မှိန်၊ တိမ်ကတင့်ရဲ၊ ဆင်လို့အနဲနဲ။ ကွဲကြေကြွေဆွေးလှလှဖွယ်။ တစ်ပင်ပျံလှယ်၊ မြေယံငယ်။ ရွှေယင်ပေါင်လယ်၊ ဖိုမ မောင်မယ်၊ ကျူးတယ် ခေါ်သံသာနှင့်လေ။ ကိုယ်လုံးမြစေ သိုက်ရွှေညံ့ နန်းလယ်မှာ။ ပန်းလွှာရည်ရေး၊ နီလာသွေး။ မြူးပျော်ကာကြွေး၊ ဖော်ညီဝေး၊ လှမ်းခြေယူနေး၊ ပူဝန်လေး။ ကျေးငှက်ကယ် ညာဘယ်တောင်နှင့် တောငယ်မှာ၊ လွမ်းရန်သွယ်သွယ်၊ ဆင့်အောင် ရင့်ရှူ ကူလို့တစ်ခန်း၊ မြူးကြအဆန်းဆန်း။

(စုံသာမြိုင်နန်း ဝေလဲ့စီစီ၊ မင်းလွင်ကချို)၂။ (နွေရာသီ ကြိုင်လှိုင်လန်း၊ ညင်းလေကဖျန်း)၂။ (ရွှေလျှံငုံမြန်း၊ ကြွေလှညာခိုင်၊ ပန်းမှန်နံ့လှိုင်)၂။ (ဘုန်းပင်တိုင်ငယ်၊ မြင်စမ်းပါလှည့်ဦး။ ဘုန်းပင်တိုင်ငယ်၊ မြင်စမ်းပါလှည့် အုန်းညံ့ညံ့၊ လွမ်းရန်မြိုင်နန်းလုံး)၂။ (ညိုမြလွှာရောင်၊ ရိပ်မှိုင်း ဝေဆာမှောင်)၂။ တောတောင်ငယ် သာခန်း၊ ပျော်ဖွယ် ထွေပါလှတယ်၊ ပြာခြေဝါရွှေ လျှံမောင်း၊ ညာကြေသာလေ ပြန်လောင်း။ (ရွာလှပဟန်လို၊ နေနန်း တိမ်ခိုခို)၂။

သဖြန့်၊ ၊ဘာပြုမဲ့မာန်ပို၊ မိုးညိုတိမ်ကြီး၊ ဆီးလို့လေ။ ဝေစီစီ၊ ရွှေဖီညာညွှတ်ကယ်၊ ပန်းဝတ်ကသင်း၊ အာကာယံ၊ မြလျှံညိုလဲ့ ဆိုင်းလို့လေး။ မြိုင်ရဂုံ၊ မှုန်မှုန်ငွေနှင်းငယ်၊ လွမ်းလေကညင်း။

www.burmeseclassic.com

www.burmeseclassic.com



# ယိုးဒယား သီချင်းများ

### ၁။ အလွမ်းဘွဲ့ယိုးဒယား*

(မြဝတီမင်းကြီးဦးစ)

(လွမ်းပိုအောင်၊ ညိုမင်းလွင်၊ လေပြည်ပျိုး၊ တိမ်ခိုးဆင်)၂။ **မျှော်တိုင်းမှိုင်းလွင်၊ ရွှေဘဝင်ကြွံရ၊**[1] ပင်နန်း သာထွေ။ **နွေရာမင်းငယ်၊ သာသည့်လ။**[2] အိုကြုံရ လွမ်းဖွယ်၊ လှိုင်ကြွယ် သင်းကြူ၊ ဂေါဇင် ကြိုင်ပျံ့ရှား၊ ရွှေဆပ်သွား၊ ခိုင်မဋ္ဌူ။

### ၂။ ကန်ဆင်းယိုးဒယား

(ရွှေကြက်ကယ် ဟန်ချီ၊ လင်းလုပြီ နော်မေ၊ ရောင်နီလာ ဖြာဖြာဝင်း၊ မောင်မယ်ဆင်း၊ ဆင်းစို့ကွယ်။ ရွှေဝါးရုံ ခက်သွယ်၊ ခွဲရတော့မယ်၊ မယ်နဲ့မောင် နှစ်ကိုယ်တည်း ရောင်သွေလွဲ၊ ကွဲခဲ့တယ်။ ခွဲရတော့မယ်၊ ပူဖွယ် ရွှေတောင်ကြီး၊ ရွှေအုံသည်းဝယ်)၂။

---

၁။ မျှော်လည်းရွှေဘဝင်၊ ကြွေချင်ဆွေးလျ- **မြစာ**။

၂။ ပင်တိုင်းရွှေလျှံ၊ **နွေယံမင်းငယ်သာသည့်လ**-**မြစာ**။

* ဘိုးတော်ပဒုံမင်း၏သားတော်အိမ်ရှေ့မင်းသားက "ယိုးဒယားဇာတ်၊ မင်းသားထွက်၊ ယိုးဒယားဘာသာအတီး ချူချာသီချင်းကို မြန်မာဘာသာ စကားနှင့် အသံအတိုင်းလိုက်၍ ရေးရမည်အမိန့်တော် ရှိ၍ "ဦးစရေးရကြောင်း **မြစာ** တွင်ပါရှိသည်။ တစ်ဆက်တည်း၊ "ဝေးဖော်မဲ့သူ စိုးပူလေ စေနှောင် ထင့်၊ နန်းတောင် စုံခြေနယ်က၊ အသွယ်သွယ်ကျူး၊ ၊ရွှေဇိဝိုး။ ရွှေချိုး၏ မောင်မယ်တို့၊ သည်မြိုင်ဝယ် ပျော်စလေ့ ငယ်မှာ၊ ဩော်- မေ့ရက်ဘူး။" ဟူသော သဖြန်ပါ ပါသည်။ ဦးစသည်ယိုးဒယားဘာသာချူချာ(ယခုအခေါ် ချူအေးချိုက်) တီးလုံးတွင် မြန်မာဘာသာစကားထည့်သွင်းစီကုံးရုံမက မြန်မာ သဖြန်ပါ ဆက်ပေးလိုက်ခြင်းဖြင့် ယိုးဒယားတီးလုံးကို မြန်မာမှုပြု၍သိမ်းသွင်းခဲ့ပုံမှာ လေးစားမှတ်သားဖွယ် ဖြစ်သည်။



### ၃။ မန္တလေးမြို့ဘွဲ့ယိုးဒယား

(ပြင်စည်မင်းသား)

ဝေဇယန္တာနန်းဘုံ၊ မြမန်း ဇေယခုံ၊ ယမုန်ငယ်လေ သောင်ငွေကျွန်း၊ မြောင်ဖီလာ သီဒါဝန်းရံခွေ၊ (ရွှန်းရွှန်းဝေ)၂။ မြန်သပြေဘောင် ညာကျွန်း၊[1] ပျံ့မွှန်း မင်္ဂလာ၊ ဇေယျာငယ် သြဘာကြွေး၊ ပဋ္ဋင်တံမြွာ၊ သံဝါကျူး ရင့်အေး(သင်းသင်းမွှေး)၂။ [(ဗြဟ္မာငယ်လေကျူး၊ တိမ်ယံဇွေ လေပြည်မြူး)၂။ (အာကာဘောင် မြူမှောင် ချီချီ၊ တိမ်ရီ မှုန်ဝေဆိုင်း)၂။ (မျှော်ရာတိုင်း၊ ရှစ်ခွင်မင်းလွင်၊ တောင်စဉ် တိမ်စွယ် ကာ)၂၊ (မာလာသိင်္ဂါ၊ ထိန်ဖြာ မိလ္လာ၊ လွမ်းဖွယ်သာ)၂။ (ညင်းညင်းဩ)၂]၂။

### ၄။ ဘုန်းတော်ဘွဲ့ယိုးဒယား

(မြမန်းဂီရိ သေလာတောင်၊ နန်းတည်ထောင် ဘုန်းရောင် နေသို့လင်း။ နောင်ညီကို၊ ရွှေဘိုနွယ်တော် ရင်း၊ ရာဆူဆူ၊ ပြည်သူ ခဝပ်စင်း။ ရွှေဘုန်းတော်၊ နှုန်းလျော် စံပျော်ခင်း။ တေဇာ တိုးလို့ ဖြိုးဝေ။ မန်းဌာနေ၊ အောင်ဇေယျာ ပြည်မင်း)၂။ [(ပြောင်လူး နာဂ ရစာ၊ သော်တာငွေလျှံ၊ မျိုးမြတ်ဆဒ္ဒန်။ ရွှေနန်းဘုံတော်၊ ရောက်ရာ ရွှေကိုယ်တော်၊ ပြည်တော် နိုင်ငံရွှေဘုံတွင်း)၂။ ဆန်းမူရာ၊ သူဇာ ရွှေခပင်း၊ ရွှေဘုန်းတော်၊ နှုန်းလျော် စံပျော်ခင်း။ တေဇာတိုးလို့ ဖြိုးဝေ၊ မန်းဌာနေ၊ အောင်ဇေယျာ ပြည်မင်း]၂။

---

၁။ မြန်သပြေဘောင် တောင်မြတ်ကျွန်း - **နန်းထွက်**။

www.burmeseclassic.com

www.burmeseclassic.com



## ၅။ မန္တလေးမြို့ဘွဲ့ယိုးဒယား*

(အောင်မင်္ဂလာ သိင်္ဂါဆောင်ဗွေ တောင်ခြေရစ်သန်း၊ စကြာဆူဆူ၊ ရှစ်ဖြူ ကာလွှမ်း၊ ကျက်သရေလျှမ်း၊ ပြည်တော်ရွှေမန်း၊ ငါးတောင်လေ သိုက်ကျမ်း၊ စိုက်နန်းရယ် တည်တော်မူ)၂။ (များဗိုလ်လူ၊ အုအု ကြွက်ဩ၊ လက်မှာညောင် ရေ၊ ပန်းနှင့်ဝေဝေ၊ ထူးတင့်ထွေ)၂။(အလျှံဝေဝေ၊ သပြေမြေငူ၊ ထီးဖြူ စိုက်ဆောင်း၊ မင်းပေါင်းဆက်လာ၊ ကညာရွှေပန်း၊ ချမ်းငြိမ်းပြည်သူ၊ နှိုင်းဖက် မတူ၊ ခံယူသစ္စာ၊ မေတ္တာတော် ဝေလို့လောင်း)၂။ [(သမ္ဘာ ဂုဏ် ပေါင်း၊ ပဏ္ဏာစုံညောင်း၊ သောင်းဘူမြေ)၂။ (ဘုန်းတော်ဝေ၊ တေဇာ လျှံပြောင်၊ ငါးထောင် သာသနာ၊ ထွန်းပ တည်ရာ၊ ကျွန်းများဒီပါ၊ စကြာဝါလုံး၊ ဘက်မသာနှုန်း၊ ထက်ပြဟ္မာဘုန်းတို့၊ ရိုက်ချုန်းပဲ့တင်ညံ)]၂။(ကော်ရော်သံ၊ ကော်ရော်သံ၊ ဆင်ပန်လက်စုံကျိုးတယ်။ မျိုးလေးဖြာ၊ ရာရာကျော်၊ သက်တော်ရှည်စေကြောင်း ငယ်၊ တောင်းဆုခြွေ)၂။[(ရွှေအာဏာ၊ထက်ညာ ပစ္စုန်၊ မိုးနတ်အမှုန်၊ ဖန်တော်ပုံ ဉာဏ်မျှော်စုံ၊ ဖန်တော်ပုံ၊ ဉာဏ်မျှော်စုံ။ဘုံဝေယန် နိုင်ငံပြည်သူ အေးစေ ဗိုလ်လူ၊ ရည်တူ ကြည်ဖြူ၊ ဗုဒ္ဓင်နှယ်ငူ၊ ရွှေနန်းစိုက်ထူ၊ ထီးဖြူ ကာရစ်သန်း)]၂။

## ၆။ မိုးဘွဲ့ယိုးဒယား

(ဆန်းဆန်း သဉ္ဇာကြာညောင်၊ နန်းမြင့်ဗွေဆောင်၊ သဉ္ဇာကြာညောင်၊ နန်းမြင့်ဗွေဆောင်)၂။ (ရွှေညဦးလွှာရုံ ညဦးလွှာရုံ)၂။ (ခြိမ့်ခြိမ့်ခြိမ့် ထွေးထွေးထွေး၊ စက်ပါသော်၊ ပျော်ပေါင် တုန်လို့အေး)၂။ (သံတစ်ဟုန်၊ သံတစ်ဟုန် မာန်ဂုဏ် ဣန္ဒာဖြိုး၊ ဣန္ဒာဖြိုး)၂။ (ခြိုးခြိမ့်ဆင်လာ၊ ခြိုးခြိမ့်ဆင်လာ) ၂။(မယ်ကျွမ်းကြွေကာ၊ ကွန်းဗွေမှာ)၂။(စာ စာနာ ကောင်းသင့် လျက်ပါ)၂။ (ဖော်ကွာသူ ပူစေ ဗျာနှောင်ချွဲ ၊ လိုက်ဖိုသည်း၊ ရှိုက်ငိုပွဲ)၂။ [(ခွဲတချိချိ၊ ကျူးရင့်ရွှေစည်)၂။ရှစ်ခွင်မှာ မင်းလွင်ပြာလို့ ရှိ]၂။ (ရာသီပွဲ ခါမီနွဲ့)၂။ (ခြသလေလေ၊ ဆောင်ရွှေထဲမှာ၊ သည်း တစ်ဉာဏ် ပိုင်၊ ကဲမခံနိုင်)၂။ ဗျာပွဲလှိုင်၊ ညှာသည်းဆိုင်၊ ညှာသည်းဆိုင်၊ ဗျာပွဲလှိုင်၊ ပူဝန်ပို ပွားကာမှိုင်၊ ငိုကာ ယောက်တည်းသာ ထိုင်။

---

* လှိုင်ထိပ်ခေါင်တင်ကမင်းတုန်းမင်းထံ ရေးသားဆက်သွင်းကြောင်း ပြော စဉ်ရှိသည်ဟူ၍ မြူးနှင့် နန်းထွက်တွင်တွေ့ရသည်။



## ၇။ တောတောင်ဘွဲ့ယိုးဒယား

[(မြိုင်ယောမာ ကန္တာလမ်း၊ ဆန်းထွေလာ၊ တောင်သေလာငူ၊ ချောင်ရွှေဝါဂူ၊ လေပြည်သုတ်ကာယူ၊ တောလုံးကြူ)၂။ (နန္ဒမူ လိုဏ်ဂူဗွေရိပ်ကြား) ၂။မွှင့်ငုံကြွား (စံကား သရဖီ၊ ထုံသင်း ကြိုင်လို့စီ)၂။ ပန်းစုံစီ၊ ရိုးနီရွှေအင်ကြင်း၊ သင်းပျံ့လွန်။ ကန္တာဇရံမွန်၊ ဟေဝန်ဗွေချာလမ်း၊ ဆော်လေဖျန်း၊ လန်းစီစီ၊ မှုန်ဝတ်ရွှေရည်]၂။ [ညင်းလေပြည် သွေး၊ ရေခင်းငွေမှုန်၊ ကြိုင်လှျမ်းထုံ၊ နန်းဘုံ ကွာလှမ်းဝေး၊ လဲ့သွေးကြင်သူ။ တောမြိုင်ငူ၊ ပန်းမဉ္ဇူ ကြူပါလို့သင်း၊ လိုဏ်ဝေဘူ၊ ရွှေဂူတွင်း ဝင်းဝါလျှံ။ ခိုင်တံ ကြိုင်လှုံ မြိုင်ယံ စုံတဲ့တော၊ မ ဖို ခေါ် တွန်ကြော် ရွှေဥသြ၊ ဆွတ်မောဖွယ်ကြူ၊ ပန်းငုံ ပန်းငုံ၊ လေပြည် သုန်သုန်၊ မြူမှုန်ကြိုင်ပျံ့သင်း။ ရွှက်ဝါကြွေ မြေသို့ဆင်း။ (ဂေါ်ဖီ ဂေါ်ဖီ အင်ကြင်း၊ နှင်းနံ့ နှင်းနံ့ကြွယ်ကြွယ်၊ လေချိုလေချို သုတ်သွင်း ခင်းပြန့်ခင်းပြန့် ဝယ်ဝယ်)၂။ (သူဇာနယ်၊ မူရာကြွယ်၊ ယူပါကွယ်၊ တသလိုလို)၂။ မ ဖို သံချင်း ပြိုင်၊ တွေမှိုင် ဗွေဆိုင်၊ မြင်သူ ပူပွဲလှိုင်]၂။

## ၈။ အလွမ်းဘွဲ့ယိုးဒယား

### (ယိုးဒယားပန်းချီဝန် ဦးတောင်ဘို)

(ဆန်းနွေဦး လေရူး ဆော်ပြန်လာ၊ မွှေးပျံ့ကြိုင်လှိုင်စွာ၊ မာလာ ဝတ်မှုန် ပင်စုံမြိုင်)၂။ (ငှက်မောင်မယ် ဘာသာ သူတို့နွဲ့၊ လွမ်းဖော်ညှိဆဲ။ ဆန်းပိုရာ၊ စုံစုံမြိုင်ထဲ၊ နတ်ငြင်းခြယ်လှယ်)၂။ [(ပူနဲ့ပို လွမ်းအောင်ဇန်)၂ (ပူခန်းဆင့်ပုံ၊ ယူလှမ်း သင့်ရုံ၊ တူမြန်းခွင့် ပျော်တော် သာတင့်စုံ)၄ (ရွှေနန်း အောင်ချာလယ်၊ ဘယ်ဝယ်စံသည့်မှန်း)၂ (တောင်သေလာ ကြီးရယ်က၊ ဆီး ကာလို့သန်း)၂။ ဆန်း ပိုရာ စုံစုံမြိုင်ထဲ၊ နတ်ငြင်း ခြယ်လှယ်)၂။
သဖြန်၊ ।(ရွှေသန်းကြော့မယ်၊ မြိုင်လမ်းရယ်၊ ရဂုံလယ်က၊ ကြူတယ် အခင်း)၂၊ ।(ကျွမ်း ရတက်နှောင်၊ လွမ်းရက်ကယ် ကြွေလေအောင်ဟု၊ ရွှေဗွေတောင်၊ မြိုင်သာဝှမ်းငယ်မှာ၊ ပူခန်းကပြင်း)၂။

www.burmeseclassic.com

www.burmeseclassic.com



## ၉။ ရာမဇာတ်ထွက် သမင်လိုက်ယိုးဒယား*

(မြင်စည်မင်းသား)

[(မှော်ရုံဟေဝန်၊ တောမြိုင်စွန်)၂။ ဘုန်းဝှန် ရာမင်းငယ့် တောင်ညာ၊ မြင်သော် လွန်ပူဆာ၊ ယခုပင် မွေးချင်ခါခါတောင်း]၂။ [အို– နန်းရွှေချိုင့်လှောင်၊ ထားရအောင်။ စွန်တောင်စကြာ၊ လေးတော်ကိုင်ကာ၊ (လျင်စွာမြန်မြန်၊ ဖမ်းမခံ)၂။ ချော့ကာမြူ၊ သာယုသွေးဆောင်၊ ဝေးရပ် တောမြိုင်ချောင်၊ မြအရောင်ဖြာ၊ မြေစာ လက်တော်ကမ်း]၂။ အို ပန်းဖွယ်စေပင်၊ ဆန်း ရွှေသမင်ငယ်လေ၊ (ရုပ်သွင်ရွှေသား၊ ထင်မှားအောင်ဖန်)၂။ လေးသွဲ့ငယ်ရိုက်ဟန်၊ ငြိုးမာန်ထပ်ဆင့်ပြန်။ မာယာသူကြံ၊ ဘုန်းငယ်ထံ၊ လက်လှမ်းသူသာ နီးမခံ။ ပန်းမန်ကြူကြူ ကြိုင်လှိုင်မွှေး၊ ဝေးဝေးရပ်၊သွေးဆောင်ကာ၊ စံခန်းငယ် ပုံကွာ၊ တောကန္တာ၊ စိတ်ဖွဲ့မာန်ပါ၊ ရိုင်းပျမှုရာ။ သေကာငယ်ဆော်လာ၊ ဥာဏ်ဖန်ကူ၊ မြိုင်ငှုမဍူ၊ ခိုင်ညာလန်း၊ ပန်းအောင်သာ။ (ရှောင်ခွာထပ်ကာ၊ မျက်တော်ပွားပြန်တယ်)၂။ (မုန်းဖွယ် မှုထား၊ ဖြစ်လား ထွေထွေ)၂။ သေလိုငယ်သေစေ၊ သာနွဲ့ရိုက်ပြန်ချေ။

## ၁၀။ မြင်းတက်ယိုးဒယား

(မြဝတီမင်းကြီးဦးစ)

(လေပြည်ဆော်သွင်းမြူး၊ ဟံသာဗွေလေ ရွှေနန်းဦး။ ထူးထူးထွေလာ၊ ငါးပါးပဍ္စင် ရွှေတံမြှာ)၂။ [(ခရာသံစုံ၊ ကျူးကြော်ညံ ဟုန်)၄။ (ဘုံဝေယန်၊ နန်းကြီးဗိမာန်)၂။ (စိမ့်ထူးခြား၊ များလှထွေထွေ)၂။ စိန်မှန်နန်းမှာ၊ ဆန်းလှ ကုန်ခြွေရွှေ]၂။ [ဆော်လေ သွင်းမြူး၊ ကုန်ထူးကြေညာ၊ လေသာကွန်း၊ ဆောင်ယွန်းမှာစုံစွာ၊ (သည်မှာကုန်ဆန်း၊ နန်းသိင်္ဂါ၊ ဖွယ်ရာထူးတဲ့ ကျူးကြော်ဖြာ)၂။ (သည်မှာသာလေ ရွှေဘုံ သာမျိုးစုံလှ)၂။ (နန်းဆောင်သာယာ၊ တီးမျိုးစုံစွာ)၂။ မှန်ကြာနန်းမှာ၊ ဆန်းလှ စုံစုံဖြာ]၂။ [(ကြေညာ သာယာ ပျံ့ပျူး၊ သာယာ ကြေညာပျံ့ပျူး)၂။ အိုလေ ဇေယျာဗွေမှာ၊ ထွေဆန်းထူး)၂။ (အို တူဘူး၊ ဘယ်ရာဝင်မှာသာ)၂။ (ဆန်းဆန်းထွေလှ၊ ရွှေရုံကာ၊ ရွှေဘုန်းတေဇ၊ နေနှုန်းဖြာ)၂။ ထီးတစ်ရာ ညွှတ်လာ ခညောင်း၊ သိန်းသောင်း မင်းပေါင်း ဆက်ပဏ္ဏာ၊ စုံဆယ်ဖြာ၊ မူးညွှတ်သွယ်ရှိကြာ]၂။ (ရှိဦး တင်ဆင်ကာ၊ လူမှူးကေရာ)၂။ ဘုန်းကွန်ချာ၊ သင်းပျံ့ကြေညာ၊ တေဇာ နေဝါ၊ ထွေလာ ဝေဆာ၊ ကြေညာသင်းလှိုင်၊ ဝင်းမြိုင်၊ ဦးကိုင်စိုးတဲ့ မင်းပေါင်း၊ ညွှတ်လာပျောင်း၊ ခညောင်းစုံစွာ၊ ဟံသာဗွေဦး၊ ထူးရွှေတေဇာ။ (ရာဆူဆူမှူး၊ မူးလေစုံညီလာ)၂။ ရွှေသခ်ါနှင့်ဇေယျာ စံချိန်၊ ရာဇာ အာဟိန်၊ ဘုန်းမီးစက်ရှိန်၊ လျှံထိန်ဒေဝိန်၊ နွယ်လာနရိန်၊ ကြီးလှဂုဏ်သိန်၊ မင်းမင့်း မဟိန်၊ ထိန်ထိန်လင်း၊ ရာမင်း နွယ်သမ္ဘိန်။



## ၁၁။ စက်တော်ချင်း*

(မြဝတီမင်းကြီးဦးစ)

[(အို–လျှံညီးလင်း)၂။ ပျံ့သင်းသဥ်လီဗွေ၊ မျော်ဖြားများယဉ်ရွှေ၊ စက်ပါရော့မေ]၂။ ။ [(ညဥ့်ရုံတော် ထူး)၂။ (တိမ်ဦး နန်းဘုံဗွေ)၂။ ခွာသင်း နှင်းမှုန်ခြွေ၊ လုံနိုင်ပါဘူးမေ]၂။

---

* အတိုကောက်အားဖြင့် "ရွှေ (ရွှေတာညာ)၊ နှင်း (နှင်းယွန်းသာယောမန်)၊ တော(တောတောင်စွယ်)၊ တော (တောမြိုင်ခြေလမ်း)၊ ပန်း (ပန်းမြိုင်လယ်)၊ နိုင် (နိုင်ပန်းစုံ)၊ မှော် (မှော်ရုံဟေဝန်)၊ မှိုင်း (မှိုင်းမှုန်ပြာညို)၊ လွမ်း (လွမ်းပိုအောင်)၊ ဆန်း (ဆန်းနွေဦး)၊ စိန် (စိန်ကြယ်ညီးလင်း)၊ ဆေ (ဆေဇယန္တာ)" အစရှိ သီချင်းများကို ယိုးဒယား၊ ၁၂ ခန်းဖြစ်သော "ဖရုံတင်၊ ခက်မွန်၊ ခမိန်၊ ထနောက်၊ ဖရင်းချား၊ ထပ်တွန့်၊ ချွတ်ချုံ၊ ငုငစ်၊ ချူးရှား၊ ကပီ၊ အလေမှေ၊ မဟိုရ်သီး"ဟူ၍ ရှေးအခါမှ ယနေ့တိုင် အသိအမှတ်ပြုလျက် သုံးနှုန်းခေါ်ဝေါ်နေကြသော်လည်း၊ ၎င်းဘာသာစကားများကို ယိုးဒယား အဘိဓာန်တွင် ရှာဖွေမတွေ့ရှိရုံမျှမက ထိုင်းအမျိုးသား ပုဂ္ဂိုလ်ကြီးများထံ မေးမြန်းစုံစမ်းရာ၌လည်း ဖရင်းချားနှင့် ဖရုံတင်မှအပ ကျန်စကားလုံးများမှာ ယိုးဒယားဘာသာစကားလုံးများ မဟုတ်သည့် အပြင်၊ ၎င်းစကားလုံးနှင့် နီးစပ်သည့် အခေါ်အဝေါ်များ၏ အနက်အဓိပ္ပာယ်ပင်လျှင်၊ ယိုးဒယားဘာသာ၌ မှန်းဆရှာဖွေ မရနိုင်သဖြင့်၊ ၎င်းဘာသာခေါ်စကားလုံးများကို ဆက်လက်၍ ပြည့်စုံစွာ လေ့လာဖော်ထုတ်ခြင်း မပြုနိုင်သေးမီ ယိုးဒယားသီချင်းများတွင် ချန်လှပ်ထားခဲ့ပါသည်။

* မြစာ(ပေမူ)ဇာ(ဝမ်း)နှင့် ချ(ကျော)နှစ်နေရာတွင်ပါရှိသည်။ ဇာ(ဝမ်း) ခေါင်း စဉ်၌ "မြကလေး မင်းသမီးအိပ်ချင်း"ဟု ဖော်ပြပုံမှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ချ(ကျော)၌မူသာမန် "အိပ်ချင်း"ဟု ဖော်ပြသည်။စာသားမူမှာ– "အိုလျှံညီးလင်း၊ ပျံ့သင်းသဥ်လယ်ဗွေ၊ မျော်ဖူးများရုံရွှေ၊ စက်ပါရော့လေ။ညဥ့်ရုံတော်ထူး၊တိမ်ဦးနန်းညွှန့်ဗွေ၊ခွာသင်းနှင်းမှုန်ကြွေ၊လုံတော်မူဘူးလေ။သဖြန်၊ သည်ဖြစ်ထွေ၊အိုဘုန်းဖန်ဆည်ဖြေလှည့်၊ လူ့မြေဇေယျခုံက၊ကြံသူတစ်ရေး၊ ၊ ဂေါဖင်မင်း၊သန်ကြွင်းငယ်သာလေရေတင်၊ပြောင်မုံလွှင်မှ၊ တိမ်မျှင်ကွန့်ငယ်လေ၊ စွယ်ညွှန့်ကအေး"–ဟုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ တောတွဲ့ယိုးဒယား

(ကန္တာတော့ခြေ၊ အိုးဝေမြည်သံ၊ ငှက်ပေါင်း ပျော်စံ၊ မြူးကြလူဟန်၊ ဖန်ဖန်ခေါ်ကာ၊ အော်ရာကြွေးတယ်၊ တောလုံးလေ သိမ့်သိမ့်ဆူလို့ညံ)၂။ ။ (ခုန်ပျံဘာသာ၊ မာဂဓာနှော၊ စုံယံကန္တာ၊ ဟောဝန်ကြောမှာ၊ ပြောကြလူလို၊ ချစ်တင်းဆိုကာ၊ တောကြီး ဟောဝန်မှာ)၂။ (အို–ငှက်ပေါင်း ငှက်ပေါင်း ပျော်စံ၊ တော မှုန်ပြာရီဆန်း၊ မြင်သူပန်း လွမ်းဖွယ်ရာ၊ သိုက်နန်းက ဆန်းထွေလာ၊ မာဂဓာ ဘာသာ ဖော်ချင်းနှော၊ ပြောကြလေရှာ။ စမ်းရေယဉ်ကြီး စီးသွယ်ဖြာ၊ ကျေးငှက်စုံ မြူးပါလို့၊ ကျူးညံ့စာစာ၊ စုံမြိုင်ယံကြော တောဟောမာ၊ ပန်းရွှေဝါနှင့်သာ၊ မာလာနှော၊ လွမ်းလေအောင် ဖိုးခေါင်မယ်လျစော)၂။

## ၁၃။ အိနောင်ဇာတ်ဖြည့်ယိုးဒယား
### (မြဝတီမင်းကြီးဦးစ)

(သောင်းရွှေလယ်ပိုင်စိုး၊ မိုးနတ်မယ်၊ ရွှေသည်းကျွမ်းမျှ၊ လွမ်းရတယ်၊ ပုပ္ပံမွေလို့သာ၊ ကြွေမည့်နှယ်။ လောင်းနေနွယ် ပိုင်ဆုံး၊ ဘုန်းကြွယ်ကြွယ်၊ ကုန်ခြေ ပန်းလို့ လှမ်းနိုင်ဖွယ်၊ ဘယ်မြိုင်ညိုကသာ၊ ကြိုရမယ်။ ကြံမှိုင်တယ်နှင့်သာ၊ ငယ်ညှိုးနွမ်း)၂။ အို ပန်းပါဘိ၊ လှမ်း ခြေယူနေး၊ ပူရေး ပိုခဲ့ပြီ၊ စံခန်းကြော့ နန်းမြေဝေး၊ မြူမြေးညိုလဲ့ရီ။ ခါနွေကြော့ဦး၊ ညာကြွေတော့မူး၊[†] လေရှူးဆော် လှုံ့ချို)၂။ ။(**အို မာလာ စံမှုန် ဖူးငုံကြိုင် လန်းလှိုင်ထုံထုံညီ**။[၁] မြိုင်နန်းက စံသီဂီ၊ တိုးမြ ကိန္နရာ၊ ရွှေစာမရီ၊ တောတောင်သာဟန် ညံစီစီ၊ ရည်ရော်ရမ်းလို့၊ လှမ်းနိုင်ပြီ၊ ရွှေဒါဟာ တိုင်း၊ မယ်ရှိ့ဆီ၊ ရောက်ကယ်နိုင်ပြီ၊ ကွာလှမ်းဝေး)၂။

---

၁။ အို–မာလာငွေငုံ၊ ပန်းမုံကြိုင် လန်းလှိုင်စုံစုံညီ– မြစာ။
† ကြွေတော့မူး = ကြွေတော့မည်ဆဲဆဲ။



## ၁၄။ တောတွဲ့ယိုးဒယား

(တောဟောဝန်လယ်၊ တိမ်နယ် တောင်စွယ် ဝေယန်ဦး၊ ရာပြည်တန်၊ ရောင်လျှံ ထိန်ထိန်၊ ဖန်ရှိန်နေသို့မြူး၊ ထူးအံ့သွယ်သွယ် )၂။ (မှူးမျက်ခြယ်၊ နတ်ကယ် ကေသွယ် တင့်ရှယ် ရွှေဗျာထူး)၂။ (စုံဦး ဖူးရှိတင်ကာ)၂။ (ဖူးငုံဝေဆာ၊ ကန္တာ ညံစာ လွန်သာမော၊ ပန်းစုံစုံ ဝတ်မှုန်စီစီ၊ လေပြည် လေညင်းရော၊ သန်းရွှေညီ၊ သီဂီခိုင်ညာကြောမှာ၊ တောမြောင်ဖီလာ၊ ဆီးကာဝန်း)၂။ [(လွမ်း လေအောင်၊ လွမ်းလေအောင်ခု၊ ကွန်းဗွေညောင်၊ မှိုင်ယောင် ခွေယိမ်းမူး)၂။ (တောင်ကေဋု မှာလေ ဝေဘူစွန်း)၂။ (မိုးဏ္ဏနှာ ဒေဝါညွန်းပါလို့၊ ရှမ်းဆော်စီမံ)၂။ (မျှားခြွေရုံ၊ နန်းမြိုင်စံ၊ ကုမ္ဘဏ်ရွှေမျှားမင်း)၂။ (သေလာသေလာ မြဗွေတွင်း)၂။ ပန်းစုံစီ အောင်မြေသာတဲ့ခင်း]၂။

## ၁၅။ တောတွဲ့ယိုးဒယား

[တောနှင့်တောင်စွယ်၊ ပြောကြမောင်မယ် (ငှက်ကယ်လူလို သံချိုနှောလို့ ပြောကြပြန်သကို)၂]၂။ [(သိုက်မြုံမှာလေ စာခွဲ့ကျေး ကျေးတယ်ကို)၂။ တစ်ကိုယ်ရေ ပန်းစေ မြိုင်တန်းဝေ]၂။ [(ဖိုမမောင်နှံ တောင်ပံချီကာတွဲလို့ ဝဲကာပျံ)၂။ တွန်ကျူးကြော်ညံ ငှက်ပေါင်းပျော်ကြပြန်။ ((မြိုင်စောင်းမှာ တူစုံ မောင်နှံ)၃၊ ကိန္နရီဟန် တွဲလို့ နွဲ့ကာပျံ]၂။ [ကျူးကြော်ညံ၊ တိမ်ယံအာကာထဲ၊ မြင်လာဘဲ၊ သည်မောင် ပူဆွေးကြုံရပြန်၊ နတ်ကယ်ဖန် ဝေယန် အာကာထဲက မည်းမှောင်၊ မင်ခိုးရီမှောင် တိမ်တောင် ခြယ်ဆင့်ဆိုင်။ (ရှုတိုင်းရယ်၊ ညိုရောင်ပြာရီ)၃။ ဘယ်ပန်းချီဟန် ရေးလို့ ဆေးမမီ]၂။

## ၁၆။ မော်ပြန်ယိုးဒယား

(နန်းသီဟိုဠ်၊ ရေညိုဝန်း ခွေရုံကာ၊ မိမာတာ သည်းချာ လော်ရွှေသွေး၊ ခွန်ယူကျေးတဲ့ မော်ရဂုံ၊ တူပျော်စုံ၊ သာဂုံကန္တာကျေး။ ညီနောင်လေးတို့ တူပျော်စံ၊ သည်ကမ်းယံ မော်ပြန်ဖောင်နှင့်ကူး။ လူးလာ လူးလာ၊ ယီးယိုလေဟာ၊ ဆွဲတညီညာ)၂။ [(ယမုန်နာထဲ၊ တူနွဲ့ပျော်ပျော်)၂။ ဝဲ ဒီရေမော် လှိုင်းကြက်ခွပ်

www.burmeseclassic.com

www.burmeseclassic.com



ဆော်သွင်း]၂။[(ငါးမန်းငါးဆင်၊ ညီခင် စီရင်ပြား)၄။ အို–ဆောင်ရွှေစားနှင့် ရန်ကို ပယ်၊ မော်ကမ်းနယ်၊ ပြင်ကျယ်ရောက်လုနီး။ အို– ရေညို ခွေပတ်ကာ၊ မာတာ လှယဉ်ကျေး၊ ဂမ္ဘီ သူမွေး ညီနှစ်ဖြာ၊ မော်ပြန်ဖောင်စီး ယီးယိုလေဟာ]၂။ (ကြွေးညံစာ စင်ရော်ငှက်ကယ်၊ သဲနှင့်သောင်တင်း၊ ကမ်းနှင့်ရေဆိုင်၊ ဝဲယှဉ်ပြိုင် မော်တင် ကျောက်ဆောင်၊ ပန်းပူလေအောင်၊ ပန်းပူလေအောင် သာ)၂။ (မော်ကျေး ကမ်းပါးယံ နက်သန် သာတဲ့လမ်း)၂။

## ၁၇။ တောဘွဲ့ယိုးဒယား

(ပန်းဟောဝန်၊ ခုနစ်ခွေ မျှော်လေယောင်၊ ညိုပြာရီမှောင်၊ တိမ်တောင်နီလာ သွေး၊ ဆွေးဖွယ်၊ သွယ်သွယ် ထွေလာနှော၊ ရေယဉ်ကြော ငွေသောင်ယံမှာ၊ မောင်နှံ့လွမ်းလို့၊ ကျွမ်းကြွေပြန်၊ ဖြေလည်း ပြေဘဲ မော်ရုံမြေ။ ထွေထွေကြုလာ၊ မြလိုဏ်နန်း၊ စိန်ဆောင် ရွှေတောင်၊ ငွေရောင်သန်း၊ **ဓာမရန်း**၊[၁] မြိုင်တန်းသာ)၂။ (မာလာဇီဝါ၊ ငွေခွာကြိုင်နံ့ဖြာ၊ သည်မှာကုံဆန်း၊ တမ်းဆိုယောင်၊ မြောက်တောင် ဘယ်ဆီမှန်း၊ ရွှေသန်းညာမယ်၊ ပျော်ဖွယ်ဟောဝန် ကန္တာမြိုင်တွင်း၊ ကြိုင်သင်းလေ ဓါးရွှေဖီ)၂။ (စိမ်းကြည်ဖြာသွန်၊ အိုင်မွန်မန္တာခင်း၊ ယိုဆင်းတွေတွေ၊ စီးကျ ပြွန်အိုင်ရေ။ ကြာထွေငါးမျိုး၊ ဝပ်လျှိုးဝတ်ဆံ၊ စုံမြိုင်ယံ မောင်နှံ့ခြိမ့်အုန်း၊ ရွှေပိတုန်း ယှုသုံးစားရှာ။ တမာ ရွှေကြက်တော၊ ဥသြမြည်သံ၊ မြိုင်ယံပြည်စိုး ရွှေဖိုးခေါင် ငှက်တော်)၂။ [(တွန်ကြော်ငြာကြွေး၊ တွန်ကြော်ငြာကြွေး)၂။ (နွဲ့နွှေးလေယှုလို့၊ လှုလိုဟန် စုံမြိုင်ယံ)၄။ ဘာသာဘာသာ မြူးတယ်၊ ဘာသာဘာသာမြူးတယ်]၂။

## ၁၈။ ရာမဇာတ်ယိုးဒယား

[(တောမြိုင်စွန်းက၊ လွမ်းအောင်ဖန်၊ မကြဲနိုင်၊ ကိုယ်ထူးကြုံရပြန်)၂။ ချစ်တဲ့သူ သခင်မြင်လာဦးဘုရား သုံးရွှေရင်။ ဘုန်းကေရှင်၊ သခင်ဘုံပျံနန်းမှာ ဆန်းညာဏ်ခြယ်]၂။ ။(သက်လှယ် သက်လှယ် ရွှေသွေးရယ်၊ မကြင်နာစိမ်း

———

၁ – ဓာမရီလမ်း– မြိုး။



တော့ စိမ်းရက်တယ်)၂။ ။(ရာကျော်သက်ပန်၊ ဘယ်ရှေးကံငယ်၊ စီမံ ဖန်လာခြယ်၊ ကြင်စဦးကို၊ သွေဘူးနတ်ကယ်၊ သုံးရွှေကြော့မယ်)၂။ [(ဝေယန်ဖျား)၂။ (သိယိုဋ္ဌ်စား ဆောင်သွားပြန်၊ ဆောင်သွားပြန်)၂။ လောင်ကြွေကျွမ်းအောင်လို့၊ လွမ်းရန်ကြွယ်၊ ခင်းကြုံရတယ်]၂။[နတ်ကယ်ဖန်၊ တိမ်ယံဘုံလယ် (ညှိုးညှိုး ငယ်ငယ်)၂။ ဝေယန်ဦးမှာ၊ကြော့မှူးညာမယ်၊ ဆွေးဖွယ်ပူရန်၊ ဘယ်ကံဖန်ကူ၊ (စံမတူ နန်းသူပုံမှန်၊ စံမတူ နန်းသူပုံမှန်)၂။ ကိုယ်ထူးကြုံရပြန်၊ ရွှေဘဝင်ကြွေဆွေးရန်)]၂။

## ၁၉။ တောဘွဲ့ယိုးဒယား

(မြိုင်ဂန္ဓမာ၊ ပန်းမျိုးစုံစွာ ပေါကြ၊ တောလေ သည်ဟေမာ၊ ဇင်မင်း ဆင်းရွှေဝါ၊ ဇီဇဝါငယ်လေ ခတ္တာနှော၊ သာမောစုံခြေမှာ၊ ညာကြွေလျှော၊ မှုန်ပြာရီရော တောသာဟန်)၂။ (အို–ပန်းမန်ဝေဆာဖူး၊ ခိုင်ညာရွှေရည် လူး)၂။ [(ဝသန်လေ ချိန်မှန်ကူး၊ ပန္နက်ကျူး ပျော်မြူးစံရှင်)၂။ ဆော်ပဆွင် ရိုက်ညောင်း၊နွေရာသီ ပြောင်းခါမိဝယ်]၂။ (မိုးတချုန်းချုန်း၊ ရွှေဖိပေါ်တုန်း၊ ကုံကော်လေ ကြက်ရန်း၊ လှိုင်လို့သာ၊ ဂနိုင် သည်ဟေမာ၊ စံပယ်ကြိုင်စွာ၊ ပန်းရွှေ ဆပ်သွားဝါ*) ၂။ (အို–အင်ဖူးကြိုင်လှိုင်လန်း၊ ပန်းမဠူ မွှေးကြူလေ ပြည်ဖျန်း)၂။ (ဆင်ရာ ဆန်း ကုံကော်ပန်း၊ မြင်ရာလန်း တွေထူးဆန်း) ၂။ (ခင်တန်းစိုစို၊ ဆပ်သွားပင်ပျို)၃။ ။(မြတ်လေးရုံဆို၊ ဟိုပင်ရင်း ထုံနံ့သင်း)၂။ (မင်းမူရာ ဟန်၊ မြိုင်ယံမှာသာတင့်ဆန်း၊ ယုဇနပန်း၊ ခိုင်လုံးလန်း)၂။ နန်းဟော ဝန်ချာ၊ အိုင်ကုဏ္ဍာလာ ခိုင်ပဒုမ္မာ၊ ဝတ်မှုန်ရွှေကြာ၊ ကြိုင်မွှေးသင်း။

## ၂၀။ ရေလားယိုးဒယား

(သောင်းသောင်းညံ၊ ကြင်ဖော် စင်ရော်မောင်နှံ့ တွဲလို့ဝဲကာပျံ)၂။ (မောင်နှံ့ တောင်ပံ ရိုက်ဆော်သွင်း၊ သောင်တင်း ခေါက်ရှာ ဟသ်ာပျံရောက်လာ)၂။ (ကူးကာ လူးလာ၊ ရွှင်မြူးပျော်ကြရှာ)၂။ (သောင်ပေါ် အောင်တော် ထူးပါလို့ ကျူးရင့်မာဂဓာ)၂။ (မြစ်မင်း အဏ္ဏဝါ ပြန်ကာမြောက်တောင်၊ ကျောက်ဆောင်

———

* /ဆတ်သဝါ /ဟုအသံထွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကမ်း) ၂။ [(ရွှေယင်ပေါင်မြောင်ပတ်သန်း၊ လေတင်ဆောင် တောင်ဖြန့်လှမ်း)၂။ (ချည်ခင်ဇွပ်ကယ်.ဝန်ပို၊ ဗွေသောင်ခရီးမှာ၊ ရေဖောင်စီးလို့ခို)၂။ (နေညိုညို လွမ်းရန်ပိုမို၊ ဆိုငိုပြင်ကျယ်၊ ပင်လယ်သီခေါင် ရိမှောင်ဝေလို့ဆိုင်း)၂။ မန်းဌာနီ သာကီရွှေပြည်တိုင်း (မှိုင်းလို့ဝေဖြာ၊ ရွှေနန်းအောင်ချာ မျှော်ကာမြင်မိမှား)]၂။

## ၂၁။ အိနောင်ဇာတ်ထွက်ယိုးဒယား

(မြဝတီမင်းကြီးဦးစ)

(အို–သာတင့်ဆုံးလေ၊ သုံးရွှေမယ်။ ပျံ့လှိုင်ကြွယ်၊ နယ်ယံမြိုင်လုံးဝင်း။ မှုန်ရွှေလျှံ၊ ပွင့်ညာတံ ညီးညီးလင်း။ ရွှေယင်ပေါင်မင်း၊ ဟသာလယ်၊ လွန်ပျော်ဖွယ်၊ ငှက်ကယ် ကြွေးတဲ့ရင်း)၂။ (မိလ္လာသွယ်၊ သိင်္ဂါစိန်ကြာနွယ်၊ ဖန်လှယ်လှယ်မွှေးမွှေးပျံ့သင်း) ၂။ (အေး အေးညှံ့ညင်း) ၂။ (ဆင်းမြရည်ခင်း၊ ရှင်းကြည်စွာ၊ တောင်ရဂုံက၊ ထုံဂန္ဓာ၊ နံ့လှယ် ဝေသည့်၊ ရွှေညီလာ၊ သံစာစာ၊ သာကာနော)၂။ **ဖျာကြွေရေး၊**[၁] လဲ့ရည်သွေး၊ ကျေးကစော။ (စံခန်း သည်စုံကြော၊ ဝတ်ရည်ရော၊ ညာစီစီ၊ နေနတ်ကယ် နွှေရာသီ၊ မှုန်သီဂီ သင်းတဲ့တော)၂။ **သဖြန်၊** ။(အို–ရှုမောဖွယ်၊ ထားကေသွယ် သည်ဝယ်ပုံသို့၊ မကြုလေသေး)၂၊ ။(ဖြူဝန်းငယ် ရာပြိုင်သည့်၊ ညာပင်တိုင် ရွှေဗွေမြင့်ငယ်ကို၊ ပြန်ခွင့်က နေး)၂။

## ၂၂။ အိနောင်ဇာတ်ထွက်ယိုးဒယား

(မြဝတီမင်းကြီးဦးစ)*

(စက်လည်း ပျော်ပါနိုင်၊ နန်းပင်တိုင်ကြော့၊ ကြာရံလယ်။ယဉ်ရွှေလုံးရွှေကေသီ၊ စုံညီပျော်ပါး၊ ရွှေဝန်းလျှား။ မြယွန်း သန်းယံကျော်၊ နန်းပဟိုရ်ဆော်လည်း၊ ပျော်ဘဲသား။ ဘယ်ဆီမှာ ဘယ်ဘုန်းအား၊ ပျော်တော်ငြားရှာလိမ့်မယ်။ သူ့တိုင်းကြော့ ကာလံဝယ်၊ လွမ်းတာကြွယ်လို့၊ ပူနယ်ပွား) ၂။ ဘယ်ဆီမှာ ဘယ်ဘုန်းအား၊ ပျော်တော်ငြား ရှာလိမ့်မယ်၊ သူ့တိုင်းကြော့ ကာလံဝယ်၊ လွမ်းတာကြွယ်လို့၊ ပူနယ်ပွား။

---

၁။ ပျံ့ကြွေရေး– ဂီသစ်၊ ဂီဝိ။



## ၂၃။ တောဘွဲ့ယိုးဒယား

(ပြင်စည်မင်းသား)

နှင်းယွန်း ခါဟေမန်၊ လေပြန်သွင်းလို့၊ ညင်းညံ့ညံ့၊ (တိမ်ယံကွန့်ဆိုင်း၊ အိုလေ မျှော်လေတိုင်း၊ မှိုင်းမှုန်ဝေ) ၂။ (ဆန်းလည်း၊ ရွှေသည်းဝယ်သာ၊ ပူဇျာပိုစေ)၂။ ဆည်ဖြေ၊ သည်မေ၊ လွမ်းရေးပျောင်း။ ဆွေးကြောင်း ရုံးပေါင်းဖန်၊ ပန်းမန်သင်းပျံ့ ဆင်းရွှေလျှံ၊ (သာဟန်တင့်ကြူး၊ ထုံမှုန်ခိုင်ညာ မာလာဖူး)၂။ (ကူးနွဲ့၊ ပျံ့ဝဲဖော်စုံ၊ သိုက်မြုံ ကွန်းဗွေ)၂။ မြိုင်ခြေ ခိုင်ဝေ၊ စိမ်းလန်းလန်းမောင်း။ [(သာတောင်းလေ ညောင်းသိင်္ဂါ၊ မိလ္လာသင်းစွာ)၂။ ရေမန္တာ၊ ရွှေကန်မှာ၊ မြူးကြသောင်း သောင်း)]၂။ (ရွှေယင်ပေါင်၊ မောင်မယ်လှယ်ကာ၊ ဟသာငယ်ကြွေးရင့်ညောင်း;)၂။ (တောင်စောင်း၊ သားပေါင်ငယ်ထွေထွေ၊ ပျော်မြဲဖော်နည်းသည်ဝယ်စေ။ ဟေမာ သေလာဗွေဦး၊ ခွေယိုင်ကာသာမူး)၂။ (ကြည်နူး၊ ရွှေဖူးစာငယ်၊ ဖန်တယ်သားကို)၂။ ပူဇျာပို၊ မူရာချို၊ တောမြိုင်ညိုဖျား။ (ဆိုငိုယောင်မှား၊ ညွတ်ပြိုဖွယ်သား၊ ဆွေးဝန်ထပ်ပွား)၂။ (ကြည်နူး၊ ရွှေဖူးစာငယ်၊ ဖန်တယ်သားကို)၂။ (ပူဇျာပို၊ မူရာချို)၂။ တောမြိုင်ညိုဖျား။

## ၂၄။ အလွမ်းဘွဲ့ယိုးဒယား

(မြဝတီမင်းကြီးဦးစ)*

(ဖော်ကွာဝေးသူမို့၊ ဆွေးပူရတယ်။ မြင်တော် လာ စမ်းပါလှည့်၊ နန်းနေညွှန့် နွယ်)၂။ [ကန္တာလယ် တောရယ်က၊ သာမောဖွယ်။ (တိမ်စွယ်ဘုံလယ်ဝေယန်ဖျား)၂။ နတ်များငယ်၊ ဖန်တော်သာ၊ မြိုင်ဟေမာ၊ ကူးမိမှား]၂။ [(အို မုန်ရွှေညာ၊ ဘယ်ဆီဘယ်မှာ)၂။ လွမ်းဇျာပါ ရေးကပွား]၂။ [(များပူလိမ့်သွယ်သွယ်)၂။ (မြိုင်လယ်စုံခြေ)၂။ သာစွ ပန်းထွေထွေ]၂။ (လေညွှတ်ရာအေးညှံ့ညင်း၊ ဖိဝတ်ကယ် မွှေးပျံ့သင်း)၂။ (သီဂီငယ်ကျေး သာကာမယ်၊

---

* မြဝတီမင်းကြီး ဦးစရေးသည့် သမုဒ္ဒဃောသဇာတ်လာ သီချင်းဖြစ်ကြောင်း မြစာအရသိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်လှယ်လှယ် ကြွေးတည့်ရင်း)၂။ (အေးမြည်း) ၂။ (သုံးရွှေ့သနင်း၊ နွဲ့မူမင်း စံတော်ရာ၊ မြင်နိုင်ပါ ဆွေးဖွယ်ခင်း)၂။ (သည်ရေလေ မြေခပင်း၊ မြိုင်ယံတွင်း နိုင်စံပယ်၊ နွဲ့နိုင်ဆုံး၊ ဘုန်းကြွယ်ကြွယ်။ ကိုယ်တော်တည်း˙သည်းကြွေလှဖွယ်)၂။ (သွေယိမ်း၊ ဖန်နေရှိန်း၊ ရွက်ကျင်စိမ်း၊ သဉ္ဇာလယ်၊ စက်လည်းငယ် ပျော်နိုင်ဖွယ်၊ မှန်းရည်ရွယ်၊ ကူးမိမှား)၂။ (လှိုင်းရေညိုထဲ၊ လှဆယ်လဲ †၊ ကွဲရကြား။ ဖန်များငယ် ဆိုဝိုယောင် ခေါ်တော်မိမှား၊ သည်မြိုင်ချောင်၊ သည်းကြွေလောင်၊ ကျွမ်းလိမ့်လား)၂။

## ၂၅။ တောဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

(တောမြိုင်ခြေလမ်း၊ ရဂုံသာဖွေ လေ။ တောင်ရေစမ်းလဲ့ စီးသွယ်ခွေ၊ အို ဖော်ကွာ ရှာရန် ပန်းဖွယ်စေ)၂။ (ငုံရွှေမာလာ ကြိုင်လှိုင်အေး၊ ပူအောင်ငယ်သာ၊ မျှော်ရာသည်လွမ်းရေး၊ လေယူရာ၊ မဉ္ဇူ ဂန္ဓာမွေး) ၂။(သင်းကြူကြူ၊ မြိုင်ငုစံတော၊ မောလေဖွယ်ပန်း၊ မှန်းရည်ရွယ်။ မျှော်ယောင် ခေါ်ယောင်တယ်၊ ငှက်မောင်မယ်၊ ပျော်ဖွယ် သာကာကျေး ) ၂။ (စုံခြေငယ်လေ၊ ကန် ကန်မင်းဖွေး။ ရွှေပြည်သာ ကွာလှမ်းဝေး)၂။ (ရော်ရမ်း မမြင်ပါ၊ မြောင်ဖီလာခြား၊ လွမ်းရန်သွယ်သွယ် ထွေတယ်၊ မှုန်ဆေ မြူခြေ တိမ်စွယ်ကာ။ ရှစ်ခွင်မင်းလွင် မှုန်ပြာ၊ ပတ်ဝန်းဘယ်ညာ၊ လေပြည်လေညင်းလာ)၂။ (ဝင်းဝင်း၊သင်းသင်း၊ ညင်းညင်း၊ ဆင်းရွှေဝါ။ ထုံဂန္ဓာ တောနှင့် တောင်မြိုင်၊ ရေသီဒါအိုင်၊ ကြာမျိုးငါးမည်လှိုင်)၂။ (ကြိုင်ကြိုင်ငယ်လေ၊ ခိုင်ခိုင်လုံးမွှေး။ ခွေကာယှိုင်၊ မှိုင်မိသေး)၂။ (ရေးရွှေရုပ်ကယ်၊ မော်ရုံမြိုင်၊ ညာပင်တိုင် နန်းမယ်။ ရှာရန်လမ်းတာ၊ ပန်းကာပူဝန်၊ လွမ်းဝှန်ဗျာပါကြွယ်၊ ဘယ်ဝယ်ခေါ်တယ်မျှော်ယောင်ယမ်း၊ နတ်နန်း ရွှေတောင်ဖီလာ အိုင်မှာသီဒါ စီကာသွယ်ဖြာ၊ ဖော်နှောသက်လှယ်၊ ငှက်ကယ်မူရာ၊ မြူးတယ်ပျူငှာ၊ သံသာသံချို၊ လွမ်းပိုအောင်ပင်၊ ရွှေဘဝင် လွန်ကြေကွဲ)၂။

† လှဆယ်လဲ = ဆယ်နည်း ဆယ်မျိုး လှသောမိန်းကလေး။

• /ကိုဒေါ်ဒဲ/ဟုအသံထွက်ပါ။



## ၂၆။ ရာမဇာတ်ဖြည့်ယိုးဒယား

[(ပန်းညောင်လှိုင်ဖွဲ့ဖွေဆိုင်၊ ကေခိုင်ကုံးငယ်၊ ခွေယှိုင်နုံးတယ်၊ သုံးရွှေလယ်၊ ဘုန်းမယ်ဒါရှူ၊ သည်းအူဗျာလှိုင်ကြွယ်၊ ကျွမ်းလောင်ဖွယ် ကြံတယ်ဖန်တယ်ရေး။ လေနန်းလေနန်းဝေယန်၊ သဉ်လီ †ဒေဝီ ဖြေဆည်နိုင်တော့ရေး၊ မေ့းစက်ယောင် ကြာညောင်တွင်းဝယ်၊ ငွေနှင်းကြိုင်ကြိုင်၊ လေပြိုင်ဆော်ယူသွေး။ (ကြူပြန်လာ၊ ထုံဂန္ဓာလှဲ)၃။ ဟေမန်ပြောင်း၊ ခါနွေလောင်း (နှောင်းပွင့်တံ ရွှေလျှံငုံရည်ကင်း)၂။ မြိုင်မင်းမော်ရုံ စံတော်ဖွေ]၂။ [ အို လေ လောင်ကျွမ်း ပူဗျာပွေ၊ ဂူမေ ညာနန်းလေသိ၊ အို လေ လောင်ကျွမ်း ပူဗျာပွေ၊ ပူဗျာပွေ (ဂူမေ ညာနန်းလေသိ)၃။ (နန်းဝေယန် ဗိမာန်ဆောင်မြင့်ဦး)၂။ (ညာမယ် သက်ကယ် ပြေနိုင်ဘူး)၂။ (မူးခွေယှိုင်ပူဗျာလှိုင်လေ့)၃။ ကေခိုင်ဖွား၊ ထားဟန်ဉာဏ်ခြယ် (ဘုန်းသက်လှယ် ကြံရွယ်မှိုင်မိမူး)၂။ ကိုယ်ထူး ဆိုယောင်ဝိုယောင်သာ]၂။ [အာကာနတ်နန်း ဝေယန္တာ။ ဖန်လာ ဘယ်ရေးကံသိ၊ အာကာနတ်နန်း ဝေယန္တာ၊ ဝေယန္တာ (ဖန်လာ ဘယ်ရေးကံသိ)၃။ (သိဃ်ိငွစံ တိမ်ယံ ဆောင်ယူသွား)၂။ (ကြင်သူ မြင်တော်မူလှည့်လား)၂။ (ခါခါထွေ ဗျာပါဝေလို့)၃။ ကေသာကုံးငယ် ထုံးရွှေမင် (သုံးရွှေရင် နွဲ့ပင် ခွေယိမ်းမူး) ၂။ စိတ်သာရည်စူး၊ သီခေါင်ရီမှောင် တောင်မြင့်ဦး]၂။

## ၂၇။ တောဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

(ခိုင်ပန်းစုံ၊ မှုန်မာလာ၊ ပင်သိဂ်ါ သင်းပျံ့ ကြိုင်လှိုင်မွှေး၊ လေပြည်ဆော်ကာ မြိုင်လုံးသွေး)၂။ သာကာ မောင်မယ်ဖိုကျေး၊ ရင့်ကြွေးငယ် ညံစာစာ။ (သီဒါ မြောင်၊ ရေတောင်ဖီလာ၊ စီကာသွယ်ဖြာဝန်း၊ သာနယ်ခါရွယ်၊ မျှော်တယ် ပူဖွယ် ထွေထွေလွမ်း၊ မှိုင်ကာ ရွှေဘဝင်ဖန်ရွယ်၊ ပူနယ်ကြူလာ၊ သည်မှာခွေမူး ပျောင်း၊ နွဲ့နှောင်းငယ်၊ သောင်းရွှေညာ။ ကန္တာလယ်၊ စုံယံ သာနယ်ဦး၊

† သဉ်လီ = သဉ္ဇာလီ။

www.burmeseclassic.com

www.burmeseclassic.com



ထူးသာဟန်၊ ပန်းမန်ဝေဆာဖူး၊ အိုလေ ကြည်နူးဖွယ်စေ၊ လဲ့ကြူးငယ် မှူးမယ်ဆွေ။ လွမ်းထွေထွေ၊ ကျွမ်းစေ ဖန်ရှယ်၊ နတ်ကယ် မြင်ဘဲရေး၊ ရွှေလျှံထိန်ဖြာ ဝေယန်သိင်္ဂါ၊ ဣန္ဒာ ဖန်တော်နေး၊ ရေဝေးငယ် ရွှေကြာနယ်။ ဘုန်းမယ်သာ၊ ကိုးရာ သည်ဝယ်ကြောင်း၊ ဆယ်နိုင် သွယ်ပြိုင် ရှိစုံပေါင်း။ ခုအေးပါလွယ်၊ သွယ်သွယ်မျှော်တယ် ပုံကွာလှမ်း၊ ဆန်းရန်ကြွယ်၊ ဆည်လည်း ပြေနိုင်ဖွယ်)၂။ လွမ်းထွေထွေ၊ ကျွမ်းစေဖန်ရှယ်၊ နတ်ကယ်မြင်ဘဲရေး။ ရွှေလျှံထိန်ဖြာ၊ ဝေယန်သိင်္ဂါ၊ ဣန္ဒာ ဖန်တော်နေး၊ ရေဝေးငယ် ရွှေကြာနယ်။ ဘုန်းမယ်သာ ကိုးရာ သည်ဝယ်ကြောင်း၊ ဆယ်နိုင် သွယ်ပြိုင် ရှိစုံပေါင်း။ (ခုအေးပါလွယ်၊ သွယ်သွယ်မျှော်တယ် ပုံကွာလှမ်း၊ ဆန်းရန်ကြွယ်၊ ဆည်လည်းပြေနိုင်ဖွယ်)၃။

## ၂၈။ တောဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

တောတောင်စွယ်၊ သာနယ်ထွေထွေထူး၊ ပန်းစုံငယ်လေ ငုံကင်း မာလာဖူး။ သင်းပျံ့ကြိုင်လှိုင် ရွှေခိုင်၊ မြိုင်ယံစုံခွင်၊ မင်းလွင်တိမ်နိုးမြူး။ ကျူးညံ့စာစာ၊ သာကာ ဖော်ရာကြွေး၊ ဘာသာငယ်လေ၊ တွန်ကျာ သူဝကျေး။ ကြင်ရေးသွယ်သွယ် လှူနှယ်၊ ပျူငှာလှယ်ဆေး၊ ပျံကူး သိုက်မြုံရွှေ။ (ယဉ်ရွှေစံမြန်း၊ ပင်နန်းငယ် သာနယ်ဗွေ)၂။ (တိမ်ခြေ တောင်စွယ်လမ်း၊ စမ်းသွယ်သွယ်ခွေ၊ စီးကျယဉ်ရေ)၂။ (လေပြည် ဆော်လာသွေး၊ ထုံဆီ မာလာမွှေး၊ မြသွေး ကြည်စွာ။ ယဉ်သီဒါ သွယ်ဖြာဆင်း၊ တောင်တောင်မင်း၊ ခင်းသာယာ)၂။ (မြောင်ဖီလာ၊ ကန္တာ စုံခြေလမ်း၊ အိုဘယ်ဝယ် ဆီသွယ်ရည်ရှယ်မှန်း၊ စံခန်းကွာနယ်။ ပူတယ်လေ ဆယ်နေကဲ၊ ဖြေမပြေဘဲ၊ သည်းဝယ်ဖို)၃။ [(ညွတ်ပြိုကာ၊ ဆိုငိုမှိုင်ယောင်၊ လွမ်းနှောင် တောင်ရွှေစိုင်)၂။ ကြံမှိုင် ဆွေးဗျာအင်၊ ရွှေဘဝင်ဝယ်ဆွေး၊ ဘယ်နတ်ကယ်လေ၊ ဖန်လာရေး]၂။ (ရွှေဖူးစာငယ်ကဲ၊ ဆော်စီမံခင်း၊ ရေလင့် နေသင့်ကြာ† နေသင့်ကြာ ခွေယိုင်ကာသာညှိုး၊ နတ်မိုး ဆွေဣန္ဒာ၊ မြင်ဘဲခုသာ)၂။

---

† နေသင့်ကြာ = နေပူထိသည့်ကြာ။



ဝေယန်ညာ လေးသူ့ဘုန်းမိုမို၊ ရွှေကိုယ်တော် ရေးသိရင်း၊ (မျှော်တင်း၊ ဖန်ဆင်း)၂။ မောင်မယ် ပူဝှန်ခင်း၊ မြူခြေငွေနှင်း၊ လေညင်း ဆော်လှူ့ချို၊ ဆော်လှူ့ချို၊ (ရီရီပြာရောင် ညိုမှောင်တောင်နိုး ခြယ်လှယ်အုံ၊ ခြယ်လှယ်အုံ။ လွမ်းပုံ သွယ်သွယ်၊ ဖြေတယ် ပြေတော့နိုင်။ ခွေယိုင်တွေမှိုင်၊ ဟောဝန်နန်းမြိုင်)၂။ ရီရီပြာရောင် ညိုမှောင်တောင်နိုး ခြယ်လှယ်အုံ၊ ခြယ်လှယ်အုံ။ လွမ်းပုံသွယ်သွယ်၊ ဖြေတယ်ပြေတော့နိုင်။ ခွေယိုင်တွေမှိုင်၊ ဟောဝန်နန်းမြိုင်၊ ခွေယိုင် တွေမှိုင်၊ ဟောဝန်နန်းမြိုင်။

## ၂၉။ တောဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

(မှိုင်းမှုန်ပြာညို၊ ရီမှောင်ဝေ၊ မြူတိမ်ခြေသွင်း၊ လေညင်းဆော်ထွေ၊ ပျံ့ပျံ့ ငယ်လှိုင်၊ ဗွေဆိုင်။ ပန်းစုံတဲ့၊ ဟောဝန်မြိုင်)၂။ ထုံဂန္ဓာကြော့ မာလာခိုင်၊ လွမ်းမပြေနိုင်၊ ခွေယိုင် သာဟန်ထူး။ မင်းလွင် တိမ်နိုးမြူး။ တောတောင်ယံ သာဟန်ကြူး၊ စုံနယ်ဗွေက၊ ယဉ်ရေကွန်။ ဆင်းကျည်သွန်၊ အိုင်မွန် မန္တာခင်း။ သင်းကြူကြိုင် ပန်းဖူး၊ ငှက်ပေါင်းမြူး၊ ဖော်စုံ မောင်မယ်က၊ ပျော်ဖွယ်သာ။ ရွှေကျေးတမာ၊ (သာကာ ခေါက်ရာ မယ်လျစော၊ လွမ်းပိုအောင် ရွှေဥသြ)၂။ ရေကြာကြွယ်သည့်၊ ကန်လယ်မှာ၊ (ထူးတယ်မူရာ၊ မြူးတယ်ပျူငှာ)၂၊ များစွာ ဆန်းထွေလာ ရေမန္တာ။ ရေကြာကြွယ်သည့်ကန်လယ်မှာ၊ (ထူးတယ်မူရာ၊ မြူးတယ်ပျူငှာ)၂။ များစွာ ဆန်းထွေလာ ရေမန္တာ။ ရေကြာကြွယ်သည့် ကန်လယ်မှာ၊ (ထူးတယ် မူရာ၊ မြူးတယ် ပျူငှာ)၂။ များစွာ တူဘာသာ၊ စုံဟေမာ တောကြီး တောင်ယံလယ်၊ ရဂုံနယ်။ မျှော်လေလေ လွမ်းလို့ကျွမ်းရန်ကြွယ်၊ သည်ရာသီဝယ်။ (ဒွါရာမယ် တိုင်းသူ ကြံတော်ရှယ်၊ ရွှေဉာဏ်ခြယ် သာရွှေမြေ၊ မန်းမြင့်တောင်ယံစွယ်၊ ပြန်ရွှေစာလှယ်)၂။

www.burmeseclassic.com

www.burmeseclassic.com



## ၃၀။ မန္တလေးမြို့ဘွဲ့ ယိုးဒယား

[မန်းတောင်လက်ယာ၊ ဘုန်းနေလ၊ နှုန်းလေ တေဇာဝေဖြာ၊ ဝင်းထိန်လို့ဝါ။ (များစွာမိုလ်ခြေ ဆေနေပေါင်း)၂။ ၂၊ ကောင်းအောင်ခု၊ ကောင်းအောင်ခု၊ ဗုဒ္ဓင်လောင်းမို့ မြို့နန်းတည်ထောင်။ (မင်းမြတ်နောင် ကုန်းဘောင်နေညွှန့်သွေး)၂။ (ဒီပါမြေပေါ် ကျော်နံ့ရေး)၂။ ဘုန်းတော်ဟုန် ခြောက်ဘုံနတ်ရွာ၊ လွှန်ပျံ့မွှေးလို့ ဘေးတော်ခြေးမှန်၊ (ထီးရာစံ၊ နက်သန်ခိုခရေး)၂။ ရွှေဘုန်းတော်နေလာ ဝေဖြာ၊ မန်းလက်ယာ နတ်ရွာရေသို့အေး]၂။ [(ဒုမ္မာလေ ဒုမ္မာကြိုင်ပျံ့၊ မွှေးတယ် မွှေးတယ်လေး။ နန္ဒာ ကန်သာရေမြ၊ အေးတယ် အေးတယ် အေးတယ်လေ)၂။ (ဟိုရှေးလေ ရာဇဂြိုဟ် ပြည်လို့၊ စည်ပဟိုရ်တော်က ဟိန်းတာမို့)၂။ ဘေးရန် ခပ်သိမ်းလေတွေတို့၊ ဘေးရန်ခပ်သိမ်း လေတွေတို့၊ ငြိမ်းလေ ငြိမ်းလေပါလှ၊ ငြိမ်းလေ ငြိမ်းလေပါလှ။ ကြာတံဆိပ်နှင့် ဗျာဒိတ်တော်လာ၊ မိန့်ခွန်းလေ ခွန်း လေချိုမြသာ]၂။ ယဉ်ရော ပတ်ကာဝိုင်းသည်၊ တိုင်းလေဌာနီ ရွှေပြည်ရွှေဘုံနန်း။ ရေယဉ်သွယ်ဖြာ၊ စီးလာမောက်ဖြိုး၊ ရွာသည်မိုး၊ ဘုန်းတန်ခိုး ရွှေမိုးငွေမိုးရွာ။ ဆင်ဖြူရတနာ ဆက်မည် ခုရောက်လာ။ အိုလေ ဘုန်းတေဇာ၊ နေနှုန်းဖြာ၊ (နန္ဒာရေဝန်းရံခဲ၊ ပတ်လည်ကာ ရွှေမန်းတောင် တော်သာ)၂။ (အို–ဆန်းပါလှ မြို့နန်းဝတိံသာ)၂။ (မြန်ချာ ဖန်လာနေညွှန့်မှာ)၂၊ ဘုန်းလေမြတ်ဝေဆာ။ (အိုလေ စံကာမြန်းသည်၊ မန်းလေရွှေပြည် တိုင်းလေဌာနီ)၂။ (ပုံမဝေးဘူး ရောက်လုပါပြီ၊ မြတ်နောင်ညီ သာကီ နေသို့ထွန်း)၂ (ရွှန်းရွှန်းဝေ၊ ထွန်းတက်နေ ကျက်သရေ ငွေလစန်း)၂။ သေလာ တောင်ရွှေမန်း၊ ဆန်းလေ ဆန်းစုံစွာ၊ ဝေယန်နတ်နန်း ပုံသို့ပါ (နန္ဒာ ရေဝန်းရံခဲ၊ ပတ်လည်ကာ ရွှေမန်းတောင်တော် သာ)၂။ (အို–ဆန်းပါလှ မြို့နန်းဝတိံသာ)၂။ (မြန်ချာ ဖန်လာနေညွှန့်မှာ) ၂၊ ဘုန်းလေမြတ်ဝေဆာ။ (အိုလေ စံကာမြန်းသည်၊ မန်းလေရွှေပြည် တိုင်းလေ ဌာနီ)၂။ (ပုံမဝေးဘူး ရောက်လုပါပြီ၊ မြတ်နောင်ညီ သာကီနေသို့ထွန်း)၂။



## ၃၁။ မင်းတုန်းမင်းတရားကြီး ဘုန်းတော်ဘွဲ့ ယိုးဒယား

(ပြင်စည်မင်းသား)

(တောင်ဇမ္ဗူပိုင်၊ ကျော်လှိုင်တေဇာ၊ ဘုန်းပျံ့မွှေး။ တစ်သိရိန်ကြေညာ၊ နေလာသမ္ဘိန်၊ ရာဇာအာဟိန်၊ ဂီရိန်ရန်မြူဝေး)၂။ (နှုန်းလေ တန္တိရာဝင်၊ ရှေးငယ်ကသာ၊ တွေးဖွယ် စံမရှာ။ မန်းသေလာ၊ အောင်ချာ ပြည်တိုင်းခန်း၊ ဝိသုကံ စီမံ ဖန်လာဆန်း။ တစ်ညီသွန်၊ တိမ်စွန်အာကာ၊ မိုးယံမှောင်မြူ ရှင်းတယ်ပယ် ခွာ၊ ခြယ်မွှာစုံစီ၊ နီလာစိန်ကြောင်၊ ရှိန်ဖြာရီမှောင်၊ စံဆောင် ဘုံရွှေနန်း)၂။ (ရေယမုန် သီဒါ၊ ရောခွေကာ သုန်သုန်ဆင်းတယ်၊ အောင်မြေမှန်ရာ၊ မန္တာခမြေခံမင်းမှာ၊ သိဟာရွှေဂူနန်း)၂။ (ဝေလျှံဖြာ၊ နန်းရှေ့မျက်နှာ၊ ကြည်သန့်ရှင်းတယ် ကန်မင်းနန္ဒာ၊ ကမ်းတရှိတွင်၊ လျှမ်းပြည့်ရွှေကြာ၊ ချပ်မုံအာ ကြိုင်သင်းထုံ လှိုင်စွာ)၂။ (ရွှေသာရကာ မင်းမယ်၊ ကျေးကစော)၂။ (တညီညာ ကြော်သံခေါ်ကာ၊ မယ်ညိုဖော်ရှာ အေးရင့်နှော)၂။ (နန်းချင်းပျူငှာ၊ ဘာသာနှောသနင့်သာ၊ ရောဆင့်ကြော်ကြာ၊ စင်ရော်ပျံလာ၊ ဇာတိ ငွေမှုန်၊ သောင်ခုံ ပြန့်ဖွေ၊ နေဆာ တောင်တင်လှမ်း)၂။ (ကန်သာထူးတင့်ဆန်း၊ သံသာ ကျူးရင့်မြန်း၊ ကန်သာ ထူးတင့်ဆန်း။ စမ်းရေဖြာ၊ တောင်စဉ်ခွေကာ၊ ရစ်ဆီး ခြံရံကာ။ တစ်ရွှေညီ ဒေဝီ သူဇာ နန်းမယ်ဖြူပြာ၊ ဆန်းတယ်မူရာ၊ ရွှေသိင်္ဂါသူ၊ ဆာပူကြွလာ၊ သည်းမှာ ကတ်အောင်၊ သီခေါင် ရီမှောင်ဆိုင်း)၂။ (မိုးနွေဂိမှာန်ခါမီ၊ လျှပ်ခြည်ဆိုင်းတယ်၊ အုံ့မှိုင်းရီမှောင်၊ မေဃိန်ဒေဝိန် ပတ်လည်ဝိုက်ကာ၊ သွန်းသနင့်သာ ရွှမ်းဆင့် စည်တံမြွှာ)၂။ အို အမ္ဗုန်မှူး၊ ကျူးပြန်တော့သာ။ ရွှေဘုန်းတော်မိုး၊ ဖြိုးရွာ သွန်းကာ။ ပြည်ပြည်သူပေါင်း၊ သောင်းခြိမ့်ကြော်ကြာ၊ (ရာမင်း၊ စက်တော်ခိုလှုံစင်း။ အိုလေ ကညာ၊ ဆက်လာသွင်းရ၊ မင်းမင်းဧကရာ၊ တေဇာနေလာ၊ ဝေဖြာမိုး၊ စိုးလေ စံကာ စံကာ၊ ပြည်ရွှေမန်းမြို့ အောင်မြေမှန်ရာ၊ သိမ်းစံမြန်းတယ်၊ နန်းလေ တည်စိုက်ရာ)၂။

www.burmeseclassic.com

www.burmeseclassic.com



## ၃၂။ တောထွက်ခန်းယိုးဒယား*

ယသော့်ရော နန်းတောင်ညာ၊ သားရာဟုလာ ရွှေမျက်နှာ ညှိုးလေအောင်သာ၊ ပစ်သွားရှောင်ခွာ၊ အောင်ချာ ကပ္ပိနန်း။ စံမြန်းတော်မူရာ၊ **လောင်းလေ့လောင်းဗုဒ္ဓါ**[၁]၊ မြတ်ဥယျာဉ်သာ၊ မကြာ ထွက်ကာသွား။ လေးပါးရယ် သူအို၊ သူနာ၊ သူသေ၊ ရဟန်း မြင်ပြန်လျှင် စွဲစိတ်သံဝေ၊ လူ့တိုင်းရပ်မြေ ကြာရှည်နေဝံ့ဘဲ။ နန်းထဲမှာပင်၊ အိုလေ ပျော်မရှင်။ (မောင်ဆန်ကိုနှိုး သူတိုင်ပင်၊ ကဏ္ဍကနတ်မြင်း ကကြိုးဆင်)၂။ (ယသော်မေခင်၊ ရွှေစင်အိရယ်၊ ကြာရင်သိဖွယ်၊ ရိပ်မိမယ်)၂။ [(သန်းခေါင်လယ်၊ ထွက်တော်မူ နန်းကခွာတယ်)၃၊ မောင်ဘုန်းပျောက်တယ်၊ ဆောင်အုံး ဖွေမြင့်လယ်]၂ (သိဒ္ဓတ် ဘုန်းကြွယ်၊ လောင်းလေ့ လောင်းမြတ်နွယ်။ သွယ်သွယ်ထပ်ပွား နတ်များစွာ၊ မီးဝါကိုင်ထွန်း လေသည့်တာ)၂၊ (တေဇာ ဝေဖြာ ခေမာ ကမ်းယံ၊ နိဗ္ဗာန်နန်းကို မြန်းမည်ကြံ)၂။ (အတန်တန်၊ အတန်တန်၊ မာရ်နတ်လာ ဆင်း၍တားပြန်)၃၊ (ဘုရားဖြစ်ရန် အကြံ အောင်လုဆဲ။ ငွေသဲသောင်ပြင်၊ အိုလေ့ နော်မာခွင်၊ ကူးကာ ချက်ချင်း ရောက်ပြန်လျှင်၊ ဆံတော် ပယ်ရှင်းလေသည့်အင်)၂။ (ထက်ခွင်ဗြဟ္မာ မကြာဆင်းလာ၊ စက်စုံရင်းမှာ ဝပ်စင်းကာ)၂။ (ပဒုမ္မာ၊ ပဒုမ္မာ ရွှေကြာ သက်န်းကိုကပ်ရှာ)၃။ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်သည့်တာ၊ ကျောင်းတော် လေလေ ရွှေဝိဟာ။

## ၃၃။ အလွမ်းဘွဲ့ယိုးဒယား

(ပြင်စည်မင်းသား)

(ရွှေတညာ၊ ဖျော်ဖြေဇွေကြော့၊ မြန်မြေချာဝယ်၊ လွန်သာတွေလို့၊ ဖန်ရွှေစာငယ်၊ မူရာပိုဖွယ့် ဆိုယောင်မှား)၂။ (စံ စံပယ်၊ သည်ဝယ်သာခု၊ ညာညီ ရှယ်၊ ဘုံလယ်ဇွေငယ်မှာ)၂။ လွမ်းစေ၊ ဘယ်ဝယ်သာလေ၊ ဘုန်းဝေ၊ ဆန်းတွေ တွေ၊ မန်းရွှေမြေ၊ ပန်းဖြေကာ၊ (ဂန္ဓာလှိုင်သင်း၊ ညင်းလေညာ)၂။ (မာလာခိုင် စုံ ရွှေငုံဖူးနှဲ့ကြိုင်လှိုင်၊ တောင်တောစီကာ ဖီလာမြိုင်)၂။ လွမ်းမပြေနိုင်၊ ကျွမ်းကြွေယိုင်၊ ကွန်းဇွေဆိုင်၊ (ပန်းခိုင်မှုန်ပျံ့၊ ထုံမပြယ်)၂။ (ရွှေရွှေရှယ်၊ ပျော်တော် ဖော်လှော်၊ ချီငေါ် ရင့်ရင့်ကြွေး)၂။(ချိုသံသာ၊ မူရာဟန်၊ လွမ်းရန်တွေ၊ ဖြေဖြေတယ်၊ သည်ဝယ်ညွတ်ပြို၊ ဆွေးဝန်မှုပို)၂။ ရွှေဘုန်း ဘုန်းမိုမို၊ ခွေနံး

၁။ များလေမှားဖိုက်ပါ - သိပ်။



နံးရန်ကို။ ဇွေအုံး အုံးသဉ်ညို၊ ဆည်ရုံး ရုံးနိုင်လို။ အိုမန်း မန်းဇွေလယ်၊ ရွှေနန်း နန်းမြေဝယ်။ [(ပန်းလေဖွယ် အောင်၊ ညင်းလေဆောင်)၂။ ဝေဝေမှောင်၊ ဖြာရောင် ရှစ်ခွင်၊ ဆင်ယင် ဝိုင်းကာအုံ]၂။ (ကျူးတစ်သုန်၊ ပဒ္မုန်ဆော်နှိုး၊ မိုးမိုးမာန်မာန်၊ တိမ်ယံကွန့်မြူး)၂။ (မူးဝေယိုင်ကာသာ၊ တွေမှိုင်ကာပင်၊ ဖြေလည်းမရှင်)၂။ ပျော်ဖွယ် သာဆင်၊ ပွေအင် ရွှေဘဝင် လွန်ကြေကွဲ၊ သည်း နေမရှင်၊ မင်းလွင်မြူမှောင်၊ ပြာရောင်တောင်ခိုး ခြယ်လှယ်အုံ၊ မှိုင်းမှုန် အာကာဘောင်၊ ပူအောင် ပူအောင် သာပင်၊ ရှစ်ခွင်ကသာ မုန်တိုင်းဆင်၊ လွမ်းစေ၊ ကျွမ်းကြွေမည့်သွင်၊ ဆိုရင်း လည်းသာ၊ တန်ဘဲကို။ (မိုးမာန်ဂုဏ်၊ ငြိုးဟန်သုန်၊ ပဒ္မုန်ကသာ၊ ဆော်သွင်း မြူး)၂။ ထူးထူး တွေတွေ၊ ဖော်ရွှေပျော်ကြောင်း ဖန်ခါခါ၊ ကျူးသီဖွဲ့သာ။ မူးဝေမှိုင်ကာ၊ ဘာသာသည်မှာ သဲကြော်ငြာ၊ ရှင်စံရာ၊ ဖူးရွှေဖန်လာ။ နွဲ့ကာပင်၊ ယိမ်းယိုင်ချင်၊ လွမ်းရန်ဖို့ဆင်။ မင်းလွင်မြူမှောင်၊ ပြာရောင်တောင်ခိုး ခြယ်လှယ် အုံ၊ မှိုင်းမှုန် အာကာဘောင်၊ ပူအောင် ပူအောင်သာပင်၊ ရှစ်ခွင်ကသာ မုန်တိုင်း ဆင်၊ လွမ်းစေ ကျွမ်းကြွေမည့်သွင်၊ ဆိုရင်းလည်းသာ တန်ဘဲကို၊ (မိုးမာန်ဂုဏ်၊ ငြိုးဟန်သုန်၊ ပဒ္မုန်ကသာ ဆော်သွန်းမြူး)၂။

## ၃၄။ နန်းသိမ်းယိုးဒယား*

(ဝက်မစွတ်ဝန်ထောက်)

[စိန်ဇယင်နန့်း၊ သဉ်ပြန့်ဇွေလယ်၊ (နေနွယ်မြတ်ရင်း၊ နတ်ဆင်းနွဲ့သွယ်)၂။ လျှံဝေ စံရွှေနန်းမှာ၊ ရွှေသန်းရုံလယ်၊ ပုံနေ ယုန်ငွေဝန်းကဲ့သို့၊ ထွန်းလေလေ ထွန်းတင့်တယ်]၂။ (မြန်ကျွန်း စံညွန်းလေ ယှဉ်ဖက်ကွယ်၊ လျှံထွန်း မုန်ကွန်း ဇွေ ပြင်ထက်ဝယ်၊ ရုံဝန်း သံညွှန်းခြွေ တင်မြွက် လှယ်တယ်လေးပင်၊ မူအင် ယှငင်၊ ပျော်စေဖျော်ဖြေ၊ ကျူးတယ်ချိုလွင်၊ စုံဖူးလေ ဆယ်ညွှန့်ဆင်)၂။ (ရွှေပြဘင် နွယ်ဘုန်းဂုဏ်မို့၊ မြေတစ်ခွင် နယ်လုံးတုန်လို့၊ လျှံခဆက်ထံ။ နှင်းလေလေ သက်နံ့၊ ဝင်းလေလေ ညက်စံ၊ သွင်းလေလေ ဆက်ပန်တောင်း၊

* သီပေါမင်းနန်းသိမ်းပွဲအတွက် အချုပ်တန်းဆရာဖေ ရေးဆက်သည့် "ရေမိုး ထိန်လျက် စိန်စကြာဟုန်"ချီ နန်းသိမ်းယိုးဒယား အလိုက်၊သီပေါမင်း သမီးတော် ထိပ်စုမြတ်ဖုရားလေး မြပခက်တော်တင် မင်္ဂလာအတွက် ဝက်မစွတ်ဝန်ထောက် ရေးသားဆက်သွင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်းလေ ကင်းလေ မျက်မာန်ပျောင်း။ ရာနရိန် သာကိန် အာဟိန်၊ သမ္ဘိန်ဝံသာ၊ ဝပ်စင်းသည်မှာ၊ ညွတ်ကျိုးဆယ်ဖြာ၊ ရှိဦးလေ စုံစကြာ)၂။ [ဒီပါလုံးငယ်လေ၊ ကြေညာ နှုန်းဖွယ်လေ၊ သွေ့ရွှာ၊ ချုန်းတေဇာ၊ ဖြာလင်းခြောက်ရောင်၊ တောက်ပြောင် လျှံကွန့်ဝင်း၊ မျိုးဆဒ္ဒန် တိမ်ညွှန့်နှင်း။ (သိန္ဓဝါ ဣန္ဒာထံရင်း၊ ဆက်နှင်းခိုကာ)၂။ ရေမြေ ပွဲတင် နှီးပါလို့၊ တန်ခိုးဝေဖြာ နယ်တိုက်လုံးကို ပိုက်ကျုံးလေ ခြိမ့်ခြိမ့်ဩ]၂။ (မိုးဗွေချာ ဖြိုးဝေစွာ၊ အို ကိုးမျက်မြှာ၊ ပြိုးပြက်ဖြာ၊ ပုံတောင်းလေ စကြာ သက်ခါ၊ နီးလေလေပြီလို့၊ ချီးအံ့ဖိုလ်ပါ၊ ရတနာ၀ှန်ဖြိုး၊ သွန်ကြိုးစွေကာ၊ မိုးညံ့ခြိမ့်ရွာ၊ နိဗ္ဗူခေမာ၊ အောင်ချက်ကျွန်းကို ထက်ဝန်းမြေချာ၊ နယ်တစ်သောင်းမှာ၊ လွယ်ကြောင်းလျှင်စွာ၊ ဘယ်မညောင်းအောင်၊ တောင်း လေလေ ပန်ရှုက်ကာ)၂။

## ၃၅။ မိုးဘွဲ့နန်းသိမ်းယိုးဒယား

(နားခံတော်ဦးချို)

လျှပ်ပန်းခွေနွဲ့ လေသွဲ့ယှငင်၊ မြူမင်ရစ်ဖုံး ထစ်ချုန်းစစ်ရှုံးသူရာ။ အိုလေ အမျက်ဟောင်းကြောင့်၊ ချက်ကောင်းကိုသာ၊ ဘဝဂ်စောင်းအောင်၊ **ဝက်ခေါင်းထိုးပစ်တဲ့ခါ**[၁]။ တက်ဇော၊ လက်ရောပါဉာဏ်နှင့်သာ။ ယှက်နော၊ သင်္ကောလေ မြတ်ရာဇာငယ်လေလေ့၊ မေဃိန် ဒေဝိန်၊ သခွတ်ဖူးချိန်မို့၊ ခွတ်မြူးကာ တိုက်တဲ့တီ။ နေလာသိန်နတ်နန်းကြာကြွ၊ ရွှေအာလိန် တပ်လမ်းထာဝရ၊ မာနသံတိုင်၊ ဒေါလေသပြိုင်၊ မောလေဟနှင့်ဆိုင်။ ဝေယန်ပိုင် ရွှေမဏ္ဍိုင်ရှင်၊ ပိုင်စဉ် ဆိုင်စဉ်၊ နိုင်ချင်တော်မူ၊ ကျော်သဲဇမ္ဗူ၊ တော်လည်းလို့ ကျက်ကျက်ဆူ။ ရန်ပုံခွင်း ငယ်လေး၊ မာန်ဟုန် သွင်းတယ်လေး။ ဝရဇိန် ခွင်းပစ်တုန်း၊ မုရိုး ရွှေစည်၊ ဗေဟီသံနှင့်ချုန်း၊ ဣန္ဒာ ရှင်နတ်မင်းဘုန်း။ ရပ်ရှုစ်နယ်လုံး၊ လျှပ်စစ်နွယ်ကုံး၊ ဘယ်မုန်းနိုင်ပေါင်၊ တမင်ဆိုးလို့မင်ခိုးတွေလောင်၊

၁။ ဝက်ခေါင်းတော်ဖြစ်တဲ့ခါ – ဂီဝိ ၊ သိပ္ပံ။



မြင်မရဲပေါင်၊ ဘဝင်သည်းမှာ ထိတ်လို့နှောင်။ မိုးနတ်မောင်၊ နိုးလျှပ်ရောင်၊ ကိုးရပ်ဆောင်ငယ်လေလေ၊ တင်းလေချိန်မို့၊ မင်းရှိန်အာဏာ။ စစ်သည်ဗိုလ်ပေါင်း၊ ခိုညောင်းညီလာ၊ ကင်းနိုင်ဘူး ဘုရား။ မြတ်ကောဝိဠာ နန်းက သည်ခါ၊ လှမ်းကြွချီကာ၊ နတ်ဒေဝါ **မြတ်ရောဝဏ်မင်း**။[၁] ဒေါသမူ ဟောသူမာန်ဖြင့်တင်း။

## ၃၆။ ရာမဇာတ်ဖြည့်ယိုးဒယား

[(ကြို့ညိုစံရာ၊ သုဂြိပ်မင်းမှာ ယောက်ချင်းလေ ပျော်ရရှာ)၂။ မြင်လာဦး ဘုန်းသုဘဒ္ဒါ၊ သည်မောင်ပူရတုန်းပါ)၂။ (ဝေးဝေးဝေး၊ ဖော်ဖော်ကွာ၊ ပိပ္ပလိကျွန်း မန္တာ)၂။ ကိသကိန္ဓာ စံရာနန်းကို၊ မျှော်မှန်း၍သာ၊ သုဂြိပ်မင်းမှာ ယောက်ချင်းပျော်ရရှာ]၂။ (တောမှော်ရုံမှာ၊ အို–ရွှေသမင်မိုက်ကို၊ လိုက်လို့လာ၊ လေးညို့ဒေါင်တင်ကာ)၂။ [(စကြာ စကြာကိုယ်တော်နှင်း၊ တောမှော်ရုံတွင်း)၂။ ညီတော်ကယ်ဦး၊ နောင်ဘုန်းမှာသာ၊ လက်နက်စကြာဦးပေါ့၊ မာယာဆန်းချည့်၊ မိဂမ္ဘိ]၂။ (မင်းသီတာ၊ မင်းသီတာ၊ မျှော်ကာရင်တီး၊ ပူလေ့ ပူတယ်၊ သက်လှယ် ဘုန်းကြွယ်၊ ကိုယ်တော်ကြိမ်တဲ့မီး၊ ရွှေရင်အုံလက်စုံမ,လို့ တီး)၂။ [မတ်တော်မောင်ရင်း၊ လိုက်လေ လိုက်ချက်ချင်း)၂။ ခင်းတဲ့ ခင်းမသာ၊ စည်းလေသုံးတန်ဖြာ၊ လိုက်ရှာရ၊ တောဝမှော်ရုံခွင်၊ သိင်္ဃီ၌ရှင်၊ ဟန်ရပ်ဆင် ဟန်ရပ်ဆင်၊ ကိုယ်တွင် ကိုယ်တွင်သက်န်းဝါ]၂။ [(မင်းသီတာ မင်းသီတာ၊ သစ်သီးလှူပါဒကာမ)၂။ စည်းတွင်းခင်ကြွ၊ ခင်ကြွ။ အို ဘယ့်နှယ် ဘုန်းခင်ဝင်ရမယ်]၂။ [(သည့်နှယ်ရမ်းဆိုရန်ကွယ်)၄။ (သီတာနွဲ့နောင်း လောင်းရှာရတယ်)၂။ မိုးတိမ်လယ်သိင်္ဃီ၌စားငယ်၊ ယူဆောင်ကာသွားလေတော့တယ်]၂။ (ပန်းစုံကြိုင်သင်း ကန္တာရတွင်း၊ ညင်းတဲ့ ညင်းနံ့ဖြာ၊ ပန်းမျိုးစုံလင်စွာ၊ ကန္တာလယ် မောင် မယ်ဖော်မပါ၊ ဖော်ကွာ ဖော်ကွာပြန်တော့သာ၊ သည်မောင်မှာ)၂။ (ကိုယ်ထူး ကြုံရ ကြုံရ၊ အို–ကံ ဘယ်နတ်ရေး ရွှေဖူး စာ)၂။ (မိုး ဣန္ဒာ ဒေဝါမင်းငယ် ဆင်း စောင်မပါ)၂။ သည်လေ ဖော် မပါ တောကြီးကန္တာ။ (အို–တိုင်းအောင်ချာ၊ တိုင်းအောင်ချာ၊ မျှော်ကာသာ ဆွေးဆွေးဖို့သာ)၂။ (ကိုယ်ထူးမောင့်မှာ၊ ကြုံလာရ ကြုံလာရ၊ ဟိုခင်ကံငယ် မေးတယ် အေးနိုင်ဖွယ်၊ တောမြိုင်လယ်၊ သိင်္ဃီ၌စားငယ်၊ ဆောင်သွားလေ ပြန်တော့တယ်)၂။

၁။ မြတ်ရောဝဏ်မင်း – ဂီဝိ ၊ သိပ္ပံ။

www.burmeseclassic.com

www.burmeseclassic.com



## ၃၇။ ရာမဇာတ်ထွက်ယိုးဒယား
(ပြင်စည်မင်းသား)

(ပန်းမြိုင်လယ်၊ သာနယ်ဇွေ၊ မျှော်လေတိုင်း၊ ပြာခြေဆိုင်း၊ ဝေမှိုင်းမြူ မှောင်ခြယ်၊ အိုဘယ်ဝယ်၊ တောင်စွယ်မော်ရုံကြော၊ လွန်သာမောဖွယ်၊ တောစုံ ယံမှာ၊ ရွှေလျှံဝင်းမှည့်၊ ထုံမှုန်ကြွေ၊ ရီဝေပြာပြာ လွမ်းဖွယ်စေ။ လေပြည်ဆော်ကာ ဟေမာတွင်း၊ ထုံစီမာလာ ဂန္ဓာသင်းဝှန်၊ ယဉ်ရေခင်းငယ် ဆင်းကျည်သွန်။ သီလာဇွေကွန့်၊ ညာမြေစွန်၊ မြရောင်ဖြာဆင့်၊ ကန်သာလွန်)၂။ မျှော် ဆွေးမှု ဖန်ရွယ် ရေးခုကြံဖွယ်ညွှန်၊ ပင်တိုင် ညာနန်းစံ ဆွေးဟန်ငယ်သာ၊ ဖန်လာ မြင်တော် ဣန္ဒာ။ (သီတာမှုရာ ပူဇျာလှယ်လို့ ခုဝယ် ကြုံတော့ ဘယ်ရွှေကံ၊ အိုလေ ဆိုယောင် ငိုယောင်ကြီး ငယ်နှင့်သာ၊ ညည်းမိ ဖန်ခါခါ။ ကြာနန်းမယ် မှန်းရွယ်၊ ပန်းတယ်ပူဇျာဝှန်၊ ဖြေညွှန် ခွေယိမ်းပျောင်း၊ သောင်းမြေပြန့်ရုံ၊ ဝေယန် သိင်္ဂါရွှေဘုံ)၂။ (တောင်ယံလယ်ကြော့၊ မြိုင်နယ်စုံ၊ ခိုင်ရွှေညာနှဲ့၊ မာလာမှုန်)၂၊ (ညင်းလေသွေးငယ်၊ သွင်းခြွေအေးတယ်၊ ဆင်းရွှေသွေးလှယ်၊ မွေးကြိုင်ထုံ။ သင်းပျံ့ကြူ၊ ခိုင်ပန်းရွှေမဥ္ဇူ။ နှဲ့မှုရာ၊ ကန္တာလျော်စံမှုန်၊ ဟေဝန် မြိုင်သီလာ၊ စီကာမြောင်ကွေ့၊ ယဉ်ဆောင်လှယ်ဇေ့ခြယ်ရုံ၊ လွမ်းဖို့ဖန်လာကြုံ)၂။ (ဘုံရွှေနန်းငယ် သည်ဝယ်၊ ကွာနယ်ဆွေးရန်၊ ကြံမှိုင်တွေးပြန်။ ပူဝန်ပန်းဖွယ် သည်မယ်၊ ညိုးတယ်ဝင့်ဖန်၊ ဆိုယောင်မှားကံ။ ဝေး သူ့ရပ်နယ်မြေ၊ စကြာစုံရွှေ မြန်း၊ ရှိန်ဖြာကိန္နာ ပြည်တိုင်းခန်း၊ ကြို့ညို သစ်ဘုံ စံကွန်းနန်း၊ ဖြန့်မြန်း ညီနှောင်လေ၊ စွန်တောင် ကိုင်ရွှေလေး၊ ရိပ်ဝင်ငယ်လေ ခိုကြောင်းရေး၊ ပျော် ယောင်သာ စက်မေး၊ တွေးဖွယ်ကိုပင်၊ သုဂြိပ်မျှော်ရှုဆင်ခြင်)၂။ (ညီနှောင်မှုရာ သူသာမြင်၊ သည်တွင်ရွှေဘဝင် လွန်လိုက်လှဲ)၂၊ ပူလောင်ကြေကွဲ (ငိုယောင် ဆည်လည်း သည်သည်း ပြေဘဲအောင်သာ။ သွယ်ကာငွေနှင်း၊ မျက်ရည်ဖြာဆင်း၊ ရင်တွင်းဝယ်သာ၊ ရာမင်းငယ်မှာ၊ စက်ခါပျော်ဘဲနိုး)၂။ မျှော်တော်မြင်သော် ညွှန်လက်ညိုး။ ဝပ်လျှိုး၊ မျောက်မွန် ကြောက်ဝှန် ကြက်သီးမိုး။ (စုံဆယ်ဖြာ၊ ပန်ထွာဦးတင်၊ ဖူးမြင် သက်လွတ်ကြောင်း၊ ထံတော်ပျောင်း၊[1] သောင်းမြေပိုင်၊ ရာမင်းဦးကိုင်၊ ဘုန်းညွှန့်လှိုင်။ ပြည်ကိန္နာ၊ နန်းမြိုင်ဆီမှာ၊ ဗာလီ သူမင်းမူ၊ ပူဇျာဘယ်မငြိမ်း၊ သိမ်းယူငယ်သာ၊ ဖော်ကွာ မယ်သုဘဒ္ဒါ)၂။ (သည်မှာ တောင်သာ ခိုမှီရာ၊ သေလာမြိုင်ချာ ကြို့ညိုနန်း)၂၊ စံမြန်းခုဝယ်၊ (နေနယ်

၁။ ထံတော်ပေါင်း - သဗ္ဗ၊ ဂီဝိ။



ရွှေဘုန်းလက်ရုံး ပြိုင်နှုန်းတေဇာ၊ စကြာတော်ရင်း ဆက်လာ ခွန်သွင်း၊ သက်နှင်းပန်ထွာ၊ ကြောင်းလျာငယ်၊ ကုန်စင်ရှိဦးထား)၂။ (ရွှေနား ဆင်ပါ တင်ကာ ပန်လျှောက်ကြား)၂။ ညာနန်း နတ်ကယ်သွင်၊ လေယာဉ်ပျံ၊ တိမ်ယံ တောင်စွယ်၊ မိုးလယ်ဝေယန်ဖျား၊ မြသား စုံမြိုင်ညို၊ သိဃ်ိဋ္ဌိရှင်၊ တင်ယူဆောင် လာ၊ မျှော်ကာမြင်မိငြား။ တ,ဆို ငိုသားငယ်၊ ခုပင် ကြားမြင် ခါဖန်ဖန်။ ခြော် ကံ ရွှေဖူးစာငယ်နှယ်၊ ကြုံတယ် ဘယ်ရေးဝင့်တုံ့လှယ်၊ ခုသည်ဝယ်၊ ဆည်ဖွယ် ကြံရွယ်၊ ပူနယ်ပိုအင်၊ သက်ခင် ကြွေလုသည်း။ မြင်တော်လာဘဲ ငယ်နှင့်သာ၊ ကွဲကြေ ပူဇျာပုံ၊ မော်ရုံဂူနန်း စံတော်ရာ၊ မျှော်ကာ မြင်သေး ဆိုယောင်သားငယ် ဘယ်မှာ၊ ဆည်နိုင်အောင်ကို၊ လွမ်းဝှန်ထပ်ပို၊ ဆွေးညွှတ်ပြို။ (မြရေညို ပင်လယ်သီဟိုဠ်၊ လေနန်းဝေယန်၊ ဗိမာန်တောင်စွယ်ခို။ အာကာဘုံလယ်ဝေမို၊ ငွေနှင်းသွယ်ယို ကြေကွဲရန်ကကို)၂။ (အိုဘုန်း၊ မြင်တော်မူလှည့်ဦး၊ ကြော့ယဉ် ဆုံငယ် ရွှေကေရှင်၊ သော်တာ လနန်း ငွေတိမ်စင်၊ ကြေးမုံပြင် သွင်မြသား)၂။ (တ,ယောင် ဘုန်းမောင်ရွှေကိုယ်သား၊ ဟေဝန်ဖျား၊ မြိုင်သီလာ၊ တောင်ယံတော စွယ်၊ သာမောဖွယ်စေ၊ ယဉ်ရေသွယ်သွယ်ဖြာ၊ ကန်သာသီဒါ စီကာသန်း၊ ရွှေကိုယ် သည်ဝယ် ပူနယ်၊ ပန်းအောင် မယ်မောင် ဇျာဝှန်ပိုမို၊ ဆိုငိုမှိုင်ယောင်၊ သည်းခေါင်ကြွေလုပန်း)၂။

www.burmeseclassic.com

www.burmeseclassic.com



## မွန်သီချင်းများ

### ၁။ အလွမ်းဘွဲ့မွန် ၁၂ ခန်း*
(ပြင်စည်မင်းသား)

[ညင်းညင်း ပဋ္ဌင် ရွှေတံမြှား၊ ကျူးအေး ကျူးအေး၊ အေးပြန်လာလေ ဆော်သံဝါ ရှမ်း၊ လွမ်းဖွယ်ရာ၊ ညွန်းရွယ်ကာ၊ သီဒါယဉ်ရေ၊ ခွေဝန်းမြှောင်လို့ လွမ်းနှောင်ရွှေအဏ္ဏဝါ။ ကြင်ဖော်ကွာ၊ မြင်တော်လာလေ၊ (မျှော်ကာပူဆွေးရင်း၊ အို ပျော်ဘဲလင်း)၂]၂။ (ခင်းစံဗွေလယ်၊ ငွေနှင်း နှင်းမှုန်ခြယ်၊ ညင်းသာလေဝယ်၊ မျှော်တော်ဖြေ၊ ပြေဘဲလင်း)၂။ [(စံခင်းဗွေဆိုင်၊ ကိုယ်ထူးပျော်နိုင်)၂။ မှိုင်နွဲ့ခွေယိုင်၊ သည်းဆိုင် လောင်ကြွေကျွမ်း]၂။ (အို ဖန်ဖန်လွမ်းရ၊ ပူဝန်ပိုပွားရင်း)၂။ တိမ်စင်ငွေစန်းမှာ၊ ထင်တော်သာခ ရွှေရုပ်သွင်၊ မြင်လာပြန်လျက်ကယ်လင်း။ နှင်းလှိုင်ပျံ့ ခင်းစံရာ၊ သင်းကြိုင်ပျံ့ ပန်းမာလာ၊ ကေသီကြော့၊ မြဆံညှာ၊ သိမ်းနိုင်ပါခု၊ ပူဝှန်သွယ်ဖြာ၊ ရွှေသည်းဘဝင်မှာ၊ ဆည်ပါနိုင်ဘဲကျွမ်း၊ လွမ်းဖြေ ပုံသည်ဝယ်၊ တောင်နှယ်ထု၊ ဆင့်ကဲရင်း။ ရွှေနေရုံသီလာ၊† ဒီပါဖြန့်တုန္နန်းကင်း။

---

† နေရုံသီလာ = နေရတောင်။
* "မွန်ဘာသာ ၁၂ခန်းသံ"ဟု သဗ္ဗတွင်တွေ့ရသည်။



### ၂။ ဘုန်းတော်ဘွဲ့မွန်သံစုံ
(ပြင်စည်မင်းသား)

(ကောင်းချီးသခါ၊ ရွှေနေစာ၊ ဘုန်းမိုးဇွေကာ၊ သွန်းဖြိုးဧယျာ။ ဟသ်ာဗွေ၊ အောင်မြေရွှေဘုံဦး၊ သြဘာတော်သာ၊ ကျူးရင့်ကြွေးကြော်ငြာ)၂။ [ပိုင်စိုး သောင်းမြေ နယ် ဒီပါ (သီဒါ ဖီလာ ရံဝန်းသွယ်၊ ပင်လယ်ဝေမို့၊ ရေလှိုင်းပြိုင်)၂။ (လေးဆိုင်၊လေးဆိုင်)၂။ ဆယ်ခိုင်စုံကြာ၊ ရှိဦးခိုလှုံကာ]၂။ (မြန်ဇမ္ဗူချာလုံး၊ စံမတူရာဘုန်း၊ ရေမြေခွန်ယူ ကျူးလိမ့် ရွှေတောဇာ)၂။ (ထီးရာ ပြည်ပြည်မင်း၊ နှင်းပုံလာ၊ များလွန် စုံပဏ္ဏာ)၂။ [ဘုန်းပန်း မင်္ဂလာ၊ မှန်ဣန္ဒာညွန်း၊ (မြမန်း ဘုံရဝေ)၂။ ငွေစန်း၊ ခြွေသန်း၊ နေနန်းလင်းထွန်း]၂။ (တိမ်ဆိုင်း ဝေမမှောင်၊ ဝင်းရှန်း ဖန်တန်ဆောင်။ သာခေါင် ဖြာရောင်၊ ရွှေတောင်သိုက်ညွှန်း၊နေရုံ ဇွေမန္တလာ)၂။ (ဝေဆာ ကြိုင်လှိုင်လန်း၊ ပန်းမာလာ၊ မွှေးပျံ့ ရွှေ နန္ဒဝါ)၂။ (သာမျိုးကျူး၊ လေပြည် လေညင်းမြူး)၂။ [(ထူးထူး ထွေထွေ)၂။ စုံခြေရဂုံတော၊ ငှက်မွန်ငယ်လေ ဖော်ချင်းနှော၊ (စော†မယ်မောင် ရေညို သီဒါ ယဉ်ဘောင်၊ ရွှေသဲဖြူ ငွေသောင်)၂]၂။ (လွမ်းအောင်ဖန်လာရေး၊ သံသာ သံကျူးအေး)၂။ လေးဒီပါ ကျွန်းကျွန်း ပိုင်ယူကျူး၊ ကြေညာဘုန်း၊ ရွှေတောဇာ ထွန်းလင်း။ မန်းမြေ တောင်များထီး၊ ရွှေပြည်ကြီး၊ တည်စံရာ ရွှန်းဝင်း။ စကြာ ပိုင်စိုးမြန်း၊ ဆယ်ကြာပန်း၊ ဦးနှိမ်ကာ၊ မင်းမင်းငယ်လေ စက်ဖဝါးတော်ရင်း။ ဝေယန် သိင်္ဂါ မိုးညွှန့်ခင်း၊ ဆဒ္ဒန် ရစာ နတ်သနင်း၊ ဣန္ဒာသည်မှာ နှန်းရ ဖက်မယှဉ်း။

### ၃။ တောတောင်ဘွဲ့မွန်*
(ပြင်စည်မင်းသား)

(တောင်ယံတောက၊ မောလေအောင်။ ဝေးကျူးသီခေါင်၊ ရီမှောင်ညို ညို ဆိုင်းဆိုင်း၊ ဝေမှိုင်းမှိုင်း လေ၊ ပင်တိုင်းသာ၊ မာလာခိုင် ကြိုင်သင်းသင်း)၂။

---

† စော = မယ်စော = ငှက်။
* ၁၂၀၃ခုနှစ် ၊ရွှေဘိုမင်း ဥက္ကလာပ၌ စံစဉ် ရေးသည်ဟု သမားစဉ်မှတ် သားခဲ့ကြသည်။ တောင်ယံတောအစချီသီချင်းနှစ်ပုဒ်ရှိရာတွင် ဤသီချင်း ကို တောင်ယံ တောကြီးဟု ခေါ်စမှတ်ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(နှင်းယွန်းဝသန်နွေ၊ စုံမြိုင်ခြေဦး၊ သာဟန်လေ သာဆန်းထူး)၂။ [(ငုံကင်းဖူး၊ ထုံသင်းမြူး)၂။ ဂေါဇင်မင်း၊ ဆင်းသိင်္ဂါ၊ ဝင်းမှည့်ညှာငယ်လေ၊ သာယိမ်းနူး၊ မွေးမျိုးကြူး]၂။ ထူးထူးထွေလာ၊ ဝေဆာတည့် မြိုင်လုံးလန်း၊ ပန်းစုံမြိုင်တွင်း၊ သင်းတဲ့သင်းကြိုင်ဖွာ။ တောင်စဉ် ရေယဉ် တောရဂုံညာ။ (သီတာ[†]ရေကြည် လဲ့အေး၊ ငှက်မွှန် ဖြေတင်းမေး၊ ပျူငှာသံ ကျူးကြွေး)၂။ (ခါကူး ဂိမှာန်နွေ၊ တောင်ပြန်ညင်း သွင်းသုတ်လေ)၂။ (ဆော်သွေး၊ မျှော်တွေး ဖော်ကွာဝေးဆွေးပူ)၂။ (နေနိုင်၊ ခွေယိုင်၊ ဆွတ်ဖျန်း ဖြေဆည်နိုင် သုံးရွှေလုံးပိုင်)၂။ (နှင်းယွန်းဖွေလှိုင်၊ မဥ္ဇူကေခိုင်၊ နွမ်းလျော့ သာခွေယိုင်)၂။ (သည်မြိုင် ရဂုံတွင်း။ သင်းပျံ့လှယ် ဝေးကစုံတစ်နယ်)၂။ (သွယ်သွယ်ငယ်လေ မျှော်တိုင်းပန်း)၂။ ငုံခြွေ၊ မှူန်ရွှေ၊ ထုံလေပြည်၊ တိုင်းဟံသာကျေး၊ ဝေးမြေသီခေါင်၊ ကျွမ်းဖို့လွမ်းဆည်ဖြေ၊ (ဆွေဆည်ပွေနှည်)၂။ (နေတည်ပန်း အောင်လဲ့ညှိုး အာကာနန်း နယ်တစ်ရိုး)၂။ သွန်းဖြိုးမန္တာ၊ သွန်းဖြိုးငယ် မိုးမန္တာ။ တံမြွာရွှေစည်ကျူး၊ ထူးသံသာ၊ ထူးသံသာ။ မန်းညာရင့် မိုးမြင့်သီလာ၊ ဣန္ဒာခု ဖန်လွန်းသေး၊ ဆင့်ကြွေးငယ်၊ ဝေးက ထင်မလွယ်။ ကိုးနယ်ပြည့်၊ သွန်းမည့်ပုံသာ၊ ဖော်ကွာသူ ပူလွမ်းရေး၊ သီဒါရေယဉ်ကြည်လဲ့အေး၊ ဖွေးဖွေး၊ ဆေးလေး၊ သောင်းကျေးဖွေဒီပါ၊ (ဆန်းထူးထွေလာ)၂။ ဧရာ အဏ္ဏဝါ ခွေပတ်ဆီး။ ညီးညီးလျှံဖြာ၊ ရွှေဒ္ဒါ ရံရွှေလောင်း၊ သောင်းသောင်းညာ၊ သီဒါယဉ်ရောင်ခင်း၊ ဆင်းသိင်္ဂါ၊ ဆင်းသိင်္ဂါ၊ သွင်းလေပြည်လာ။ သော်တာငွေ၊ ယွင်းရွှေ့တိမ်လွှာ၊ ဆန်း ပုဏ္ဏိန်နန်း၊ သီတဂူ ဝိုးဝင်း။ လွမ်းရန် ဖန်ဘဲရေး၊ ဘယ်ဝင့်ကြွေး၊ အိုက်သာ ညှိုးရင်း။ ပါးမှာ ထင်မှူးမှူး၊ သန်းယံကျူးလို့ သုံးပဟိုရ်ကျော်၊ ပျော်ပါနိုင်ဘဲ လင်း။ **သဖြန့်၊** ၊(နှင်းနံ့မပြယ်၊ များရွှေလယ် စံပယ်ညီသည့်၊ ကေသီညွတ်ရုံး)၂၊ ၊ (လေးဆူဓာတ်ပုံ၊ မြတ်တိဂုံ ဆံတော်မွေက၊ သည်မေ ပူရန် ခင်းငယ်ကို၊ တင်းဖန်ပါ့ဘုန်း)၂။

† သီတာ = အလွန်အေးသော(ရေ)။



## ၄။ တောတောင်ဘွဲ့မွှန်*

(ပြင်စည်မင်းသား)

(တောင်ယံတောက၊ မောလေအောင်၊ ဝေးကျူးသီခေါင်၊ ရီမှောင်ပြာလဲ့၊ ညှိဆိုင်းဆိုင်း၊ ဝေမှိုင်းမှိုင်း လေ၊ ပင်တိုင်းသာ၊ မာလာခိုင် ကြိုင်သင်းသင်း)၂။ (နှင်းယွန်း ဝသန်နွေ၊ စုံမြိုင်ခြေဦး၊ သာဟန်လေ သာဆန်းထူး)၂။ [(ငုံကင်းဖူး၊ ထုံသင်းမြူး)၂။ လေပြည်ညင်း၊သွင်းသုတ်ခြွေ၊ ဝတ်ညှာရွှေငယ်လေ၊ လေညင်းခူး၊ မွေးမျိုးကြူး]၂။ ထူးထူးထွေလာ၊ ဝေဆာတည့် ပင်လုံးလန်း၊ ပန်းစုံမြိုင်တွင်း၊ သင်းတဲ့သင်းကြူဖွာ၊ ရေယဉ်သွယ်ဖြာ၊ တောတောင်ဖီလာ၊ (သီဒါ ယဉ်ဘောင်တန်း၊ စီကာမြောင်ပတ်သန်း)၂။ (သင်းပျံ့ကြိုင်လှိုင်ထုံ၊ မွေး ရွှေဝတ်မှုန်)၂။ (ပန်းက စုံစုံ၊ သာနယ် ရဂုံ၊ ကြည်ဖွယ်ရေယမုန်)၂။ (သုန်သုန် လေပြည်ညင်း၊ ခင်းညှံ့ဘုံ၊ နှင်းနံ့ စီစီရုံ)၂။ (မှုန်မှုန်မှိုင်း နယ်တစ်ဝန်း၊ အမြှုန်ဆိုင်း ဖွေတစ်သွန်း)၂။ [(လင်းရှန်းအရောင်ဝေ)၂။ မြူခြေ မင်မှောင်ဆိုင်း၊ မှိုင်းညိုပြေ၊ မှိုင်းညိုပြေငယ်လေ]၂။ (စံရဝေ၊ မန်းဖွေ၊ ရွှေတိုင်းခန်း၊ နန်းအောင်မြေ၊ မျှော်လေ ခါခါပန်း၊ မန်းနယ်ဖွေ၊ မန်းနယ်ဖွေငယ်လေ)၂။ စန်းရောင်ရွှေ၊ နန်းငွေယုန် ပျံ့မွှန်း၊ ပုဏ္ဏာဝန်း ငွေသော်တာ ထွန်းဝင်း။ မိုးယံ မျှော်မိသေး၊ ဖန်ဖန်ဆွေး၊ ပူဝန်ပို ပွါးရင်း။ သုံးယံသန်လွဲပြောင်း၊ သာငွေမောင်းက ညံ့ညံ့ဆော်၊ ပျော်နိုင်ပေါင် ခွေလျက်ကယ်လင်း။

## ၅။ အလွမ်းဘွဲ့မွှန်

(ပြင်စည်မင်းသား)**

(နှင်းယွန်းဂိမှာန်၊လေပြန်ခါနွေပြောင်းလို့ညောင်းညှာကြွေ၊ မျှော်လေလေ ဆွေး၊ ရွှေပြည်တော် နယ် တိုင်း ဝေး)၂။ (သောင်းကျေး ဒီပါဖွေ၊ ညီးလင်း အရောင်ဝေ) ၂။ (တောင်ရေဖီလာ၊ သီဒါပတ်ဝန်း၊ ယဉ်ဘောင် ရွှေအဏ္ဏဝါ)၂။

* မင်းတုန်းမင်း လက်ထက်တွင် မန္တလေး၌ ရေးသားသည်ဟု သမားစဉ် မှတ်သားခဲ့ကြသည်။တောင်ယံတောအစချီ သီချင်းနှစ်ပုဒ် ရှိရာတွင် ဤ သီချင်းကို တောင်ယံတော ကလေးဟု ခေါ်စမှတ်ပြုခဲ့ကြသည်။

** သက္ကရာဇ် ၁၂၀၃ခုနှစ်၊ ရွှေဘိုမင်းဥက္ကလာပဌိစံနေစဉ် ရေးသားကြောင်း မှတ်သားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရုံကာ၊ ဖွေစံရာ လေ၊ ဖြာမျှ လျှံညီးလန်း၊ နေနှုန်းနှန်း၊ မျှော်ရာထွေ၊ ထွေထူးဆန်း။ (သင်းပျံ့ ကြိုင်လှိုင်ထုံ၊ မွှေး ရွှေဝတ်မှုန်)၂။ (ပန်းကစုံစုံ၊ သာနယ်ရဂုံ၊ ကြည်ဖွယ့်ရေယမုန်)၂။ (ရွှေဘုံ ဟံသာကွန်း၊ လွမ်းဖြေဆည် ကျွမ်းရ နေမတည်)၂။ (လေပြည်ညင်း၊ ဆော်သွင်းမြူး၊ မှိုင်ကာနွမ်း၊ ခွေယိမ်းမူး)၂။ ထူးထူး ထွေထွေ၊ ထူးထူးယေ် မျှားထွေထွေ၊ သောင်ငွေ ယမုန်ထဲ၊ (သဲခုံငွေ)၂။ ငှက်ဖော်စုံရွှေ၊ နန်းရွှေဘုံမြေ၊ မျှော်လေဝေး၊ ဆွေးလျှဖွယ်။ မြတ်ဆံတော်မွေ၊ စုံခြေဦး၊ ဖူးစို့ မယ်။ (ခါဘယ်ဝယ်မှန်းသည့်၊ လှမ်းနိုင်ဖွယ်။ လွမ်းလွမ်းရန်ကြွယ်၊ စုံနယ်သာ၊ သာမျိုးဆန်းလေ၊ ခိုင်လုံးလန်း၊ ဂန္ဓာကြိုင်၊ ကြိုင်မွှေးပန်း)၂။ (မြန်းရွှေညီလာ၊ ပင်နန်း နန်းရိပ်သာ၊ ကျေး ရွှေသာကာ၊ ဖော်ရာလှယ်၊ သွယ်သွယ်ရေး)၂။ [(လေသွေးလှိုင်ကြူ၊ ခိုင်ပန်းမဥ္စူ)၂။ မြနန္ဒမူ၊ ရွှေဂူထဲ၊ ရွှေသည်းအေး]၂။ (အို–ဖန်ဖန်ဆွေး၊ မျှော်တွေးမူး၊ ခွေကာ ခွေယိုင်နူး)၂။ ဖူးရွှေစာ၊ ညီးလျှ ကံယေ်၊ နတ်ကယ် ဖန်လာရေး၊ မြင်တော်နေး၊ ပူဝန်ပို ပွားရင်း၊ သုံးယံ သန်ယိမ်းကျူး၊ ခေါင်လေမြူးလို့၊ လင်းရောင်လာ၊ ပျော်ပါနိုင်ဘဲခင်း။

## ၆။ ဥက္ကလာပပြန်မွန်
(မြဝတီမင်းကြီးဦးစ)*

(စိန်ကြယ်ညီး လင်းရောင်နယ်၊ ရေယာဉ်နန်း မြန်းစံပယ်။ သုံးရွှေ ညာမယ်ယေ် ဆေးလေး၊ သင်းသင်းမွှေး) ၂။ (သောင်းသောင်းကြွေး၊ လွမ်းကြောင်းရေး၊ ရွှေဒွါလောင်း၊ ရွှေတံမြွှာ၊ ညင်းညင်းသာသည်လေ၊ ခါကောင်းရွှေ၊ လွမ်းကြောင်းရေး)၂။ ဆွေးလျှကြွေဖွယ်၊ မောင်မယ်တည့် ခေါ်ထူးအေး၊ ကျေးသာကာ စော၊ တောမှိုင်းညိုလွင်။ ချစ်ဆွေးချစ်ဆွေးအင်၊ သွယ်ငင်ဆိုတင်းမေး။ ပတ်ခြံ့သန်ကြွင်းကြွေး၊ ဆွတ်ပျံ့ သည်လွမ်းရေး။ နှင်းယွန်း သာဟောမန်၊ လေပြည်လောင်း၊ ပြောင်းမည်ဟန်၊ မှန်နန်း ကွာလှမ်းဝေး၊ ဆွတ်ပျံ့သည်လွမ်းရေး။ တိုင်းကျေး ဘယ်မြေတာ၊ သုံးရွှေလုံ့ညာ။ (လေးတဲ့ပူဖျာ၊

* ၁၂၀၃ခု ရွှေဘိုမင်းဥက္ကလာပမြို့တွင် စံနေစဉ် ဒလစီရင်စုဖျာပုံမွန်လူမျိုးတို့၏ သီချင်းစာအတိုင်းလိုက်၍ရေးရမည်အမိန့်တော်အတိုင်း စိန်ကြယ် ညီးလင်းနှင့် စိန်မြရုံခြယ် မွန်သီချင်းနှစ်ပုဒ်ကိုရေးဆက်ကြောင်း မြစာဥ္စပါရှိသည်။



မဥ္စူမာလာ၊ မြန်းတဲ့နေသင့်ကြာ)၂။ (လွမ်းရာ၊ ဆင့်ဆင့်ဖြိုး၊ ညှိုးလျှဖွယ်၊ မိုးကထွေသံသာ)၂။ (ရောငယ်လေ လျှံညီးလင်း)၂။ သောင်ငွေ သော်တာ မျှော်ရာငယ်၊ မင်းမယ်နှင့်၊ ရေးမဆနိုင်၊ ဆွေးလျှကြွေလှုဖွယ်၊ (သွယ်သွယ်)၄၊ (ဘယ်ဆီမှန်း၊ မျှော်တမ်းဆွေး၊ ဟံသာနန်း၊ ကွာလှမ်းဝေး)၂။ (တိုင်းကျေး မြေတာ၊ တိုင်းကျေးယေ် ဝေးမြေတာ၊ ပျော်တော်နိုင်ပါရေး၊ ဖွေသီဟာ၊ ဖွေသီဟာ။ မြင့်ညာပိုင်၊ စိုးရက္ခန္ဓာ၊ ဖန်လာတည့် ဖန်ဘဲရေး။ လဲ့သွေးယေ်၊ ဝေးက တင်ဆင်ကာ၊ ကိုးရာမဲ့ ဘုန်းငဲ့ပြင်သာ၊ ဘယ်မှာမှ၊ သွေယွင်းနေး၊ ရောယဉ်တွေ၊ ရေလှိုင်းဖွေး၊ ကျူးအေး ကျူးအေး၊လေး ထွေသံသာ၊ (မိုးတိမ်တိမ်လွှာ၊ ညှိုးသိမ်နွဲ့ရှာ)၂။ သဂ်ိဝင်းမှည့် ဆင်းရွှေဝါ၊ ပျော်မြူး ကျူးသံသာ။ တိုင်းရွှေညာငယ်လေ ကြာနန်းဖွား၊ သည်းကြား၊ စောဖျား၊ နှိုင်းသွေး၊ ငွေသော်တာ၊ (မိုးတိမ်တိမ်လွှာ၊ ညှိုးသိမ်နွဲ့ရှာ)၂။ ဂီဝါရောင်ရှိန်၊ စိန်ပွင့်ဖွေး၊ ကျူးအေး ပြန်လာ၊ ဂန္ဓာ ထုံရည်သွေး၊ ကျေးရွှေသာကာ၊ ခိုင်ညာရွှေမြူထဲ၊ နွဲ့ပျူဟာ၊ သောင်းရွှေလုံ့ညာ။ ဆယ်ကြာ၊ သွယ်ဖြာ၊ ပျော်တော်မူရာ၊ သာပါဘူး၊ နူးကြည်စွာ၊ သည်မှာမယ်ဆွေဦး၊ ကျူးသံသာ၊ သီဂီ မှန်ရွှေနန်း၊ ဆန်းသော်တာ၊ ဆန်းသော်တာ၊ မျှားရွှေသီလာ။ သောရာမြင့်၊ သုံးဆင့်သံချိုညွှန်း၊ ယုန်ငွေဝန်း၊ ဖန်ခါခါ ဆွေးကြောင်း။ တိမ်ခြေ ငွေနှင်းပေါင်း၊ လေပြန်လာ သွန်းလောင်း။ နန်းသူ၊ ပူဆွေးကြောင်း၊ ဖွေသဉ်ကြာ မင်းပေါင်း ယေ်လေ ခွေညှိုးပျောင်း။

## ၇။ ပိမ္ဗာသားလွဲချင်း မွန်*
(မြဝတီမင်းကြီးဦးစ)

(စိန်မြရုံခြယ်၊ သီဂီရောင်နွယ်၊ ဧ ယေင်လယ်၊ ရွှေရွယ် ပျော်တော်ကျူး၊ တိမ်ယံ အလျှံဝေ၊ ထွေဆန်း၊ စံခန်း နန်းမြင့်ဦး)၂။ (မောင်မယ်၊ ကြုံတော်ဖွယ်၊ တောင်ရေ၊ မြေတစ်နယ်)၂။ (မယ်မယ် ကြုံနိုင်ဘူး။ ထူးချွန်လေအောင်၊

* အချို့ကစိန်မြရုံခြယ်သီချင်းကို "ဆန်တော်မှု"ဟူ၍လည်းကောင်း၊ စိန်ကြယ် ညီးလင်းသီချင်းကို "စုန်တော်မှု"ဟူ၍ လည်းကောင်း၊ ခေါ်စမှတ် ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းဆောင် ညီးညီးလင်းလင်း၊ ထိန်ထိန် ဖြာရှိန်ဝင်း၊ မစာမညှာလေ၊ လောင်ကြွေ ခွေညှိုးရင်း) ၂။ (ညင်းညင်းသံသာ၊ ပဍ္ဍင် ရွှေတံမြှာ၊ သခ်ါ ထက်မွန်၊ ဝဇီရစိန်၊ ဝင်းရှိန်မှည့်ဝှန်)၂။ (တောင်နယ် ရေညွန်၊ ဘယ်မြိုင်နယ်စွန်၊ မြန်းလိမ့် ညာရွှေမွန်)၂။ ကဲလွန်ဆင့်ဆင့်လောင်း၊ နှောင်းမြင့်ဝယ်၊ လောင်းမင့်မယ်ဆွေကျွန်။ လွမ်းဝှန်ဆင့်ဆင့်ဖြိုး၊ ညှိုးလျှဖွယ်၊ မိုးက စုံတစ်သွန်၊ (ကျွံကျွံလွန်) ၂။ ဆည်ဆည်ဖြေဖြေ၊* ရှယ်ရွှေမွန်၊ နန်းမျှားမယ်၊ ဆွေးစလိမ့်လေ၊ ဝေ'က တွေးညာဏ်ညွန်။ (သာသာလွန်)၂၊ ဆွတ်ပျံ့၊ ဝတ်နံ့ သင်းမြူး။ ဘုန်းကိုယ်တော်သွင်၊ မြင်လဲတိမ်းမူး။ ဆန်းဆန်းထူး၊ သည်းကြွေလျှဖွယ်၊ ရေးရာဆင် နန်းမြေမြဝယ်၊ လေးမယ်ခင်၊ ညွတ်စေခဖွယ်၊ ဆွေးရန်ပင်၊ (သည်ရွှေဘဝင်ခွင်)၂။ မောင်မယ်ပူအင်၊ မြင်တော်ပါ၊ သည်းဘဝင်ခု၊ လွမ်းမဆုံနိုင်၊ ကျွမ်းလို့၊ နွမ်းနှောင်ဖြာ။ ဆွတ်ပျံ့၊ ဝတ်နံ့၊ သင်းမြူး၊ ဘုန်းကိုယ်တော်သွင် မြင်လဲတိမ်းမူး၊ ရှိမ် ရှိမ်းနူး။ (ကျူးရင့် အေးလို့၊ လေးဒီပါ၊ ဖူးခွင့်နေးလို့ တွေးယောင်ကာ) ၂။ နေနှင့်ကြာ၊ ကြေညာ နီးဝေး၊ မေးဖွေရှာ၊ တိုင်းကျေးမြေတာ၊ တိုင်းကျေးငယ် ဝေးမြေတာ။ ဖန်ရာ လွန်ကြေကွဲ၊ ကြုံတော်ပြန်လာ။ စံရာလယ်၊ မိုးညွန့်တိမ်လွှာ၊ ဘယ်မှာမှပူရနဲ။ မယ်မယ်ပူအင်၊ မြင်ရက်ဘဲ၊ သည်းငယ်လောင်ကြွေစေ၊ ဖန်ရေရေ၊ ဆည်ဆည် ဖြေဖြေ နေလို့လည်း၊ မြခဲတွေ၊ အဏ္ဏဝေ ရေယဉ်ဝဲ၊တင့်ရဲစေ၊ တင့်ရဲစေငယ်လေး။ ဖန်ရာသွယ်ခွေ၊ ဖွေပြန့်ထဲ၊ တုံ့လည်းကြွေ၊ ဆည်ဖြေနိုင်ပြီဘဲ၊ မယ့်သည်းထွေ၊ ဆူသည်းကြွေဖွယ်စေ။ နှတ်ရေကွန့်၊ နှင်းငွေ့လေပြန်လောင်း၊ သာနွေပြောင်း၊ ရှာပြန်လာသွန်းလောင်း။ နန်းမြေ၊ ရွှေတိုင်းခန်း၊ ရွှေညီလာ မင်းပေါင်း။ သည်းကြွေ နေနှုန်းနှန်း၊ ဖွေသဉ်ကြာ၊ မယ်သာပူဆွေးကြောင်း။

---

• "ဆည်ဆည်ဖြေဖြေ" အပိုဒ်ကို နှစ်ကျော့ပြန်ရန်၊ ပထမအကျော့တွင် "သာသာလွန်" ထည့်၍၊ ဒုတိယအကျော့တွင် သာသာလွန် ချန်ပြီး ဆွတ်ပျံ့သို့ကူးရန် မြစာဒ္ဒဦးစကဖော်ပြခဲ့သည်။



## လေးထွေသံကတ်အချိုး

ရွှေပန်း ပန်ငယ်တို့၊ ကြွလာပြီဆို၊ ကြိုင်ကြိုင်ကြိုင်အေး၊ ကြိုင်အေးနှင်း†ဆီ လိုလေလိုလေ၊ လိုလေတည့်မှ၊ ကြိုင်ကြိုင်အေးနှင်းဆီလို။ နှင်းဆီလေ၊ နှင်းဆီလေ၊ နှင်းဆီဟုတ်ဘူး။ ကိုယ်တော်သာနံ့ပင်၊ ဟုတ်မည်ထင်၊ မွှေးရှင် တကြူးကြူး ငယ်နှင့်လေး။ (သာပျံ့ပျူးပါလို့)၂။ ခေါင်းမူးနှာဝေ၊ ပြေပါလေ စရော၊ ပျောက်ပါလေ စရောလေ။

## လေးထွေသံကတ်††

[(ကိုယ်တော်နှင်းနံ့)၃ သား]၂။ (မွှေးပျံ့ငယ် သင်းသည်နှင့်၊ မင်းမင်း ကိုယ်ရောင်၊ နေနယ်ပြောင်)၂။[(ဆောင်ဆောင် ညီးမျှ)၃ သား]၂။ (သိင်္ဂါနှင့်သာ ရွှေသား၊ မောက်မိုကျွန်း၊ မာလာနှင့်သာ ရွှေရည် လက်တံရှည်)၂။ (ယဉ်သည် ယဉ်ယဉ်သည်၊ ယဉ်သည် ယဉ်သည် ယဉ်ယဉ်သည်၊ ယဉ်သည် ကောင်းသည်နှင့်၊ တောင်လုံး ကြိုင် ငယ်လေ၊ မွှေးပျံ့သင်း)၂။ တောင်လုံးကြိုင် ငယ်လေ၊ (ပန်းမျှား ထိပ်ပေါ်နေ ငယ်ကိုလေး၊ ပန်းမျှား ထိပ်ပေါ်နေ)၂။ (ထွေထွေတည့် ထူးထူးဆန်း)၂။ ဇမ္ဗူတောင်ညာ ကျွန်းမှာလေ၊ လက်ယာသောင်းတိုက်ထွန်း တည့်လေး။ ယဉ်ရာ ဖွေဦးစွန်းတည့်လေ။ တွက်ရေးမသာ၊ တိုင်းသိဘူး၊ (ရွှေနန်းမြတ်ခေါင်၊ ပြောင်ပြောင်ထိန်ဝင်း၊ စိန်ကြောင်ရောင်မြလင်း)၂။ (တခြင်းခြင်းငယ်နှင့်၊ ထွန်းဝင်းငယ်လျှံညီး၊ တစ်ခဲမီးသို့၊ ယိုစီးလိုလိုပင်)၂။ (နှုန်းအင်သာဘက်မဲ့၊ ကြူးတဲ့ရှင်ငယ်ကိုလေ၊ ပျော်ရွှင်များလှလေ။ မိုးနေလားလို့၊ တွေးမှားထင်ကာ၊ ယဉ်ရာများလှလေး။ (နှုန်းအင်သာ)၃ ဘက်မဲ့၊ ကြူးတဲ့ရှင်ငယ်ကိုလေ၊ ပျော်ရွှင်များလှလေး။ မိုးနေလားလို့၊ တွေးမှားထင်ကာ၊ ယဉ်ရာများလှလေး။ (ကြူးတောင်း၊ ကဲတောင်း)၂ ရှင်။

---

† နှင်း = ရေမွှေး၊ အမွှေးနံ့သာ။

†† သံကတ် = အဆို၊ အတီး ခက်သောအသံ။

www.burmeseclassic.com

www.burmeseclassic.com



### မြင်းခင်းတော်

မြန်မြေနယ် ဇမ္ဗူဘောင်၊ လျှံဝေခြယ် ချူအရောင်၊ (သွန်းသွန်းလင်း၊ ရွှန်းရွှန်းဝင်း၊ နတ်မြင်းဗွေ တိမ်ယံပျော်)၂။ (ညာမော် ပြိုင်ဖော်ကင်းဝေး၊ ခွာသံ၊ မြေလျှံ သောင်းလုံးကြွေး)၂။ (စံရှင်၊ နန်းစဉ်ပျော်ရေး၊ သက်တော် ရာကျော် ကျူးအေး)၂။ (စာမရီသို့ ထူးမခြား၊ နတ်မြင်းပျံသို့ မြူးကြွားကြွား)၂။ (တွေးမှား၊ တွေးမှား)၂ပင်။ (ရွှေစင်လျှံလက်၊ ဇမ္ဗူလျော် ကိုးမျက်ကယ်နှင့်လေး)၂။ (ဦးခက်*ကယ် စိန်စီ ပတ္တမြားက,သီဂီ)၂။ (ရောင်နီရောင်နီ ဆက်သုံး** စီးနှီးကတောင် တော်ငယ်မှာ၊ တိမ်ပေါ်နတ်လှနှုန်း)၂။ ကျွန်းပတ်ကုံး၊ ထွန်းလျှပ်ဘုန်း၊ မြင်သူ တွေးဖွယ်သာ၊ (ဣန္ဒာယိုးကြ မှတ်ထင်သော၊ ကွန့်မြူးပျံကြွ နတ်သိန္ဓော)၂။ (တွေးမော၊ တွေးမော)၂ ပင်။ စန္ဒရာယှက်စီးပုံပြင်၊ မြင်သူ မြင်သူ၊ ချီးအံ့အဲ၊ မြင်းယဉ်ဟန်လှ နွဲ့ပါလို့၊ အဲမောင်း ဝေမြိုင်လေတည့်မှ၊ သိကြား တန်ဆောင်ကိုင်။

## လောကနတ်ချင်း

(တိမ်မှောင်မြေးကင်း၊ မြူဝေးရှင်း၊ မြူမှောင်ဝေးကင်း၊ တိမ်မြေးရှင်း၊ စန္ဒာရောင်ဝင်း၊ ထွန်းလင်း သန့်စင်ကြည်၊ မိုးမင်းလွင်ပေသည်)၂။ (မြောက်လေ ပြန်ညောင်း၊ ဆောင်းလည်း ရောက်ပြန်ပြီ)၂။ (အို ကံဆိုးသည်၊ ထွေထွေထူးလည်၊ ညွန့်ရှည် လန်းလို့၊ လောင်းပန်းဂမုန်းအင်)၂။ (သဇင်မွှေးကြူ၊ ပေါ်ပြန်တော့မည်၊ ကြံစည် စိတ်ဝမ်းများ)၂။ (မရှင်ပါ လားလား၊ ပျော်ပါးခုရောက်ဘဲ)၂၊ (ဖင့်နွဲ့ကြာတင်၊ ကျွမ်းဝင် ကြင်သက်ထား၊ လှည့်လည် ပျော်ပါး၊ သူများနှင့်သာ။ ငါမင်းကိုကား၊ စိတ်ထား မှတ်စွဲရာ၊ တင်းတင်း စိတ်မှာသာ၊ ဝမ်းနည်းစရာ၊ ဝမ်းကွဲစရာ၊ ညှိုးနွမ်းစရာသား၊ ညှိုးနွမ်းစရာ၊ ဆင့်ကာထပ်ပေါင်း၊ ချမ်းဆောင်း ထပ်ပြန်လောင်း။ လေသာလေညင်း၊ ဝင်လာရင်တွင်း၊ ဗျာပါ လွန်မင်းကြောင်း)၂။

---

* /အုတ်ခက်/ဟုအသံထွက်ပါ။

** /ဇက်သုန်း/ဟုအသံထွက်ပါ။



(သွေပေါင်စိတ်ဝမ်း ပူစရာတည့်သာ၊ ထွေလာထပ်ပွားကဲ)၂။ (အုံသည်းအပါးပါး၊ လွန်ကဲအခြားခြား)၂။ (လားလားစိတ်နိုင်၊ ကံပိုင်ဖြေနိုင်၊ တရားစောင့်နိုင်ဘဲ)၂။ (သည်းထဲမှာသာ၊ လွမ်းမြပင်သာလွမ်း)၂။ (ပူပင်ခွေနွမ်း၊ ဆိုချည်မြည်တမ်း၊ ငိုချည်ယောင်ကာယမ်း)၃။ (ဆည်တား ခက်တောင်း၊ ဗျာပါဒုန်နှင့်သာ၊ ကျွန်မချစ်ကျွမ်းလွမ်း)၂။ (ထွေဆန်းဖြစ်ကြောင်းခြင်း၊ ပုံခင်း ဖက်နှုန်းဘူး)၂။ (ထွန်းမြူး စက်ခြည်၊ ထိန်သည် ဖြာသည်၊ မိုးလုံးပတ်လည်လင်း)၂။ (ရှင်ရင်းမြတ်ဘုရား၊ ကျော်လေးဆူ၊ လွယ်ကူသနားကြောင်း)၂။ (ဆယ်ချောင်းရှိလန်းလန်း၊ ရည်ညွှန်း ဦးထိပ်ပန်း)၂။ (လျှောက်ပြန်တိုင်ခွင့်ထား၊ တင်အားကျယ်ဝန်းများ)၂။ (များတိုင်းလျှောက်လျှင်၊ ကြာလေတော့မည်၊ လားလားလျှောက်ချင်ပေါင်)၂။ (မည်သာကျော်လေးပါး၊ ရှင်ပင် ရှင်စောဘုရား)၂။ (ဘုန်းတော်ခြောက်ပါး၊ ပြိုင်ဘက်ရှား၊ တေဇာလေ၊ တန်ခိုးအား)၂။ (လျှောက်ကြားတင်တော်မူ လေတည့်မှ၊ ထောက်ထား ဆင်တော်မူ)၂။ (လွယ်ကူလေ သနားကြောင်း၊ ကြည်ဖြူလေ ညွှတ်တွားပျောင်း)၂။ (စိုးရိမ်ပျောက်ကြောင်း၊ ကယ်ချွတ်တောင်း၊ တေဇာလေ တန်ခိုးပေါင်း)၂။ ဉာဏ်ဝါ ရေအေးလောင်း၊ သီတာရေချမ်းလောင်း၊ ဉာဏ်ဝါရေအေးလောင်း၊ သီတာရေချမ်း၊ သီတာရေချမ်း၊ သီတာရေချမ်းလောင်း။

## ဒိန်းသံ

(ပြင်စည်မင်းသား)

(ဆယ်ဆယ်ရောင် ဖြာသည်နှင့်သာ၊ ပယ်မှောင်ခွာ)၂။ (ရှိကြာရွက်ဆင် သံကြိုးငယ်ငြာ၊ သြဘာတော် ထူးပေမို့၊ မှို့ဦးထက်ခွင်)၂။ နေသွင်စကြာ၊ ပုံတောင်းဖန်ရှိန်၊ ဆိုက်ခါချိန် နီးပြီမို့၊ အံ့ချီးစေရာ။ ရွှေဗျာမိန့်ရည်၊ နတ်မှူးမန္တာ၊ ဘုံဗြဟ္မာ မိုးငယ်က၊ ရွာကြိုး ဇွေရည်။ (လုံ့လုံ့ငယ်ကြည်၊ နတ်စည် သွန်း ခြွေဘိ သလား ငယ်လေး)၂။ (မန်း ဣန္ဒာဆွေ ငယ်နှင့်သာ၊ လျှမ်းသိင်္ဂါဗွေ)၂။ (ရွှေပေါင်း၊ ဝန်းရံပျောင်း၊ ပျော်တော်ကြောင်း ပန်ဆင်ကာ၊ အောင်သံ ရိုက်နှံ့ မင်္ဂလာ၊ ရွှေတေဇာ၊ ဘုန်းပွင့်လန်း)၂။ (ထီးရာ နေနန်း၊ ခွန်ခြွေမြန်း စိုးပိုင်ယူ၊ ကျော်သောင်းငယ် နယ်ဇမ္ဗူ၊ ဒီပါ အောင်ခန်း မန်းမြေငူ၊ ဟိန္ဒူဂူစိုးရမှန်း)၂။

www.burmeseclassic.com



# ကရင်သြ

(သာယာဝတီဦးစိုင်း)

(တစ်ကြောမှောင်ပြာ၊ ကေလာတောင်ခိုးဝေ)၂။ ကမ်းခြေဦး၊ အိုလင်းပြာ မြူးတယ်လေ၊ သာထူးထွေ၊ ဝေးမြေတာမှာ ကွာလေကော၊ လေးလာဟော၊ (သြော်သြ နောက်မူးဝေ၊ ခွန်းသံခြွေ လျှောက်ကိုင်းမှာ၊ ချိုးကဝိုင်း)၂။

ပလိုင်းကိုလွယ်၊ ဆင်တယ်သင်တိုင်းခြုံ၊ ယဉ်ပုံသုံး၊ အိုဘီလုံးမှာလေ၊ ကြေကုံးစီ။ ကြိမ်နီချုံမှာ၊ ပျားအုံပေါ်၊ တောပွေလီ၊ (သြော်သြ မှောင်ခိုးရီ၊ ချောင်းနောင်ညီ ရေအေးမှာ၊ သဲကဖွေး)၂။

တစ်ရေးဖန်ညွှန်၊ လူဝံညိုမည်းကောင်၊ တောတောင်ရင်း၊ အိုရဲမာန်သွင်း တယ်လေ၊ဖော်ချင်းနှောင်၊ စီစီလောင် တောကြောင်ချင်း၊ ခင်းရန်ထောင်၊ (သြော်သြ မျောက်လောင်းကောင်၊ အိုမည်းမှောင်ချုံထဲမှာ၊ ယိုလေးဆွဲ)၂။

တကဲသာညီ၊ မြေနီတောင်စောင်းဝယ်၊ ခြုံနွယ်တော၊ အိုလင်းမြွေပေါပါ တယ်လေ၊ ဝေပေါလယ်၊ လာလေယောက်ဖငယ်၊ တောင်စောင်း ပျော်ဖွယ်၊ ဟိုကွင်းလယ်၊ တောယုန်ငယ် ရေဆင်းမှာ၊ ဖားအုန်းအင်း။

တစ်သင်းဖော်ပြိုင်၊ ချေစိုင်ပြောင်မြူးပျော်၊ ခွေးခေါ်လုမ်း၊ အိုလွဲကျော် ဖမ်းတယ်လေ၊ နွယ်တန်းပေါ်။ တွန်ခေါ်သံ ခါကြော်ညောင်း၊ ဒေါင်းဖော်လျော်။ သြော်သြ မြိုင်တောမှော်၊ လွမ်းဖွယ်နော် သာမောဖွယ်၊ ပန်းက ပေါတယ်လေး၊

## ကရင်သြ

မြိုင်တန်းမှောင်ဝေလေး။(တောင်သေလာကြော၊ လွမ်းဖွယ်နော)၂။ သခွားပေါ(လွမ်းဖွယ်နော)၂။ သခွားပေါ (တို့တောင်ယာ တောမှာ၊ တောမှာ)၂။ တို့တောင်ယာ တောမှာလေး။

ရှု့မီးထိန်လွင်လေး၊ (ကွင်းပြင်လယ်ခင်း၊ ပျိုးစရာရှင်း)၂။ ရိုးတာကန်သင်း၊



(ပျိုးစရာရှင်း)၂၊ ရိုးတာကန်သင်း။ (တို့တောင်သူ၊ တို့လေတောင်သူ)၂။ (တောင်တောင်သူ ချင်းရယ် ချင်းရယ်၊ တို့တောင်သူ ချင်းရယ် ချင်းရယ်)၂။ တို့တောင်သူ ချင်းရယ်လေး။

လောင်သင်း မြေကြူလေး၊ (ရိုးကမူတန်း၊ တဲယာစခန်း)၂။ လှည်းတာလမ်း၊ (တဲယာစခန်း)၂၊ လှည်းတာလမ်း၊ (လုပ်ကိုင်ရာ၊ တလင်း ပြန့်ညီစွာ၊ လှေ့စင်မှာ၊ သုံးချောင်းဆိုင်ကာ)၂။ မျိုးရိက္ခာလှန်းတယ်လေး။

တောတန်း တောင်ခြေလေး။ (ဝါးကြိမ်တွေကြော၊ သခွားဖရုံရော)၂။ စားမကုန်ပေါ၊(သခွားဖရုံရော)၂၊ စားမကုန်ပေါ၊ အိုလွန်သာမောဖွယ်လေး။

ဖော်နှောစုံလင်လေး။ (နှစ်စဉ်ပျော်မြဲ၊ ရိုးကောက်ပွဲ)၂။ ဖြိုးမောက်ကဲ၊ (ရိုးကောက်ပွဲ)၂၊ ဖြိုးမောက်ကဲ၊ (ခြိမ့်သဲလို့ ဆူဆူငြာငြာ၊ ခေါင်အိုးနှင့်တောင်ရိုး ဘာသာ)၂၊ (အစာရေစာ ပေါတယ်၊ ပေါတယ်)၄၊ တို့ဆီ လွန်ဝပြောတယ်၊ အိုယာတောလယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဘောလယ်သီချင်းများ

### ရှေးခေတ်ဘောလယ်သီချင်း*

၁။ (အကျွန်မျှော်၊ ကော်တစ်ပိုင်းငယ်နှင့်၊ လှူပျိုဟိုင်းငယ်တဲ့၊ လာလိမ့်မယ်)၂။ (နွားနီရွှေဝါ)၂၊ နွာသံပြင်းတယ်၊ မင်းလာလိမ့်မယ်။

၂။ (ညနေကြီးငယ်က မျှော်မိတယ်)၃၊ တောလယ်ရာမှာတဲ့၊ ကြာထင့်လေး။ (ချုံနွယ်တန်းပါလို့၊ လမ်းမမြင်)၃၊ အကျွန်ကြင်ပါတဲ့၊ မင်ကော်ရစ်ကယ်၊ တောဆစ်လို့ဝေး။

၃။ (မြိုင်တန်းကန္တာ၊ စုံတစ်ကြောမှာတဲ့၊ တချွေက ပေါ်တယ်နှင့်၊ တောမသာ)၂။ မကြိုလာလျှင်ဖြင့်၊ ငါမသွား (နွားနီပါးကိုတဲ့ ရှေ့ဖျားနှင်)၃။ ရွာအဝင်မှာတဲ့၊ တချွေကြီးငယ်၊ ဆီးလိုက်လိမ့်ထင်။

၄။ (စပါးရှစ်ပြည်၊ ချောင်ပလိုင်းငယ်နှင့်၊ နဖူးမှာသိုင်းပါလို့၊ လွယ်ပြီးသော်)၂။ (တောင်ဝှေးထောက်ကာ)၂။ တောင်တော်ဖျားမှာ၊ သွားချည်စို့နော်။

---

* ရှေးခေတ်ဘောလယ် ၄ပိုဒ်အနက်၊ အမှတ် ၁၊ ၂၊ ၄ ဘောလယ်ပိုဒ်များ၏ မူကွဲတစ်မျိုးကို မြန်မာ့အလင်းအယ်ဒီတာချုပ်ဟောင်း ကွယ်လွန်သူ ဦးစိန်းစုဆောင်း ရိုက်နှိပ်ထုတ်ဝေခဲ့သော **"တဆိုတော်ကြီးများ၏ ကဗျာ့အမြုတေ"** စာအုပ်စာမျက်နှာ ၂၁ နှင့် ၇၂တွင် အောက်ပါအတိုင်း တွေ့ရှိရသည်။
၁။ ဘက်တန်ခေါ် ကော်တစ်ပိုင်းငယ်နှင့်၊ လှူပျိုဟိုင်းရယ်တဲ့ လာလိမ့်မယ်၊ အရှေ့ဆို လယ်ကန်သင်းက၊ နွားနီဝါ ချူသံပြင်းတယ်၊မင်းကြိုလှည့်ကွယ်။
၂။ နေ့လယ်ကြီးရယ်က၊ မျှော်မိတယ်၊ တောလည်ရာမှာတဲ့ ကြာထင့်လေး၊ ချုံနွယ်တန်းပါလို့၊ လမ်းမမြင်၊ ဘက်တန်ငယ်ပါတဲ့၊ မင်ကော်ရစ်ရယ်၊ လမ်းသစ်လုလေး။
၃။ စပါးရှစ်ပြည်၊ ချောင်ပလိုင်းငယ်နှင့်၊ နဖူးမှာ သိုင်းကာလွယ်၊ တောင်ဝှေးထောက်ကာ၊ တောင်တော်ဖျားမှာ၊ နားနေစို့ကွယ်။



## အလယ်ခေတ်ဘောလယ်သီချင်း

၁။ [ရွှေဒေါင်းဖောင်တော်၊ မိုးပေါ်၊ ပျံလုနီးမျှလေ၊ (ရေကြောင်းသောင်ပေါ်)၂ ဝဲမော်ငွေခုံကြီးငယ်ကလေး]၂။

၂။ [မြနန်းဗွေစွန်၊ ရေလွှန်မြစ်ကယ်၊ စီးလို့လေ၊ (ယောင်ယမ်းတဆို)၂။ ပဟိုရ် ရွှေစည်တီးပါလို့လေး]၂။

၃။ [နှင်းလငွေမှုန်၊ ကြုပြန်ရသေး(ဖော်ဝေးသူမောင်)၂။ ပူအောင်လေထင့် ရွှေပိန်ညင်းငယ်၊ ဟာသံကကြွေး]၂။

၄။ (ချစ်သည်သာ ဆိုလည်း။ ဘယ်ရေးနှင့်ခွဲ)၂။ (သဇင်ငယ် ခဲပါတဲ့၊ နှင်းပျံ့ကြွယ်)၃။ ဘယ်ခါမှ နှစ်ခိုင်ပန်းကို၊ လှမ်းပုံရမယ်။

၅။ [နုနုတဲ့နယ်၊ မယ့်ဝယ်ပါ့ ကြောင်း၊ (ပဒုံကြာယပ်၊ ဆင်းနတ်တူ)၂။ ယုံတော်မူ သည်တစ်ပွဲကို၊ နွှဲပါရကောင်း]၂။

## နောက်ဆုံးခေတ်ဘောလယ်သီချင်း

(လှိုင်ထိပ်ခေါင်တင်)

[စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊ မှန်ရွှေပြတင်းငယ်က၊ မယ်ခုမျှော်။ (သုံးချက်စည်တော်)၂၊ ရိုက်ဆော်ညင်းတယ်၊ လင်းရွှေကြက်ဆော်]၂။ [(သဇင်သင်းပါတဲ့ –ခင်းပြန့်ပေါ်)၃၊ (လာနိုးမယ်မျှော်လို့)၃၊ တစ်ကိုယ်တော်ထူး၊ (ထွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်)၂။ (ဖြစ်ရှေးကုန်စင်)၂၊ ဘဝင်တုန်လေးတယ်၊ တွေးကြံလိုက်ရင်]၂။

[(သစ္စာတော် စူးပါစေ၊ ဆိုဦးကပင်)၃၊ (ကြော့ ကြော့ဆုံးကိုနှောင်ကြင်ငဲ့)၃၊ သည်သက်တွင်ပဲ၊ (နှောင်မသွေလွှဲပါဘူး။ ယုံတော့မေ)၂။ (ပြဒုမဗွေ)၂၊ သီဟာတင့်တယ်၊ စိုးညာမြင့်နေ]၂။

[(နတ်ဒေဝီ ဖြားသော်လည်း တစ်ပါးမသွေ)၃။ ရှစ်ဗြဟ္မာ ခြွေပါလို့၊ အောင်ဇေယျာညွှန်း၊ (မတ်ခြွေရွှေ ဝန်းပါလို့၊ ရေသွန်းတော်ခံ)၂။ (မဟေသီရံ)၂၊ ဒေဝီမြတ်ကယ်၊ ဦးဆယ်ထပ်ရုံ]၂။

[(သည်မယ်ထင်စားပါလို့၊ တစ်အားငယ်သန်)၃။ (ခုမျှားမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ညဏ်နှင့်)၃၊ မူဟန်တော်ခြား။ (ပြုတော်မူအားသူမို့၊ မျက်ထားသုန်သုန်)၂။ (မသိပြင်ပြင်)၂။ အလျင်သူစိမ်းတယ်လေး၊ ပိန်းပိတ်လို့မှုန်]၂။

သဖြန်၊ ၊အချစ်ကို ယုံ၊ ပုံပါငဲ့အလုံး၊ ၊ရှောင်လွှဲနေပျော်လို့၊ မကြည်သော် မျက်တော်ဖုံးတယ်၊ ဘယ်တွက်ကြောင့်မုန်း။



# တေးထပ်နှင့်ရှစ်ဆယ်ပေါ်တေးထပ်များ

## ရှေးတေးထပ်

(စဉ့်ကူးမင်းမိဖုရားရှင်မင်း)

မိန့်တော်သံရိပ်ကိုလ၊ ဦးထိပ်ထက်ရွက်ဆင်၊ ရွှေရာဇပလ္လင်ဝယ်၊ ဥကင်တော်ဖွင့်၍၊ (မတ်ပေါင်းငယ်ရံကာ)၂၊ ရှိကြာစုံဖူးသည့်ခါနေ့။ (ရက်မြတ်သည့် အခါ)၂၊ သစ္စာတော်နှံ၍၊ ကမ္ဘာပင် ကြေမြေ့တော့၊ မေ့နိုင်ဘူးသည်ဝယ်၊ ရွှေခွန်းတော်ပျံ့ရှား၊ ဖန်များခု မိန့်ခဲ့ပေတယ်။ (သောင်းမြေရပ် ဇမ္ဗူနယ် မှာ)၂၊ နှုန်းဆွယ်ရန်ရှားပေလိမ့်၊ (လရထား စက်ယာဉ်၊ လှည့်လည်သောသွင်)၂၊ (ဘယ်သူများ ကေရှင်မှာ)၂၊ ဆင်တော်မူလေလဲသိလေး။

## မန္တလေးမြို့ဘွဲ့ရှစ်ဆယ်ပေါ်တေးထပ်

(စလေဦးပုည)

သုံးသိန်း သုံးသောင်း လေးထောင်ထိပ်၊ နှစ်ကျိပ်ရှစ်ဆက်မဟာဝင်၊ အတိတ်ဖြစ်ပျက် ကမ္ဘာတွင်အောင်၊ ဘယ်ရာဇာပင် မစံမြန်း၊ [(လေးဆယ့်ရှစ်ရပ်]၃ ပြာသာဒ်ရံသည်၊ နတ်ဝိသုကံ သစ်လင်းဖန်သည့်နန်း]၃။

လူးတား၊ ၊ရှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သား၊ အခေါင်ဗဟို၊ မြမြင်းမိုရ်ထက်၊ ရေညိုခွေချပ်၊ ဂဟေထပ်သား၊ မြေစပ်ခန်းဝါ၊ ကဲ့ပမာသို့၊ မန္တာဘူတပတ်၊ မြေဥက္ကင့်ထက်၊ လူနတ်ချီးပင့်၊ မြေတောင်မြင့်၍၊ ပလ္လင့်သဏ္ဍာန်၊ ဘုံဗိမာန်ဝယ်၊ ဝေယန်ကြငှန်း၊ သိကြားနန်းသို့၊ တစ်သန်းခြည်ရောင်၊ ထွန်းလင်းပြောင်သည်၊ အခေါင် သေဋ္ဌမန်းတည့်လေ၊ ၊ဝိသုဒ္ဓိပွင့် လန်းတည်သည့်နန်း။

(အိုင်ရေ နဝတတ် နှုန်းတန္တိလို)၂။ ရွှေကျုံးဂမ္ဘီကာရံသန်း၊ ပြည်ကြီးမွှန်ဖောင်လောင်ခမန်းမျှ၊ ရွှေတောင်ရွှေနန်း ကျက်သရေ။ ရွှေလောင်း ရွှေလှေထွေထွေယှက်၊ တေဇော်ရွှေစက် ရေလက်ယာရစ်ခွေ။ (ရတနာဘုမ္မိ တိုင်းဌာနေကို)၂၊ သမိုင်းစာရွှေ ထိန်ထိန်သစ်လို့ (နေဏ္ဍုနှရာဇ် နတ်ရှင်ခေတ်ပေ၊ အံ့မျိုးသာလို့တွေ)၂၊ (ရွှေနန်းစံသက် မဂ္ဂဒေလို)၂။ ပုံတောင်းစက်ရွှေ ဆိုက်ပွဲခါဘုရားလေ။ [(ရွှေနန်းစံသက်)၃။ မဂ္ဂဒေလို ပုံတောင်းစက်ရွှေ ဆိုက်ပွဲခါဘုရားလေး]၂။